www.burmeseclassic.com

သိမ့်ထိုက်
စာပေ

# မြလွှမ်းချို

၊ခေတ်ဝတ္ထုသိုလ်း၊

## မျက်နှာနှစ်ဖက်နှင့် ပုံပြင်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မှတ်တမ်း


- ၅၀၁၀၃၃၀၆၀၈
- ၅၀၁၀၆၆၀၆၀၇
- ပထမအကြိမ်
၂၀၀၇ အောက်တိုဘာလ
- ဦးအောင်ကလေး
(မသာကြွာစာပေ)
အမှတ်(၁၅)၊ ပြည်ဘာလမ်း
ကျောက်မြောင်းမြို့
- ဦးကျော်ရှင်
(ရွှေပြည်သုံပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ (၃၂)လမ်း
ပန်းဘဲတန်းမြို့
- ဦးတိုးဝင်း
(ငွေလရောင်ပုံနှိပ်တိုက်)
၃၆/က၊ ၁၁လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်
- ၅၀၀
- ၅၀-ကျပ်

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# မြလွန်းချို
## (ဆေးတက္ကသိုလ်)



# မျက်နှာနှစ်ဖက်နှင့်ပုံပြင်



သူမခြေလှမ်းများကို တတ်စွမ်းသမျှ အညင်သာဆုံးဖြစ်အောင်လှမ်းလျှောက်ရင်း. . . ဟိုတယ်ထဲဝင်ခဲ့သည်။ တွေ့သမျှလူအားလုံးက သူမကို လမ်းလျှောက်ပုံကအစ လှပသောအမျိုးသမီးကလေးဟု မပြောသော်လည်း သိသာသောမျက်လုံးများဖြင့် ကြည့်ကြသည်။ ဒီနေ့သည် ဒေါ်ရှုပနန္ဒီ. . Excecutive Manager (Autumn Company) ဟူသော ရင်ဘတ်တံဆိပ်ကို တပ်ဆင်လျက် အလုပ်လုပ်ရသော ပထမဆုံးနေ့လည်းဖြစ်သည်။ Promotion က မနေ့ကရသည်။ Sales Excecutive မှ တိုးမြှင့်ခြင်းဖြစ်သည်။

"မမရှုပ လာပြီ. ."

Autumn Company သည် ဩစတြေးလျမှထုတ်လုပ်သော ပိုးသတ်ဆေး၊ အားဆေးနှင့် ဆေးပစ္စည်းမျိုးစုံ၊ ဆေးရုံသုံးပစ္စည်းများပါ မြန်မာပြည်တွင်းသို့ တင်ပို့ရောင်းချခွင့်ကို ကိုယ်စားလှယ် ယူထားသောဆေးကုမ္ပဏီအကြီးစားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစျေးကွက်ထိုးဝင်ခွင့်ရရှိသည့် သူမ၏ရည်မှန်းချက်ဖြစ်နိုင်ငံခြား အင်္ဂလိပ်လိုပြောဆိုလုပ်ကိုင်ရသော ဆေးကုမ္ပဏီ၏ ဈေးရောင်းနေရာသတို့ သူမ မက်မောပါသည်။ ဆရာဝန်ကြီးများ၊ ဆရာဝန်ငယ်များ၊ ဟောက်စ်ဆာဂျင်လေးများနှင့် ကုမ္ပဏီထုတ်ဆေးများစွာကို Marketing လုပ်ရခြင်းအား သူမ ငြီးငွေ့ပါသည်။ ကုမ္ပဏီမှာ စာရင်းကိုင်မန်နေဂျာရာထူးရမှ ထိုငြီးငွေ့မှုက လွတ်မြောက်ခဲ့ရသည်။

ဆရာဝန်ကြီးတွေဆီဝင်တွေ့၊ ကုမ္ပဏီက ဆေးဘယ်လိုကောင်းကြောင်း၊ အစွမ်းဘယ်လိုထက်ကြောင်းတွေကို အင်္ဂလိပ်လိုအလွတ်ကျက်ပြီး ရွတ်ပြ၊ နမူနာဆေးတွေပေး၊ ဆေးရုံမျိုးစုံလျှောက်သွား၊ ဆေးရုံက သုံးပြီးပူးခွံများကို အမှိုက်သိမ်းသလိုလိုက်သိမ်းပြီး Gloves (လက်အိပ်များ)၊ Syringes (ဆေးထိုးအပ်များ)ဖြင့် ပြန်လဲလှယ်ပေးရသောအလုပ်၊ တစ်ပတ်တစ်ခါ Journal Reading မှာ Sponser ယူသည့်အတွက် မုန့်ဆိုင်မျိုးစုံမှ မုန့်ဝယ်၊ တစ်ခါတရံ ကတ်ကြေးကိုက်၊ တစ်ခါတရံ ကြက်ဆီထမင်း၊ တစ်ခါတရံ J. Donut နှင့် Fantasy အအေးဗူး၊ တစ်ခါတရံ Fried Chicken စသဖြင့် မျိုးစုံဝယ်ပြီး လုစေ့ဝေရ သော ဒုက္ခတို့မှ ကင်းလွတ်လေပြီ။

အုပ်ချုပ်ရေးပိုင်း၊ ဆရာဝန်၊ ဆရာမ၊ အလုပ်သမား လူတန်းစားလေးရပ်တွင် သနားစရာအကောင်းဆုံးသည် ဟောက်စ်ဆာဂျင်များဖြစ်သည်။





သူမတို့ကုမ္ပဏီက တစ်ချို့ဆေးများ ဥပမာ- လူ့ခန္ဓာကိုယ်ရှိ အသားစိုင်များ တင်းမာမှုပျော့ပြောင်းစေသော. . . . Muscle Relaxant လိုဆေးမျိုး၊ အကိုက်အခဲပျောက်ဆေး (ထိုးဆေး)မျိုးဆိုလျှင် ဆရာဝန်ကြီးများကိုသာ နမူနာပေးသည်။

OPD (ပြင်ပလူနာဌာန) တွင် ဟောက်စ်ဆာဂျင်များအား ရှောင်ထားပြီး ဆရာများကိုသာ Sample ဆေးပေးသည့်အလုပ်က ဟောက်စ်ကို လူ့ရာမသွင်းရာကျပါသည်။ သူမ Promotor ဘဝကဆို အထက်အရာရှိကို "ဟောက်စ်တွေကလည်း GP (ဆေးခန်း)ကို Relieving နဲ့ထိုင်ကြပါတယ်. . . မမ. . . သူတို့ AS ဘဝရောက်ရင် အကုန် GP ထိုင်တာ. . . သူတို့ကိုလည်း Samples ပေးရင်ကောင်းမယ်ထင်ပါတယ်" ဟု ရင်းနှီးမှုအရ မသိမသာပြောခဲ့ဖူးသည်။ သို့သော် မသိချင်ယောင်ဆောင်နေသောကြောင့် သူမဆက်မပြောတော့။ သူမ Sale Promotor နှင့် Sales Excecutive ဘဝကို ဝံတော်တော်စိတ်ကုန်ခဲ့သည်။

ငါးနှစ်မျှ ဆေးရုံမျိုးစုံလျှောက်သွား၊ နယ်များသို့ Sponser ကိစ္စအတွက် ခဏခဏသွားရသော ဒုက္ခမှကင်းခဲ့လေပြီ။

ဒီနေ့က Hotel Grand Plaza ပထမထပ်မှာ သူမတို့ကုမ္ပဏီ၏နှစ်ပတ်လည်ညစာစားပွဲရှိသည်။

Autumn Company ပိုင်ရှင်ကိုယ်တိုင်လာမည်ဆို၍ သူမမှာ ပိုစိတ်ဝင်စားရသည်။

ပိုင်ရှင်ကို တစ်ခါမှမမြင်ဘူးခဲ့။ ငါးနှစ်တာမျှ အလုပ်လုပ်ခဲ့ရသော ကုမ္ပဏီပိုင်ရှင်ကို မမြင်ဘူးတာအံ့သြစရာရှိပါ။ ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ကအကြီးကြီး။ သူမက သာမန်အရောင်းမြှင့်တင်ရေးဝန်ထမ်း။ ဘယ်လိုမှဆုံစရာအကြောင်းမရှိ။ ကုမ္ပဏီပိုင်ရှင်သည် အသက်သုံးဆယ်သုံးနှစ်အရွယ်ရှိ ဦးအုံ့ဖွယ်အောင် ဆိုသောအချက်သာ သိသည်။ ကျန်တာဘာမှမသိ။

အသက်သုံးဆယ့်သုံးနှစ်ဆိုတာ တော်တော်ငယ်သေးတာမို့ ဒီလိုကုမ္ပဏီမျိုးကို ဦးစီးနိုင်သည့်အတွက် အံ့ဩစရာတော့ကောင်းသည်။

"မမရွှေ. . . အရမ်းလှတာပဲ"

"ဟုတ်လို့လား. . . ဟင်းဟင်း. . . ဒီစကားကြားရတာ နှစ်ထောင်းအားရှိလိုက်တာ"

သူမက ခပ်နောက်နောက်ကလေးပြောလိုက်သောအခါ ကုမ္ပဏီကြို့ဆိုရေးတာဝန်ယူထားသောအရောင်းမြှင့်တင်ရေးကောင်မလေးများက ရယ်ကြသည်။

"မမ အစောကြီးပဲ"

"အေးကွယ်. . . တစ်နာရီ နောက်ကျနေတာထက် တစ်နာရီစောတာ ပိုမကောင်းဘူးလား"

သူမက Hall ထဲသို့မဝင်သေးဘဲ. . . ဧည့်ခံပွဲ အစီအစဉ်များအတွက် လိုအပ်တာပိုင်းစီမံဖို့ ပြင်ဆင်ရသည်။

ကွန်ပျူတာရှေ့မှာထိုင်ပြီး ဩစတြေးလျမှအသစ်ထပ်ဝင်လာသောဆေးတစ်မျိုးကို မိတ်ဆက်ရန်အတွက် စာရိုက်ထားသည်များကို စစ်နေတုန်း အနားမှာ အင်မတန်သင်းပျံ့ကာ တိမ်းညွှတ်



ဖွယ်ကောင်းသောရနံ့တစ်မျိုးကြောင့် ခေါင်းမော့ကြည့်လိုက်သည်။ လူတစ်ယောက်။ သူမအနားမှာ။ သူမအသက်အစိတ်အထိ ထိုသူကဲ့သို့ ချောမောလှပသောယောက်ျားမျိုးဟူ၍ နိုင်ငံခြားရုပ်ရှင်များတွင်သာ တွေ့ဖူးခဲ့ပါသည်။

အပြင်တွင် လုံးဝမတွေ့ခဲ့ဖူး။

နှုတ်ခမ်းခပ်ထူထူ၊ ရဲရဲကလေး။

မျက်လုံးများက ကြည်ပြီးတောက်နေသည်။

အရပ်က၊ ခြောက်ပေခန့်ရှိမည်။

အနောက်တိုင်းဝတ်စုံ. . . (မီးခိုးဖျော့ရောင်)ကို သေသပ်စွာဝတ်ဆင်ထားပြီး သူမကိုပြုံးလျက် ကြည့်နေပုံမှာ အသဲအေးစရာကောင်းလှသည်။

"မင်းက Excecutive Manager လား"

"ဟုတ်ပါတယ်"

"ဒါ မင်းအလုပ်မှမဟုတ်ဘဲ"

"ဟုတ်ပါတယ်. . . ဒါပေမယ့် ဒီစာကိုရိုက်တာကျွန်မပါ. . ဒီတာဝန်ယူတဲ့သူက ကျွန်မနဲ့တစ်အိမ်တည်းနေတဲ့သူငယ်ချင်းပါ. . . .သူကနည်းနည်းနောက်ကျနေလို့ ကျွန်မက Slide show ကို သူ့အစား စစ်ပေးမလို့ပါ"

"ထားလိုက်ပါ"

"ရှင်"

"ကိုယ်ပြောတာ. . . မင်းသူငယ်ချင်းလာမှပဲ သူ့အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သူလုပ်ပါစေ. . . မင်းနဲ့ကိုယ် စကားပြောချင်လို့ပါ"

သူမဒေါသထောင်းခနဲထွက်သွားသည်။

"ရှင်က ဘာမို့လို့လဲ ကျွန်မကို အမိန့်လာပေးနေတာ"

"ဒေါ်ရှုပနန်း. . . ကိုယ်ယဉ်ယဉ်ကျေးကျေးဖိတ်ခေါ်ပါတယ်. . . ကိုယ့်နာမည် အုံ့ဖွယ်အောင်ပါ. . ."

သူက သူမကို ပြုံးလျက်ကြည့်ကာ ဆိုသည်။ အုံ့ဖွယ်အောင်. . . ။

"ဒါဆို. . . "

"ဟုတ်ပါတယ်. . . ကိုယ်က Autumn ကပါပဲ. . . ကဲ. . မင်း ကိုယ်နဲ့ စကားပြောနိုင်ပြီမဟုတ်လား. . . ။

× × × × × × × ×





"မင်းကို ဟိုတယ်ထဲဝင်လာကတည်းက သတိထားမိနေတာ. . . မင်း Autumn မှာလုပ်တာကြာပြီလား"

"ဟုတ်ကဲ့. . . ငါးနှစ်ရှိပါပြီ"

"မင်း ဒီနေ့ သိပ်လှတယ်နော်"

"ရှင်"

"ကိုယ်က ဒိုးကျူးတာပါ. . . မင်းလိုလှတဲ့ မိန်းခလေးမျိုး ကိုယ်အများကြီးတွေ့ဖူးတယ်. . . ဒါပေမယ့် သူတို့မျက်နှာ ကြည့်ရတာ မင်းလို မအေးချမ်းဘူး. . . ကိုယ့်ကုမ္ပဏီမှာ မင်းလို မိန်းခလေးရှိတာ . . . . ကောင်းတယ်"

"ဘာကို ဆိုလိုပါသလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့က Agent Company လေ. . . ဩစတြေးလျက ခဏခဏ ဖော်ရိန်နာတွေ ကိုယ်တို့ဆီ ကုမ္ပဏီကိစ္စနဲ့လာတတ်တယ်. . . သူတို့လာရင် ဧည့်ခံရကယ်. . . မင်းကို အဲဒီဧည့်ခံပွဲတွေမှာ ဖိတ်ရမှာပေါ့. . . သူတို့က မြန်မာအမျိုးသမီးတွေ အရပ်ပုတယ်လို့ပြောကြလို့ ကိုယ်ကမခံချင်သိပ်ဖြစ်နေတာ. . . မင်းက အရပ်မြင့်တယ်. . . လှပတယ်. . . ပြီးတော့ Excecutive Manager ဆိုတော့. . . အင်္ဂလိပ်လိုကောင်းကောင်းတတ်မှာပဲ. . ."

"ကျွန်မက သာမန်ဝန်ထမ်းတစ်ယောက်ပါ"

"ကိုယ့် စကားရင်းရင်းနှီးနှီး ပြောတဲ့လူဆိုတာ အရည်အချင်း တစ်ခုခု ရှိကြတာချည်းပဲ. . ."

သူ့ရှေ့မှာ ထိုင်ရတာ သူမအနေကျုံ့လှသည်။

သူက လူတစ်ကိုယ်လုံးကို ပြာကျမတတ်စူးစိုက်၍ကြည့်တတ်သည်။ နှုတ်ခမ်းများက ပြုံးကာ မိန်းမတစ်ယောက်ကို ဆွဲဆောင်ဖြားယောင်းနိုင်သောအင်အားတစ်မျိုးပိုင်ဆိုင်သူဖြစ်သည်။

"မင်းရဲ့ လိပ်စာကလေး ကိုယ်သိနိုင်ပါတယ်နော်. . ဒေါ်ရှုပ်နန္ဒ"

"ဟုတ်ကဲ့. . . ကျွန်မ ပုလဲ ကွန်ဒိုမီနီယံမှာနေပါတယ်"

နှစ်ပတ်လည်ဧည့်ခံပွဲမှာ တစ်နှစ်စာလုပ်ငန်းစာရင်းများ ရှင်းလင်းအပြီးမှာ ဧည့်ခံကျွေးမွေးပွဲ၊ ပြီးတော့ Lucky Draw (ကံစမ်းမဲ)ဖောက်ပွဲများလုပ်သည်။





သူမပေါက်သောပစ္စည်းက မျက်နှာလိမ်းတွန့်ရှိ တွဲနေသော တပ္ပလီကလေးလေး (သားရေရှုပ်)နှင့် ရယ်မောနေသော အင်္ဂလိပ်မလေးအရုပ်ဖြစ်သည်။

"အတွဲပေါက်တယ်ဟေ့. . . အပျိုကြီးကျွတ်တော့မယ်ထင်တယ်"

လုပ်ဖော်ကိုင်ဖက်များ၏စနောက်မှုကြောင့် သူမမှာ အားပါးတရရယ်မောလိုက်သည်။ သူမကို သဘောကျစွာကြည့်နေသော သူ့မျက်လုံးများကို မသိချင်ယောင်ဆောင်ပြီးတော့ စိတ်လွတ်ကိုယ်လွတ်ရယ်လိုက်တာဖြစ်သည်။

× × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ရှု. . . နင်တကယ်ပြောတာလား"

"ဟုတ်ပါတယ်ဆို. . . မေကလည်း. . . ငါ နင့်ကို ညာဖူးလို့လား"

"မညာတာတော့သိတာပေါ့. . . မိရှုရဲ့. . . နင့်ဟာက သိပ်မြင့်နေသလားလို့. . ."

"အရပ်လား"

"အရပ်ကော. . . အကုန်ပေါ့. . .Autumn (ဆောင်းဦး) ဆိုတာ ကုမ္ပဏီအကြီးကြီးလေ. . . သူကပိုင်ရှင်ဟာကို. . . နင့်ကို သိပ်လှလို့ စိတ်ဝင်စားတာပြဿနာမရှိပါဘူး. . . လိပ်စာတောင်းထားလိုက်တာတော့. . . တစ်မျိုးပဲဟ"

"ငါလည်း တစ်မျိုးကြီးပဲ. . . အဲ. . . ဒါပေမယ့် သူ့ကြည့်ရတာ လူလိမ်ပုံစံမျိုးသိလား. . . မေ. . . ငါသူ့ကို မသိမသာ အကဲခတ်ကြည့်တယ်"

"ရှု. . . နင့် အင်္ဂါရပ်ကြည့်တတ်တာ ဒီတစ်ခါမှားမယ် ထင်တယ်"



"မမှားနိုင်ဘူး. . . သူ့ရုပ်က ဝိပိရိရိလိမ်မယ့်ရုပ်မျိုး. . . ပညာရှိလူယုတ်မာ. . . အဲဒီမျက်လုံးမျိုးတွေ ငါခဏခဏတွေ့ဖူးတာပဲ. . . သူက တော်တော်ကောက်ကျစ်မယ့်မျက်လုံးမျိုးဟ. . ."

"ရှုရယ်. . . နင်ပြောတာ ဟိုကကြားရင်"

"တီ. . . တီ. . . တီ"

မေ ပြောလက်စ စကားပြတ်သွားကာ ဖုန်းကောက်ကိုင်လိုက်သည်။

"ရှင်. . . ဟုတ်ပါတယ်. . . ဩော်. . . ရှုနဲ့တွေ့ချင်လို့လား. . . ခဏကိုင်ထားနော်"

သူမဆီ မေက ဖုန်းလှမ်းပေးသည်။

"ဟဲလို. . . ရှုပြောနေပါတယ်ရှင်"

"ကိုယ်ပါ. . . ဒေါ်ရှုပနန္ဒ"

"ရှင်"

"အံ့ဖွယ်အောင်ပါ. . . အံ့ဩသွားသလားလို့"

"ကျွန်မနာမည်ကို ဒေါ်တပ်ခေါ်တော့စိမ်းနေတာပေါ့"

"အခု ဘာလုပ်နေလဲ"

"ကျွန်မ သူငယ်ချင်းနဲ့စကားပြောနေတယ်"

"ကိုယ်နဲ့ ကော်ဖီလိုက်သောက်နိုင်မလား ဒေါ်ရှုပနန္ဒ"

"ရှင်"

"ကိုယ် အခု မင်းနေတဲ့ ပုလဲကွန်ဒိုမီနီယံဂိတ်ဝမှာ ကားရပ်ထားတယ်. . . ကိုယ်တို့ နေပြည်တော်နားက Cafe Aroma မှာကော်ဖီသောက်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ. . ."

"ငြင်းမလို့လား. . . ရှု"

". . . . ."

"မင်းငြင်းချင်ရင် ငြင်းခွင့်ရှိပါတယ်. . . အခုမှညခုနစ်နာရီပဲရှိပါသေးတယ်. . . ကိုယ်ကမိတ်ဆွေတစ်ယောက်အနေနဲ့ခေါ်တာနော်. . . အလုပ်ရှင်တစ်ယောက်အနေနဲ့မဟုတ်ဘူး"

သူမကို ဘယ်လိုပဲစကားလှအောင်ပြောပါစေ. . . သူကအလုပ်ရှင်ဖြစ်၍နေလေသည်။ ပြီးတော့ လိုက်သွားဖို့ကလည်းမလိုက်ချင်။ ငြင်းလို့ကလည်းမကောင်း. . . .။

"မင်းစဉ်းစားရကျပ်နေလားရှု. . . ကိုယ်အဲသလိုပဲ ခေါ်မယ်နော်. . . မင်းသူငယ်ချင်းခေါ်သလိုလေ"

"ရပါတယ်ရှင်. . . ပြဿနာမရှိပါဘူး"

"ဒါဆို. . . အကျီလဲပြီးဆင်းလာခဲ့. . . ကိုယ်စောင့်နေမယ်. . . နော်"

ပြောပြီး သူက ဖုန်းပိတ်ပစ်လိုက်သည်။

"ဘာတဲ့လဲ. . . ရှု"

"Aroma မှာ ကော်ဖီသောက်မလို့တဲ့. . . စိတ်ညစ်ပါတယ်. . . မနက်ကမှ တွေ့ဖူးတာကို. . . ညဘက်ကော်ဖီအတင်းတိုက်နေပြန်ပြီ"

"ငါလိုက်ခဲ့ရမလား"

"အေး. . . ကောင်းတယ်. . . လိုက်ခဲ့"



သူမတို့နှစ်ယောက်လုံးကို မြင်သောအခါ သူကဆူးပြီးပြောင်းလဲသွားပုံမရှိဘဲ. . . ကားတံခါးဖွင့်ပေးသည်။

"သူငယ်ချင်းပါပါတော့ ကောင်းတာပေါ့. . ."

လမ်းတစ်လျှောက်လုံး သူက မေနှင့်သူမအကြောင်းတွေမေးသည်။

"တူတူနေကြတာကြာပြီလား"

"ဟုတ်ကဲ့. . . ဒီကုမ္ပဏီမှာ ဝင်ကတည်းကပါ. . ."

"ငှားနေတာပေါ့"

"အပိုင်"

"ရှု့အပိုင်လား"

"ဟုတ်တယ်"

"ရှုက မိဘတွေရှိသေးလား"

"ရှိတယ်. . . ဖေဖေက တောင်အာဖရိကမှာ ဆရာဝန်လေ မေမေလည်းလိုက်သွားတယ်. . 'ရှုတစ်ယောက်တည်း ကျန်နေခဲ့တာကြာပြီ"

"မေနဲ့က အခု ကုမ္ပဏီမှ ခင်ကြတာပေါ့"

"ဟုတ်ကဲ့"

"မေကရော. . . မိဘတွေရှိသေးလား"

"ရှိတယ်. . . မေ့မိဘတွေကနယ်ကလေ"

"ဟုတ်လား. . . ဘယ်ကလဲ"

"ကျောက်ပန်းတောင်း"

www.burmeseclassic.com

www.burmeseclassic.com



“ထန်းလျက်တွက်တဲ့မြို့ကပေါ့”

“ဦးအုံ့ဖွယ်အောင်က ရောက်ဖူးလို့လား”

“မှန်းပြောကြည့်တာလေ”

“ဟုတ်ပါတယ်. . . ထန်းလျက်ပေါတယ်”

“ကျွန်တော်က ဇီးထန်းလျက် တော်တော်ကြိုက်တယ်”

“ဟုတ်လား. . . ဒီတစ်ခါ နယ်ပြန်ရင် လက်ဆောင် ဝယ်လာပေးမယ်”

“စားရတာပေါ့ဗျာ. . . မေကဘွဲ့ရပြီးသားလား”

“ဟုတ်ကဲ့. . . ကျွန်မ UFL က ပြင်သစ်နဲ့ပြီးတာပါ”

“ဘာလို့ဆေးကုမ္ပဏီမှာဝင်လုပ်တာလဲ. . . Guide လုပ်လို့ရသားနဲ့”

“လစာကောင်းတယ်လေ. . . ဖုန်းနဲ့ကားလည်းရတယ်”

“ရှုကရော. . ဘာနဲ့ကျောင်းပြီးတာလဲ”

“ကျွန်မ Eco နဲ့ပြီးတာ”

“အဲဒါ CPA ဆက်မတက်ဘူးလား”

“Final မှာ ကျွန်မ နှစ်ခါပြန်ဖြေရတာလေ. . . လေးဘာသာကျလို့. . . စာမကျက်ချင်တော့ပါဘူး. . . ပျင်းလာပြီ”

“မေက ပြင်သစ်ကျွမ်းရင်. . . ကျွန်တော့်အကူအညီ တောင်းရဦးမယ်”

“ဟုတ်ကဲ့. . ဘာများလဲမသိဘူး”

“ဘာမှတော့ ထွေထွေထူးထူးမဟုတ်ပါဘူး. . . ပြင်သစ်က ဝင်လာတဲ့ ဆေးရုံပစ္စည်းတစ်ချို့အညွှန်းတွေ ဖတ်ခိုင်းမလို့ပါ”





“ရပါတယ်. . . သူတို့က သုံးတာပြဖို့လူမထည့်ပေးဘူးလား”

“မရောက်သေးတာဗျ. . . လောလောဆယ် ဘယ်လိုသုံးရတယ်ဆိုတာသိရင်. . . ကျွန်တော် ကြော်ငြာရိုက်လို့ရပြီ”

“အင်္ဂလိပ်လို ပါလာမှာပေါ့”

“ပါလာတယ်. . . အဲဒီ အညွှန်းတွေကို ဘာသာပြန်ဖို့ ပေးလိုက်တာ. . . Diskette တစ်ခုလုံး Virus ဝင်သွားလို့ ပျက်သွားတယ်. . . ပြင်သစ်လို ရေးထားတဲ့ Diskette ကျန်ခဲ့တယ်”

“ဪ. . . ရပါတယ်. . . ကူညီပေးရမှာပေါ့”

“ရှုက နိုင်ငံခြားကို ဘာလို့လိုက်မသွားတာလဲ”

“ကျွန်မ မေမေနဲ့သိပ်မတည့်ဘူး”

“ဟုတ်လား. . . ရှုက တစ်ဦးတည်းသောသမီးလား”

“မဟုတ်ပါဘူး. . . မောင်လေးတစ်ယောက်ရှိတယ်. . မေမေက ကျွန်မနဲ့နေရင် သိပ်ဆူတတ်လို့ နားညည်းတယ်လေ မေမေနဲ့အခုခွဲနေရတာကြာတော့ နားအေးပါးအေးနေတာ အကျင့်ဖြစ်နေပြီ”

“မေနဲ့ရှုက သိပ်မတူဘူးနော်”

“ရှင်”

“ရှုက အသားဖြူတယ်. . . . မေက ညိုတယ်”

“လူကြီးလူကောင်းတွေက. . . အဲသလိုပဲ . . . ဝေဖန်တတ် [illegible]ား. . . မသိဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



သူက နားထောင်ကောင်းအောင်ရယ်သည်။

"[illegible] ရှုံ့ထင်ဦး ဒေါသကြီးပုံရတယ်"

ဟုသူမကို ထပ်ဝေဖန်ပြန်သည်။

ဆော်ဒီဆိုင်မရောက်ခင်ထိ သူမမှာ သူ့ကားပေါ်ကနေ ဆင်းပြေးချင်စိတ်ပေါက်နေလေသည်။ သူ့အဆင့်နဲ့သူမတို့ဆီ လာရောစရာအကြောင်းကိုမရှိ။ သူ့ကိုကြည့်ရတာ ဟိတ်ဟန်မထုတ်ဘဲ သူမတို့ကို စိတ်ရင်းအတိုင်း ဆက်ဆံပုံတော့ရပါသည်။ ဆိုင်ရောက်တော့ သူက အသိတစ်ယောက်နဲ့တွေ့၍ နှုတ်ဆက်နေသေးသည်။

"ရှုတို့ ထိုင်နှင့်ကြနော်"

ဟု မှာကာ သူ့အသိတွေနှင့် စကားနဲနဲသွားပြောသည်။ ပြီးမှ သူမတို့ထိုင်နေသော ဝိုင်းဘက် ပြန်လာသည်။

"ရှု ဘာမှာထားလဲ"

"Cold Milk"

"မေကရော"

"ကျွန်မ Iced Coffee"

"ကျွန်တော်လည်း Cold Milk ဘဲသောက်တော့မယ်. ."

သူမနဲ့သူ အကြည့်ချင်းဆုံတော့ သူကနှုတ်ခမ်းတွန့်ပြုံးပြသည်။

"ကျွန်တော်အစာအိမ်ယောင်နေတာ သုံးနှစ်လောက်ရှိပြီရှုရဲ့. . . အိမ်မှာလည်း Cold Milk ပဲသောက်တယ်. . ."



"ဒါဆို Chornic Gastritis (နာတာရှည်အစာအိမ်ယောင်ယမ်းနာ)နဲ့ပါ. . . သတိထားဦး. . . ဆယ်နှစ်ဆို အဲဒါ ကင်ဆာဖြစ်ကရော. ."

"ရှုက ကျွန်တော့်ကို အမြင်ကတ်နေပြီထင်တယ်"

"ရှင်"

မေနှင့်သူမ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ဒီလူ အင်မတန်အကွက်မြင်တဲ့သူပဲဟူသော အတွေးမျိုး သူမခေါင်းထဲတွင် ပေါ်လာသည်။

"ကျွန်တော့်မှာ ညီမလေးတစ်ယောက်ရှိခဲ့ဘူးတယ်ဗျ. . . ကျွန်တော်တို့မိသားစုလေးယောက် အဖေ၊ အမေ၊ ကျွန်တော်နဲ့ညီမလေး. . . ညီမလေးက ရှုနဲ့အသက်တူတူလောက်ပဲ. . ."

"ဟုတ်ကဲ့"

"ညီမလေး ငါးနှစ်သမီးမှာ ကျွန်တော်က ဆယ့်သုံးနှစ်သား. . . သီတင်းကျွတ်လပြည့်ရက်တစ်ရက်မှာ ကျွန်တော်တို့မောင်နှမနှစ်ယောက် မီးပန်းလွှတ်တာမ်းကစားကြတယ်. . . အဲဒီအချိန်တုန်းက ကျွန်တော်တို့အဖေက ဒီဇယ်ဓာတ်ဆီ လှောင်ပြီးရောင်းတယ်. . . ကားဝပ်ရှော့ထောင်ထားတယ်. . . ကျွန်တော်တို့မောင်နှမနှစ်ယောက်က ဓာတ်ဆီရုံဘေးမှာ ကစားနေကြတာ. . . မီးပန်းတစ်ခုမီးညှိပြီး ကျွန်တော်က ညီမလေး နောက်ထိုက်တော့ ညီမလေးက ဓာတ်ဆီလှောင်ထားတဲ့ အခန်းထဲဝင် [illegible]. . ."

www.burmeseclassic.com



"ရှင့်ညီမလေး တစ်ခုခုများဖြစ်ခဲ့သေးလားဟင်"

သူမက အလောတကြီးဖြတ်မေးလိုက်သည်။ သူ့မျက်ဝန်းတွေ တစ်ခဏချင်းနီရဲစိုစွတ်လာပြီး သူမနဲ့မေ့ရှေ့မှာ သူမျက်ရည်ကျသည်။

"ကျွန်တော်တို့မောင်နှမနှစ်ယောက် မီးလောင်ခံရတယ်. . မေ. . အလုပ်သမားတွေ အသိမြန်လို့ မီးငြိမ်းသွားပေမယ့် ဓာတ်ဆီပုံးတွေထဲ ဝင်ပုန်းမိတဲ့ညီမလေးကတော့. . . . on the Spot (ပွဲချင်းပြီး) ဆုံးသွားခဲ့ပါတယ်. . ."

သူမသည် ငါးနှစ်သမီးနှင့် အသက်အစိတ်အရွယ်မိန်းမ တစ်ယောက် ရုပ်ရည်ချင်းတူနိုင်မတူနိုင်မစဉ်းစားတော့ဘဲ သူ့ရဲ့ စကားပြောကောင်းမှု၊ သရုပ်ဆောင်ပိုင်နိုင်မှုတို့မှာ ထပ်တလဲလဲ ကျဆုံးနေမိသည်။

"ကျွန်တော်က ကိုယ့်ထက်ငယ်တဲ့ သူတွေဆို ညီမလေးလိုပဲ ချစ်တတ်တယ်၊ စောင့်ရှောက်တတ်တယ်. . . ရှု့ကိုလည်း ညီမလေးလိုပဲ ခင်မိတယ်. . . မေလည်း အတူတူပဲပေါ့. . . ကျွန်တော့်ကို ရှုတို့လိုအပ်တဲ့အခါ သတိရနိုင်ပါတယ်"

× × × × × × × ×





သူမမှာ အိမ်ပြန်ရောက်တဲ့အခါ သူ့ရဲ့မျက်ရည်များ ပြည့်နေသောမျက်ဝန်းများကို သတိရနေပြီး သူ့ကို သနားသည့်စိတ် ကြီးစိုးနေလေသည်။

"သိပ်သနားစရာကောင်းတာပဲ. . . မေရယ်. . . ဆယ့်သုံးနှစ်အရွယ်ကောင်လေးတစ်ယောက်. . . သူ့ကြောင့်သူ့ညီမလေး သေရတယ်ဆိုတဲ့ အိပ်မက်ဆိုးကြီးနဲ့ သူဘယ်လောက်မွန်းကျပ်လိုက်မလဲ. . . ငါကိုယ်ချင်းစာကြည့်တယ်. . ."

"အေးနော်. . . သူ့ကို ငါ ပထမ နင့်ကို ကြိုက်လို့လာရောတယ်လို့ထင်ခဲ့တာ ရှုရဲ့. . . သူပြောမှပဲ ငါထင်တာမဟုတ်မှန်းသိတော့တယ်. . . နင်က သိပ်လှတော့ နင်နဲ့ပတ်သက်ဖို့ကြိုးစားတဲ့ ယောက်ျားတိုင်း နင့်ကို ကြိုက်လို့ပဲလို့ငါကထင်တာ. . . သိလား. . . ရှု. . . သူက အရမ်းချောတယ်. . . နင်ကလည်း အရမ်းလှတော့ သူ့ညီမက နင်နဲ့တူတာဖြစ်နိုင်ပါတယ်လေ"

သူမနဲ့မေသည် နှစ်ယောက်အိပ်မွေ့ယာကျယ်ကြီးထဲတွင် တစ်ယောက်ခါးတစ်ယောက်ဖက်ကာ သူဟာဘယ်လိုလူမျိုးလဲဟု ကိုယ်စီစဉ်းစားငြိမ်သက်နေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ညနေအိပ်လိုက်လျှင် အိပ်မက်ထဲ၌ သူပါလာမည်မှာ သေချာလှသည်။ လိုအပ်တဲ့အခါ သတိရနိုင်ပါတယ်တဲ့။

သူမမှာ လိုအပ်ချက်သိပ်မှမရှိဘဲ။

ငွေကြေးပြည့်စုံသော သူမသည်. . . ငယ်ငယ်ကတည်းက ကြီးစွာဆုံးရှုံးခြင်း၊ ကြီးစွာလိုချင်ခြင်းမရှိဘဲ. . . သာမန် မိန်းခလေး တစ်ယောက်အဖြစ်သာ ကြီးပြင်းခဲ့သူ. . .။

မေမေနှင့်သိပ်မတည့်ဘဲ ဖေဖေနှင့်တော့ အင်မတန် အချစ်သဲသည်။ သူမနှင့်ဆန့်ကျင်ဘက်သူမှာတော့. . . သူ့ကြောင့် ငယ်ရွယ်နုနယ်သောကလေးဘဝမှာပင် အသက်ဆုံးပါးသွားခဲ့ သော. . . ညီမလေးရှိသည်။ ထိုညီမလေး သူ့မျက်စိရှေ့တွင် ဆိုးဆိုးရွားရွားမီးလောင်ခံရပြီး သေသွားတာကို သူထက် ငယ်ရွယ် သောမိန်းကလေးတွေတွေ့တိုင်း သူအမှတ်ရနေမှာဖြစ်သည်။

"တီ. . . တီ. . . တီ"

ဖုန်းက သူမအိပ်သောဘက်မှာမို့ နားထောင်လိုက်သည်။

"ရှု. . . အိပ်ပျော်ရဲ့လား. . . ကိုယ့်အကြောင်းတွေးနေ မှာစိုးလို့"

"ဘာရှင့်"

"မနက်. . . ရှု ဘယ်အချိန်ရုံးသွားမလဲ"

"ဘာလုပ်ဖို့လဲ"

"ကိုယ် ရှုနဲ့နေ့လယ်စာ စားချင်လို့ပါ. . . ဖြစ်မလားဟင်"

"မဖြစ်ဘူး"



"ဘာဖြစ်လို့လဲရှု"

"ဘာဖြစ်လို့လဲဆိုတော့. . . ကျွန်မမနက်ဖြန်နေ့လယ် သန့်လျင်ဘက်ကဆေးဆိုင်တွေက ငွေအဝင်စာရင်းစစ်ရမယ်"

"ပြီးတော့ရော"

"ပြီးတော့. . . ပြင်ဦးလွင်က ရန်ကုန်လာမယ့်သူငယ်ချင်း ကိုနေ့လယ်တစ်နာရီခွဲမှာ တွေ့ဖို့ရှိတယ်"

"သူငယ်ချင်းက အလည်ပဲလား"

"မဟုတ်ဘူး. . . ကိုယ်ရေးကိုယ်တာကိစ္စနဲ့"

"ရှုရဲ့ချစ်သူများလား"

"ရှင်က ဘယ်လိုသိလဲ"

"ဟား. . . သိတာပေါ့. . . ရှုလိုလှပတဲ့ မိန်းခလေးမှာ ချစ်သူရှိကိုရှိမှာပေါ့. . . ကဲ. . . မဟုတ်ဘူးလား"

"ဟင်း. . . ဟင်း"

"ရှုက သဘောကျနေပုံပဲ. . . သူက ဘာလုပ်လဲရှု"

"သိုးမွေးထည်တွေ Export လုပ်တယ်"

"ပိုင်ရှင်လား"

"မဟုတ်ဘူး. . . သူကမန်နေဂျာ. . . "

"ဒါဆိုလည်း ကိုယ်မနှောင့်မယှက်တော့ပါဘူး. . . Good Night နော်ရှု. . . မနက်ဖြန် မင်း ချစ်သူနဲ့တွေ့ရင် ကံကောင်း ပါစေ"

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမဖုန်းချပြီးသောအခါ မေက

"သားငယ်လား"

ဟုအိပ်ချင်မူးတူးဖြင့် မေးသည်။

"မဟုတ်ဘူး. . အံ့ဖွယ်အောင်"

"အန်"

မေ၏အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးများကျယ်သွားသည်။

"ဘာကိစ္စလဲ"

"မနက်ဖြန် Lunch ကျွေးချင်လို့တဲ့"

"အင်း. . . မနက်ဖြန် နေ့လယ် သားငယ်လာမှာ ငါတွေ့ဖို့ချိန်းထားတယ်"

"နင့် သားငယ်က အမြဲတမ်းနောက်ကျနေတာပါဟာ. . လာမယ်ဆိုပြီးပျက်မှာ ငါမြင်သေးတယ်"

သူမကို အားနာလာဟန်ဖြင့် ဆက်မပြောတော့ဘဲ မေက တစ်ဖက်စောင်း အိပ်သည်။ သူမက ကုတင်ခေါင်းရင်း မှာမှီထိုင်ကာ မှန်တင်ခုံပေါ်ရှိ သားငယ်နှင့် သူမဓာတ်တော်ချိုင့်မှာ ရိုက်ထားသော ဓာတ်ပုံကို ကြည့်နေမိသည်။ အဲဒီတုန်းက သူမရော သားငယ်ပါ နောက်ဆုံးနှစ်။ သူ့အိမ်က ဓာတ်တော်ချိုင့်သွားမယ် လိုက်မလားမေးတော့ သူမစာမကျက်ဘဲလိုက်သွားခဲ့သည်။

သူမအလည်လွန်ပြီး စာမေးပွဲကျတော့ အောင်သော သားငယ်က





"နင့်ဟာသာနင်လိုက်တာ. . . ငါ့ကို အပြစ်မတင်နဲ့"

ဟု ကြို့ကာလေသည်။

"ငါနဲ့နင်က ရည်းစားတွေပါ. . . ငါ့ိုနေရင်တောင် နင်က ချော့ရဦးမယ်. . . အခုနင်ကအပြစ်လွှတ်အောင် ကြိုးရှောင်တယ်. . . နင့်ယောက်ျားနဲ့နဲ့မှမပီသဘူး. ."

"ယောက်ျားမပီသတဲ့သူကို နင်ဆက်တွဲတော့ နင်နစ်နာတာပေါ့ ရှု"

"အေး. . . ဟုတ်တယ်"

သူမတို့နှစ်ယောက် ကျောင်းပြီးတော့ ကွဲကွာသွားသလို အနေဝေး၍စိမ်းသက်သွားခဲ့သည်။

တစ်နှစ်မှစာတစ်စောင်မှမရေးဘဲ တစ်ခါတလေ သူစိတ်တူးပေါက်၍ဖုန်းပြောသည့်အချိန်ကလွဲကာ သိပ်စကားများများမပြောဖြစ်ကြ။

ချစ်သူရှိလားမေးလျှင် ရှိတယ်ဆိုရုံ လက်ညှိုးထိုးပြရုံသာတတ်နိုင်သောအဆင့်မျိုးကလွဲ၍ သိပ်နက်နက်ရှိုင်းရှိုင်းမတွယ်တာတော့. . . သူခုနေ မိန်းမကောက်ယူသွားလျှင်လည်း သူမခံစားရမှာမဟုတ်။

ဤသို့ စိမ်းသက်သောချစ်သူနှစ်ဦးအဖြစ်ကို မေက အသိဆုံးဖြစ်သည်။ လာမယ်ပြောလျက် အမြဲပျက်ကွက်တတ်သူ။

နဲနဲမှအတင်စီးမခံသူ။

သူမနှင့်ပတ်သက်လျှင် အနစ်နာခံဖို့ စိတ်ကူးနဲနဲလေးမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိသူ။ ပြောစရာရှိလျှင် သူကအရင် သူမစိတ်နာအောင်ပြောသူ။

ဤသို့သောချစ်သူကို သူမဘာကြောင့် ကြိုက်ခဲ့မိပါလိမ့်ဟု တစ်ခါတရံတွေးမိသည်။

ကျောင်းသားဘဝဆိုတော့ အတွဲကိုယ်စီရှိတာကို ဂုဏ်ယူချင်စိတ်ပါလိမ့်မည်ထင်သည်။ သူများတွေက ငါ့ရည်းစားဟု ပြောလျှင် ကိုယ်ကလည်း ငါ့မှာလည်းရှိတယ်ဆိုသောပုံစံမျိုး လုပ်ပြဖို့လည်းပါမည်ထင်သည်။

သားငယ်သည် ဂျစ်ကန်ကန်နိုင်သည်။

အသားညိုညို၊ အရပ်မြင့်မြင့်၊ စကားပြောလျှင် သိပ်တင်စီးသည်။ မိန်းမအထာကို မကျွမ်းကျင်။ သူမဘာလိုချင်သလဲ ဆိုတာ သိအောင်ဘယ်တော့မှမကြိုးစား။ သူမတို့နှစ်ယောက် ဆိုင်တစ်ဆိုင် ဝင်စားလျှင် သူမရှေ့တည့်တည့်မှာထိုင်ပြီး နှုတ်ခမ်းထောင့်စွန်းမှာ ထမင်းလုံးပေနေတာကို ထိုင်ဟားဖို့ပဲ တတ်တဲ့လူ. . .။

ရုပ်ရှင်ကြည့်လျှင် သူမပခုံးပေါ် ခေါင်းတင်ပြီးအိပ်ပျော် သွားကာ ရုပ်ရှင်ပြီးမှ သူ့ကိုမနဲနှိုးယူရသူ. . .။

လူကြားထဲတစ်ခါတရံအသံပြဲပြဲဖြင့် စိတ်အလိုမကျလျှင် အော်တတ်သေးသည်။

မနက်ဖြန်သူလာမည်။ သူမကို လမ်းခွဲကြစို့ဟုများ ပြောမလားမသိ။

× × × × × × × ×





ဆိုင်ထဲသို့ သားငယ်ဝင်လာပုံက ဒေါသကြီးလာပုံ။ သူမထိုင်နေသောခုံနားဝင်ထိုင်ပြီး "တောက်"ဟု အသံကျယ်ကျယ်ခေါက်သေးသည်။

"အနားမှာ လူတွေရှိတယ်"

"အဲဒါဘာဖြစ်လဲ"

"တိုးတိုးစိတ်တိုပါဟ"

"ရှ. . . နင်သိလား. . . ငါအခုဘာဖြစ်ခဲ့လဲဆိုတာ"

"နင်ပြောပြမှသိမှာပေါ့"

"ငါ့ကားကို ဘလိုင်းကြီး လာပွတ်ပြီး ပြဿနာရှာခံရလို့ လှကြည့်တော့ သနားကမားနဲ့ ငါဆွဲထိုးပစ်ချင်စိတ်ကို ထိန်းထားရတယ်"

"နင့်ကား ဘာဖြစ်သွားလဲ"

"ပွန်းသွားတာပေါ့. . . ငါ့ကားကို ဘယ်လောက်အနံလဲ မေးခံရတာရင်နာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးတော့ ပြောလိုက်ပေါ့ဟဲ့"

"အဲဒီလူကားက လက်ဆက်လေ. . ."

"နင် အဲဒါကြောင့် မနာလိုဝန်တိုဖြစ်နေတာပေါ့"

"ဘာမှမဖြစ်ဘူး. . . ငါစိတ်တိုတာ ဒီလိုမေးစရာလား ဟ. . . သူ့ဟာသူဘာစီးစီးငါ့ကားကို ပွတ်ဆွဲဘာသူ့ဒရိုင်ဘာ အမှားပေါ့. . . ငါတော်တော်စိတ်ထိန်းရတယ်"

"ရော့. . . ရော့. . . ရေသောက်"

"ဒါနောက်စရာမဟုတ်ဘူး. . . ရှ"

"ပြောင်စရာလား"

"ရှ. . . ငါတို့လက်ထပ်ကြရအောင်ဟာ"

ဒီတစ်ခါ အံ့ဩပြီး နှုတ်ဆိတ်သွားရသူက သူမဖြစ်သည်။ သားငယ်မျက်နှာကို ကြည့်တော့ ဒေါသငွေ့မကင်းသေး။

"နင် ငါ့ကို ဘာပြုံးကြည့်နေတာလဲရှ"

"နင် ဆေးပုလင်းလှုပ်သောက်လာခဲ့လား"

"နင်ကပါ ငါ့ကို အရူးလို့ထင်နေတာလား"

"နင် ငါ့ဆီလာတာ အဲဒါပြောဖို့လား. . . သားငယ်"

"ဟုတ်တယ်. . . ပြင်ဦးလွင်ကနေ ရန်ကုန်ထိလာရတာ နော်. . . နဲတဲ့ခရီးမဟုတ်ဘူး. . . နင်ဂဂျီးဂဂျောင်တော့လုပ် မယ်မကြံနဲ့. . . ငါ့အမေတွေက ရက်ပါရွေးခဲ့ဖို့မှာလိုက်တယ်"

"နေပါဦး. . . ငါမေးပါရစေဦး"



"ဘာမေးဦးမလဲ. . . နင်ဟာလေ ဆေးကုမှုဏီမှုလုပ် တယ်လို့မပြောရဘူး. . . အင်မတန်လျှာရှည်တယ်"

"အဲဒါဆိုလည်း လာရာလမ်းက ပြန်ကြွတော့"

"မဖြစ်သေးဘူး. . . ငါအဖြေမှမရသေးတာ"

"အေးလေ. . အဲဒါကြောင့် ငါကလည်း မေးမယ်ပြော တာပေါ့"

"မေး. . . မေး. . ."

"ဘာလို့လက်ထပ်ချင်တာလဲ"

"ဘာများလဲလို့ နင်နဲ့ငါ ရည်းစားတွေမဟုတ်ဘူးလား. . ငါတို့ တက္ကသိုလ်စတက်ကတည်းက ကြိုက်တာပဲ. . . အခုဆို ကိုးနှစ်ထဲဝင်နေပြီ. . . ကြာလှပြီ. . . အိမ်ကလည်း တစ်နေ့ တစ်နေ့ ယူ. . . ယူ. . . ယူ. . . နဲ့"

"ဘာယူလဲ"

"မိန်းမလေ. . မိန်းမ. . . ငါ့ကို ရှုနဲ့ယူတော့လို့တစ်ချိန်လုံး နားဆူနေတာ. . . ငါသည်းမခံနိုင်ဘူး. . . ဘာလဲ. . . ငါ့ကို နင်မယူချင်ဘူးလား"

"လက်ထပ်တာ အဲဒီလောက်လွယ်လား. . သားငယ်"

"လွယ်တာပေါ့. . နင်အခုခေါင်းညိတ်လေ. . မနက်ဖြန် ငါတို့လက်မှတ်ထိုးကြမယ်. . . ရှေ့လပြင်ဦးလွင်နဲ့ရန်ကုန် အဆင် ပြေတဲ့ရက်ရွေးပြီး ညစ်ခံပွဲလုပ်ကြတာပေါ့"

"နင်နဲ့ငါ တည့်မှမတည့်ဘဲ"

www.burmeseclassic.com



"ဒါပေမယ့် နင်က ငါ့ရည်းစားလေ. . . ရည်းစားဆိုတာ ယူဖို့မိန်းမပေါ့ဟ. . . နင့်ကုမ္ပဏီကဆေးတွေ ကြော်ငြာတာ ကောင်းမကောင်းစမ်းသောက်ပြီး ရူးနေပြီလား"

"နင်တော့. . ."

သူမနှုတ်ခမ်းစူသောအခါ သူမကိုရယ်ပြီး

"လှလည်းမလှဘဲနဲ့ကွာ. . . စိတ်ကောက်နေသေးတယ် ဒီမယ် ငါ့ကိုစိတ်ကောက်ရင် ငါ့မချော့ဘူးနော်. . . နင်ပဲလွမ်းကျန်နေရလိမ့်မယ်"

"ငါနင့်ကိုလက်မထပ်ဘူး"

သားငယ်မျက်နှာသည် ရယ်မောနေရာမှ တည်သွားသည်။

"နင် ပြန်ပြောလိုက်စမ်း. . . မှု"

"ငါနဲ့နင့်ကြားမှာ So Many Differences (ကွာဟချက်) တွေအများကြီးရှိနေတယ်. . . သားငယ်. . . လက်ထပ်ပြီးမှ နှစ်ယောက်လုံးနောင်တတွေရရင် မကောင်းဘူး. . . နင်က ငါနဲ့ကွဲပြီး နောက်တစ်ယောက်ယူဖို့ဝန်လေးမှာလည်း မဟုတ်ဘူး. . . ပြီးတော့ ငါ နင့်ကို မချစ်ခဲ့ဘူးလို့ထင်တယ်. . . ဟုတ်တယ်ဟ ငါနင့်ကို မချစ်ခဲ့ဘူး. ."

"မှု"

သားငယ် နှင့် သူမ သိကျွမ်းခဲ့သမျှ အချိန်အားလုံးတွင် ခုတစ်ကြိမ်လို သူ့မျက်နှာညှိုးရော်သွားတာ တစ်ခါမှမတွေ့ဘူးချေ။

"ငါလုံးဝထင်မထားတဲ့ အဖြေပါပဲ. . . မှု"



မေမေပြောပြသောပုံပြင်များအနက် သူမအကြိုက်ဆုံးပုံပြင်မှာ စန္ဒရားကိန်နှင့် လုပ်ပလေးနှစ်ယောက်ပုံပြင်ဖြစ်သည်။ စန္ဒိုက်မင်းသမီးလေးက ပုံပြင်ထဲတွင်လှပရှိသာမက စိတ်သဘောထားလည်းဖြူစင်လှတာမို့ နောက်ဆုံး စုန်းမကြီးပြု တာခံသော်လည်း မင်းသားလေးရဲ့အနမ်းဖြင့် ပြန်လည်ရှင်သန် ထမြောက်လာသောအကြောင်းဖြစ်သည်။

သူမအသက်ကြီးလာသောအခါ ထိုစန္ဒိုက်မင်းသမီးလေးနှင့် မင်းသားလေးသည် အပြင်မှာ တကယ်မရှိမှန်းသိသည့်တိုင်အောင် ထိုပုံပြင်ကပေးသော ကြည်နူးမှုရသကို နှစ်ခြိုက်ဆဲဖြစ်သည်။

သူမသည် ငယ်စဉ်က ပုံပြင်များကိုနှစ်သက်သူကလေးမလေးတစ်ယောက်ဖြစ်သည်။

သူမအရွယ်ရောက်လာချိန်မှစ၍ ယုံလောက်အောင်ပြောသောလူများကိုလည်း မတွေ့ဘူးခဲ့. . .။

သူမကသာ ကုမ္ပဏီကဆေးတွေတကယ်ကောင်း မကောင်း မသိဘဲ အလွတ်ကျက်ထားသော အစီအစဉ်စာဖြင့် ယုံလောက်အောင် ရွတ်ပြတတ်သည့်အလုပ်လုပ်သူဖြစ်သည်။

သူမတို့ခန္ဓာကိုယ်ထဲတွင် အဆိပ်အတောက်ဖြစ်နိုင်သောဓာတ်များကို Free Radicals ဟုခေါ်ပါသည်။ ထို Free Radicals များကြောင့် လူသည် အိုမင်းရသည်။ ရောဂါဖြစ်ရသည်။ သေဆုံးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို Free Radicals များကို ဖမ်းနိုင်လျှင် လူ၏ Aging Process (အသက်အိုမင်းမှုဖြစ်စဉ်) ကို ရပ်တန့်မသွားသော်လည်း နှေးကွေးသွားအောင် လုပ်နိုင်မည်ဖြစ်သည်။

သူမသည် Antioxidants (ဓာဓာက, Free radicals များကို ဖမ်းနိုင်သောဆေး) များကို အာဝဇ္ဇန်းကောင်းကောင်းဖြင့် ပြောပြသည်။

ဆေးတစ်မျိုးကို ရှိရှိသမျှ Amino Acid တွေပါသည်၊ အင်မတန်သောက်ကောင်းသည်. . . ဟု အညွှန်းစာအတိုင်း ရှင်းပြသည်။

Post Op: (ခွဲပြီးစ)တွင် ပိုးသတ်ဆေးသုံးရသည့်အနက် ကုမ္ပဏီက ဆေးကသာ အကောင်းဆုံး သူ့ထက်ကောင်း တာတောင် သူ့လောက်ကောင်းတာမရှိဆိုသော အိုင်ဒီယာမျိုးဖြင့် ကြော်ငြာရသည်။

ယင်းဒါတလေ သူမအလုပ်က ပုံပြောတဲ့အလုပ်နှင့်ခတောင် တူနေသေးတော့သည်ဟု ထင်မိသည်။

ပုံပြင်ဆိုသည်မှာ နားထောင်ကောင်းအောင် ပြောတတ်ခြင်းနှင့် ယုံလောက်အောင် ပြောတတ်ခြင်း ဟူသော အရည်အသွေး ရှိသည့်ပုံပြောသူတစ်ယောက်နှင့်မှ အဆင်ပြေလိုက်ဖက်ပါသည်။





သူမလည်း နားထောင်ကောင်းအောင် ပြောတတ်ခြင်းနှင့်ယုံလောက်အောင်ပြောတတ်ခြင်း အရည်အသွေးကို ကိုယ်မှာတော်တော်ရှိနေခဲ့ပြီဟုထင်သည်။

တကယ်တော့ သူမသည် ပုံပြောကောင်းသူမဟုတ်ပါ။ ပုံပြောကောင်းသူတစ်ယောက်ပြောသော ပုံပြင်ထဲတွင်သာ နစ်မျောသွားရသည့် မိန်းမတစ်ယောက်ဖြစ်ခဲ့သည်။

ထိုပုံပြင်သည် အချစ်ဖြင့် ပြည့်နှက်နေသည်ဟု သူမ ထင်ခဲ့သည်။ ပုံပြင်မှာ မျက်နှာတစ်ဖက်တည်း ရှိမှာပါဟု သူမက ကလေးဆန်စွာ ယုံကြည်ခဲ့လေသည်။

---------



www.burmeseclassic.com

www.burmeseclassic.com



"မင်းချစ်သူပြန်သွားပြီလား ရှ"

သူမရုံးခန်းအတွင်းသို့ သူဝင်လာကတည်းက သူမမှာ ပြေးပေါက်မရှိသောကြွက်ပေါက်ကလေးတစ်ကောင်လိုဖြစ်နေသည်။

သားငယ်ပြောဆိုထားခဲ့တာတွေအတွက် ကျေးဇူးရှင်ကတော့ ပြင်ဦးလွင်ပြန်တက်သွားပြီး ကျန်ခဲ့သူ သူမကသာ မျက်နှာပူနေရသည်။ သူကတော့ ဘာအရောင်မှထည့်ထားခြင်းမရှိသော မျက်လုံးများဖြင့် မေးမြန်းခြင်းဖြစ်သည်။

အရောင်မရှိတာမဟုတ်ဘဲ အရောင်မရှိချင်ဟန်ဆောင်ထားသောမျက်လုံးမှန်းသူမမသိခင်က သူ့ရဲ့လူကြီးဆန်မှုကို အထင်ကြီးခဲ့မိသည်။

"ဟုတ်ကဲ့. . . မနေ့က မနက်ကပြန်သွားပါပြီ"

"ဒါနဲ့ မင်းကိုတစ်ခုမေးရဦးမယ်"

"ရှင်"





[illegible] မင်းစိတ်ထဲ [illegible] ကိုယ်ဘာပြောချင်လဲ [illegible] သေချာ [illegible] ချက်ချင်း [illegible] မပြောနိုင်တဲ့ အရည်အချင်းမရှိတဲ့လူမျိုး [illegible] လက်တွဲသွားနိုင်ပါ့မလား"

". . . . . . . [illegible]"

"ကိုယ်ဆိုလိုတာ. . . Communications (လူမှုဆက်ဆံ [illegible]) ဆိုတာ [illegible] အရေးကြီးတယ် [illegible]

[illegible] "[illegible]

[illegible] "[illegible] ကျွမ်းကျင်မှုလူဆိုတာ [illegible] မှုအထိ [illegible] တချို့လူတွေက ကိုယ်ဘာလို ချင်မှန်း ကိုယ်ဘာ [illegible] ဘူး [illegible] ဒါကြောင့် စကားပြော တဲ့နေရာမှာ Target [illegible] ကိုမထိဘူး [illegible] [illegible] အတွက် ရွေးချယ်မယ်ဆိုရင်တော့. . ကျွတ်. . ကျွတ်. . ကျွတ်. . ကျွတ်. . မင်းမှာရှိတဲ့ [illegible] အချက်တွေ ကိုယ်တော့ [illegible] ရဲ့. . ."

[illegible] ဖြင့် သားငယ်ကို နှိပ်ကွပ်နေပေပြီ။ သားငယ်နဲ့သာဆို သူမဘာစကြီး ရေစုန်မျောတော့မှာဟု သူကသေချာ [illegible]

[illegible] သိပ်နားမလည်ဘူး"

"ရှ. . မင်းအဲဒီလောက်မအပါဘူး. . မင်းကလိုချင်တဲ့ [illegible] ရောက်အောင်သွားတတ်တဲ့ စိတ်ဓာတ်မျိုး [illegible]. . ."

"ကျွန်မလိုချင်တာ ဘာမှမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား. . ရှ. . . မင်းအသက်အစိတ်ပဲရှိရသေးတယ်. . . မင်း ဒီအခြေအနေထက် မြင့်မားတဲ့နေရာမျိုး မရောက်ချင်ဘူးလား"

"အဲဒါဆို ဦးတို့ဖွယ်အောင်မှားနေပြီ"

"ဟုတ်လို့လား"

သူ့အသံနှင့် ပြန်မေးပုံက ထိမထင်ပုံ။ အသံကခနဲ့တဲ့တဲ့။

"ဟုတ်တာပေါ့. . ကျွန်မက မြင့်မားတဲ့နေရာတို့ လိုချင်တာတို့ ဘာမှမရှိတော့ဘူး. . . ကျွန်မ ပန္နိုဗိုတာဘဝကနေ မန်နေဂျာဖြစ်ခဲ့ပြီ. . . တော်လောက်ပြီလို့ထင်တယ်. . . လိုချင်တာ သိပ်များလွန်းလို့ ပူလောင်ရမှာ ကျွန်မမကြိုက်ဘူး. . . ကျွန်မ အမြင့်ကိုကြောက်တယ်. . . လှေခါးထစ်တွေကိုကြောက်တယ်. . ကိုယ်မမြင်နိုင်တဲ့အရာကိုမျှော်လင့်ပြီး ရှုသွပ်နေမယ့်အစားရတဲ့နေရာလေးမှာပဲရောင့်ရဲနေချင်တယ်"

သူက ဟန်ပါပါ ပခုံးတွန့်ကာ သူမကို ငုံ့မိုးကြည့်သည်။

"လူ့ဘဝရဲ့ Gain (အောင်နိုင်ခြင်း)က Luxries (လောကီချမ်းသာ)ပဲ. . . ရှ. . ."

"ကျွန်မ အထိုက်အလျောက်လက်ခံပါတယ်"

"ကိုယ်သိသလောက် မင်းဟာ သံရုံးစာမေးပွဲတစ်ခုကို နှစ်ခါတိတိဝင်မဖြေခဲ့ဘူးတယ်. . . ဟုတ်လား"

သူမ အံ့ဩသွားသည်။

"မင်းနိုင်ငံခြားမှာ စာဆက်မသင်ချင်ဘူးလား. . . ကိုယ်ဆိုလိုတာ. . . Europe (ဥရောပ)လေ. . ."





"တော်ပါပြီ. . . ကျွန်မ စာကျက်ရမှာပျင်းလွန်းလို့"

"ကိုယ်နဲ့ ဒီနေ့ညနေ ခြောက်နာရီ K-Paradise ကို မင်းလိုက်ခဲ့ရမယ်"

"ရှင်"

"ကိုယ့်အစ်ကိုနဲ့ မင်းကိုမိတ်ဆက်ပေးချင်တယ်. . . ရှ. . မငြင်းပါနဲ့. . . ကိုယ် မင်းအနေခက်အောင် မျက်နှာပူအောင် စိတ်ညစ်အောင် စိတ်ကျဉ်းကျပ်အောင် အော်ဟစ်မယ့်လူမျိုး မဟုတ်ဘူး"

သူမ သူ့ကိုငေး၍သာ ကြည့်မိတော့သည်။

တစ်ခါတုန်းက မိသားစုလေးယောက်ပဲရှိတယ်လို့ဆိုတဲ့ သူက အစ်ကိုပေါ်လာပြန်ပြီ။ သူကတော့ သူမ ဇဝေဇဝါ ဖြစ်နေပုံကို မြင်တာ ဘာမှမပြော။

"မင်း မြန်မာဆန်ဆန်လေးဝတ်လာခဲ့နော်. . . . ရှ. . ဒီခေတ်မှာ မြန်မာဆန်ဆန်ဝတ်တာသိပ်ရှားသွားပြီ"

"အဝတ်အစားကိုတောင် ကန့်သတ်ရင်တော့ ကျွန်မ မလာချင်ဘူး. . ကျွန်မ စိတ်လွတ်ကိုယ်လွတ်ပဲဝတ်ချင်တယ်"

"သူက ခြေစကြေးလျှမှာပဲ ကြီးပြီး ဒီကို ခဏတစ်ဖြုတ်လောက်ပဲလာတဲ့သူလေ. . ရှ. . ဒါကြောင့် မင်းကို မြန်မာလို ဝတ်နိုင်းတာပါ. . . မင်းမဝတ်ချင်လည်း သဘောပါပဲ. . . ကိုယ် အတင်းအကျပ်မဆိုလိုပါဘူး. . . ဒါပေမယ့် ဝတ်ရင်တော့ မင်းကို မြန်မာမလေးလို့ ကိုယ့်အကိုက သိပ်အံ့ဩပြီးကြည့်နေမှာ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦး နှင့် စကားအပြောကျွမ်းကျင်မှုကတော့ . သားငယ်နှင့် အပြော အသံ ကျွမ်းကျင်သည်။ သူ၏ ပရိယာယ်များသည်။

သူလိုချင်တာကို ခပ်ငြိမ့်ငြိမ့်လေး ဆွဲဆောင်နိုင်သော အရှည်အချင်း မျိုးရှိသည်။

"ကောင်းပြီလေ. . . ကျွန်မ၀တ်လာခဲ့ပါမယ်

အရောင်ကတော့ မင်းစိတ်ကြိုက်ပဲ၀တ်ပါ"

ကျွန်မတစ်ယောက်ထဲလား

"ဟုတ်တယ်"

"အဲဒါဆိုမဖြစ်ဘူး"

"ကိုယ်ဖုန်းဆက်ပြီး မှာထားပြီးသွားပြီ။ မင်းကိုယ့်ကို အခက်တွေ့အောင် မလုပ်ဘူးထင်တယ်. . . ကိုယ်ဘေးနားမှာ ထိုင်ပြီး မင်းငြိမ့်ငြိမ့်ကလေး ညနေစာစားရုံ စကားစမြည်ပြော ရုံလောက်ပါပဲ. . .

"ခက်တာပဲ"

မခက်ပါဘူး. . . လွယ်လွယ်လေး. . . မင်းပါလာမယ် လို့ကိုယ်ကတိပေးထားတယ်. . . သိပ်မြန်မာဆန်တဲ့ အမျိုးသမီး ကလေးတစ်ယောက်အနေနဲ့ လိုက်တွေ့ပေးရုံပါ

x x x x x x x





"အမိပ္ပါယ်မရှိတာပဲ . . နင်မလိုက်နိုင်ဘူးလို့ တစ်ခါ တည်း ပြတ်ပြတ်သားသားငြင်းလိုက်ပါလား"

"မေရယ်. . နင်ပြောတော့ လွယ်တာပေါ့. . သူ့အသံ လောက်. . . မှတ်သလဲ. . အမှုအယာနဲ့ရော ယောသနဲ့ပါ သူလိုချင်တာ ရအောင် ပြောတတ်တယ်. .

"သူ နင့်ရုံးခန်းထဲဝင်သွားတော့. . ကုမ္ပဏီ Branch လေး တစ်ခုလောက်ပါ လာပေါင်းကျော်ကျော်ဖြစ်နေတာ နင် သိလား. .

"ဟင်. . ဘာကိုလဲ. . ငါမသိရပါလား

"ရုပ်နဲ့ကို အဲ့ဖွယ်အောင် Approach (ချဉ်းကပ်) လုပ်တာ သိသင့်သာတယ်. . သူမှာရှိတဲ့ အချိန်အခါနဲ့ သူ့တင်းကဲ နင့်ကို ငါလေးလွှမ်းမိုးနိုင်တယ်. . သူ့ငွေကသာမန်ဝန်ထမ်းအခန်း လာတွေ့တယ်ဆိုတော့. . . အရမ်းကို လှုပ်လှုပ်ရှားရှား ဖြစ်နေကြတာပဲ"

"သားငယ်သာသိရင် ငါ့ကိုသတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုကြည့်ရတာ မလွှတ်လင်လိုက်တာပဲ"

"ငါ့ကို သူ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေသလဲမသိဘူး နော်. . . သူ့မှာ ဓါးအရွယ်ရောက်နေပြီ. . . ရှိချင်ရှိမှာပေါ့. . . ဒါထ သူ့ထက် ရှစ်နှစ်တောင်ငယ်တာ"

"ငယ်တော့ ပိုကြိုက်မှာပေါ့"

"စိတ်ညစ်ပါတယ်ဟာ. . ."

သူမ၏စိတ်ထဲတွင် သူသည် သူမ မလိုလားတာကို သိပါလိမ့်မည်။ သူမမှာ ချစ်သူရှိကြောင်း သတင်းစကားတင်မက လူကိုယ်တိုင်ပါ သူတွေ့သွားပြီးပြီ။ ဒါကိုပဲ တဖြည်းဖြည်း ရှေ့ကို ဆက်လက်တိုးလာသည်ကတော့. . . သူ့ရဲ့ဖွဲ့နပဲကြီးမှုကြောင့်လား သူမအကုသိုလ်ကြောင့်လား တစ်ခုခုကြောင့်တော့သေချာသည်။

သူမမှာ မျက်နှာကို ဘာမှမလိမ်းခြယ်ဘဲ သွားရင်တောင် ကောင်းမလားစဉ်းစားကာ ရေချိုးပြီးနောက် မှန်ဟင်ခုံ ရှေ့တွင် အကြာကြီးထိုင်နေမိသည်။ မှန်တင်ခုံ၏မှန်ထဲမှ ရုပ်သွင်သည် အတောင်ကျိုးသောငှက်တစ်ကောင်၏ပင်ပမ်းနွမ်းနယ်မှု မျိုးဖြင့် နွမ်းရိနေသည်။

အလုပ်ရှင်၊ ကုမ္ပဏီပိုင်ရှင်ဆိုသောအရှိန်အဝါနှင့် သူမ မှာ ဘယ်လိုမှမငြင်းနိုင်။ တစ်ခါငြင်းမရ နှစ်ခါငြင်းမရ သုံးခါ ငြင်းမရတော့. . . သူမမှာ ဘယ်လောက်စိတ်ကျဉ်းကျပ်မယ်။ သူ ဒါကို မသိတာမဟုတ်။ ဟုတ်သည်။ သူက မသိချင်ဟန်ဆောင် သောလူမျိုးကိုး။



စိတ်မပါသော်လည်း မျက်နှာကိုတော့ ကြည့်ကောင်း အောင်ခြယ်သရသည်။ အနက်တွင် အနီခံ ချိတ်ဝမ်းဆက်နှင့် သားရေလက်ကိုင်အိတ်အဝါရောင် တွဲဖက်လိုက်သောအခါ သူမ သည် အတော်ကလေးအဆင်ပြေသောအမျိုးသမီးတစ်ယောက် ဖြစ်သွားသည်။

လည်ပင်းအထိ ပလက်တီနမ်မျှော့ကြိုးမှာ ပုလဲနက်ကို စိန်ဖြင့်ရံထားသော လော့ကတ်ကလေးကိုတပ်ကာဝတ်လိုက်သည်။ ဆံပင်ကို အပြောင်သိမ်းကာ နောက်တွဲဆံထုံးထုံးလိုက်ပြီး သည့်နောက် ပုလဲနက်ချည်းပြောင်နားကပ်ကို ဝတ်သည်။

လက်ခလယ်မှာ ပုလဲနက်ကို စိန်ဖြင့် သိန်းငှက်မျက်လုံး စီရံထားသောလက်စွပ်ကို ဝတ်ပြီးသောအခါ ခေတ်လည်းမှီ၊ မြန်မာလည်းဆန်သော မိန်းမအသွင်ပေါ်လာသည်။

"ရှင်ရေ. . . သားငယ်တဲ့. . . ဖုန်း. . ."

သူမမှာ စိတ်မသက်မသာဖြင့် ဖုန်းကိုင်ပြန်သည်။

"ရှလား. . ."

"ဟုတ်တယ်. ."

"ငါ့ကို မေမေတို့ အရမ်းဆူနေကြတယ်"

"ဘာဖြစ်လို့လဲ"

"နင့်ဆီက ငြင်းလိုက်လို့တဲ့လေ"

"အဲဒီတော့. . ."

www.burmeseclassic.com

www.burmeseclassic.com



[illegible]

"ဟာ... အဲဒီလို အပြတ်မလုပ်ပါနဲ့... [illegible]

[illegible] ရန်ကုန်ကို [illegible]

"အင်း... နှင် [illegible] ငါတို့ကျောင်းစာ [illegible] ... [illegible]

"ရန်ကုန်ကို ပြောင်းလာရင် နှင် လက်ထဲမှာ [illegible] သလိုလား"

[illegible]

"ပြောင်းဖို့ဘယ်လွယ်မလဲကွ"

"ဘာဖြစ်လို့လဲ.."

"ငါ့အလုပ်က [illegible] ဒီမှာ... ရန်ကုန်မှာ စက်ရုံခွဲမှမရှိတာ... ငါက ရန်ကုန်ပြောင်းဆိုတော့... ရန်ကုန်မှာ ငါ [illegible] ဘူးကွ"

"နှင် အလုပ်တစ်ခုထပ်ရှာပေါ့"



"ပြောတော့သာလွယ်တာ မှယ်မင်းကြီးမ ငါ့အခုအလုပ်က တစ်လငါးသိန်းတောင်ရတာ... ဒီအလုပ်ကထွက်ပြီး ရန်ကုန်မှာ ငါက ဆိုက်ကားလာနင်းရမှာလား.. ပြဿနာက နှင်မှဲ့ အလကားဟိုရှစ်ဒီရှစ်နဲ့... ငါနဲ့ လက်ထပ်ပြီး နှင့်ကို အလုပ်ဆက်မလုပ်ခိုင်းတော့ဘူး... နှင့်အလုပ်ကို ထွက်နိုင်ရဲလား..."

"ငါ ဒီလမှ လေးသိန်းခွဲလောက်စရတာ... အလုပ်ထွက်ရင် နှမြောစရာကြီး... ဒီလိုလုပ်... နှင်နဲ့ငါလက်ထပ်မယ်.. တို့အိမ်ခွဲနေကြမယ်... ငါက ရန်ကုန်မှာ နှင်က ပြင်ဦးလွင်မှာ"

"လင်မယားတစ်နယ်စီနေတော့ ငါ့ရင်းကဲ့ ရင်းပဲနေပေါ့ ဟာ... မိန်းမယူတာ မိန်းမချက်ကျွေးတဲ့ ထမင်းစားချင်လို့ယူတာ... နှင်က အပျိုလိုပြင်ဆင်ပြီး နှင့်ဟိုဘူးကောင်ကြီးရှေ့မှာ အလှသွားပြ... ငါကတော့ အဝေးကနေ ငတ်ပြတ်နေမှာ မဖြစ်ဘူး... မဖြစ်ဘူး.. အလုပ်သာထွက်လိုက်"

"နှင်ငါ့ကို တစ်လ လေးသိန်းခွဲ... ငါသုံးချင်တာ သုံးဖို့ ပေးမလား"

"မိရှူ"

သားငယ်စိတ်တိုလျှင် သူမနာမည်ကို မိ တပ်ခေါ်လေ့ ရှိပါသည်။ ခုတောင် အသားတွေဆတ်ဆတ်တုန်နေပြီလား မသိ။

"နှင် ယောက်ျားတစ်ယောက်ကို စကားလုံးနဲ့ကောင်းကောင်းစော်ကားတတ်နေပြီ သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမညာက နင့်ဆီကနေ တတ်တာလေ. . . နင်လည်း ဘယ်တုန်းကများ ငါ့ဘက်ကို စဉ်းစားပေးတာရှိလို့လဲ. . အမြဲ နင့်ဘက်နင်တွေးတယ်. . . ငါမေးတာ ဘာများအမှားပါလို့လဲ နင်ငါ့ကို တစ်လ လေးသိန်းခွဲ ငါသုံးဖို့ပေးနိုင်လား. . . ပြော"

"နင်က တစ်လလေးသိန်းခွဲပဲတန်တဲ့မိန်းမပေါ့ ဟုတ်လား"

"နင်. . ."

သူမမှာ ဒေါသထွက်လွန်းသဖြင့် သားငယ်သာအနားမှာရှိလျှင် လည်ပင်းထညှစ်မိလိမ့်မှာ သေချာသည်။ စကားနဲ့တောင် အနိုင်ယူချင်တဲ့သူ။

"ငါ့ ဝင်ငွေနဲ့ငါ ဖြုန်းချင်သလိုဖြုန်းနိုင်တယ်သားငယ်. . နင်ဆယ်လစာပေးတာကို ငါက ဆယ်နှစ်စာ ပြန်ပေးနိုင်တာ သဘောမပါက်ဦး. . လင်ယူပြီး အလုပ်ကလည်းထွက်ရဦးမယ် နင့်နားထိုင်ပြီး ငါကကလေးတပြွတ်ပြွတ်မွေး. . ပုံပျက်ပန်းပျက် ဘာမှသုံးစားမရတဲ့မိန်းမဖြစ်မယ့်အတူတူ လင်တော့မယူဘူး. . ငါ့ဟာငါ အလုပ်ပဲဆက်လုပ်မယ်. . ယောက်ျားကိုမယူဘူး. . ကဲ. . ရှင်းပြီလား. ."

"ကြိုက်တယ် မိန္မ. . နင်ယောက်ျားတကယ်မယူ ဘူးနော်"

"မယူဘူးဟေ့. . . မယူဘူး. . . ငါးကြင်းဆီနဲ့ငါးကြင်း ပြန်အကြော်ခံရမယ့်အလုပ်တွေမလုပ်ဘူး"

"ကြိုက်တယ်. . . နင်ယောက်ျားမယူရင်ပြီးတယ်. . . ငါလည်းမယူဘူး"





"ယူ. . . ယူ. . . နင်ကတော့ယူ. . . ဘာလို့လဲဆိုတော့ နင်က မိန်းမမရှိဘဲ မနေတတ်တော့ဘူးမို့လား"

"ဘာ. . . နင်ငါ့ကို ဘာပြောတယ်. . . မိန္မ"

"အေးလေ. . ဒီအရွယ်ရောက်မှ အမြီးမပေါက်ရင် ဘာမျောက်လဲ. . နင့်အပြင်မှာရှုပ်တဲ့ဇာတ်လမ်းတွေဖြတ်ချင်လို့ ငါ့ကို အတင်းယူဖို့ကြိုးစားနေတာမို့ဘူးလား. . . ဒါမျိုးများ. . . ခွေးတို့ကနပ်သေးတယ်. . . နော်. . . နဖားကြိုးအထိုးမခံဘူး. . . လည်းကြိုးလည်းမထမ်းနိုင်ဘူး"

"နင်ပြောတဲ့ပုံက ငါကပဲ ဗိုက်ကြီးနေသလိုလို"

"တော်ပြီ. . တော်ပြီ. . ငါအခုအပြင်သွားစရာရှိတယ် ငါ့ကိုဖုန်းထပ်မခေါ်နဲ့. . . ဒါပဲ"

သူမမှာ ဖုန်းချပြီး ငါးမိနစ်ကျော်ကြာသည်အထိ သားငယ်ပြောသောစကားကို နားထဲမှမထွက်။

ဆို. . . .။ နားထဲတွင်မဟုတ်။ နှလုံးသားထဲ၊ ဦးနှောက်ထဲမှာပါစွဲထင်နာကြည်းလျက်ရှိသည်။

"နင် ဒေါသတွေ တော်တော်ထွက်နေပုံပဲ"

"ထွက်တာတော့ပြောမနေနဲ့. . . အဲဒီကောင်က အနားမှာရှိရင် ငါပါးစပ်ထဲ ရောက်ဝါးစားပစ်လိုက်မယ်"

"ဘာပြောလို့လဲ"

"ငါ့ကို အလုပ်ထွက်တဲ့ မေရယ်. . . အဲဒါ ငါက တစ်လလေးသိန်းခွဲ ငါသုံးဖို့ချည်းပေးနိုင်လား. . . မေးတော့ ငါက တစ်လလေးသိန်းခွဲပဲတန်တဲ့မိန်းမလားတဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း. . . ဆိုးလိုက်တဲ့သားငယ်. . တော်တော်ပါးစပ်ဆိုးတာနော်. . သူဘယ်လိုအလုပ်လုပ်လဲမသိဘူး"

"သူ့အလုပ်ရှင်က ကောင်မလေးတွေ့ သူ့ကိုဆို သိပ်လန်တာ. . လူမိုက်များတဲ့သူလေ. . ."

"ကိုယ်ရည်းစားကို ဒီလိုပြောရလားကွယ်"

"မြ. . ဝါသိပ်စိတ်နာသွားပြီလား"

"အလွှပျက်ရှာနဲ့ဦးမယ်. . မင်္ဂလာနဲ့ရှ"

"တော်ပြီ. . . ယောက်ျားဆိုမယုံတော့ဘူး"

"ယောက်ျားယူရတာကောင်းလို့လဲ. . ဟိုနေ့က မေတို့ရွာနား အနီးတိုက်ခင်ရာကိုပြောတာ. . အိုး. . . အခန်းထဲမှာတဝုန်းဝုန်းနဲ့ရယ်နေရတာ. . . အန်ထီခွင်က အမျိုးကြီးမိလား. . . တီကိုနှိုက်ချတ်ချတ်ပြောတာ"

"ဘာပြောလို့လဲ"

"ခြောက်. . . ခုခေတ်မှာ ရာစ်လုချေးဖိုးတစ်သိန်းပေးနိုင်တဲ့ယောက်ျားယူပြီဆိုပါတော့ကွယ်. . . အစ်လှတစ်ညိန်းမှာ အသုဘ၊ အလှူ မင်္ဂလာဆောင်သွားဖို့ တစ်သောင်းမှုယ်လိုက်ရင်တစ်လ ကိုးသောင်း၊ တစ်နေ့ သုံးထောင်ပေါ့. . . တစ်နေ့ သုံးထောင် ဈေးဖိုးတင်ကူနမှာ. . . ပြီးတော့ လင့်ဝတ္တရားကရှိသေးတယ်. . မနက်စာ၊ နေ့လည်စာ၊ ညနေစာ. . . တစ်နေ့သုံးနပ်ကိုချက်ပြုတ်ရမယ့်အပြင် ဟိုဝတ္တရားနဲ့ပြုစုရဦးမယ်. . . သူများအိမ်မှာ အိမ်ဖော်လုပ်ရင်တစ်လနှစ်သောင်း. . ထမင်းစားရိတ်ငြိမ်းတယ်. .





မေမေပြောပြသောပုံပြင်များအနက် သူမအကြိုက်ဆုံးပုံပြင်မှာ စန္ဒိုဝိုက်နှင့် လူပုလေးခုနစ်ယောက်ပုံပြင်ဖြစ်သည်။ စန္ဒိုဝိုက်မင်းသမီးလေးက ပုံပြင်ထဲတွင်လှပရုံသာမက စိတ်သဘောထားလည်းဖြူစင်လှတာမို့ နောက်ဆုံး စုန်းမကြီးပြု စားသော်လည်း မင်းသားလေးရဲ့အနမ်းဖြင့် ပြန်လည်ရှင်သန် ထမြောက်လာသော အကြောင်းဖြစ်သည်။

သူမအသက်ကြီးလာသောအခါ ထိုစန္ဒိုဝိုက်မင်းသမီးလေးနှင့် မင်းသားလေးသည် အပြင်မှာ တကယ်မရှိမှန်းသိသည့်တိုင်အောင် ထိုပုံပြင်ကပေးသော ကြည်နူးမှုရသကို နှစ်ခြိုက်ဆဲဖြစ်သည်။

သူမသည် ငယ်စဉ်က ပုံပြင်များကိုနှစ်သက်သူကလေးမလေးတစ်ယောက်ဖြစ်သည်။

သူမအရွယ်ရောက်လာချိန်မှစ၍ ယုံလောက်အောင်ပြောသောလူများကိုလည်း မတွေ့ဘူးခဲ့. . .။

သူမကသာ ကုမ္ပဏီကဆေးတွေ တကယ်ကောင်း မကောင်းမသိဘဲ အလွတ်ကျက်ထားသော အင်္ဂလိပ်စာဖြင့် ယုံလောက်အောင် ရွတ်ပြတတ်သည့်အလုပ်လုပ်သူဖြစ်သည်။

သူမတို့ခန္ဓာကိုယ်ထဲတွင် အဆိပ်အတောက်ဖြစ်နိုင်သောဓာတ်များကို Free Radicals ဟုခေါ်ပါသည်။ ထို Free Radicals များကြောင့် လူသည် အိုမင်းရသည်။ ရောဂါဖြစ်ရသည်။ သေဆုံးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို Free Radicals များကို ဖမ်းနိုင်လျှင် လူ၏ Aging Process (အသက်အိုမင်းမှုဖြစ်စဉ်) ကို ရပ်တန့်မသွားသော်လည်း နှေးကွေးသွားအောင် လုပ်နိုင်မည်ဖြစ်သည်။

သူမသည် Antioxidants (စာတေက, Free radicals များကို ဖမ်းနိုင်သောဆေး) များကို အာဝဇ္ဇန်းကောင်းကောင်းဖြင့် ကြော်ငြာသည်။

ဆေးတစ်မျိုးကို ရှိရှိသမျှ Amino Acid တွေပါသည်။ အင်မတန်သောက်ကောင်းသည်. . . ဟု အညွှန်းစာအတိုင်း ကျက်ပြောသည်။

Post Op: (ခွဲပြီးစ)တွင် ပိုးသတ်ဆေးသုံးရသည့်အနက် ကုမ္ပဏီက ဆေးကသာ အကောင်းဆုံး သူထက်ကောင်း တာတောင် သူလောက်ကောင်းတာမရှိဆိုသော အိုင်ဒီယာမျိုးဖြင့် ကြော်ငြာရသည်။

ယင်းဒါတလေ သူမအလုပ်က ပုံပြောတဲ့အလုပ်နှင့်တောင် တူနေသေးတော့သည်ဟု ထင်မိသည်။

ပုံပြင်ဆိုသည်မှာ နားထောင်ကောင်းအောင် ပြောတတ်ခြင်းနှင့် ယုံလောက်အောင် ပြောတတ်ခြင်း ဟူသော အရည်အသွေး ရှိသည့်ပုံပြောသူတစ်ယောက်နှင့်မှ အဆင်ပြေလိုက်ဖက်ပါသည်။



သူမလည်း နားထောင်ကောင်းအောင် ပြောတတ်ခြင်းနှင့်ယုံလောက်အောင်ပြောတတ်ခြင်း အရည်အသွေးကို ကိုယ့်မှာတော်တော်ရှိနေခဲ့ပြီဟုထင်သည်။

တကယ်တော့ သူမသည် ပုံပြောကောင်းသူမဟုတ်ပါ။ ပုံပြောကောင်းသူတစ်ယောက်ပြောသော ပုံပြင်ထဲတွင်သာ နစ်မျောသွားရသည့် မိန်းမတစ်ယောက်ဖြစ်ခဲ့သည်။

ထိုပုံပြင်သည် အချစ်ဖြင့် ပြည့်နက်နေသည်ဟု သူမထင်ခဲ့သည်။ ပုံပြင်မှာ မျက်နှာတစ်ဖက်တည်း ရှိမှာပါဟု သူမက ကလေးဆန်စွာ ယုံကြည်ခဲ့လေသည်။

\- - - - - - - -

www.burmeseclassic.com

www.burmeseclassic.com



"မင်းချစ်သူပြန်သွားပြီလားရှ"

သူမရုံးခန်းအတွင်းသို့ သူဝင်လာကတည်းက သူမမှာ ပြေးပေါက်မရှိသောကြွက်ပေါက်ကလေးတစ်ကောင်လိုဖြစ်နေ သည်။

သားငယ်ပြောဆိုထားခဲ့တာတွေအတွက် ကျေးဇူးရှင် ကတော့ ပြင်ဦးလွင်ပြန်တက်သွားပြီး ကျန်ခဲ့သူ သူမကသာ မျက်နှာပူနေရသည်။ သူကတော့ ဘာအရောင်မှထည့်ထားခြင်း မရှိသော မျက်လုံးများဖြင့် မေးမြန်းခြင်းဖြစ်သည်။

အရောင်မရှိတာမဟုတ်ဘဲ အရောင်မရှိချင်ဟန်ဆောင် ထားသောမျက်လုံးမှန်းသူမမသိခင်က သူ့ရဲ့လူကြီးဆန်မှု အထင်ကြီးခဲ့မိသည်။

"ဟုတ်ကဲ့. . . မနေ့က မနက်ကပြန်သွားပါပြီ"

"ဒါနဲ့ မင်းကိုတစ်ခုမေးရဦးမယ်"

"ရှင်"





"မင်းတစ်သက်လုံး ကိုယ်ဘာပြောချင်လဲဆိုတာ သေချာ ပေါက် ချက်ကျလက်ကျ ပြောနိုင်တဲ့ အရည်အချင်းမရှိတဲ့လူမျိုးနဲ့ လက်တွဲသွားနိုင်ပါ့မလား"

". . . . . . ."

"ကိုယ်ဆိုလိုတာ. . . Communications (လူမှုဆက်ဆံ ရေး)ဆိုတာ သိပ်ကျယ်ဝန်းတယ်. . . ရှ"

"ဟုတ်ကဲ့"

"အဲဒီနယ်ပယ်ထဲမှာ တတ်ကျွမ်းမှုလူဆိုတာ အောင်မြင် မှုအထိုက်အလျောက်ရတယ်. . . တချို့လူတွေက ကိုယ်ဘာလို ချင်မှန်း ကိုယ့်ဟာကိုယ်မသိကြဘူး. . . ဒါကြောင့် စကားပြော ထဲ့နေရာမှာ Target (ပစ်မှတ်)ကိုမထိဘူး. . . ဒါညံ့ဖျင်းတာပဲ . . . ရှ အဲသလိုယောက်ျားမျိုးကို ဘဝတစ်သက်လုံးအတွက် ရွေးချယ်မယ်ဆိုရင်တော့. . ကျွတ်. . ကျွတ်. . ကျွတ်. . ကျွတ်. . မင်းမှာရှိတဲ့ အရည်အချင်းတွေ ကိုယ်တော့နှမြောလို့ချည်ရဲ. . ."

သူသည် ပညာသားပါပါဖြင့် သားငယ်ကို နှိပ်ကွပ်နေပေ ပြီး သားငယ်နဲ့သာဆို သူမဘဝကြီး ရေစုန်မျောတော့မှာဟု သူတသေချာနေတဲ့ပုံပဲ. . .။

"ကျွန်မ သိပ်နားမလည်ဘူး"

"ရှ. . မင်းအဲဒီလောက်မအပါဘူး. . မင်းကလိုချင် တဲ့ နေရာရောက်အောင်သွားတတ်တဲ့ စိတ်ဓာတ်မျိုးနဲ့မိန်းခလေးပဲ. . ."

"ကျွန်မလိုချင်တာ ဘာမှမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား. . ရှ. . . မင်းအသက်အစိတ်ပဲရှိသေးတယ်. . . မင်း ဒီအခြေအနေထက် မြင့်မားတဲ့နေရာမျိုး မရောက်ချင်ဘူးလား"

"အဲဒါဆို ဦးအံ့ဖွယ်အောင်မှားနေပြီ"

"ဟုတ်လို့လား"

သူ့အသံနှင့် ပြန်မေးပုံက ထီမထင်ပုံ။ အသံကခနဲ့တဲ့တဲ့။

"ဟုတ်တာပေါ့. . ကျွန်မက မြင့်မားတဲ့နေရာတို့ လိုချင်တာတို့ ဘာမှမရှိတော့ဘူး. . . ကျွန်မ ပရိုမိုတာဘဝကနေ မန်နေဂျာဖြစ်ခဲ့ပြီ. . . တော်လောက်ပြီလို့ထင်တယ်. . . လိုချင်တာ သိပ်များလွန်းလို့ ပူလောင်ရမှာ ကျွန်မမကြိုက်ဘူး. . . ကျွန်မ အမြင့်ကိုကြောက်တယ်. . . လေ့ခါးထစ်တွေကိုကြောက်တယ်. . ကိုယ်မမြင်နိုင်တဲ့အရာကိုမျှော်လင့်ပြီး ရှုးသွပ်နေမယ့်အစားရတဲ့ နေရာလေးမှာပဲရောင့်ရဲနေချင်တယ်"

သူက ဟန်ပါပါ ပခုံးတွန့်ကာ သူ့မကို ငှဲ့မိုးကြည့်သည်။

"လူ့ဘဝရဲ့ Gain (အောင်နိုင်ခြင်း)က Luxries (လောကီချမ်းသာ)ပဲ. . . ရှ. . ."

"ကျွန်မ အထိုက်အလျောက်လက်ခံပါတယ်"

"ကိုယ်သိသလောက် မင်းဟာ သံရုံးစာမေးပွဲတစ်ခုကို နှစ်ခါတိတိဝင်ဖြေခဲ့ဘူးတယ်. . . ဟုတ်လား"

သူ့မ အံ့ဩသွားသည်။

"မင်းနိုင်ငံခြားမှာ စာဆက်မသင်ချင်ဘူးလား. . . ကိုယ်ဆိုလိုတာ. . . Europe (ဥရောပ)လေ. . ."





"တော်ပါပြီ. . . ကျွန်မ စာကျက်ရမှာပျင်းလွန်းလို့"

"ကိုယ်နဲ့ ဒီနေ့ညနေ ခြောက်နာရီ K-Paradise ကို မင်းလိုက်ခဲ့ရမယ်"

"ရှင်"

"ကိုယ့်အစ်ကိုနဲ့ မင်းကိုမိတ်ဆက်ပေးချင်တယ်. . . ရှ. . မငြင်းပါနဲ့. . . ကိုယ် မင်းအနေခက်အောင် မျက်နှာပူအောင် စိတ်ညစ်အောင် စိတ်ကျဉ်းကျပ်အောင် အော်ဟစ်မယ့်လူမျိုး မဟုတ်ဘူး"

သူ့မ သူ့ကိုငေး၍သာ ကြည့်မိတော့သည်။

တစ်ခါတုန်းက မိသားစုလေးယောက်ပဲရှိတယ်လို့ဆိုတဲ့ သူက အခု အစ်ကိုပေါ်လာပြန်ပြီ။ သူကတော့ သူ့မ ဇဝေဇဝါ ဖြစ်နေပုံကို မြင်တာ ဘာမှမပြော။

"မင်း မြန်မာဆန်ဆန်လေးဝတ်လာခဲ့နော်. . . . ရှ. . . ဒီခေတ်မှာ မြန်မာဆန်ဆန်ဝတ်တာသိပ်ရှားသွားပြီ"

"အဝတ်အစားကိုတော့ ကန့်သတ်ရင်တော့ ကျွန်မ မလာချင်ဘူး. . ကျွန်မ စိတ်လွတ်ကိုယ်လွတ်ပဲဝတ်ချင်တယ်"

"သူက ဩစတြေးလျမှာပဲ ကြီးပြီး ဒီကို ခဏတစ်ဖြုတ်လောက်ပဲလာတဲ့သူလေ. . ရှ. . ဒါကြောင့် မင်းကို မြန်မာလိုဝတ်ခိုင်းတာပါ. . . မင်းမဝတ်ချင်လည်း သဘောပါပဲ. . . ကိုယ် အတင်းအကျပ်မဆိုလိုပါဘူး. . . ဒါပေမယ့် ဝတ်ရင်တော့ မင်းကို မြန်မာမလေးလို့ ကိုယ့်အကိုက သိပ်အံ့ဩပြီးကြည့်နေမှာ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စကားပြောကျွမ်းကျင်မှုကတော့ သားငယ်နှင့် အပြတ်အသတ် ကွာဟလျက်ရှိသည်။ သူက ပရိယာယ်များသည်။ သူလိုချင်တာကို ခပ်ငြိမ့်ငြိမ့်လေး ဆွဲဆောင်နိုင်သော အရည်အချင်း မျိုးရှိသည်။

"ကောင်းပြီလေ. . . ကျွန်မဝတ်လာခဲ့ပါ့မယ်"

"အရောင်ကတော့ မင်းစိတ်ကြိုက်ပဲဝတ်ပါ"

"ကျွန်မတစ်ယောက်ထဲလား"

"ဟုတ်တယ်"

"အဲဒါဆိုမဖြစ်ဘူး"

"ကိုယ်ဖုန်းဆက်ပြီး မှာထားပြီးသွားပြီရှ. . . မင်းကိုယ့်ကို အခက်တွေ့အောင် မလုပ်ဘူးထင်တယ်. . . ကိုယ့်ဘေးနားမှာ ထိုင်ပြီး မင်းငြိမ်ငြိမ်ကလေး ညနေစာစားရုံ စကားစမြည်ပြော ရုံလောက်ပါပဲ. . ."

"ခက်တာပဲ"

"မခက်ပါဘူး. . . လွယ်လွယ်လေး. . . မင်းပါလာမယ် လို့ကိုယ်ကတိပေးထားတယ်. . . သိပ်မြန်မာဆန်တဲ့အမျိုးသမီး ကလေးတစ်ယောက်အနေနဲ့ လိုက်တွေ့ပေးရုံပါပဲ"

× × × × × × × ×





"အခိပ္ပါယ်မရှိတာပဲ. . ရှ. . နင်မလိုက်နိုင်ဘူးလို့ တစ်ခါ တည်း ပြတ်ပြတ်သားသားငြင်းလိုက်ပါလား"

"မေရယ် နင်ပြောတော့သာလွယ်တာဟဲ့. . သူ ဘယ် လောက် စကားတတ်တယ် မှတ်သလဲ. . . အမူအယာနဲ့ရော လေသံနဲ့ပါ သူလိုချင်တာကိုရအောင် ပြောတတ်တယ်. . ."

"သူ နင့်ရုံးခန်းထဲဝင်သွားတာ. . ကုမ္ပဏီ Branch လေး မှာတောင် ဘယ်လောက်ဟိုးလေးတကျော်ကျော်ဖြစ်နေတာ နင် သိရဲ့လား. . ရှ"

"ဟင်. . ဘာကိုလဲ. . . ငါမသိရပါလား"

"ရုပ်နန္ဒီကို အံ့ဖွယ်အောင် Approach (ချဉ်းကပ်) လုပ်တာ သိပ်ညင်သာတယ်. . ရှ. . သူ့မှာရှိတဲ့အရှိန်အဝါနဲ့ သတင်းက နင့်ကို အသာလေးလွှမ်းမိုးနိုင်တယ်. . သူ့ငွေကသာမန်ဝန်ထမ်းအခန်း ကို လာတွေ့တယ်ဆိုတော့. . . အရမ်းကို လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြတာပဲ"

"သားငယ်သာသိရင် ငါ့ကိုသတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုကြည့်ရတာ မလွတ်လပ်လိုက်တာဟယ်"

"ငါ့ကို သူ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေသလဲမသိဘူး နော်. . . သူ့မှာ ဒီအရွယ်ရောက်နေပြီ. . . ရှိချင်ရှိမှာပေါ့. . . ငါက သူ့ထက် ရှစ်နှစ်တောင်ငယ်တာ"

"ငယ်တော့ ပိုကြိုက်မှာပေါ့"

"စိတ်ညစ်ပါတယ်ဟာ. . ."

သူမ၏စိတ်ထဲတွင် သူသည် သူမ မလိုလားတာကို သိပါလိမ့်မည်။ သူမမှာ ချစ်သူရှိကြောင်း သတင်းစကားတင်မက လူကိုယ်တိုင်ပါ သူတွေ့သွားပြီးပြီ။ ဒါကိုပဲ တဖြည်းဖြည်း ရှေ့ကို ဆက်လက်တိုးလာသည်ကတော့. . . သူ့ရဲ့ဇွဲနပဲကြီးမှုကြောင့်လား သူမအကုသိုလ်ကြောင့်လား တစ်ခုခုကြောင့်တော့သေချာသည်။

သူမမှာ မျက်နှာကို ဘာမှမလိမ်းခြယ်ဘဲ သွားရင်တောင် ကောင်းမလားစဉ်းစားကာ ရေချိုးပြီးနောက် မှန်ဟင်ခုံ ရှေ့တွင် အကြာကြီးထိုင်ရနေမိသည်။ မှန်တင်ခုံ၏မှန်ထဲမှ ရုပ်သွင်သည် အတောင်ကျိုးသောငှက်တစ်ကောင်၏ပင်ပမ်းနာကျင်မှု မျိုးဖြင့် နွမ်းရိနေသည်။

အလုပ်ရှင်၊ ကုမ္ပဏီပိုင်ရှင်ဆိုသောအရှိန်အဝါနှင့် သူမ မှာ ဘယ်လိုမှမငြင်းနိုင်။ တစ်ခါငြင်းမရ၊ နှစ်ခါငြင်းမရ၊ သုံးခါ ငြင်းမရတော့. . . သူမမှာ ဘယ်လောက်စိတ်ကျဉ်းကျပ်မလဲ။ သူ ဒါကို မသိတာမဟုတ်။ ဟုတ်သည်။ သူက မသိချင်ဟန်ဆောင် သောလူမျိုးကိုး။



စိတ်မပါသော်လည်း မျက်နှာကိုတော့ ကြည့်ကောင်း အောင်ခြယ်သရသည်။ အနက်တွင် အနီခံ ချိတ်ဝမ်းဆက်နှင့် သားရေလက်ကိုင်အိတ်အဝါရောင် တွဲဖက်လိုက်သောအခါ သူမ သည် အတော်ကလေးအဆင်ပြေသောအမျိုးသမီးတစ်ယောက် ဖြစ်သွားသည်။

လည်ပင်းအထိ ပလက်တီနမ်မျှော့ကြိုးမှာ ပုလဲနက်ကို စိန်ဖြင့်ရံထားသော လော့ကတ်ကလေးကိုတပ်ကာဝတ်လိုက်သည်။ ဆံပင်ကို အပြောင်သိမ်းကာ နောက်တွဲဆံထုံးထုံးလိုက်ပြီး သည့်နောက် ပုလဲနက်ချည်းဗြောင်နားကပ်ကို ဝတ်သည်။

လက်ခလယ်မှာ ပုလဲနက်ကို စိန်ဖြင့် သိန်းငှက်မျက်လုံး ပုံရံထားသောလက်စွပ်ကို ဝတ်ပြီးသောအခါ ခေတ်လည်းမှီ၊ မြန်မာလည်းဆန်သော မိန်းမအသွင်ပေါ်လာသည်။

"ရှုရေ. . . သားငယ်တဲ့. . . ဖုန်း. . ."

သူမမှာ စိတ်မသက်မသာဖြင့် ဖုန်းကိုင်ရပြန်သည်။

"ရှုလား. . ."

"ဟုတ်တယ်. ."

"ငါ့ကို မေမေတို့ အရမ်းဆူနေကြတယ်"

"ဘာဖြစ်လို့လဲ"

"နင့်ဆီက ငြင်းလိုက်လို့တဲ့လေ"

"အဲဒီတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါက အချိန်ခဏစောင့်ခိုင်းထားတာပါလို့ ပြောလိုက်တယ်. . . ရှ. . အဲဒီလိုပဲမို့လား. . . ငါ နင့်ကို စောင့်နေတာ ဟုတ်တယ်မို့လား"

"မသေချာဘူးလေ"

"ဟာ. . . အဲဒီလိုအပြတ်မလုပ်ပါနဲ့. . . အဖြစ်လည်းရှိတာမဟုတ်ဘဲနဲ့. . . ငါ့ကို မရက်စက်ပါနဲ့ဟာ"

"ဒါဆို ရန်ကုန်ကို အလုပ်ပြောင်းလာခဲ့ပါလား"

"ရန်ကုန်ကို"

"အင်း. . . နင် ငါ့နားမှာ ရှိတော့ ငါတို့ကျောင်းတုန်းကလို ပြန်အဆင်ပြေဖို့လမ်းများပါတယ်. . . အနေဝေးတော့ စိမ်းသွားတာလောက်ပဲထင်တယ်"

"ရန်ကုန်ကိုပြောင်းလာရင် နင်လက်ထပ်မှာပေါ့. . . အဲသလိုလား"

"ဟုတ်တယ်. . ."

"ပြောင်းဖို့ဘယ်လွယ်မလဲကွ"

"ဘာဖြစ်လို့လဲ. ."

"ငါ့အလုပ်က ပြင်ဦးလွင်မှာပဲရှိတာ သိုးမွေးစက်ရုံကဒီမှာ. . . ရန်ကုန်မှာ စက်ရုံခွဲမှမရှိတာ. . . ငါက ရန်ကုန်ပြောင်းဆိုတော့. . . ရန်ကုန်မှာ ငါဘာမှမလုပ်တတ်ဘူးကွ"

"နင် အလုပ်တစ်ခုထပ်ရှာပေါ့"



"ပြောတော့သာလွယ်တာ မယ်မင်းကြီးမ ငါ့အခုအလုပ်က တစ်လငါးသိန်းတောင်ရတာ. . ဒီအလုပ်ကထွက်ပြီး ရန်ကုန်မှာ ငါက ဆိုက်ကားလာနင်းရမှာလား. . ပြဿနာက နင်ပဲ. . အလကားဟိုရစ်ဒီရစ်နဲ့. . ငါနဲ့ လက်ထပ်ပြီး နင့်ကို အလုပ်ဆက်မလုပ်ခိုင်းတော့ဘူး. . နင့်အလုပ်ကို စွန့်နိုင်မလား. . ."

"ငါ ဒီလမှ လေးသိန်းခွဲလောက်စရတာ. . . အလုပ်ထွက်ရင် နှမြောစရာကြီး. . . ဒီလိုလုပ်. . . နင်နဲ့ငါလက်ထပ်မယ်. . တို့အိမ်ခွဲနေကြမယ်. . . ငါက ရန်ကုန်မှာ နင်က ပြင်ဦးလွင်မှာ"

"လင်မယားတစ်နယ်စီခွဲနေတော့ ငါ့ဒုံရင်းကဒုံရင်းပဲပေါ့ဟာ. . မိန်းမယူတာ မိန်းမချက်ကျွေးတဲ့ ထမင်းစားချင်လို့ယူတာ. . . နင်က အပျိုလိုပြင်ဆင်ပြီး နင့်ဟိုဘူးကောင်ကြီးရှေ့မှာ အလှသွားပြ. . . ငါကတော့ အဝေးကနေ ငတ်ပြတ်နေမှာ မဖြစ်ဘူး. . . မဖြစ်ဘူး. . . အလုပ်သာထွက်ပစ်လိုက်"

"နင် ငါ့ကို တစ်လ လေးသိန်းခွဲ. . . ငါသုံးချင်တာ သုံးဖို့ပေးမလား"

"မရှိ"

သားငယ်စိတ်တိုလျှင် သူမနာမည်ကို မိ တပ်ခေါ်လေ့ရှိပါသည်။ ခုတောင် အသားတွေဆတ်ဆတ်တုန်နေပြီလား မသိ။

"နင် ယောကျ်ားတစ်ယောက်ကို စကားလုံးနဲ့ကောင်းကောင်းစော်ကားတတ်နေပြီ သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပညာက နင့်ဆီကနေ တတ်တာလေ. . . နင်လည်း ဘယ်တုန်းကများ ငါ့ဘက်ကို စဉ်းစားပေးတာရှိလို့လဲ. . အမြဲ နင့်ဘက်နင်တွေးတယ်. . . ငါမေးတာ ဘာများအမှားပါလို့လဲ နင်ငါ့ကို တစ်လ လေးသိန်းခွဲ ငါသုံးဖို့ပေးနိုင်လား. . . ပြော"

"နင်က တစ်လလေးသိန်းခွဲပဲတန်တဲ့မိန်းမပေါ့ ဟုတ်လား"

"နင်. . ."

သူမမှာ ဒေါသထွက်လွန်းသဖြင့် သားငယ်သာအနားမှာရှိလျှင် လည်ပင်းထညှစ်မိလိမ့်မှာ သေချာသည်။ စကားနဲ့တောင် အနိုင်ယူချင်တဲ့သူ။

"ငါ့ ဝင်ငွေနဲ့ငါ ဖြုန်းချင်သလိုဖြုန်းနိုင်တယ်သားငယ်. . နင်ဆယ်လစာပေးတာကို ငါက ဆယ်နှစ်စာ ပြန်ပေးနိုင်တာ သဘောပေါက်ဦး. . လင်ယူပြီး အလုပ်ကလည်းထွက်ရဦးမယ် နင့်နားထိုင်ပြီး ငါကကလေးတပွတ်ပွတ်မွေး. . ပုံပျက်ပန်းပျက် ဘာမှသုံးစားမရတဲ့မိန်းမဖြစ်မယ့်အတူတူ လင်တော့မယူဘူး. . ငါ့ဟာငါ အလုပ်ပဲဆက်လုပ်မယ်. . ယောကျ်ားကိုမယူဘူး. . ကဲ. . ရှင်းပြီလား. ."

"ကြိုက်တယ် မိရွ. . နင်ယောကျ်ားတကယ်မယူ ဘူးနော်"

"မယူဘူးဟေ့. . . မယူဘူး. . . ငါးကြင်းဆီနဲ့ငါးကြင်း ပြန်အကြော်ခံရမယ့်အလုပ်တွေမလုပ်ဘူး"

"ကြိုက်တယ်. . . နင်ယောကျ်ားမယူရင်ပြီးတယ်. . . ငါလည်းမယူဘူး"



"ယူ. . . ယူ. . . နင်ကတော့ယူ. . . ဘာလို့လဲဆိုတော့ နင်က မိန်းမမရှိဘဲ မနေတတ်တော့ဘူးမို့လား"

"ဘာ. . . နင်ငါ့ကို ဘာပြောတယ်. . . မိရွ"

"အေးလေ. . ဒီအရွယ်ရောက်မှ အမြီးမပေါက်ရင် ဘာမျောက်လဲ. . နင့်အပြင်မှာရှုပ်တဲ့ဇာတ်လမ်းတွေဖြတ်ချင်လို့ ငါ့ကို အတင်းယူဖို့ကြိုးစားနေတာမို့ဘူးလား. . . ဒါမျိုးများ. . . ရှတို့ကနပ်သေးတယ်. . . နော်. . . နဖားကြိုးအထိုးမခံဘူး. . . လည်းကြိုးလည်းမထမ်းနိုင်ဘူး"

"နင်ပြောတဲ့ပုံက ငါကပဲ ဗိုက်ကြီးနေသလိုလို"

"တော်ပြီ. . တော်ပြီ. . ငါအခုအပြင်သွားစရာရှိတယ် ငါ့ကိုဖုန်းထပ်မခေါ်နဲ့. . . ဒါပဲ"

သူမမှာ ဖုန်းချပြီး ငါးမိနစ်ကျော်ကြာသည်အထိ သားငယ်ပြောသောစကားကို နားထဲမှမထွက်။

ဓိုး. . . . ။ နားထဲတွင်မဟုတ်။ နှလုံးသားထဲ၊ ဦးနှောက်ထဲမှာပါစွဲထင်နာကြည်းလျက်ရှိသည်။

"နင် ဒေါသတွေ တော်တော်ထွက်နေပုံပဲ"

"ထွက်တာတော့ပြောမနေနဲ့. . . အဲဒီကောင်က အနားမှာရှိရင် ငါပါးစပ်ထဲ ကောက်ဝါးစားပစ်လိုက်မယ်"

"ဘာပြောလို့လဲ"

"ငါ့ကို အလုပ်ထွက်တဲ့ မေရယ်. . . အဲဒါ ငါက တစ်လလေးသိန်းခွဲ ငါသုံးဖို့ချည်းပေးနိုင်လား. . . မေးတော့ ငါက တစ်လလေးသိန်းခွဲပဲတန်တဲ့မိန်းမလားတဲ့. . ."

www.burmeseclassic.com



"ကြည့်စမ်း... ဆိုးလိုက်တဲ့သားငယ်.. တော်တော်
ပါးစပ်ဆိုးတာနော်... သူဘယ်လိုအလုပ်လုပ်လဲမသိဘူး"

"သူ့အလုပ်ရှင်က ကောင်မလေးတွေ သူ့ကိုဆို သိပ်လန်
တာ... လူမုန်းများတဲ့သူလေ..."

"ကိုယ့်ရည်းစားကို ဒီလိုပြောစရာလားကွယ်"

"မေ... ငါသိပ်စိတ်နာသွားပြီသိလား"

"အလှပျက်ကုန်ဦးမယ်.. မငိုနဲ့ရှ"

"တော်ပြီ... ယောကျ်ားကိုမယူတော့ဘူး"

"ယောကျ်ားယူတာဘာကောင်းလို့လဲ.. ဟိုနေ့က မေတို့
ဌာနက အန်တီခင်တွက်ပြတာ... အိုး... အခန်းထဲမှာတဝုန်း
ဝုန်းနဲ့ရယ်နေရတာ... အန်တီခင်က အပျိုကြီးမို့လား....
နှိုက်နှိုက်ချွတ်ချွတ်ပြောတာ"

"ဘာပြောလို့လဲ"

"ဪ... ခုခေတ်မှာ တစ်လဈေးဖိုးတစ်သိန်းပေးနိုင်
တဲ့ယောကျ်ားယူပြီဆိုပါတော့ကွယ်... တစ်လတစ်သိန်းမှာ
အသုဘ၊ အလှူ မင်္ဂလာဆောင်သွားဖို့ တစ်သောင်းဖယ်လိုက်ရင်
တစ်လ ကိုးသောင်း၊ တစ်နေ့ သုံးထောင်ပေါ့... တစ်နေ့
သုံးထောင် ဈေးဖိုးတင်ကုန်မှာ... ပြီးတော့ လင့်ဝတ္တရားကရှိ
သေးတယ်.. မနက်စာ၊ နေ့လည်စာ၊ ညနေစာ.. တစ်နေ့သုံးနပ်ကို
ချက်ပြုတ်ရမယ့်အပြင် ဟိုဝတ္တရားနဲ့ပြုစုရဦးမယ်.. သူများအိမ်မှာ
အိမ်ဖော်လုပ်ရင်တစ်လနှစ်သောင်း.. ထမင်းစားရိတ်ငြိမ်းတယ်..





ဘာဝတ္တရားမှမရှိဘူး.. လင်ယူလိုက်ရင် အိမ်ဖော်စားရိတ်တောင်
မရဘဲ ကံဆိုးရင် အပျိုဘဝက ပါလာတာတွေပြောင်ကရော..
သူတို့ဘက်က တွက်ကြည့်ရင် အကုန်တန်တယ်.. နေ့ဖို့ညစာ
မပူရတော့ဘူးလေ.. ဒီကြားထဲ ကလေးမွေးလာရင် ကျွန်ကိုလုံးလုံး
ဖြစ်လာရောပဲ... အန်တီခင် တွက်ပြတာ.. ယောကျ်ားယူရင်
အရှုံးချည်းပဲဆိုတော့ ပိုသေချာလာတယ်"

"မေက မယူတော့ဘူးပေါ့"

"ရမကမှ မလှဘဲ"

"မဟုတ်တာ"

"ဟုတ်တယ်... လှတော့... ရှဆို ဦးအံ့ဖွယ်အောင်
တောင်အောက်ကျခံပြီး လိုက်နေတာမဟုတ်လား"

"တော်ပါတော့ကွယ်... စိတ်ညစ်လွန်းလို့"

"ဟော... ကားဟွန်းသံကြားတယ်... ယူ့အဘိုးကြီး
ရောက်နေပြီ"

× × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



သူမကို ရွှေရောင်မျက်မှန်အောက်ကကြည့်သော သူ့မျက်ဝန်းများက တဖိတ်ဖိတ်တောက်နေတယ်ဟုပင် ထင်ရပါသည်။

သူက အသားရောင် အနောက်တိုင်းဝတ်စုံဝတ်ထားပြီး မီးတောက်ကလေးများပါသော နက်ခ်တိုင် အနက်ရောင်ကို စီးနှောင်ထားသည်။

သူမတို့ ရောက်ပြီး ဆယ့်ငါးမိနစ်ကြာသောအခါ ဥပဓိရုပ်ကောင်းကောင်း၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရှပ်အကျီလက်ရှည်ကော်လံကတုံးဖြင့် အသက်ငါးဆယ်ခန့်ရှိမည့် လူတစ်ယောက် ရောက်လာလေသည်။ ထိုသူ့ကို ဦးအံ့ဖွယ်အောင်က ဟျာဟျာသလဲနေရာပေးသည်။

"ကိုကြီးမော်. . . ဒါ. . . ရှပနန္ဒီတဲ့. . ."

သူမိတ်ဆက်ပေးပုံက တစ်မျိုးဖြစ်နေပေမယ့် သူမမှာ ထိုလူ့ကိုအားနာပါးနာပြုံးပြလိုက်သည်။

"ဟုတ်လား. . . ငါ့ညီမက သတင်းကြားတဲ့အတိုင်း တော်တော်လေးလှပါတယ်"





"ရှင်"

"အံ့ဖွယ်က ညီမ အကြောင်းပြောပြတယ်"

"ဟုတ်ကဲ့"

"ညီမက Excecutive Manager ဆို. . . ကိုကြီးမော် က ကုမ္ပဏီမှာ အံ့ဖွယ်ရှိတာ စိတ်ချပါတယ်. . . သူကလုပ်မယ်ဆိုဖြစ်အောင်လုပ်ပြတတ်တယ်. . ."

"ကိုကြီးမော်က မြှောက်နေပြန်ပြီ" သူက ပြုံးလျက်ဝင်ပြောသည်။

"ဪ. . . ဒါနဲ့ ညီမက ဘယ်ဘာသာလဲ"

"ဗုဒ္ဓဘာသာပါ"

"အင်း. . . ကိုကြီးမော်က ကလေးတွေတွေ့ရင် လိမ္မာယဉ်ကျေးဖို့ပဲညွှန်သကွဲ. . . တရားအားထုတ်ကြပါ. . . တတ်နိုင်သလောက်လှူကြပါ. . . ဘဝဆိုတာ တိုတိုလေး"

ဩစတြေးလျမှာ ကြီးပြင်းခဲ့သည်ဆိုသူက ထိုစကားတွေပြောနေသောအခါ ထိုလူ့ကို ကြည့်ရတာ ဘုန်းကြီးကျောင်းမှာများကြီးခဲ့သလားဟုပင် ထင်ရပါသည်။ သူမကို အံ့ဖွယ်အောင်က ပြန်လိုက်ပို့တော့

"ရှု့ကိုကြည့်ရတာတစ်မျိုးပဲ"

"ဪ. . ဒီလိုပါပဲ. . ဒါနဲ့ ရှင်က အနောက်တိုင်းဝတ်စုံဝတ်ပြီး ရှင့်အစ်ကိုက ကော်လာကတုံးအကျီဖြူနဲ့ ဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



“ဪ... ကိုကြီးမော်က မြန်မာပြည်ရောက်ရင် အဲသဆိုခဲ့တတ်တယ်...ဟိုမှာတော့ ဟိုစတိုင်လ်ပေါ့ .. ကိုကြီးမော်က အရမ်းကြွင်နာတတ်တယ်... စိတ်ရှည်တယ်... ကိုယ့်ကိုလည်း သိပ်ချစ်တာ..."

“ဒါနဲ့ ရှင်ဟိုတစ်ခါပြောတော့ ရှင့်မှာ မောင်နှစ်မနှစ်ယောက်ပဲရှိတာဆို..."

“ဟုတ်တယ်..ကိုကြီးက ကိုယ့်အဖေနဲ့သိတာ.: အဖေ့မိတ်ဆွေလေ..အဖေ့ထက်တောင်ငယ်တယ်..အဖေ့ထက်ကိုကြီးကို ကိုယ်ကပိုအားကိုးတယ်..ကိုယ့်ဘဝကို မြင့်အောင်လုပ်ပေးဖို့ ကိုကြီးမော်ပဲတတ်နိုင်တယ်လေ.."

“ရှင်တို့က သူစိမ်းတွေလား”

“ကိုယ့်ကို ကိုကြီးက သူ့ညီထက်တောင် ပိုချစ်သေးတယ်”

“အံ့ဩစရာပဲနော်”

“ဘာကိုလဲ...ရှူ”

“ဘယ်လိုလူမျိုးကမှ ကိုယ့်ထက် သူစိမ်းကိုပိုမချစ်ဘူး.. ဘယ်လိုလူမျိုးကမှ ကိုယ့်ညီကိုမောင်နှမသားချင်းထက် သူစိမ်းကိုပိုမစွန့်ကြတတ်ပါဘူး.."

သူ့မျက်နှာပျက်သွားလေသည်။

လောကရှိ အမြဲမှန်ကန်သောတရားကို ဆန့်ကျင်၍မရလှသည် ကိုယ့်သွေးကိုယ့်သားကိုယ်သာ သိတတ်မှုရှိ၊ နားလည်မှုရှိကြသည်။



“ရှူပြောတာ တခြားသူတွေအတွက် မှန်ကောင်းမှန်လိမ့်မယ်.. ကိုယ့်အတွက်တော့ မဟုတ်ဘူး..."

“လူတိုင်းက ဒီသီအိုရီအတိုင်း ကျင့်နေတာပဲလေ ဦးအံ့ဖွယ်အောင်”

“ကိုယ့်အတွက်တော့ သီအိုရီ အတော်များများမှားတတ်ပါတယ်...ရှူ”

သူမက သူ့ကို ဦးနှောက်ကောင်းသေးရဲ့လားဟု စိတ်ထဲမှတွေးကာ သူ့ဘက်လှည့်ကြည့်တော့

“ကိုယ့်ကို ရူးတယ်လို့ထင်နေတယ်မို့လား...ရှူ”

“ကျွန်မ ဘာမှမပြောရပါလား”

“ဖြစ်နိုင်ပါတယ်...ကိုယ်ဆယ့်ငါးနှစ်သားမှာ ခေါင်းကိုအုတ်ခဲနဲ့အသေအထုခံရဖူးတယ်ရှူ..."

သူမမှာ မယုံနိုင်သောအကြည့်ဖြင့် သူ့ကို ထပ်ကြည့်မိသည်။

“ကိုယ့်အဖေနဲ့စီးပွားဖက်တစ်ယောက်ကို ကိုယ့်အဖေကအရင်းပြုတ်အောင်တိုက်ပစ်လိုက်တယ်လေ...ဟိုလူက စိတ်ရူးပေါက်ပြီး အဖေ့ကိုသိပ်မုန်းသွားတယ်..အမေက သူ့အဒေါ်အိမ်ကိစ္စရှိလို့ ညသွားအိပ်တဲ့ညမှာ ကိုယ်နဲ့အဖေအတူတူအိပ်တဲ့အခန်းထဲ အဲဒီလူဝင်လာတာပဲ...အဖေ့ကို ရင်ဘတ်ပေါ်ကသူခွစီးပြီး မသေမချင်းအုတ်ခဲနဲ့ ခေါင်းကိုထုတဲ့မြင်ကွင်းကို ကိုယ်ခုချိန်ထိ သွေးပျက်တုန်းပဲ”

“ဘုရား...ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ အဲဒီတုန်းက မသေပေမယ့် ဆေးတော်တော်ကုယူလိုက်ရတယ်. . အဖေကတော့ ဆေးရုံရောက်ပြီးသိပ်မကြာခင်ဆုံးသွားတယ်. . ကိုယ့်ကို ဆေးရုံကဆင်းတော့ လူတွေက အရူးတစ်ယောက်လိုပဲ ဆက်ဆံကြတယ်. . မင်းသိလား. . ရှူး. . ကိုယ်နေ့လည် ကျောင်းဆင်းချိန် ဘယ်မှမသွားပဲ ခုံမှာပဲထိုင်ပြီး ပုံတွေ ဆွဲနေရင် ကိုယ့်ကိုအထူးအဆန်းလို တခြားသူတွေက လာလာကြည့်ကြတယ်. . အရူးတစ်ယောက်လို အကြည့်ခံရတယ်. . အပြောခံရတယ်. . အမေကအစ ကိုယ့်ကိုအဲသလိုပဲ ဆက်ဆံတယ် ကိုယ်မရူးတာဘယ်လိုပြောပြရမလဲ. . ကိုယ်မသိခဲ့ဘူး. . စောစောက ရှူကိုယ့်ကိုကြည့်တဲ့ မျက်လုံးတွေက အဲဒီလူတွေရဲ့ မျက်လုံးမျိုးတွေ အထင်သေးတယ်. . လှောင်တယ်. . မိုက်ကန်းပါပေ့ဆိုတဲ့ အကြည့်မျိုးလေ. . ကိုယ့်ကို နောက်ဘယ်တော့မှ အဲသလို မကြည့်ပါနဲ့. . ရှူး. ."

"ဆောရီးနော်"

"ကလေးဘဝက အဖြစ်အပျက်တော်တော်များများက လူကြီးဘဝကိုလွှမ်းမိုးမှုရှိတာအမှန်ပဲရှူရဲ့. . . ကိုယ့်အသက်ဆယ့်သုံးနှစ်မှာ ကိုယ့်ကြောင့် ညီမလေးကိုဆုံးရှုံးခဲ့ရတယ်. . အသက်ဆယ့်ငါးနှစ်မှာ ကိုယ့်ရှေ့မှာတင် ကိုယ့်အဖေအသတ်ခံလိုက်ရတယ်. . . သူတို့နှစ်ယောက်လုံး ကိုယ်နဲ့နှီးနွယ်ပတ်သက်ပြီးမှ အသက်ဆုံးရှုံးခဲ့ရတဲ့အပြင် ကိုယ့်ကို အမေက ငယ်ငယ်တုန်းက လို မချစ်တော့တဲ့ဒဏ်၊ အရူးတစ်ယောက်လိုဆက်ဆံတဲ့ဒဏ်ကို



ကိုယ့်ဘဝတစ်လျှောက်လုံးခံစားရတယ်. . . ဒါပေမယ့် မေမေလည်း ရူးသလိုလို ထိတ်လန့်ပြီး အပါထပ်ဝရန်တာက ခုန်ချပြီး ဆုံးသွားခဲ့တယ် ရှူ"

" ရှင့်အဖေကို သတ်တဲ့သူရော "

" ထောင် တစ်သက်တစ်ကျွန်း ကျသွားတယ် "

" ကြော် "

"ကျွန်မ မထင်ထားခဲ့ဘူး"

"ဖြစ်နိုင်ပါတယ်. . . ကိုယ့်ကို အောင်မြင်ပျော်ရွှင်တဲ့ မိသားစုကနေဖြစ်ထွန်းလာတဲ့လူငယ်စီးပွားရေးလုပ်ငန်းရှင်လို့ စီးပွားရေးမဂ္ဂဇင်းတွေက သုံးသပ်တာကိုယ်သိပါတယ်. . ."

" Excecutive မဂ္ဂဇင်းမှာပါသွားတဲ့ ဆောင်းပါးတစ်ပုဒ်မှာ ကျွန်မလည်းဖတ်လိုက်မိပါတယ်. . . ဒါနဲ့. . ရှင် ဘာဖြစ်လို့ များ အင်တာဗျူးမခံတာလဲ"

"ကိုယ့်မျက်နှာကို စာအုပ်ထဲမှာ တွေ့ရမှာ ရှက်စရာကြီးလို့ ထင်တယ်"

သူမမှာ သူပြောပုံကြောင့် ဟက်ဟက်ပက်ပက် ရယ်မောမိတော့သည်။

"ဒါပေမယ့် ကိုယ့်မှာ ဆန္ဒတစ်ခုတော့ရှိတယ်. . . ကိုယ် သံဘောကျတာပေါ့လေ. . Lee Hsien Loong လို Newsweek လို မဂ္ဂဇင်းမျိုးမှာ Of Course, he was born for the job လို့ ရေးခံချင်တယ်. . ကိုယ် မြန်မာပြည်ရဲ့ entreprenaur( စွန့်ဦးတီထွင် လုပ်ငန်းရှင် ) တစ်ယောက် ဖြစ်ချင်တယ် "

www.burmeseclassic.com

www.burmeseclassic.com



"So you mean, you're also born for the job. Himm, I don't think so because life made up of various kinds of branches, love, life and live, job only participates in live"

"ရှင်ပြောချင်တာ ရှင်လည်း အလုပ်လုပ်ဖို့ မွေးလာတယ် ပေါ့လေ.. ကျွန်မကတော့ အဲသလိုမထင်ဘူး... ဘဝဆိုတာ အချစ်ရယ်.. အသက်ရှင်သန်မှုရယ်... နေထိုင်မှုရယ်.. ပေါင်းထားတာလို့ထင်တယ်... ပြီးတော့ အလုပ်လုပ်တယ်ဆိုတာ နေထိုင်မှု တစ်ခုတည်းအတွက်ပါပဲ"

သူက သူမပြောတာကို နားထောင်နေသည်။

"အချစ်... အင်း... ကိုလိုချင်ခဲ့တဲ့... မေတ္တာတရား ကိုကိုယ်လိုက်ရှာမယ့်အစား အလုပ်ချည်းဖိလုပ်ခဲ့တာဆို ပိုမှန်မယ် ... ပြီးတော့ ကိုယ်က မိန်းမတစ်ယောက်ကို I want you (ငါ မင်းကိုလိုအပ်တယ်)လို့ မပြောချင်ခဲ့ဘူး"

သူ့အသံသည် အေးအေးမှန်မှန်နှင့် တဖွဲ့တနွဲ့ရှိလှသည်။ သူမကိုကြည့်ပြီး ကားမောင်းနေသော်လည်း အာရုံလွတ်ပုံမရ။ ခါတိုင်းဒရိုင်ဘာဖြင့်သာ သွားလာတတ်သူသည် ဒီညမှာတော့ သူကိုယ်တိုင်ကားမောင်းတာ ထူးခြားချက်ဖြစ်သည်။

"I want to be with you, whenever face to sadness, whenever get in awkward positions, whenever caught by luxries, of course I want to close you (ဝမ်းနည်း မှုတွေနဲ့မျက်နှာချင်းဆိုင်ရတဲ့အခါ၊ စိတ်ကျဉ်းကျပ်မှုကြုံရတဲ့ အခါ၊





လောကီအာရုံတွေရဲ့ဖမ်းစားခြင်းခံရတဲ့အခါ မင်းနဲ့အတူ ရှိနေချင်မိတယ်... တကယ့်ကို မင်းနဲ့နီးချင်ပြီ...)

သူ့အသံတိတ်ဆိတ်သွားသောအခါ ကားလမ်းပေါ်ရှိ ကားသံများသာ ကြားရတော့သည်။ သူမမှာ နားရွက်ဖျား ကလေးတွေ၊ ခြေဖျားကလေးတွေ၊ လက်ဖျားကလေးတွေ အေးစက်ကာ ရင်ဖွဖွခုန်လာလေသည်။

သားငယ်နှင့်တွဲခဲ့သောကာလများတွင် ဒီလိုခံစားချက် မဖြစ်ဘူးခဲ့တာသေချာပါသည်။

"ရွှေ.. ကိုယ် ရွှေ့ကို အိမ်ပြန်မပို့ချင်တော့ဘူးသိလား"

"ရှင်"

"ဒါပေမယ့်... ရွှေ့ကို ကိုယ်စိတ်ညစ်အောင် ဘယ်တော့ မှမလုပ်ဘူး... ချစ်သူရှိတဲ့မိန်းခလေးတစ်ယောက်ကို နက်နက် ရှိုင်းရှိုင်းချစ်မိတဲ့အတွက် ကိုယ့်ရဲ့ဝဋ်ကြွေးတစ်ခုပဲလို့ ကိုယ် သဘောထားတယ်... မဖွင့်ပြောတော့ဘူးလို့ဆုံးဖြတ်ခဲ့တယ်.. ရွှေရယ်... ကိုယ်နေလို့မရဘူး... ကိုယ်ပြောခွင့်ရှိပေမယ့် တောင်းဆိုခွင့်မရှိဘူးလို့ ကိုယ်ထင်တယ်... ဒါနဲ့... ဒီနေ့ည မင်း သိပ်လှတယ်.. ရွှေ"

သူမရင်တွေ ဒိုင်းခနဲ တစ်ချက်ဆောင့်ခုန်သွားလေသည်။ မကျဆုံးနဲ့ ဒါ ဖြားယောင်းမှုတွေ။ ကိုယ့်ကို ကိုယ်သတိပေးလည်း သူ့ထံမှာ ပျော်ဝင်နေပြီဆိုတာ ကိုယ့်ကိုကိုယ်သိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရှ့ကိုပို့ပြီးရင် ဒီည ကိုယ်ဘာလုပ်ရမလဲမသိဘူး. . . တစ်နေ့တစ်နေ့ စာဖတ်၊ အလုပ်လုပ်၊ ထမင်းစား၊ ရေချိုး၊ ညအိပ်၊ ဂေါ့ဖ်ရိုက်နဲ့ ကြာတော့ပျင်းစရာကြီး. . . အိမ်မရှိတဲ့ဒုက္ခက တော်တော်ဆိုးတယ်. . . ရှ"

"ရှင့်လိုလူမှာ အိမ်မရှိတာ မဖြစ်နိုင်ပါဘူး"

"ကိုယ်ချစ်တဲ့မိန်းမ. ရှိတဲ့နေရာကိုပဲ ကိုယ့်အိမ်လို့သတ်မှတ်ချင်တာရှရဲ့"

သူ့စကားလုံးမှာ သူမကျဆုံးသွားခဲ့လေပြီ။

သူမအိမ်နားရောက်ခါနီးတော့ သူကားရပ်လိုက်သည်။

"ရှ. . . တစ်နေ့ မင်းချစ်သူနဲ့ လက်ထပ်မှာမို့လား"

"ဟို. . . ကျွန်မ မသေချာသေးဘူး"

အိုး. . . သေတော့မှာပဲ သူမဘာလို့ အဲသလိုပြောလိုက်မိပါလိမ့်. . သူက ခွီးခနဲတစ်ချက် (လူငယ်တစ်ယောက်လို) လေချွန်လိုက်သည်။

"ကိုယ်သိပ်ပျော်သွားပြီ"

"ဘာဆိုင်လို့လဲ"

"နောက်မှပြောပြမယ်. . . ရှ. . ကိုယ်ညဆယ်နာရီ ဖုန်းဆက်လိုက်မယ်နော်. . ."

× × × × × × × ×



သူမမှာ အပျိုဖြန်းကလေးလို ရှက်ရွံ့ရင်တုန်ကာ မေ့ကို ပြောပြရကောင်းမလားဟုစဉ်းစားသေးသည်။

မေကတော့ ကွန်ပျူတာရှေ့မှာ တချောက်ချောက်နဲ့ စာတွေရိုက်နေသည်။ ညှော်ခန်းကို ဟိုဘက်ထိပ် ဒီဘက်ထိပ် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ နာရီကိုကြည့်လိုက်. . . ဖုန်းကို ကြည့်လိုက်ဖြင့် သူမမှာ ဂနာမငြိမ်။

"ရှ. . ဖုန်းကို အိပ်ရာထဲယူသွားပြီး စောင့်ပါလား"

မေက အကင်းပါးသည်။

သူမဖြစ်နေပုံကိုကြည့်ကာဆိုသည်။

"အဲဒါဆို ယူသွားပြီနော်"

အိပ်ရာထဲမှာခွေခွေလေးလှဲပြီး ရင်ဘတ်နားမှာ ဖုန်းကို ထား၍ ကျွန်မစောင့်သည်။

ရည်းစားမထားဘူးတာလည်း မဟုတ်ဘဲနဲ့. . . ဒီလိုဖြစ်စရာလားဟု သူမကိုယ် သူမ စိတ်လည်းပျက်မိပါသည်။

သားငယ်နဲ့သူ့ကို အတွေးထဲမှာ ယှဉ်ကြည့်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | **သားငယ်** | **အုံ့ဖွယ်အောင်** |
| **အသက်** | ၂၅ | ၃၃ |
| **အလုပ်အကိုင်** | သိုးမွေးစက်ရုံမန်နေဂျာ | ဆေးကုမ္ပဏီပိုင်ရှင် |
| **အသားအရည်** | ညို | ဖြူ |
| **ရုပ်ရည်** | အသင့်အတင့် | ချောမောလွန်း |
| **အပြောအဆို** | ကြမ်းတမ်း | သိမ်မွေ့ |
| **ကျွန်မအပေါ်** | တင်းစီး | ကြင်နာ |
| **သူ့အလို** | ပထမထားတတ် | နောက်မှာထားတတ် |
| **စကားပြောစွမ်းရည်** | အလွန်ညံ့ဖျင်း | အလွန်ကျွမ်းကျင် |
| **လစာ** | ငါးသိန်း(မြန်မာငွေ)။ | နိုင်ငံခြားငွေသိန်းပေါင်းများစွာ |
| **ကားပိုင်ဆိုင်မှု** | နံပါတ်နိမ့်ဆလွန်းကားတစ်စီး | မော်ဒယ်လ်မြင့်ကားအနည်းဆုံး(၂၀)စီး |

သူမကို ချစ်မချစ်ကတော့ နှစ်ယောက်လုံး မိန်းမတစ်ယောက်တည်းနှင့် ဘဝ အဆုံးခံမယ့်ယောကျ်ားမျိုး မဟုတ်ကြပါ။

သူမအသက်အစိတ်ဆိုတာ လက်ထပ်သင့်တဲ့အရွယ် ရောက်နေလေပြီ။

လက်ထပ်ဖို့ စဉ်းစားလျှင် သူမက အပြုအမူညင်သာမှုရှိသူကို ဦးစားပေးရွေးချယ်မှာဖြစ်သည်။

စိတ်ဓာတ်က မိန်းမ မဆန်ရ။



တချို့ယောကျ်ားများသည် အခြောက်ဆန်ကြသည်။ ဝတ်ပုံစားပုံ စမတ်ကျရမည်။

သားငယ်နှင့်အုံ့ဖွယ်အောင် တွင်အရာရာ၌ အုံ့ဖွယ်အောင်သည်သာ သာလွန်လျက်ရှိသည်။

ညဆယ်နာရီထိုးအတိ. . ။

"တီ. . . တီ. . . တီ. . ."

"ဟဲလို. . ."

"မိရှူ. . ."

"ဟင်. . . ဘယ်လိုလုပ်နင်ဖြစ်နေတာလဲ"

"နင်က ဘယ်သူ့ဖုန်းကိုစောင့်နေတာလဲ"

"နယ်က ဆရာဝန်တစ်ယောက်ဖုန်းပါ"

"ဩော်"

"နင်ဘာကိစ္စရှိလို့လဲ"

"မေးပုံကလဲ ကိစ္စရှိမှဆက်ရမှာလား"

"အေးပါ. . . အေးပါ. . . ပြော. . . ပြော. . . ကဲ"

"ငါရန်ကုန်ကို လာဖို့ကိစ္စ. . အေး. . အဲဒါ. . ဒီနှစ်ကုန်ရင် စက်ဘ်ပွဲနဲ့ ငါတို့စက်ရုံဖက်စပ် ရန်ကုန်မှာ ဆောက်မယ်. . အဲဒီစက်ရုံခွဲမှာ ငါဒုစက်ရုံမှူးရာထူးရမယ်. . လစာလည်း ဆယ်သိန်းလောက်ရမယ်. . အဲဒါဒီနှစ်ကုန်ရင်. . နင်တော့ ဘယ်လောက်ပြေးပြေး မလွတ်တော့ဘူးမှတ်. ."

". . . ."

www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ဘာပြန်ပြောရမှန်းမသိ။

သားငယ်အသံကတော့ အားတက်သရောအသံမျိုး။ တော်တော်ဝမ်းသာနေမယ့် အသံမျိုး။

နေ့လယ် သုံးနာရီက ပိုးစိုးပက်စက်ပြောသွားသည်မှာ သူမဟုတ်သည့်အတိုင်းပင်။

"အဲဒီအခါကျမှ ဆယ်လကို လေးဆယ့်ငါးသိန်းနှုန်းနဲ့ မိန်းမ[illegible]်ယောက်ချင်းစီ ရှာပေါင်းပေါ့. . ငါကတော့ အဲဒီလို ယူမယ့်မိန်းမထဲမှာမပါပါဘူး"

"ဟ. . . နင်ဘာယ့်လိုပြောလိုက်တာလဲ"

"နင်ကပြောပြီးမေ့တာ ငါကခံရတဲ့သူ လွယ်လွယ်နဲ့မမေ့ဘူး"

"နင်တကယ်စိတ်ဆိုးသွားတယ်ထင်တယ်"

"မဟုတ်ဘူး. . . စိတ်နာတာ"

". . . . . . . . . . . . . . . . ."

သားငယ်ဘက်က အကြာကြီးတိတ်သွားကာ

"ငါ နင်ပြောတဲ့အတိုင်း ဆယ်လတစ်ယောက်နှုန်း ရှာပေါင်းရင် နင်ကျေနပ်မှာလား. . . ရှု"

အဲသလိုကန့်လန့်တိုက်တဲ့လူ။ သူမမှာ ဒေါသထွက်ရပေါင်းများ၍ တပ်မထွက်နိုင်တော့၊ သူ့လိုပင် ရွဲ့ပြီးဖြေလိုက်သည်။

"အေး. ."

"ဒါဆို ငါဘယ်နှစ်ယောက်ယူရမလဲ"

ဒါ သူမကို တမင်ရွဲ့တာဖြစ်သည်။



"အယောက်နှစ်ဆယ်"

"ဒါဆို နင်နဲ့ငါ အသက်လေးဆယ့်သုံးကျမှ လက်ထပ်ကြမယ်လေ"

"ငါက အသက်လေးဆယ်ပြည့်ရင် ဘိုးဘွားရိပ်သာမှာပဲ နေတော့မလို့"

"ဒါဆိုလည်း ငါလူ့ဘဝမှာ ပျော်ပျော်ပါးပါးနေခဲ့ပါမယ်. ."

"နေပေါ့. . . သံသရာမှာ ဝဋ်ဒုက္ခတွေနဲ့ နင်ပဲတဏှာတွေ မက်မောပြီး နေပေါ့"

"မိရှု. . . နင်တော်တော်စွာနေပါလား"

"ဟုတ်တယ်. . . ဘာဖြစ်လဲ"

"အားကိုးရှိနေတဲ့လေသံနဲ့"

"ဟုတ်တယ်. . . အားကိုးလည်းရှိတယ်"

"နင့် ဟိုတဏှာရူးကြီးမှဟုတ်ရဲ့လား"

"နင်သူ့ကိုများ ရက်ရက်စက်စက် တဏှာရူးတဲ့. . . ပြောထွက်လိုက်တာ"

"နင် နာတတ်နေပြီပေါ့လေ"

"နင်နဲ့ငါ ဆက်မပြောရင် ကောင်းလိမ့်မယ်ထင်တယ်"

"ငါလည်း နင်နဲ့ရန်မဖြစ်ချင်ပါဘူး. . ရှု. . ငါ့စိတ်ကို ဘာသိကအောင့်ဖြစ်မယ့်စကားမျိုး. . . မပြောနဲ့ဟာ. . . ငါအဲဒီလူနဲ့နင့်ကိုတွဲပြီး မြင်ရရင်. . . အရှင်လတ်လတ် ငရဲခံနေရမှာသိရရက်နဲ့. . . နင်ဘာလို့ သူ့ဘက်ကလိုက်ပြောနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ရှ"

"ဟုတ်တယ် . . . ငါမသိဘူး . . . ငါတကယ်မသိတာ
ပါ. . . သူက နင့်လိုမဟုတ်ဘူး. . . အရမ်းနူးညံ့တယ်. . . မိန်းမ
တစ်ယောက်ကို ကောင်းကောင်းသိမ်းသွင်းတတ်တယ်. . . စကား
ပြောရင်အရမ်းနားထောင်ကောင်းတယ်"

"တော်ပါတော့. . တော်ပါတော့. . ရှု. . နင်ဆက်ပြောရင်
ငါတကယ်ရူးတော့မယ်. . . ဒီမှာ နင်သူ့ကို မေ့ပစ်ရမယ်
သိလား. . သူနင့်အပေါ်မှာ မရိုးသားဘူး. . ဒါကိုနင်ရှောင်ရ
မယ်. . . တစ်နှစ်ထဲပါရှ. . နော် တစ်နှစ်ပြီးရင်. . နင်နေချင်
တဲ့ပုံစံမျိုးရအောင် ငါဖန်တီးနိုင်ပြီ. . . ငါ့ကိုစောင့်နော်. . နင့် မှာ
ငါရှိနေတာသတိရပါ. . . သူ့ကို မတွေ့နဲ့ ဖုန်းဆက်ရင် မကိုင်နဲ့
သူနဲ့မတွေ့အောင် နင်ရှောင်ရမယ်"

"ငါစိတ်ညစ်တယ်ဟာ"

သားငယ်သည် သူမ၏ချစ်သူသာမက သူငယ်ချင်းလည်း
ဖြစ်သည်။ ဒီလောက်ဆို သူမစိတ်တွေ ယိမ်းယိုင်နေတာ
သိလောက်ပြီ။ သူမ တကယ်တွေဝေနေချေပြီ။

သားငယ်ဆီက ဖုန်းချသွားပြီးနောက်ပိုင်းမှာ သူမသည်
သူ့ထံမှဆက်လာမည့်ဖုန်းကို ရင်တုန်စွာစောင့်မျှော်နေလေသည်။

သူ့မျက်လုံးများသည် သားငယ် သူမကိုကြည့်သော
မျက်လုံးများနှင့်မတူ။





သူမကို မိန်းမတစ်ယောက်အဖြစ် အသိအမှတ်ပြုသည့်
သို့ချင်တပ်မက်သည့်မျက်လုံးမျိုးတွေဖြစ်သည်။

ညတစ်နာရီထိုးသွားလေပြီ။ သူမလည်းစောင့်ရင်း ငိုက်
မျဉ်းလာသည်။ အိပ်ပျော်လုဆဲဆဲ ဖုန်းသံသည် စိတ်လှုပ်ရှား
ဖွယ်ကောင်းအောင်မြည်လာသည်။

"ရှု. . ကိုယ်အခု မင်းအိမ်ရဲ့အောက်ထပ် ရောက်နေပြီ"

သူမက လေးလွှာမှာနေရာ သူသုံးလွှာ ရောက်နေပြီဆို
တာသိတော့ နားရွက်တွေပင် ထူပူသွားသည်။

"ဒီအချိန်ကြီး ဘယ်လိုဝင်လာလဲ"

"ကိုယ် မင်းရဲ့အောက်ထပ်က အခန်းကိုအရင်ကတည်းက
ပိုင်တာ. . . လူမနေဘဲပစ်ထားတာ. . . ဒီနေ့ညနေမှ ကိုယ်
ဒီမှာနေဖို့ဆုံးဖြတ်လိုက်ပြီ. . ."

× × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ကဲ Good Night ကိုယ်မနက် လာခေါ်မယ်"

"ဦးအံ့ဖွယ်အောင်နဲ့ မနက်ကျရင်. . တူတူမသွားချင်ပါဘူး"

"ကိုယ့်ကို အဲသလို မခေါ်နဲ့တော့လေ. ."

". . . . . ."

"ဟုတ်တယ်လေ. . . ကိုကိုလို့ခေါ်ပါလား ရှူ. . . ကိုယ့်ညီမလေး ငယ်ငယ်တုန်းကလည်း အဲသလိုခေါ်တာပဲ"

"ကျွန်မက ညီမလေးမှ မဟုတ်တာ"

"ဟုတ်ပါတယ်. . ဒါပေမယ့် ကိုကိုလို့ ခေါ်စေချင်တယ်. . အင်းလေ. . မခေါ်လည်း ကိစ္စမရှိပါဘူး ကိုယ်က သူများရည်းစားကိုမှ ကြိုက်မိတာကိုး. . သူခေါ်ချင်မှခေါ်ပါစေလေ. . သူထားခဲ့ရင်လည်း နေခဲ့ရမှာပေါ့. . သူ့ကို ကြိုးတွေနဲ့ဆိုင်းမထားချင်ပါဘူး"

သူမဘယ်လိုငြင်းရက်ပါမည်နည်း။ ဤမျှ စကားတတ်သူ။ ရှုပ်ရည်ချောမောလှပသူ. . .။သူမကို ယုယကြင်နာတတ်သူ။ သူဟာ တော်တော်လေးဆိုးပါသည်။

"ကိုကို. . . ကျွန်မပြန်တော့မယ်"

သူမျက်နှာပြုံးသွားပုံမှာ. . . နဂိုရှိသောရုပ်ရည်ကို အလွန်အမင်းနုပျိုသွားစေပါသည်။

"ကိုကိုနဲ့ မနက် ကော်ဖီအတူတူသောက်ကြမယ်နော်. . ကလေးလေး"

"ဟုတ်ကဲ့"

× × × × × × × ×



ဒါမဖြစ်သင့်ဘူးဟု တစ်ခြားတစ်ယောက်ကလာပြောစရာမလိုဘဲ သူမမှာ ကိုယ့်စိတ်ကိုယ်ပြန်သိနေလေသည်။ တကယ်ဆိုဘာမှကြာသေးတာမဟုတ်တာ။ အချိန်တွေနဲ့တန်ဖိုးကိုသာတွက်ထုတ်လျှင် သူမအဖို့ လူကဲ့ရဲ့စရာဖြစ်လောက်ပေသည်။ မေကတော့ သောကကင်းသူလို အိပ်မောကျနေချေပြီ။

သူမမှာသာ. . . စောစောက လိပ်ပြာလွှင့်မတတ်သောပြုံးယောင်းမှုအား အခုစိတ်ပြေမှုပြန်တွေးကာ မဖြစ်သင့်ဘူးဟုကိုယ့်ကိုကိုယ် အပြစ်တင်မိသည့်အပြင် စိတ်ပျက်လာမိသည်။ ပြီးတော့ နှမြောသလိုခံစားရပြန်သည်။

လူ့စိတ်သည် မျောက်စိတ်ဟု ဆိုကြသည်မှာ တကယ်မှန်သည်။ ယခုပင်စိတ်သည် ဟိုပြေးဒီပြေးဖြင့် သူမမှာ အများတကာတွေ နှစ်ခြိုက်စွာအိပ်မောကျနေချိန်တွင် ပျော်သောပ်နေသည်မဟုတ်လား။

www.burmeseclassic.com



"မအိပ်သေးဘူးလား. . . ရှ"

မေ့ဆီက မေးသံကြောင့် သူမမှာ လန့်သွားသည်။

"မေမအိပ်သေးဘူးလား"

"ရှက္က တအားလှုပ်ရှနေတော့ နိုးလာတာ. . . တရေးနိုးပေါ့. . . တစ်ရေးနိုးသော်အကြံပေါ် . . . ပေါ်သည့်အကြံပြန်အိပ်ရန်လေ. . . ပြန်အိပ်တော့မယ်. . . ရှအိပ်လို့မရရင် ဆေးသောက်အိပ်လေ"

"ရတယ်. . . ရှ ဟိုဘက်အခန်း သွားအိပ်လိုက်မယ်"

"အချစ်တော်ကြီး အိပ်သွားတဲ့အခန်းမို့ အလွမ်းသွားဖြေမှာလား"

"မဟုတ်ပါဘူး"

"ဟုတ်ရင်ဟုတ်တယ်ပေါ့. . . ရှိတော့လည်း တကျက်ကျက်. . ဝေးတော့လည်း တသက်သက် ဖြစ်နေကြတယ်. . အခုမရှိတော့ လွမ်းနေပြီမို့လား"

မေ့စကားက သူမအဖြစ်ကို မီးမောင်းထိုးသလိုဖြစ်နေလေသည်။ သူမမှာ သားငယ်ကိုလည်း စိတ်ထဲက အားနာနေမိသည်။ ငါ မိန်းမရှုပ်များဖြစ်နေပြီလားဟုလည်း ထင်မြန်သည်။

သားငယ်အိပ်သွားသော အခန်းပေမယ့် သားငယ်ကို စိတ်ကမရောက်ဘဲ သူ့ဆီရောက်နေတော့ ပိုအံ့ဩစရာကောင်းသေးတော့သည်။

သူ့နှုတ်ခမ်းတွေက ခပ်ထူထူကလေးရယ်။



စီးကရက်မသောက်သောကြောင့် နီနေသည်။

အဲဒီနှုတ်ခမ်းကို ဘာကြောင့် သတိတရဖြစ်နေပါလိမ့်. . ဖျောက်ပစ်. . . ဖျောက်ပစ်. . မိရှ ဟု ကိုယ့်ကိုကိုယ် သတိပေးသော်လည်း အချည်းနှီး. . . တညလုံး မအိပ်ရဘဲ မိုးစင်စင်လင်းလေပြီ။

ကိုယ်လက်တွေက အိပ်ရေးမဝသောကြောင့် ကိုက်ခဲသလိုထင်နေရပြီး ခေါင်းလည်းမကြည်။

"ငါ သားငယ်ကို ငဲ့ရမယ်. . . သူ့ဆီမှာ ထပ်ကျဆုံးလို့မဖြစ်ဘူး"

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



သူမရုံးခန်းထဲသို့ သူဝင်လာသည့်ပုံစံက တက်ကြွရွှင်လန်းနေသည်။ သူမကတော့အိပ်ရေးပျက်ပြီး သူကတော့အိပ်ရေးဝလာသည့်ပုံစံ။

"Morning Sweety"

သူမကိုသူ နှုတ်ဆက်တော့

"Morning" ဟုခြောက်ကပ်နေသောအသံဖြင့် ပြန်နှုတ်ဆက်ဖြစ်သည်။

"မျက်နှာမလန်းပါလား ကလေးလေးရဲ့"

"ဟုတ်တယ်. . ညကစဉ်းစားနေလို့"

"ဘာတွေများ စဉ်းစားနေလို့လဲ"

"ဦးအံ့ဖွယ်အောင်"

သူမပေါ်သံကြောင့် သူ့မျက်ခုံးများက မြင့်တက်သွားသည်။

"ကျွန်မလေ . . . . ဟို. ."

"ဘာဖြစ်လဲ. . . ပြောလေ"



"မဖြစ်သင့်ဘူး. ."

"ဘာကို မဖြစ်သင့်တာလဲ. . . ရှင်းရှင်းပြောလေ"

"မာရ်နတ် ရဲ့ဖြားယောင်းမှုကြောင့်လို့ပဲ ထင်ပေးပါနော်. . ကျွန်မလေ. . . ကျွန်မမှာ လက်ထပ်ဖို့ ရည်ရွယ်ပြီးသားမို့ပါ. . ."

"ဪ. . ."

အခန်းထဲ၌ ခဏတာမျှ တိတ်ဆိတ်သွားသည်။

သူမမှာ သူ့မျက်နှာကို မော့မကြည့်ရဲလောက်အောင် ရှက်ရွံ့ကာ သူ့ကို ဤသို့ပြောရသည့်အတွက်လည်း ရင်ထဲ၌ နာကျင်လျက်ရှိသည်။

သူ့လိုလူမျိုးကို လက်လွှတ်လိုက်ရမှာလည်း နှမြောလျက်ရှိသည်။

ဘာမဲဖြစ်ဖြစ် သူသည် မြန်မာပြည်၌ အကြီးဆုံးဆေးကိုယ်စားလှယ် ကုမ္ပဏီပိုင်ရှင်ကြီး မဟုတ်လား. . . .။

ဘယ်လောက်ပဲငွေရှာနိုင်သည်ဖြစ်ပါစေ၊ ဝင်ငွေသိန်းပေါင်းများစွာဝင်နေသော. . . ရုပ်ရည်ကလည်းချောမောသော၊ သူမအပေါ်မှာ အလိုက်တလျောဆက်ဆံတတ်သော ယောကျ်ားတစ်ယောက်ကို စွန့်လွှတ်ပစ်ဖို့ဆိုတာ. . . သူမအတွက် တော်တော်ခက်ခဲလှသည်။

သူသည် သူမဘဝအတွက် လက်ထပ်မည်ဆိုလျှင် သင့်တော်ရုံမက အသင့်တော်ဆုံးဟုပင် ကိုယ့်အထင်နှင့် ကိုယ်ဆုံးဖြတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမမှာ မနည်းအားယူလျက် သူ့မျက်နှာကို မော့ကြည့်လိုက်သည်။ ဘုရားရေ. . . သူ့မျက်နှာသည် ဒေါသဟူ၍ မြူမှုန်မျှမရှိ ဝမ်းနဲမှုဟူ၍လည်း အရိပ်အယောင်မထင်၊ ထို့ပြင် ခပ်ပြုံးပြုံးမျက်နှာမျိုးဖြင့် သူမကိုစိုက်ကြည့်လျက်ရှိသည်။

သူကြည့်နေပုံမှာ ကလေးလေးတစ်ယောက် ဆော့၍ချော်လဲသည်ကို ထူမပေးဘဲ ထိုင်ဟားသောအကြည့်မျိုးဖြစ်သည်။

"ဘာလို့ အဲဒီလိုကြည့်နေတာလဲ"

"ကိုယ်က ရှုကို ချစ်လို့ ကလေးလေးလို့ခေါ်တာ. . . စိတ်ထဲမှာ ရှုကိုတော်တော်ရင့်ကျက်မယ်ပဲထင်ခဲ့တာ. . . အခုတော့. ."

"အခုတော့. . . ဘာဖြစ်လို့လဲ"

"အခုတော့ ကိုယ်ထင်ခဲ့တာနဲ့–လွဲနေတယ်. . . ရှုက တော်တော် Childlish (ကလေးဆန်)ဖြစ်တာပဲ. . ."

"အဲဒီလိုမဟုတ်ပါဘူး. . . ဒါပေမယ့်. . . မဖြစ်သင့်တာနဲ့ ဖြစ်သင့်တာတွေ ကျွန်မ မစဉ်းစားလို့မရဘူး. . ."

"ဒါဆို ရှုက အခုဘယ်လိုဖြစ်စေချင်လဲ"

"ကျွန်မတို့ သူစိမ်းတွေလိုပဲနေကြရအောင်နော်"

သူ့မျက်နှာပေါ်အရိပ်တစ်ခုဖြတ်ပြေးသွားတာ သူမမြင်လိုက်သည်။ သို့ရာတွင် ထိုအရိပ်ကို သူမအမည်မဖော်ပြတတ်ပေ။

သူက သက်ပြင်းတစ်ချက် ချကာခေါင်းငုံ့သည်။ ပြီးတော့ . . ခေါင်းမော့ကာ. . . မျက်နှာကြက်ကို ကြည့်နေသည်။



သူမမှာ သူ့ကို အခန်းထဲက မြန်မြန်ထွက်သွားစေချင်လှပြီ။

ညတစ်မျိုး။ မနက်တစ်မျိုး. . . အပြောင်းအလဲမြန်သော မိန်းမဟုထင်ချင်ရင်ထင်ပါစေတော့။

နောက်တစ်နှစ်ပဲစောင့်ပါဟူသော သားငယ်၏စကားသံကိုလည်း သနားစဖွယ်ကြားယောင်မိလေသည်။

"နေနိုင်လို့လား. . . ရှု"

သူမဖြစ်စေချင်သလို အခန်းထဲက သူမထွက်သွားပါ။

သူမကို သူထပ်မေးသော မေးခွန်းက အနည်းငယ်တော့ စော်ကားရာကျစေမယ့် ပွင့်လင်းရက်စက်လွန်းပါသည်။ သူမ က ဘာကို နေနိုင်ရမှာလဲ။ ဒါဆိုရင်တော့ သူမဟာ ဆန္ဒနောက်ကို မိုက်မဲစွာ လိုက်လျောဟတ်တဲ့ မိန်းမယုတ်တစ်ယောက်ပဲ ဖြစ်တော့မှာပေါ့။

"ကိုယ်တော့ ကိုယ်နေရာရှုရော. . . တစ်ယောက်ကို တစ်ယောက် မချစ်ဘဲ သူစိမ်းတွေလိုနေဖို့မလွယ်ဘူးထင်တယ်. . ဒါနဲ့ ကိုယ်မေးပါရစေဦး. . ရှုက မဖြစ်သင့်ဘူးလို့ပဲပြောနေတယ်. . . ဘာကြောင့်များ မဖြစ်သင့်တာလဲ. . ."

"သိပ်မြန်နေတယ်"

"အချိန်လား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆယ်နှစ်လောက်စောင့်ပြီးမှ ချစ်သူတော်ရတဲ့ မိန်းမမျိုးက-တန်ဖိုးရှိတယ်ပေါ့. . ရှု . . ကိုယ်တို့က လူကြီးတွေဖြစ်နေကြပြီ. . အဲဒီလိုထပ်စောင့်ရင် အချိန်သိပ်ဖြုန်းရာကျမှာပေါ့. . ဘာလို့ သာမန်မိန်းမတွေလို တွေးခေါ်ရတာပဲ"

"ကျွန်မက သာမန်မိန်းမတစ်ယောက်ပဲဟာကို"

"မင်းကို တခြားမိန်းမတွေထက် အသိဉာဏ်မြင့်မယ်လို့ထင်ထားခဲ့တာ. . ကိုယ်ပြောတဲ့သာမန်မိန်းမဆိုတာ မင်းတို့မိန်းမတော်တော်များများ လက်ခံထားတဲ့အယူအဆတွေရှိတဲ့လူပေါ့. . အပျော်ဖတ်တွေဖတ်မယ်. . စိတ်ကူးယဉ်မယ်. . ပြင်ပလောကမှာ တကယ်ဖြစ်နေတာနဲ့ နှိုင်းယှဉ်ပြီး မစဉ်းစားဘူး. . ဟိုစာအုပ်ထဲမှာ ဒီလိုရေးရင် အပြင်မှာ ဒီလိုယူဆတယ်. . မင်းအခုဖြစ်နေတာအဲဒီပုံစံပဲ. . အချိန်တိုအတွင်း ကြိုက်ရင်ပေါ့လျှော့တဲ့မိန်းမ အလွယ်လိုက်တဲ့မိန်းမလို့ မင်းကိုယ်မင်းယူဆနေတယ်. . တကယ်လို့ အချိန်အကြာကြီးဆွဲထားပြီး ယောကျ်ားတစ်ယောက်ကို အရူးလုပ်တတ်တဲ့မိန်းမမျိုးကျတော့ရော. . တန်ဖိုးရှိတယ်ပေါ့. . မင်းက သားငယ်ကို တွဲခဲ့တာ ကိုးနှစ်ရှိပြီဆိုတော့. . သူ့ကိုယူမှ တန်ဖိုးရှိတယ်လို့မင်းကိုယ် မင်းထင်နေရင် သူ့ကိုပဲယူလေ. . မင်းကို ကိုယ်ပြောချင်တာ. . မှန်တယ်ထင်ရင် လုပ်ပါ. . . ကိုယ်က ကိုယ်မှန်တယ်ထင်ရင်လုပ်ခဲ့ တာချည်းပဲ. . ကဲရိုးအွန် ရှု. . ကိုယ်လုပ်လို့ နောင်တရရင်လည်း ခံစားနိုင်အောင် ကြိုးစားပေါ့"





သူမကို စကားလုံးများဖြင့် ဖြားယောင်းနိုင်သော သူသည် စကားလုံးများဖြင့်လည်း နှိပ်စက်နိုင်စွမ်းရှိသည်။

သူ့စကားလုံးများသည် အပြင်ပန်းကကြည့်လျှင်. . . အလွန် လှပ၍ တကယ့် အဓိပ္ပါယ်များက သူမကို ဦးနှောက်အဆင့်နိမ့်သောမိန်းမ၊ အချစ်ဝတ္ထုဖတ်ပြီး စိတ်ကူးယဉ်နေသောမိန်းမ၊ သူ့ကို လက်ခံပြီး ဟိုတစ်ယောက်ကိုလည်း . . မရှင်း. . . မရှင်း ဖြစ်နေသောမိန်းမ၊ ကိုယ်အမှားလုပ်ပြီး နောင်တကို ဝန်မခံသောမိန်းမ၊ သားငယ်ကို အရူးလုပ်ပြီး သူ့ကိုလည်း ထပ်မံလက်ခံသောမိန်းမ၊ ဤသို့ ပြောခြင်းဖြစ်သည်။

စကားတစ်လုံးတည်း ခြုံပြောလျှင် သူမသည် မလည်ရှုပ်မဟု သူပြောချင်ပုံရပါသည်။ ပြီးတော့ သူ့ကို စွန့်လွှတ်ရသည့်အတွက် နောင်တမရနှင့်ဟု ဆိုချင်ပုံရပါသည်။

"ကျွန်မမှာ အပြစ်ရှိပါတယ်"

"ကိုယ်အပြစ်တင်နေတာမဟုတ်ဘူး. . . ဖြစ်နေတာကို မြင်အောင်ပြောတာ. . ."

"ကျွန်မတို့ တစ်လလုံးလုံးမတွေ့ဘဲနေကြမယ်. . . ကျွန်မ နေနိုင်တယ်လို့ထင်တယ်. . . တကယ်လို့ မနေနိုင်ဘူးဆိုင်ရင် ကျွန်မရှင်ပြောတဲ့အတိုင်း လိုက်နာပါ့မယ်"

"ကိုယ်က လက်ထပ်ခိုင်းရင်ရော. . ."

"လက်ထပ်ပါ့မယ်"

"ကောင်းပြီ. . တကယ်လို့ နေနိုင်ရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"သားငယ်ကို ကတိပေးထားတဲ့အတိုင်း တစ်နှစ်ပြည့်တဲ့အခါ ကျွန်မတို့လက်ထပ်မှာပေါ့"

"မင်းလုပ်နေတဲ့ပုံစံက နွားနှစ်ကောင်လုံးကို မြက်မဝရေစာကျွေးပြီး ဘယ်သူခံနိုင်ရည်ရှိသလဲဆိုတာ စောင့်ကြည့်နေပုံပဲနော်. . . ရှု"

"ကျွန်မ အဲဒီသဘောမရှိပါဘူး"

"ဖြစ်နေတာကို ပြောတာလေ. . . တကယ်လို့ မင်းသာ ကိုယ်မချစ်ခဲ့တဲ့မိန်းမဆိုမလွယ်ဘူး. . . ကိုယ်သိပ်ချစ်လို့သည်းခံတယ်မှတ်ပါ. . . ဒါနဲ့မင်းက ခံနိုင်ရည်မရှိတဲ့သူနဲ့ ရှိတဲ့သူဘယ်သူ့ကိုရွေးမှာလဲ. . ."

"ဖူးစာကံပါတဲ့လူပေါ့"

"ကိုယ်ကတော့ ဉာဏ်ရှိတဲ့သူလို့ထင်တယ်. . ရှု. . ဉာဏ်ရှိတဲ့သူက နိုင်မှာပဲ. . နွားကိုလည်းအထင်မသေးနဲ့သိလား. . မင်းဖတ်ဖူးမလား မသိဘူး. . R.D ထဲမှာပါတဲ့ ဟာသတစ်ခုပဲ. . နွားခြံတစ်ခုထဲမှာ နွားအိုတစ်ကောင်နဲ့ နွားမချည်းပဲရှိတော့ ခြံရှင်က နွားပျိုတစ်ကောင်ထည့်ပေးတယ်. . နွားအိုက နွားပျိုကို ပြောတယ်. . မင်း ငါ့ကို ကျောပေါ်တင်ပြေးနိုင်ရင် ဒီခြံထဲက နွားမတွေ မင်းအကုန်ယူနိုင်တယ်လို့ပြောတယ်. . ဒီတော့ နွားပျိုက နွားအိုကြီးကို ကျောပေါ်တင်ပြေးတာပေါ့. . အဲဒါကို ခြံရှင်က မြင်တော့ ဒီနွားပျိုဟာ အထီးချင်း မိတ်လိုက်တယ်ဆိုပြီး သတ်ပစ်လိုက်တယ်. . ခြံထဲကို ထည့်လိုက်တဲ့ နွားပျိုတိုင်း အဲဒီနည်းနဲ့တင်



အသတ်ခံရတယ်တဲ့. . ဉာဏ်ရှိတဲ့လူက အရာရာလုပ်နိုင်ပါတယ်. . ရှု. . မိန်းမတစ်ယောက်အတွက်လို့ထင်ရပေမယ့် ဒီကိစ္စက ကိုယ့်ရဲ့ ဘဝနဲ့ပတ်သက်တယ်. . ကိုထင်ထားတဲ့အဖြေနဲ့ မင်းတွက်ထုတ်မယ့်အဖြေတူ မတူစောင့်ကြည့်သေးတာပေါ့. . နော်"

သူမကို ပြောပြီး သူထွက်ခွာသွားသောအခါ သူမမှာ အရုပ်ကြိုးပျက် ကျန်ရစ်လေသည်။

သူမ သူ့ကို တဖြည်းဖြည်းကြောက်လာသည်။

သူ့မှာ သူမကို ကောင်းကောင်းနိုင်တဲ့လက်နက်တစ်ခု ရှိနေပြီ။ သူမကို အဲဒီလက်နက်နဲ့သူခြိမ်းခြောက်တော့မှာ။

အဲဒါကတော့ သူမ သူ့ဆီကနေ ထွက်မပြေးလိုသော ညီတွယ်မှုဖြစ်လေသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



"တစ်လ၏ပထမဆုံးနေ့"

နာရီနှိုးစက်သံသည် ဆူညံစွာပင် စတင်မြည်လာလေသည်။ စောင်ကို ခေါင်းမြီးခြုံကာ နားနှစ်ဖက်ပိတ်ပြီး ပြန်အိပ်သည်။ သို့သော် တောက်လျှောက်မြည်နေသော နာရီနှိုးစက်သံကြောင့် အိပ်ယာပေါ်ငုတ်တုတ်ထထိုင်ရသည်။ ခေါင်းကို စိတ်ညစ်စွာ ကုတ်မိပြီး အိပ်ချင်ဆဲဖြစ်သော မျက်လုံးကို မနဲဖြဲရသည်။ မေနှံ့ အခန်းခွဲအိပ်သည်မို့. . ယခုနေထပ်အိပ်ပျော်သွားလျှင် မေထက် ထပ်နောက်ကျတော့မည်။

အိပ်ရာခင်းကို သေသေသပ်သပ်ခေါက်လိုက်သည်။ စောင်ကို ခြေရင်းမှာ ခေါက်ပုံပုံလိုက်သည်။ ပြီးတော့ မှန်တင်ခုံ ရှေ့မှာထိုင်ကာ ဆံပင်ဖြီးသည်။

စားပွဲတင်ပြက္ခဒိန်မှာ ဒီနေ့သည် ဖေဖော်ဝါရီလ တစ်ရက် နေ့ဖြစ်သည်။ ဖေဖော်ဝါရီလ တစ်ရက်နေ့သည် ယခင်နေ့များ ကဲ့သို့ပင် ဘာမှမထူးခြား. . . သို့ရာတွင် ကျွန်မအတွက်တော့ တစ်လ၏ပထမဆုံးရက်လည်းဖြစ်သည်။

သူ့ကိုသတိရလိုက်သည်နှင့် တပြိုင်တည်း စိတ်လက်ညှိုး





ငယ်သွားကာ. . . အဖြေကို သူမနိုင်ရမည်ဟု အားတင်းမှုများ လျော့သွားပြန်သည်။ သူမရေမိုးချိုးပြီးချိန်တွင် မေကမူ အားလုံး အဆင်သင့်ပြီးပြီ။

"ရှူး. . . မေသွားတော့မယ်"

အလုပ် **Site** (နေရာ)ချင်းကွာသောကြောင့် မေနဲ့သူမ တူတူသွားလေ့မရှိကြ။ မေက သူမထက် မိနစ်အနည်းငယ်မျှ စောလေ့ရှိပြီး သူမကအလုပ်ပြင်နေရတာနှင့် အချိန်ကုန်သည်။

"အေး. . . အေး. . . ငါနှုတ်ခမ်းနီမဆိုးရသေးဘူး"

သူမမျက်နှာသည် အမြဲတမ်း ကာလာ ချယ်သောမျက်နှာ မျိုးဖြစ်သည်။ ဘာမှမလိမ်းရရင်တောင် နှုတ်ခမ်းနီလေးဆိုးလိုက် ရမှ အိုင်းရှဲဒိုးလေးတင်လိုက်ရမှ နေသာထိုင်သာရှိသည်။ ကိုယ့် ကိုကိုယ်လှအောင်နေတဲ့သူဟာ ပတ်ဝန်းကျင်ကိုလည်း လှစေချင် သော၊ စိတ်ဓာတ်လှပသောသူဖြစ်ဖို့ ရာနှုန်းများပါသည်။ နှုတ်ခမ်း ဆိုးဆေးပုလဲရောင်ကို နှုတ်ခမ်းပေါ်တင်ပြီးချိန်တွင် ဖုန်းမြည် လာသည်။

"ဟဲလို. . . မေလား"

သူ့အသံမှ သူ့အသံ။ သို့သော် သူမဖုန်းနားထောင်လိုက် တာနဲ့ တပြိုင်နက် မေလားဟုအမေးခံရသည်ကတော့ စိတ်ကသိ ကအောက်ဖြစ်သွားသည်။

"ဦးအုံ့ဖွယ်အောင်"

"ဟုတ်တယ်. . . ရှုထင်တယ်. . . မေမရှိတော့ဘူးလား"

"မရှိတော့ဘူး. . ခုလေးတင်ထွက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . ဒါဆို ကုမ္ပဏီရောက်မှပဲ ကိုယ်ခေါ်တွေလိုက်ပါ့မယ်. . . ဒါပဲနော်. . . ရှူ"

ပြောပြောဆိုဆိုဖုန်းချသွားသည်။

သူ့အသံကို မနက်ခင်းမှာ မမျှော်လင့်ဘဲ ကြားရသည့်အတွက် လွမ်းစရာ ကောင်းသည်ဟုထင်မိသည်။

ကုမ္ပဏီကို ရောက်တော့. . . သူမအခန်းထဲရှိ စားပွဲပေါ်မှာ ပန်းတစ်စည်း။ ပန်းစည်းမှာ ကတ်လေးတစ်ခုပါသည်။ ကတ်ထဲမှာ. . .

"ဒီနေ့အဖို့ ကိုယ့်ကို သတိရချင်ရနိုင်ပါတယ်. . ရှူ"ဟု သေသပ်လှပသော လက်ရေးဖြင့်ရေးထားလေသည်။

အောက်မှာ "အောင်"ဟု ဆိုင်းထိုးထားသော သူ့ လက်မှတ်။

သူမကို သူပညာတွေ တစပြီးတစ ထုတ်သုံးနေလေသည်။ သူမကလည်း တစ်ဖက်လူမှ အငိုက်မိစေသော သူမျိုးဖြစ်သည်။ သိပ်မကြာပါ။ သူမသည် မကွေးတိုင်း အတွင်းရှိ ဆေးခန်းများမှ မှာယူသော ဆေးပစ္စည်းစာရင်းများနှင့် နယ်မှ တိုက်နယ်ဆေးရုံများတွင် လှူမည့်ဆေးစာရင်းကို စစ်ဆေးရတာနှင့် သူ့ကိုမေ့သွားတော့သည်။

"Clinic (ဆေးခန်း)တွေမှာ. . အဓိကက Depo နဲ့ Antibiotics ကိုလှောင်ကြပါတယ်. . Antibiotics မှာ ခုနောက်ပိုင်း Ampicillin နဲ့ Cloxacillin ပေါင်းထားတဲ့ Ampiclox လို Flumox လို ဆေးမျိုးက ရိုးရိုး Amoxil ထက်ပိုပြီး လူကြိုက်များပါတယ်. .



Auinolones အုပ်စုထဲကဆေးတွေမှာ afloxacin က ရောင်းအားအမြင့်ဆုံးပါ. . Analgesics ထဲမှာ Diclofenae နဲ့ Mefenamic acid ကို ယှဉ်ကြည့်ရင် Mefenamic acid က အိုဂျီဘက်မှာ အသုံးများပြီး ကျွန်မတို့ Sedona မှာ Sponsor ယူတဲ့ Symposium မှာတင် GP တွေမှာတဲ့တန်ဖိုးမနည်းပါဘူး. . အဓိကရောင်းရတာကတော့ Diclo ပါပဲ. . Diclo ကိုသုံးတဲ့ စစ်တမ်းကောက်ယူကြည့်တဲ့အခါ ပုလင်းလည်ပင်းက ချိုးလို့လွယ်တဲ့ ပုလင်းမျိုးကို ပိုသဘောကျတာတွေရပါတယ်"

နေ့လည်အစည်းအဝေးတွင် Sales Promotor (Senior) တစ်ယောက်၏စစ်တမ်းကို ထုတ်နှုတ်ပြီး ရှင်းပြသွားခြင်း၊ အရောင်းအကောင်းဆုံး ဆေးများ၏စံချိန်ကို မနှစ်က စံချိန်နှင့် ယှဉ်ထိုးခြင်းပြုကြပြီးနောက် ရောင်းမကောင်းသော ဆေးများကိုလည်း ဘာကြောင့် ရောင်းမကောင်းသလဲ ဆိုသော အချက်အလက်များ စစ်ဆေးကြရသည်။

အစည်းအဝေးပြီးတော့ နှစ်နာရီခွဲနေလေပြီ။

သူမအခန်းထဲရှိ စားပွဲပေါ်မှာ. . ရေခဲမုန့်တစ်ဗူး. . ပြီးတော့ တစ်ရှူးတစ်ရွက်ကို ယူ၍ဖြန့်ကြည့်သောအခါ. . .

"နေ့ခင်းဘက်ပူတယ်. . . ရေခဲမုန့်ပို့ခိုင်းလိုက်တယ်. ."

"အောင်"

ဟုရေးသားထားပြန်သည်။

သူမမှာ ရေခဲမုန့်ကြိုက်ကြောင်း သူဘယ်လိုသိသွားသလဲ
[illegible]ဦးစားသည်။ နောက်မှ သူမတို့ ကိုယ်ရေးရာဇဝင်ထဲမှာ ဝါသနာ၊

www.burmeseclassic.com

www.burmeseclassic.com



အကြိုက်ဆုံးမုန့်၊ အကြိုက်ဆုံးရုပ်ရှင် စသဖြင့် လူတစ်ယောက်၏ အသေးအဖွဲကလေးများကို မှတ်တမ်းတင်ထားတာ သတိရသည်။

သူမက ရေခဲမုန့်ကို အတော်ကြိုက်ပြီး ထိုရေခဲမုန့် ကြောင့်ပဲ သူမနှင့်သားငယ် စတွေ့ကြခြင်းဖြစ်သည်။

သားငယ်က ကျောင်းကင်တင်းအဝင်မှာ ရေခဲမုန့်ထိုင် စားသောက် ထွက်လာသော သူမနဲ့ဝင်တိုးကာ ပြဿနာတွေတက်ရာမှ ခင်၊ ထို့နောက် ကြိုက်ကြခြင်းဖြစ်သည်။ သားငယ်က ရေခဲမုန့်တွေပါးစပ်တစ်ပိုက်မှာ ပေပွနေသော. . . သူမကို တွေ့စမှာပဲ သိပ်ချစ်သွားခဲ့သည်ဟုဆိုပါသည်။ ရွာတေးလန်သော သူမ နှင့် လည်ချောင်းရှိုး ထောင်လောက်အောင် အော်ဟစ်စကားပြောတတ်သော သားငယ်တို့ နှစ်ယောက် အတွဲဖြစ်သောအခါ သိသူများက မွေးလာတဲ့ကလေးကျရင် ပါးစပ်ပေါက် နှစ်ပေါက်ပါလာမည်ဟု စကြနောက်ကြခဲ့ပါသည်။

သားငယ်လက်ကိုတွဲရမှာ ရှက်သောသူမသည် သားငယ်ကလက်ဆွဲသောအခါ လန့်ဖျတ်ပြီး လက်ကို ခါးနောက်ဖက်ဖွက်ထားမိသည်ကို သားငယ်က နားလည်စာနာစွာပင်

"နင်ရှက်တာ ငါတစ်ခါမှမမြင်ဖူးခဲ့ဘူး"ဟု သူမကို ငေးကြည့်နေခဲ့တာ သတိရမိပါသေးသည်။

သူမတုပ်ကွေးမိပြီး. . . ကျောင်းပျက်တုန်းက သူမ အိမ်ကို မိန်းမလိုဝတ်ပြီး သားငယ်လာကြည့်ခဲ့သည်။





"ရှုရယ်. . နင်ဘယ်လိုကောင်မလေးလဲ. . ဒီလောက်ဖျားတာ. . . ငါ့ကိုဖုန်းတစ်ချက်မဆက်ဘူး. . ငါ့မှာ မျောက်မီးခဲပေါ်တက်ထိုင်မိသလိုဖြစ်နေတာ"

"ငါ့နားမကပ်နဲ့ အဖျားကူးမယ်"

"ကပ်မှာပဲ ဖက်တောင်ထားချင်တာ"

"ဟတ်ချေး"

သူမက နှာစေးနေရာ နှာချေလိုက်တော့ နှပ်ချီးများ သားငယ် မျက်နှာကို ပေသွားခဲ့သည်။ အဲဒါကိုပဲ မရွံ့မရှာ တစ်ရှူးနှင့် သားငယ်က သုတ်ပစ်ကာ ရယ်မောခဲ့ကြသည်။ ရေခဲမုန့်အသည် သားငယ်နှင့် သူမ၏ အချစ်သင်္ကေတဖြစ်သည်။

တနည်းအားဖြင့် သားငယ်ကို မမေ့သွားဖို့ ကံတရားက ဖန်တီးလိုက်သော ဒီနေ့ (ဖေဖော်ဝါရီလတစ်ရက်) အတွက် သတိပေးချက် တစ်ရပ်ဖြစ်သည်။ သူ့ဆီက ပညာတွေနဲ့ဖြားယောင်းတာကို ခံရသော မိန်းမတစ်ယောက်အတွက် ချစ်သူရှိသေးတယ်ဆိုတာကို မနေနိုင်သော နတ်များက ဖန်တီးစီရင် လွှတ်လိုက်လေသလားမသိပါ။

ရေခဲမုန့်ကို သူမ မစားချင်တော့ဘဲ အမှိုက်ပုံးထဲထည့်လိုက်သည်။

× × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်သောအခါ ညနေစာအတွက် ချက်ပြုတ်ပြင်ဆင်ရသည်။ မေပြန်ရောက်ချိန်တွင် သူမရေချိုးနေပြီ။ တစ်ရက်စီ တာဝန်ယူ ချက်ပြုတ်ကြသောကြောင့် မေက ဒီနေ့မှာ သူမချက်ပြုတ်သော ညနေစာကို စားရမှာဖြစ်သည်။ မနက်စာက ကုမ္ပဏီက ကင်တင်းမှာပဲ စားရသည်။

"ရှူ... ဒီနေ့ဘာချက်လဲ"

"ဆိတ်သားခြောက်ကို ခရမ်းချဉ်သီးနဲ့ ချက်ထားတယ်.. ဘူးသီးဟင်းခါးနဲ့..."

"ကောင်းတယ်"

သူမတို့နှစ်ယောက် ထမင်းစားချိန်တွင် မေ့ကို နံနက်က ဦးအံ့ဖွယ်အောင် ဖုန်းဆက်မေးတာ ပြောပြဖို့စဉ်းစားသေးသည်။ နောက်မှ သူက သူမကို သက်သက်စိတ်လှုပ်ရှားအောင် လုပ်ချင်တာနဲ့ မေ့ကိုအကြောင်းပြတာပါဟုထင်ကာ မပြောဖို့ ဆုံးဖြတ်လိုက်သည်။ မေ့မျက်နှာကိုကြည့်တော့ ထူးထူးခြားခြား သနပ်ခါးလိမ်းပြီး နှုတ်ခမ်းနီဆိုးလို့...။



"ဘာကြည့်နေတာလဲ... ရှု"

"မေ.. နင်ဒီနေ့ထူးခြားနေတယ်"

မေက ရှက်သလိုရယ်သည်။ ပြီးတော့မေးသည်။

"နှုတ်ခမ်းနီဆိုးထားလို့လား.."

"အင်း..."

"ဟင်း... ဟင်း... ရှု..."

"ဆို..."

"ငါ့အသားက တော်တော်ညိုလား"

"အင်း... မဖြူတော့မဖြူဘူး.. ဒါပေမယ့် မေကညိုပြီး သန့်နေတာကွာ... ဝင်းဝင်းလေးပေါ့..."

"ဟင်း.. ဟင်း..."

မေက သဘောတကျရယ်နေလေသည်။

ထမင်းစားနေစဉ် သူမမှာ မေရဲ့ထူးခြားမှုအား ဘာကြောင့်လဲဟု စဉ်းစားနေမိသည်။ သူများမနက်က တကယ်ပဲ မေနဲ့တွေ့ပြီး မေ့ကို တစ်ခုခုပြောလိုက်သလား။ အင်း.. သူက အဲသလိုတော့ မိန်းမတစ်ယောက်ကို နှုတ်ဆော့မယ့်လူမျိုးမဟုတ်လောက်ပါ။ သူမကို သူချဉ်းကပ်နေတာ မေလည်းအသိပဲဆိုတော့...။ မေကတော့ သဘောကျချင်ကျမှာ။

သူ့ကို သဘောမကျသောမိန်းမမှ မရှိနိုင်ဘဲဥစ္စာ...။

မေက ထမင်းစားပြီး ပန်းကန်ဆေးတာတောင် သီချင်း [illegible]လေးညည်းလျက်ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမမှာ မေရဲ့ထူးခြားမှုကိုကြည့်ပြီး သူစိတ်ချမ်းသာလို့နေမှာပါဟု တွေးကာပင် အမှုမဲ့အမှတ်မဲ့နေလိုက်သည်။

ညအိပ်တော့. . . မေကမအိပ်ဘဲ အင်္ဂလိပ်အချစ်သီချင်းတွေနားထောင်ကာ ညည်းနေသည်။

သူမက တစ်နေ့ကုန်စိတ်ပင်ပန်းလာပြီဖြစ်ရာ. . . မေဖွင့်ထားသောသီချင်းသံတွင်နားထောင်ရင်း တဖြည်းဖြည်းငိုက်မျဉ်းကာ နောက်ဆုံးအိပ်ပျော်ခြင်းသို့ရောက်လေသည်။

ဒီနေ့တစ်ရက်တော့ သူမမှာ သူ့ကို သတိတစ်ချက်မေ့တစ်ချက်ဖြင့် နေနိုင်ခဲ့လေသည်။

× × × × × × × ×





"မေမော်ဝါရီလ(၂)ရက်နေ့"

နေသည် တောက်ပစွာ သာလျက်ရှိသည်။ ရွှေဂုံတိုင်မီးပွိုင့်တွင် ကားများတန်းစီ၍ ဆယ်မိနစ်ခန့်စောင့်ရရာ သူမ မှာ ဟားမမောင်းရဘဲ သူများမောင်းသော ကားစီးရရင် အိပ်နေမိမယ်ထင်သည်။

အခုတော့ ကိုယ့်ကားကိုယ် မောင်းရသဖြင့် ပျင်းလို့မရ။

အနားရှိယာဉ်ကြောမှ ကားကျပ်ကျပ်ကြီးကိုကြည့်ပြီး သူမပါကျပ်လာသလိုခံစားရသည်။ ကားက တစ်ဖက်စောင်းနေပြီ။ ကားပေါ်ကလူတွေသည် မွန်းသိပ်ကျပ်ပိတ်သောဒဏ်ကို ဘယ်လိုများခံနေရမှာပါလိမ့်. . .။

ကုမ္ပဏီရောက်တော့ သူမစားပွဲပေါ်မှာ ပန်းတစ်စည်းနှင့် ကတ်တစ်ခု။ ကတ်ထဲမှာ. . . "ဒီနေ့အဖို့ ကိုယ့်ကို မင်္ဂလာရှိနိုင်ပါတယ်. . . "ဟုရေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနေမှ သူမသူ့ကိုတွေးမိမယ်ဆိုတာ သူမသိဘူးလား...ခက်တော့တာပဲ.. သူမမှာ သူ့ရဲ့တတ်ကျွမ်းလှသော နည်းမျိုးစုံကို အံ့သြစွာစောင့်ကြည့်နေရုံပဲရှိမည်။

သူမနေ့လယ်စာစားချိန်အထိ.. ကုမ္ပဏီရဲ့ Branch တစ်ခုမှ ဆေးတစ်မျိုး၏အဝင်အထွက်စာရင်းကိုလုပ်ရသည်။

ဆေးက...ကင်ပွန်းချဉ်ပင်မှ ထုတ်သောအားဆေးတစ်မျိုးဖြစ်သည်။ ရန်ကုန်မြို့ရှိ Clinic အများစုက သုံးသော်လည်း ဆေးရုံရှိ လူနာများမှာ မသုံးနိုင်ကြ။ ထို့ကြောင့် ဆေးခန်းများမှ မှာယူသော ပမာဏနှင့် ဆေးရုံရှိဆေးဆိုင်က မှာယူသော ပမာဏ လွန်စွာကွာခြားလျက်ရှိသည်။

ထိုသို့ကွာခြားလျှင် ကုမ္ပဏီက ထိုဆေးအတွက် လိုအပ်သော ကြော်ငြာမှုမျိုးလုပ်ရမည် ဖြစ်သည်။

ဒီခေတ်ကြီးမှာ ကြော်ငြာသည် အလွန်အရေးပါသည်။

ကြော်ငြာမှ လူများက သတိထားသည်။

ဥပမာ- Popa Aqua သောက်ရေသန့်ဆိုလျှင်...

so pure so healthy (သိပ်သန့်တယ်.. သိပ်ကျန်းမာစေတယ်) စကားကတော့ နှစ်လုံးတည်း ဆွဲဆောင်အားက တော်တော်ရှိပါသည်။

ပါရာစီတမော ပါသောဆေးချင်းအတူတူ တီဗွီတွင် ကြော်ငြာသော Biogesics နံပါတ်တစ် ဟူသောစာသားသည် လူထုနားထဲတွင် စိမ့်ဝင်နေပြီးသားမို့ ဆေးဆိုင်မှာ အလွယ်တကူ



ပြေးဝယ်သောက်ကြသည်။ ကြော်ငြာရဲ့ ထိရောက်မှုက အဆမတန် မြန်ဆန်လှပါသည်။

နေ့လယ်စာ စားချိန်တွင် ကင်တင်းသို့ သူမ ခပ်သွက်သွက် သွားသည်။ ခပ်သွက်သွက် မသွားလျှင် သူမ ကြိုက်သော ရှရှား Salad ကိုစားရတော့မှာ မဟုတ်ချေ။ ဘူဖေးနည်းဖြင့် နံနက်စာ စားရသောကြောင့် နာရီဝက် နောက်ကျလျှင် ကိုယ်စားချင်တာ မစားရတော့။

သူမကင်တင်း အဝင်ဝမှာပင် လူတစ်ယောက်က..

"ဒေါ်ရွှေပနံနို့... Boss က ဟိုဘက်ခန်းက စားပွဲပေါ်မှာ စောင့်နေပါတယ်"

ဟုပြောသည်။

"ရှင်"

"ဦးအံ့ဖွယ်အောင် ဒီနေ့ကင်တင်းကို နေ့လယ်စာလာစားပါတယ်"

x x x x x x x x

www.burmeseclassic.com

www.burmeseclassic.com



မေ့ ကိုသူနှင့်အတူတူတွေ့ရခြင်းအတွက် သူမအံ့ဩ သွားရပါသည်။ မေကလည်းသူမကိုမြင်တော့ ရှိုးတိုးရှန့်တန့်ဖြစ်သွားသည်။

" ရှ. . . မေက ကိုယ့်ကို ပြင်သစ်စာတွေ ဘာသာပြန်ပေးလို့ ကျေးဇူးတင်တဲ့အနေနဲ့ နေ့လယ်စာကျွေးတာ. . ရှ့ကိုပါ သတိရလို့ ခေါ်ခိုင်းလိုက်တာ . ."

" ဪ. . ဟုတ်ကဲ့ "

" မေကို ဘာကြိုက်လဲမေးပြီးမှ စီစဉ်သင့်တာ. . . . ကင်တင်းမှာ မရှိတာတွေ ဟိုတယ်က မှာထားပေးတယ်. . . ကဲ. . ရှ. . ဗိုက်မဆာသေးဘူးလား. ."

သူမမှာ ထမင်းကိုဆာသော်လည်း စားချင်စိတ်မရှိတော့ဘဲ. . သူနဲ့မေတစ်ချက်တစ်ချက် ရယ်မောတာ စိတ်ရောက်လိုက်၊ ရေသောက်လိုက်ဖြင့် ထမင်းတစ်ပန်းကန်ပင် မကုန်ပါ။



" မေက အီကေဘာန လည်းတတ်တော့ ကိုယ်က သိပ်အံ့ဩသွားတယ်. . ကိုယ်တို့မြန်မာပြည်မှာ ဘုရားပန်းတောင်သပ္ပါယ်အောင် မထိုးတတ်တဲ့ မိန်းကလေးတွေ အများကြီးပဲ. . . တကယ်ဆို ဒါက ပညာတစ်ခုပဲ. . . မိန်းမဆိုတာ အလှအပကိုမြင်တတ်ရမယ်. . . ကိုယ့်ကိုကိုယ်လှအောင်နေသလို ပတ်ဝန်းကျင်ကိုအလှဆင်တာကောင်းတာပေါ့. . ."

" မေကလည်း ပန်းတွေကိုချစ်လို့သင်ဖြစ်တာပါ. ."

" ပြိုင်ပွဲမဝင်ဘူးလား မေ. ."

" ဝင်ဖူးတယ်. . နှစ်သိမ့်ဆုတော့ရဖူးတယ်. ."

" ပန်းစိုက်တာရော ဝါသနာပါလား "

" ပါတာပေါ့. . မေ့မှာ ပန်းပင်သေးသေးကလေးတွေ အများကြီးရှိတယ်. . နယ်ကအိမ်မှာဆို ပိန်းပင်တွေ၊ နောက် ဒင်ဒရိုဆီယမ်သစ်ခွတွေ တစ်ခြံလုံးအပြည့်ပဲ. . မေမေတို့က ဒင်ဒရိုဆီယမ်စိုက်ပြီး အသက်မွေးတာဆိုပါတော့. ."

" ဒါနဲ့ . . ရှုကရော ပန်းမကြိုက်ဘူးလား. ."

" ကျွန်မ ပန်းမကြိုက်ပါဘူး. . 'လီလီပန်းဆိုသိပ်မုန်းတာ"

သူမနက်ကပေးသောပန်းစည်းမှာ လီလီပန်းတွေအများကြီးပါသည်။ သို့သော် သူက သူမမျှော်လင့်ထားသလို မျက်နှာမပျက်ပါ။

" ရှု ဆီ ပန်းစည်းပို့တဲ့အခါဆို ရှုဘာယ်လိုလုပ်လဲ "

ဒါ သူမကို သွယ်ဝိုက်ပြီးမေးတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မ အမှိုက်ပုံးထဲ ထည့်လိုက်တာပေါ့ "

" အံ့ဩစရာပဲနော်. . မေ နဲ့ ရှု ကာဝတ်စားပုံချင်းလဲ မတူ ဝါသနာချင်းလည်းတူပုံမရဘဲ. . တစ်အိမ်တည်းနေလို့ရတယ်. . ကိုယ်သိသလောက် မိန်းမနှစ်ယောက် အတူတူနေရင် ဘယ်တော့မှ မတည့်ဘူးတဲ့. . "

နမကာ သူ့စကားကိုရယ်မောသည်။

" မေ က ရှု လိုသိပ်မတတ်နိုင်ဘူး ဦးအံ့ဖွယ်အောင်ရဲ့ . . မေ့ မိဘတွေကို ရတဲ့လစာပြန်ပို့ရသေးတယ်. . ရှုက ကိုယ့်ငွေ ကိုယ်သုံးခွင့်ရှိတယ်. . ရှုဘဝကို မေက အားကျနေရတာ. . ရှုက အစစအရာရာ မေ့ထက် မြင့်ပေမယ့် မေ့အပေါ်မှာ ထောက်ထား တယ်. . စာနာတယ်. . မေဒီကုမ္ပဏီဝင်စတုန်းကဆို နေစရာ မရှိတော့ ထိုင်တောင်ငိုမိတယ်. . ရန်ကုန်မှာ ကျောချစရာနေရာ တစ်နေရာရှိမှ အဆင်ပြေတာ. . ရှုက မေ့ကျေးဇူးရှင်ပါပဲ. . "

သူမသည် သူ့ရဲ့ပါးနပ်သောတိုက်ကွက်ကို အခုမှ မြင် လာသည်။ သူက နိုးသားသော မေ နှင့်သူမကို တစ်ဖက်လှည့် တိုက်နေသည်ပဲ။

မေ့ကို သူဘယ်လိုချဉ်းကပ်လိုက်သလဲမသိပါ။

မေ့မျက်နှာကြည့်ရတာ သူ့ကို အားကိုးခင်မင်နေပုံ ပေါက်သည်။

× × × × × × × ×



ဖေဖော်ဝါရီလ (၂)ရက်နေ့ ညနေခင်းသည် သူမအတွက် တော့ အလွန်စိတ်ရှုပ်စရာကောင်းပါသည်။ အကြောင်းမှာ. . ထမင်းဟင်းချက်နေသောမေသည် သူ့အကြောင်းတွေ ဖောင်ဖွဲ့ ၍စကားများနေသည်။ သူမသိပြီးသား အကြောင်းအရာတွေကို မေက သိလားဆိုသောပုံစံမျိုးဖြင့် ပြောပြနေတာ အခံရခက်သလို စိတ်ညစ်စရာကောင်းသည်။

" သူ့မှာ အစ်ကိုတစ်ယောက်ရှိတယ်တဲ့. . အဲဒီအစ်ကိုက သူ့အသက် ဆယ်ကိုးနှစ်ကတည်းက သူ့ကိုကျောင်းထားပေးခဲ့တာ ဆိုပဲ. . သူပဲခူးကောလိပ်က ရန်ကုန်တက္ကသိုလ်ပြောင်း. . ဒီမှာ ဘွဲ့ရပြီး ဩစတြေးလျမှာ Account နဲ့ပတ်သက်တဲ့ Diploma တစ်ခုယူခဲ့ဖူးတယ်. . အဲဒါအကုန်လုံး ကိုကြီးမော် ကူညီတာတဲ့၊ သူ့အိမ်ထောင်ကျရင်လည်း . . သူ့ဩဇာနောက်ကို လိုက်မယ့် [illegible]းမမျိုးပဲ ယူမှာတဲ့သိလား. . "

www.burmeseclassic.com



" တော်ဘော် အမြင်ကပ်ဖို့ကောင်းတဲ့လူပဲ. . အဲသလို သူ့ဩဇာအောက်မှာပဲ မိန်းမကိုထားရင် . . သူက လင်အဖြစ် မပေါင်းသင်းထိုက်တဲ့သူပဲ. . ငါယောက်ျားပဲ၊ ငါအိမ်ထောင်ဦးစီးဆိုပြီး ဒီခေတ်က မာန်မတက်နဲ့တော့. . အိမ်ရှင်မခေတ် ဖြစ်နေပြီ. . "

" ရှု့ အတွက်တော့ဟုတ်မှာပေါ့. . . မေကတော့ သူ့ကို အားကိုးရ်ကဲ့ လူလို့မြင်တာပဲ. . သူ့လိုလူတစ်ယောက်ကို လက်ထပ်ခွင့်ရရင် အဲဒီမိန်းကလေးဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးဖြစ်မှာပဲ. . . "

" မေက ဘာနဲ့သေချာနေတာလဲ. . သူ့အကြောင်းကို မေက တော်တော်သိလို့လား. . "

" ဒါကတော့ အကဲခတ်ကြည့်ရတာလေ. . "

" ရှုကတော့ သူ့မျက်လုံးတွေကို တယ်မကြိုက်လှပါဘူး. . "

သူ့ကိုတွေ့စက အမြင်တစ်မျိုးဖြစ်ခဲ့သော မေသည် ယခု သူ့လူဖြစ်၍နေပြီ။

သူ့ရဲ့ဆွဲဆောင်သိမ်းသွင်းတတ်သောပညာကို အထင်သေး၍မရ။ မေသည် ဝတ်ပုံစားပုံက အစ သူမနှင့် လုံးဝ ဆန့်ကျင်ဖက် ဖြစ်သည်။

မြန်မာဆန်သည်ဟုမဆိုနိုင်သော်လည်း မေ့ရဲ့ ဝတ်ပုံစားပုံက အတော်ကလေးရိုးပါသည်။ စကားပြောလျှင်ပြုံး၍ပြောတတ်ပြီး အမြဲတမ်း ပူပူဆူဆူ နေတတ်သော သူမနှင့်ယှဉ်လျှင်



အေးသူဟု လူအများက တခုတ်တရ ပြောကြသောသူဖြစ်သည်။

အမှန်တော့ မေသည် လူတွေထင်သလို အတွေးအခေါ်နုံချာရိုးသားသူမဟုတ်ချေ။ သူမ မသိသော လူ့လောကဖောက်ပြန်မှုများကို မေကပင်ပိုသိသေးသည်။ ပြီးတော့ မေတို့ Site က အပျိုကြီးအန်တီခင်က ကန်ထရိုက်တိုက်ခန်းဇာတ်လမ်းများစွာကိုသိရှိသူ။ မေက တစ်ဆင့်သူမကိုပြန်ပြောပြလျှင် ဟင်. . တယ်. . အဲသလိုဖြစ်ရသူ. . ။

" မေ့ကို လူတွေက သိပ်အေးတယ်လို့ထင်ကြတယ်. . . ဝတ်ပုံစားပုံကြောင့် ထင်ပါရဲ့. . တကယ်တော့ မေလည်း ဝတ်ချင်တာပေါ့ ရှုရယ်. . ဒါပေမယ့်. . ငွေရှိမှဖြစ်မှာ. . အခုက ရှိတဲ့ငွေ အိမ်ပြန်ပို့ရသေးတယ်. . " ဟုဝန်ခံခဲ့ဖူးသူ။

မေ့ကို သိမ်းသွင်းနိုင်ဖို့ဆိုလျှင် မေ့ရဲ့သူဘောကို ကျွမ်းကျင်သူမှရပေမည်။ သူမတို့ပတ်ဝန်းကျင်တွင် မေကဲ့သို့မိန်းမများရှိပါသည်။ ပုံစံကသာ ရိုးရိုးအေးအေး၊ တမင်ရိုးရိုးအေးအေးပုံ ခမ်းထားပြီး စိတ်ဓာတ်က ပုံစံနှင့်ပြောင်းပြန်အချိုးကျနေတာ။ အခုတောင် မေသည် သူမအိမ်မှာ နေရသူမို့လို့။ နို့မို့ဆို မေလည်း အထင်မသေးနဲ့ အစွယ်ကလေးနဲ့သူဆိုတာမျိုးဖြစ်သည်။

သူမနှင့် ငါးနှစ်အတူနေခဲ့ဖူးသူမို့ သူမ ဦးအုံ့ဖွယ် အောင်အကြောင်းကို မကောင်းသဘော အနည်းငယ် ဆိုရုံမျှဖြင့် မေ သူမကို မကြည်တော့တာ သူမလှစ်ခနဲသိလိုက်သည်။

မေ့ မျက်နှာစူပုပ်သွားလျှင် အပြင်လူမသိပေမယ့်. . သူမကတော့သိသည်၊ နှုတ်ခမ်းကို ပြုံးရာမှ ရပ်လိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းက မဲ့သွားပုံပေါက်သည်။

အကြောင်းသိမှ မေမဲ့တာကိုမြင်လိမ့်မည်။ အခုလည်း နှုတ်ခမ်းကမဲ့သွားပြီ။

" အစကတော့ ရှုကိုသူကြိုက်မှာပဲလို့ ငါထင်ခဲ့တာ "

" ဟုတ်လား "

" အင်း. . . ယောကျ်ားတွေက လှတဲ့မိန်းမဆို ပိုကြိုက်ကြတယ်လေ. . . "

" . . . . . . "

မေ့ စကားတွေက လုံအသွား။ မာအသွားကဲ့သို့ ချွန်မြလာသည်။

သူမမှာ ကြက်သေသေပြီး ကြည့်ရှုံသာကြည့်နေမိသည်။

" သူ့ကိုလည်း အဲသလိုထင်ခဲ့မိတယ်. . ။ ဒါပေမယ့် သူက မိန်းမတစ်ယောက်ရဲ့အလှထက် ဘဝကိုပိုစိတ်ဝင်စားတယ် သိလား. . အလှဆိုတာ ဘဝလို လျှို့ဝှက်ချက်ဆိုတာရှိမှမရှိဘဲ. . ခုခေတ်မှာဆို ပိုဆိုးသေးတယ်. . မျက်တောင်ကော့ချင်ရင် မျက်တောင်ကော့တဲ့ ပစ္စည်းရှိတယ်. . မက်စ်ကာရာ (Mascara) ရှိတယ်. . မျက်နှာဝင်းချင်ရင် ရွှေသွင်းလို့ရတယ်. . ခေါင်းက ခြေထောက်အထိ ပြုပြင်လို့ရတာချည်းပဲ. . ဘဝဆိုတာကကျတော့ ပြုပြင်ဖို့စိတ်ဓာတ်ခွန်အားလိုတယ်. . အသိဉာဏ်လို တယ် သူပြောပြတာသိလား. . သူပြောပြမှ မေကိုယ့်ကိုကိုယ် အားငယ်ခဲ့တာ မှားမှန်းသိတယ်. . သူကမေ့ကို စိတ်ဝင်စားနေတာတဲ့. . ရှု"





သူက. . မေ့ကို စိတ်ဝင်စားနေတာတဲ့. . ရှု. .

သူက. . မေ့ကို စိတ်ဝင်စားနေတာတဲ့. . ရှု. .

သူက. . မေ့ကို စိတ်ဝင်စားနေတာတဲ့. . ရှု. .

ထိုစကားက သူမနှလုံးသားထဲသို့ တန်းတန်းမတ်မတ် စိုက်ဝင်သွားသော လှံတစ်ချောင်းဖြစ်သည်။

သူမမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်မသွားဖို့ တော်တော် ကြိုးစားလိုက်ရသည်။ မေမက ဝက်သား သုံးထပ်သားများကို မီးဖြင့် အနေတော်လှီးပြီး ရေဆေးနေရင်း စကားဆက်သည်။

" ဒါပေမယ့် သူက စကားပြောတာလှတယ်. . တိုက်ရိုက်ကြီးပြောတာမဟုတ်ဘူး. . ကျွန်တော်က မေ့လိုအေးဆေးတည်ငြိမ်ပြီး. . ကြိုးစားတဲ့မိန်းကလေးမျိုးဆို စိတ်ဝင်စားတတ်တယ်တဲ့"

" ဒါဖြင့်ရင် မေ သူ့ကို ကြိုက်လား . . "

" ဘာမှ ငြင်းစရာမရှိဘူးလေ. . "

" သူက လူလိမ်တစ်ယောက်ပဲ. . "

" ရှုက ဘာလို့ပြောနိုင်တာလဲ. . "

" မဟုတ်ဘူး. . အဲ့ဒါသူလိမ်နေတာ. . "

" ဒါဆို. . ရှု ငါမေးမယ် ငါ့ရုပ်ရည်က သူလိုလူတစ်ယောက် မကြိုက်နိုင်လောက်အောင် နိမ့်ကျနေလို့လား. . . "

" ငါ အဲ့ဒီလိုမဆိုလိုပါဘူး. . "

" နင်ပြောတာ အဲ့ဒီအဓိပ္ပါယ်ပဲ. . . "

www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်ဘူး . . . ဒီမယ် မေ . . ယောက်ျား တစ်ယောက်က စိတ်ဝင်စားတယ် ပြောတာနဲ့ . . မေက အရှည်ကြီး တွေးပြီး မပျော်သင့်ဘူး . . သူ့စကားတတ်တိုင်း လျှောက်ပြောတာဆို ဘယ်လိုလုပ်မလဲ ငါက သူငယ်ချင်းဘက်ကပြောတာ . . သူနဲ့ နင် ထစ်ခုခု သတင်းထွက်ရင် လူတွေက နင့်ကိုဘဲ ကုပ်ကမြင်း လို့ပြောမှာ . . ."

" ဒါဆို နင်နဲ့ သတင်းထွက်ရင်ရော . . "

" အေး . . . ငါ့မှာ လက်ထပ်ရမယ့်သူရှိတယ် . . ငါတို့ ကြိုက်တဲ့ယောက်ျားတိုင်း . . ငါပြန်တွဲရင်တောင် ငါ့ဘက်က ကြွေလို့ဆိုတဲ့ သတင်းမျိုးမထွက်ဘူး . . သူတို့ကြိုက်လို့ပဲထွက် တယ် . . အဲဒါ ဘာ့ကြောင့်လဲဆိုတာ နင်သိမှာပါ . . ."

မေ တစ်ချက်ငိုင်သွားလေသည်။ သူမဒီကုမ္ပဏီကို ရောက်သော ငါးနှစ်အတောအတွင်း သဘောကျသော သူများထဲမှ ရုပ်ချောသော ယောက်ျားများနှင့် တွဲသွားတွဲလာရှိခဲ့သည်။

သူမမှာ အိမ်၊ ကား၊ မိဘအမွေအနှစ်၊ ရုပ်ရည်၊ ပညာ အရည်အချင်း အကုန်ပြည့်စုံသူဖြစ်ရာ သူမက ယောက်ျား တစ်ယောက်ကို အားကိုးသော သဘော၊ ရိုင်းရိုင်းပြောလျှင် ပစ္စည်း မက်ပြီး ယောက်ျားတစ်ယောက်ကို တွဲစရာအကြောင်း မရှိဟု ပတ်ဝန်းကျင်ကယုံသည်။

ပြီးတော့ သူမကသိပ်လှသည်။

ထိုအလှကြောင့်ပင် သူမသည် လူအများ၏ ဖေးမ



နားလည်မှုကိုပိုရခဲ့သည်။ အကယ်၍သူမသာ ငွေမရှိရှင်၊ ချမ်းသာရင် ရုပ်ကလေးဖန်ပြပြီး ရှုပ်တယ်ဟု စွပ်စွဲကြမှာ သေချာသည်။

အခုတော့ အားလုံးပြည့်စုံသူမို့ . . "ရှုတို့က အကုန်လုံး ပြည့်စုံနေတာပဲ . . ဒီလောက်ပြည့်စုံတော့ ဈေးကွက်စီးပွားရေးနဲ့ ယောက်ျားတွေက သဘောကျမှာပဲ . . ရှုကခပ်လည်လည် မဟုတ်ဘူး . . ."

ဆိုလိုတာက ရုပ်နဲ့ ချမ်းသာသောယောက်ျားတွေကို မစမ်းဟုထင်ကြသည်။ တကယ်လည်း သူမငွေမမက်ပါ။

သူမနှင့်ဆန့်ကျင်ဘက် မေ့ မှာတော့ ဘာမှမရှိ။ ထိုသို့ မရှိသော မေသည် သူနဲ့သာဆို ကျိန်းသေပေါက် သမုတ်ခံရ မှာဖြစ်သည်။

ပတ်ဝန်းကျင်သည် ရှိခြင်းနှင့် မရှိခြင်းအပေါ်တွင် ကာယကံရှင် ကိုယ်တိုင်ထက် ပိုစိတ်ဝင်စားတတ်ပြီး ဆုံးဖြတ်ပေး တတ်ကြသည်။

သူမ အခုမေ့ကိုပြောချင်တာ အဲဒီသဘောပင်ဖြစ်သည်။

ပြီးတော့ သူမနဲ့ ဦးအုံ့ဖွယ်အောင်က ပြိုင်ပွဲတစ်ခုကို တိတ်ဆိတ်စွာ ယှဉ်ပြိုင်နေသူ၊ ဘုမသိဘမသိနဲ့ မေက ဓားစာခံ။ ထိုအကြောင်းကို သူမပြောလိုက်လျှင် မေ ဆတ်ဆတ်ခါ နာသွားလိမ့်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှက်ကြီး၊ အနာကြီးတာထက် သူမကို အထပ်
သွားလိမ့်မည်။

ယခုတောင် သူမကို စိတ်ကွက်သွားသောပုံစံ။

နင့်ကို တမင်သက်သက် အသုံးချတာဟု ဆိုလိုက်တာ
သူမကို အမြင်ကတ်ကာ ညှိုးမယ့်မိန်းမမျိုးဖြစ်သည်။

" မင်းပြောတာ ငါသဘောပေါက်ပါတယ် ရှ . . ဒါပေမ
ငါ့ကို ရင်ခုန်ခွင့်တော့ပေးပါဦး "

အုရားရေ . . ။

မေတော့ သူ့လှည့်ကွက်မှာ သူမထက်ကဆိုးစွာ
တစ်ကိုယ်လုံးကြိုးနဲ့ ချည်ပြီးသားဖြစ်၍နေပြီ။ မေ့ပုံစံ
ဖွတ်တရွတ်နဲ့ ခေါင်းမာမယ့်ပုံစံ။

သူမကိုမပြောဘဲ ထိန်ချန်ထားတာတွေ မေ့မှာ အ
ကြီးရှိသေးပုံရသည်။

" နင့်မှာ ယောက်ျားနဲ့ပတ်သက်ပြီး အတွေ့အကြ
မရှိဘဲမေ . . ငါက နင့်အတွက် စိုးရိမ်လို့ပြောတာ . . နင်မကြ
ရင် ငါ နောက်မပြောတော့ပါဘူး . . "

မေက သူမစကားကို နှုတ်ခမ်းတွန့်ပြုံးလေသည်။

× × × × × × × ×



"မေဖော်ဝါရီလ (၃) ရက်"

ဒီနေ့မနက်ခင်းသည် ခါတိုင်းနေ့လိုမကြည်လင်။ နေလည်း
ရောင်မထွက်ဘဲ အုံ့မှိုင်းနေလေသည်။ မေက ဒီနေ့တော့
နှစ်နာရီထိုးကတည်းက လှလှပပဝတ်ဆင်ကာ ထွက်သွား
ပြီသည်။

သူမကို နှုတ်တောင်မဆက်။

မေထွက်သွားပြီးမှပင် ဖုန်းလာလေသည်။

" ဟဲလို . . မေလား . . "

" မေ မရှိတော့ဘူး . . ခုပဲထွက်သွားတယ် . . "

"ကိုယ့်ကားနဲ့အတူတူသွားမယ်ပြောပြီး မေက အရင်
ထွက်သွားရတယ်လို့ . . ရပြီ ရှ ကျေးဇူးပဲနော် . . "

ဆိုကာ သူ ဖုန်းချသွားလေသည်။ သူမမှာ တော်တော်
စိတ်ကသိကအောက် ဖြစ်ကျန်ခဲ့သည်။

သူဟာ မာယာများတဲ့သူဟု မုန်းလာမိသလို ဒီလိုမျိုး
အဘက် မြှားဦးလှည့်သွားတာကို စိတ်က မနာလိုသလို မကြိုက်
တတ်ခံစားမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ နှုတ်ခမ်းနီကို နီညိုရောင်ရင့်ရင့်ဆိုးဖြစ်သည်။

စိတ်မာတ်ကျ အားငယ်တဲ့အခါ သူမရဲ့ အားနည်းသော မျက်ဝန်းများကို လူမသိစေရန် နှုတ်ခမ်းဆိုးဆေး အရောင်ရင့်ရင့်ဖြင့် ရဲရင့်စေတတ်သည်။

အကျီ ပန်းရောင် လည်ဟိုက် ဆွဲသားလက်ရှည်နှင့် ဖိချုပ်စတတ်ဒ်အနက်၊ ပြီးတော့ စီးကွင့်စ်ပန်းရောင်ထိုးထားသော တတ္တီပါ လေးညှင်းရောင်ဖိနပ်ကိုစီးသည်။ လက်ကိုင်အိတ် သားရေအဖြူရောင်ဖျော့ဖျော့ကလေးကို ကိုင်သည်။

ဒီနေ့အဖို့ အုံ့ဖွယ်အောင်ကို စွန့်လွှတ်နိုင်ရမည်ဟု စိတ်ဆုံးဖြတ်ကာ ကုမ္ပဏီကို စိတ်မပါ့တပါထွက်ခဲ့သည်။

သူမအခန်းရှိ စားပွဲပေါ်တွင် ဒီနေ့ နှင်းဆီဖြူလေး တစ်ပွင့်သာ တင်ထားသည်။ ဘာကတ်ဒ်မှမပါ။ ခါတိုင်းနေ့က ပန်းစည်းတွေကို အမှိုက်ပုံးထဲ ထည့်ပစ်သဖြင့် ဒီနေ့ နှင်းဆီဖြူလေး တစ်ပွင့်သာ အားနာပါးနာ လာထားတာ ဖြစ်လိမ့်မည်။ စိတ်ရှုပ်ပါတယ်၊ သူမကို စိတ်အနှောင့်အယှက် ပေးနိုင်တဲ့နေရာမှာတော့ အုံ့ဖွယ်အောင်သည် လောလောဆယ် နံပါတ်တစ် ဖြစ်နေသည်။

နှင်းဆီဖြူလေးကို စိတ်တိုစွာဖြင့်ကောက်ယူလွှင့်ပစ်တော့. .

ပြောင်လက်နေသော ရှူးဖိနပ်တစ်ရံ၏ ခြေရင်းကို ရောက်သွားလေသည်။ ဖိနပ်ပိုင်ရှင်သည် သူဖြစ်နေသည့်အတွက် သူမ မအံ့ဩတော့ပါ။

" ကိုယ့်ကို အဲဒီလိုမကြည့်ပါနဲ့ ရှ. . မင်း အဲဒီလိုကြည့်တာ ကိုယ်သိပ်အခံရခက်တယ်. . "



သူမ သူ့ကို စကားမပြောသေးဘဲ စူးစူးစိုက်စိုက်ကြည့်သည်။ စိတ်ထဲကမုန်းတီးမှုတွေကို သူမမျက်ဝန်းကတစ်ဆင့် သူမြင်မှာ သေချာပါသည်။

" မေ နဲ့တော့ ကျွန်မကို တိုက်ကွက်မဖော်သင့်ဘူး. . "

" မေ . . ဟုတ်လား . အင်း. . မေ့လိုမိန်းမမျိုးတွေ ကိုယ်ဘယ်တုန်းကမှ အထင်မကြီးခဲ့ဘူး ရှ. . အပေါ်ယံနဲ့အောက်မှာ တခြားစီ အမြဲဖြစ်နေတတ်တယ်. . ပြီးတော့ ကိုယ့်ကိုကိုယ့် အထင်သိပ်ကြီးတတ်တယ်. . သူတို့ရဲ့ တကာယ့်မျက်နှာကိုသိချင်ရင် မျှောက်ပေးလိုက်တာနဲ့ပေါ်လာတယ်. . သိမ်ငယ်ချင်ယောင်ဆောင်ပြီး. . . အချိုးကျူးခံဖို့ အလုပ်လုပ်တတ်တဲ့ လူမျိုးပေါ့. . ပြီးတော့ မနာလိုစိတ်လည်းရှိကြတယ်. . သူများလုပ်နိုင်သလောက်ငါမှာလည်းအစွမ်းရှိတယ်လို့ထင်ကြတယ်. . အဓိကက မင်းကို သူ ဂျဝင်နေတယ် ရှ "

" ဒါ မိန်းမတွေ ကိစ္စပါ "

" ဟုတ်တယ်လေ. . အဲဒီ မိန်းမနှစ်ယောက် မတူတာ ကိုယ်ကောင်းကောင်းသိတယ်. . ဘယ်သူကိုယ့်ကို လိုအပ်တယ်. . ဘယ်သူ့ကို အလွယ်တကူ ရနိုင်တယ်ဆိုတာ ကိုယ်ပဲခွဲခြားသိတယ်. "

" ရှင်အောက်တန်းကျသွားလိမ့်မယ်ရော မထင်ဘူးလား. . "

" မိန်းမနှစ်ယောက်ရဲ့ မျက်နှာဖုံးအောက်မှာ ဘာတွေ ရှိလဲဆိုတာ ကိုယ်ကြိုးစားရှာသက်သက်ပါပဲ ရှ. . "

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ . . ဟင် . . ကျွန်မစိတ်ကစားမိတယ် . . ကျွန်မဝန်ခံပြီးပြီလေ . . ရှင်ဟာ မိန်းမတွေ စိတ်ကူးယဥ်စရာ ကောင်းလောက်အောင် အချက်တွေ တော်တော်များများပြည့်စုံနေတယ် . . ရှင့်ကို စိတ်ကူးယဥ်မိတာမှားလား"

" ရှူက တော်တော်ပွင့်လင်းတာပဲ . . ရှူက ပွင့်လင်းပြီး အပြစ်ကင်းနေတော့ ကိုယ်ပိုပြီးသဘောကျလာတယ် . . ကဲ . . ဒီလိုဆို အိမ်ထောင်မရှိသေးတဲ့ မိန်းမတစ်ယောက်ကို ကိုယ်နည်းမျိုးစုံနဲ့သုံးပြီး ယူဖို့ကြိုးစားတာ မင်းဘာနဲ့အောက်တန်းကျတယ် စွပ်စွဲမလဲ . . "

" စွပ်စွဲနေတာမဟုတ်ဘူး . . ကျွန်မသူငယ်ချင်းအတွက် ကာကွယ်ရမယ် . . ရှင့်အကြောင်းတွေ သူသိအောင်လုပ်ရမယ်"

" ဒါဆို သူ့အကြောင်းရော ရှူ ဘယ်လောက်သိလဲ . . "

" သူ့မှာ ယောကျ်ားနဲ့ပတ်သက်ပြီးအတွေ့အကြုံမရှိဘူး . . သူသိပ်ယုံလွယ်တယ် . . အထင်ကြီးလွယ်တယ် . . "

" မေ့ အကြောင်းတကယ်မသိသေးတာ မင်းပဲ ရှူ "

" ရှင် ဘာကိုဆိုလိုတာလဲ . . "

သူက ခန်လွန်လွန်ပြုံးလေသည်။ ထိုအပြုံးတွင် ကောက်ကျစ်မှုများစွာ ပါဝင်လျက်ရှိသလို လှို့ဝှက်ချက်တွေလည်း ပါဝင်လျက်ရှိသည်။





" ရင်ထဲမှာမကျေနပ်ရင် မကျေနပ်သလိုနေတတ်တဲ့ ရှူ့ကို ကိုယ်ဘယ်တော့မှ မစွန့်လွှတ်ဖူး . . ရှူက communication ကောင်မြင်တာလည်းမပြောနဲ့ . . ရှူ့ လိုမိန်းမမျိုးမှာ အားနည်းချက်တစ်ခုပဲရှိတယ် . . အဲဒါ . . ယုံလွယ်တာပဲ . . "

" ကျွန်မက ရှင့်ကို ရှေ့ဆက် ပြဿနာမရှာဖို့မျှော်လင့်ပါတယ် . . "

" ဘာဖြစ်လို့လဲ . . "

" ကျွန်မသူငယ်ချင်းနဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ်တော့မှပြိုင်မလုဘူး . . . မထူးပါဘူး ကျွန်မ မေ့ကိုပြောပြလိုက်မယ် . . "

" ပြောလေ . . သူ မင်းနဲ့ကိုယ် . . မင်းကိုယုံမယ်ထင်ရင် ပြောပေါ့ . . "

" ရှင် . . ကျွန်မအခန်းထဲကထွက်သွားပါ . . "

" မင်းတတ်နိုင်တာဒီစကားပဲရှိရင် . . တခြားစကားလေး ကောင်းပြင်ပြောပါလား ရှူ . . ဒါနဲ့ မင်း ဘာလို့ ပန်းကိုလွှင့်ပစ်တာလဲ . . ပန်းမှာအပြစ်မှမရှိဘဲ . . "

" ရှင့်ငွေနဲ့ဝယ်ပေးတဲ့ပန်းဖြစ်နေလို့ကိုလွှင့်ပစ်တာ"

" နည်းနည်း ယဥ်ယဥ်ကျေးကျေးသုံးပါဦးလား ရှူ . . . ရှူမှာ ဟိုနေ့ညကလို ကိုကိုလို့မခေါ်နိုင်ရင်တောင် သိပ်ရင့်ရင့်သီးသီး မသုံးစေချင်ဘူး . . "

" ကျွန်မ သိပ်စိတ်တိုလာပြီ . . "

www.burmeseclassic.com



" ကိုယ့်ကို ဘာလုပ်ချင်လဲ . . .မင်းစိတ်ချမ်းသာမယ် ထင်ရင် လုပ်လေ . . "

" သတ်ပစ်ချင်တယ် . . ရှင်တကယ်ပြဿနာကိုမီးမွှေး နေတာပဲ . . "

" ပြဿနာက ကိုယ်မဟုတ်ဘူး . . မင်းပဲ ရှ . . မင်းသာ ကိုယ့်ချစ်သူဆိုရင် ကိုယ်ဒီလိုမေ့ကို အသုံးချစရာကိုမလိုတာ . . ဒါပေမယ့် မေဟာ မင်းထင်ထားသလိုမရိုးသားဘူးဆိုတာ ကိုယ် ပြချင်သေးတယ် . . မင်းအိမ်မှာ မင်းရန်သူတစ်ယောက်ကို ခေါ်တင်ထားတယ်ဆိုတာ ကိုယ်သက်သေပြချင်သေးတယ် . . "

" Stupid ! You all're stupid. "

သူက တည်ငြိမ်လေ သူမက ပေါက်ကွဲလေဖြစ်သည်။

မေက သူလူလုံးလုံးဖြစ်နေလေပြီဆိုတာ ညကတည်းက သူမသဘောပေါက်ခဲ့သည်။ ဒါတောင် ရက်ပိုင်းပဲရှိသေးသည်။

သူမတုန်းကလည်း ရက်ပိုင်းမျှနဲ့ သူ့ကိုကြွေခဲ့သည်ဆို တော့ . . ခက်တာပဲ . . .။

" ရှင်ဘာလိုချင်လဲ ဦးအဲ့ဖွယ်မှအောင် "

သူကပြုံးသည်။ သူမ ပုခုံးနှစ်ဖက်ကို သူ့လက်နှင့်ဖက် ဖြင့်အသာကိုင်ကာ . . ခပ်တိုးတိုးဆိုသည် . . ။

"ကိုယ်ဘာလိုချင်လဲ . . ဟုတ်လား . . အဲသလိုမေးတာ နိုင်းတယ်လို့မထင်ဘူးလား ရှ . . ဟင် . . ဒါပေမယ့် . . မင်းမေးလို့ ကိုယ်ဖြေပါ့မယ် . . ကိုယ်မင်းကိုလိုချင်တယ် ရှ . . ခဏ မဟုတ်ဘူး . . ဒီတစ်သက်လုံးအတွက် ကိုယ့်ဘဝနောက်ဆုံးအချိန် ထိ မင်းကို ကိုယ်ပိုင်ဆိုင်ချင်တယ် . . "



" ကျွန်မ ဘာတတ်နိုင်မှာလဲ . . ကျွန်မမှာ သားငယ်ရှိ နေပြီလေ . . ပြီးတော့ သားငယ်ကို ကတိပေးပြီးသွားပြီ . . . ဒီနှစ် ကုန်ရင် ကျွန်မတို့လက်ထပ်ကြမှာ . . "

" တစ်နှစ်မပြောနဲ့ . . တစ်ရက်ကလေးမှာတောင် . . အပြောင်းအလဲတွေအများကြီးဖြစ်နိုင်သေးတာပဲ ရှ . . မင်းကိုယ် မင်း သူ့နဲ့လက်ထပ်ဖြစ်မယ်လို့သေချာနေလို့လား . . "

" သူက ကျွန်မကိုချစ်တယ် . . ပြီးတော့ ကျွန်မကို မလှည့် စားဘူး . . မာယာမရှိဘူး . . ကျွန်မအတွက် သူငယ်ချင်းဆို သူ့ အတွက်လည်း သူငယ်ချင်းပဲ . . "

" အိုကေ . . ကိုယ်နားလည်ပြီ . . ကိုယ်က မင်းကိုလှည့်စား တယ် . . မာယာများတယ် . . မင်းသူငယ်ချင်းကိုလည်း အသုံးချ တယ် . . ကိုယ်ကလူဆိုး . . လူမိုက် . . လူယုတ်မာ . . ကိုယ်နဲ့ လက်ထပ်ရရင်မင်းစိတ်ဆင်းရဲမယ် . . ဒါပေမယ့် . . မင်းကို ကိုယ်ချစ်တယ် ရှ . . မင်းကိုချစ်လို့ ကိုယ်ပိုင်ဆိုင်ဖို့နည်းမျိုးစုံ သုံးပြီးကြိုးစားမှာပဲ . . ဒါဆို မင်းနားလည်ပေးပါ . . "

" ရှင် မေ့ကိုတော့ ဆက်ပြီး . . "

" မေ့ကိုတော့ ဆက်ပြီးအသုံးချရဦးမှာပဲ . . မိန်းမနှစ် ယောက် တစ်ယောက်ကိုတစ်ယောက် သစ္စာရှိ မရှိသိချင်ရင် ယောက်ျားတစ်ယောက်နဲ့ ပြိုင်တူပတ်သက်ရတယ် . . အဲဒါဆို အဲဒီ မိန်းမနှစ်ယောက်ရဲ့ အတ္တကို ကောင်းကောင်းသိနိုင်တယ်"

" ကျွန်မအလုပ်ထွက်ပစ်မယ် "

www.burmeseclassic.com

www.burmeseclassic.com



" အလုပ်ထွက်လည်း ကိုယ့်ဆီက မင်းထွက်ပြေးလို့မရတာ မင်းသိထားပါ ရှ. . ကိုယ်အခုအသက်ထိ လိုချင်တာရအောင်ယူခဲ့တာချည်းပဲ "

" လိုချင်တာရအောင်ယူခဲ့တာထားပါတော့. . မလိုချင်တာမှရှင့်မှာမရှိတာ. . "

" မိန်းမမှန်ရင် လိုအပ်တာပဲ ရှ. . မိန်းမဆိုတာမရှိရင်ယောက်ျားတွေဘဝ သိပ်ပျင်းစရာကောင်းသွားမှာပေ့ါ. . "

ဖေဖော်ဝါရီလ (၃) ရက်နေ့သည် သူမအတွက် စိတ်ဆင်းရဲဒေါသထွက်ရသောနေ့ဖြစ်သည်။ တစ်ခါမှ ဒီလောက် စိတ်မဆင်းရဲဘူးပါ. . ။

စိတ်ဆင်းရဲသောကများကို ရင်းနှီးသူများထံဖွင့်အံခြင်း ဖြင့်လျော့ပါးစေနိုင်သည်ဟု သိထားသော်လည်း သူမမှာ ဘယ်သူ့ကို သူ့အကြောင်းပြောပြရပါမလဲ, . ။ သူ့အကြောင်း သားငယ်ကို ပြောပြလျှင် သူမကိုပဲတစ်ယောက်က ဖိဘောင်းတော့မည်။ မေ့ကိုတော့ ပြောပြ၍မဖြစ်. . ။

မေသည် သူမအတွက် အချိန်မရွေးပေါက်သတ်နိုင်သော မြွေဟောက်မ တစ်ကောင်နှင့်တူနေပေပြီ. . ။

မျက်နှာကြည့်တော့ ပြုံးနေပြီး အတွင်းစိတ်က သူမအပေါ်မှာ ကောက်ချိတ်နေတာကို ညနေဘက်မှာ သူမရင်ဆိုင်ရလေသည်။

" သားငယ်ဆီက ဖုန်းမလာဘူးလား ရှ "



" အေး. . မလာဘူး. . အလုပ်ရှုပ်နေမယ်ထင်တယ်, . ရန်ကုန်မှာဖက်စပ်စက်ရုံဆောက်ဖို့ သူ ပရောဂျက်တွေ ဆွဲနေရမှာပေ့ါ "

" ဒါဆို လစာ အများကြီးရမယ်ထင်တယ်. . "

" အင်း. . ခုဝင်ငွေထက် နှစ်ဆခွဲသုံးဆလောက်ပေ့ါ. . "

" ရှကတော့အလုပ်လုပ်တဲ့သူကိုရွေးထားတာပဲ. . ဒါနဲ့ ရှုတို့လက်ထပ်ဖို့ကဘယ်တော့လဲ. . "

" ဒီဇင်ဘာလထဲမှာ "

" သေချာလို့လား ရှ. . "

" ဘာကိုဆိုလိုတာလဲ မေ. . "

" ဪ . . ငါပြောချင်တာ. . သူကသေချာလို့လားလို့. . ရည်စားသာဖြစ်တယ်. . နင့်ဆီ တစ်နှစ်နေလို့ စာတစ်စောင်မှမရေးဘဲ. . ဖုန်းလည်းဆက်ခဲလိုက်တာ. . အဲဒီလူမျိုး က နင့်အတွက်မသေချာရင်. . နင်ဒီတစ်ယောက်တည်းနဲ့ နောက်ထပ်ထပ်မရဘဲနေမှာပေ့ါ. . "

သူမစိတ်ထဲ တော်တော်မျက်သွားပါသည်။

သားငယ်နှင့်သူမအတွင်းရေးကို မေအဲသလိုစွက်ဖက်စရာအကြောင်းမရှိ။ မေသည် သူမအား သားငယ်မှလွဲ၍လက်မရနိုင်တော့ကာ သားငယ်တစ်ယောက်ထဲ အမီဖမ်းနေသည်ဟုဆိုလိုနေသည်မဟုတ်ပါလား. .

မေ့သဘောက မေ့မျက်နှာမှာအထင်းသား. . ။

www.burmeseclassic.com

www.burmeseclassic.com



အသံကလည်း လျှောင်သံထွေသံပါသည်။

" ငါ့မှာ ပေါ်ပါတယ်မေ.. ငါ့မှာ သားငယ်တစ်ယောက်တည်းမှ မဟုတ်တာ.. ငါ့အဆင့်နဲ့ လိုချင်တဲ့သူတွေပေါ်ပါတယ်"

" ငါက စိုးရိမ်လို့ပါ.. ပေါ်တာကတော့ ငါလည်းပေါ်တာပဲ.. နယ်မှာဆို ငါ့ကိုကြိုက်တဲ့လူတွေပုံလို့.."

" ဒါနဲ့များ နင်ခုထိ တစ်ယောက်တည်းဖြစ်နေသေးတယ်မေ.."

" ငါက အရမ်းချမ်းသာ၊ အရမ်းပညာတတ်၊ အရမ်းချောတဲ့သူမှ (........) ရဲ့ ဝတ္ထုထဲက မင်းသားမျိုးပဲလိုချင်တယ်"

သူမကို စာရေးဆရာမတစ်ယောက်ရဲ့ နာမည်ရွတ်ပြသည်။ ရယ်ချင်စိတ်ကို ထိန်းထားရသော သူမသည် မေ့ရဲ့ မဗို့ မကန်းလှမ်းမှန်းမှုကို မလှောင်ပြောင်လိုတော့ပါ။ မေသည် အဲသလိုတစ်ခါမှ မပြောပြခဲ့ဖူးဘူးကိုး...။

အရမ်းချမ်းသာ၊ အရမ်းချော.... အင်း... သူနဲ့တော့ ကွက်တိပဲ..။

သူ့ကို မေမှန်းနေပြီလေ..။

" ဖြစ်နိုင်ပါတယ်.."

" ရှဲ... နင်ငါ့ကို ငေါ့တာလား .."

" ငါ့အသံက ငေါ့သံပေါက်နေလို့လား.."

သူမကို မျက်စောင်းထိုးပြီး ဘာမှဆက်မပြောတော့။ သူနေ နေတာ သူမအိမ်မှာဆိုတာ သတိရပုံမရ။





မျက်နှာက ငါလည်း မိန်းမပဲ.. အုံဖွယ်အောင် လိုက်ရရင် နင့်ချမ်းသာမှုလောက်ကတော့ သနားသေးတယ်ဆိုသော အပေါက်မျိုးချိုးနေသည်။

"ဒါနဲ့ မနက်က ဦးအုံဖွယ်အောင် နင့်ဆီလာသေးတယ်ဆို ရှ.. သူဘာတွေပြောသွားလဲ.. ငါ့အကြောင်းလာမေးတာလား"

" သိချင်ရင် သူ့ဆီဖုန်းဆက်မေးကြည့်ပေါ့.."

သူမအမြင်ကတ်ကတ်နှင့်ငေါ့ပြောတော့ မေက မသိဘဲရယ်သည်။

" ငါ သူ့ဆီကဖုန်းကို တစ်နေ့လုံးစောင့်နေခဲ့တာဟဲ့... နင်နဲ့သားငယ် လက်ထပ်တဲ့အချိန်ဆို ငါနဲ့သူ ချစ်သူတွေဖြစ်လောက်ပါပြီ.."

ဟု အမြင်ကတ်စရာကောင်းအောင် စိတ်ကူးယဉ်နေသေးသည်။ ကိုယ့်ရှုပ်မှ ကိုယ်အားမနာ..။

" ယောကျ်ားတွေက ဘယ်လိုမိန်းမမျိုးကိုကြိုက်လဲ ရှ..."

" အဲဒါကတော့ ပြောရခက်တယ်.."

" စီးပွားရေးသမားတွေ ပြောတာ.."

" စီးပွားရေးသမားဆိုတာ သူတို့စီးပွားတက်အောင် လုပ်ပေးနိုင်တဲ့ မိန်းမကိုပဲ စိတ်ဝင်စားမှာပေါ့.. သူတို့မှာ နံပါတ်တစ်သည်ငွေ၊ နံပါတ်နှစ်သည် ငွေ၊ နံပါတ်သုံးသည် ငွေ ပဲဥစ္စာ၊ ပြီးတော့ သူတို့က လှမှကြိုက်တာ.. မော်ဒယ်လ်တောင် သူတို့အာ အချစ်၊ အလှတွေပဲ ရွေးပြီးကြော်ငြာခိုင်းတာ.."



www.burmeseclassic.com

www.burmeseclassic.com



သူမအဲသလိုပြောပြီးထထွက်လာခဲ့သည်။

သူမ မေ့ကို စေတနာတော်တော်ပျက်လာတာ အမှ
ဖြစ်သည်။ မေသည် လူပါးဝလျက်ရှိနေပြီ။ ထိုသို့ဖြစ်အော
ဦးအုံ့ဖွယ်အောင် သိပ်ကြိုးစားရမယ် မထင်ပါ။ သူမမှာ သူ
ကျေးဇူးတင် ရမလိုဖြစ်နေပြန်သည်။ ခုတော့ မေ့ရဲ့မျက်နှာဖုံး
သူမချတ်ချ၍ ကြည့်နိုင်ပြီမဟုတ်ပါလား။ မေသည်သူမ
ခြေရာချင်းယှဉ်ချင် ပြိုင်ချင် သူမထက်ကျော်ချင်သော
တစ်ခုကို သိုဝှက်သိမ်းဆည်း၍ သူမဘေးတွင် သူငယ်ချင်း အသ
ရှိနေသူတစ်ယောက်ဖြစ်သည်။

အခွင့်အရေးကိုစောင့်ကာ အခွင့်အရေးပေါ်တာ
တစ်ပြိုင်နက် သူမကိုချောက်ထဲ အရင်ထိုးချမယ့် သစ္စာဖော
မျိုးဖြစ်သည်။

သူမအကြိမ်များစွာ အခန်းပြောင်းအိပ်သော်လည်း ဒီ
(၃ ရက်)ည ဟိုဘက်အခန်းထဲ သွားအိပ်ရသောအခါ စိတ်ချမ်း
လိုက်တာမပြောပါနဲ့တော့. . ။ သားငယ်သာသိလျှင်

" စိတ်ရှုပ်ခံမနေနဲ့. . သူနေတာနင့်အိမ်. . နင်မောင်
ရင်သူဆင်းရမှာပဲ. . " ဟုဆိုလိမ့်မည်။

သူမလည်းကြို၍ဆုံးဖြတ်ထားလိုက်သည်။

အခြေအနေသိပ်ဆိုးရွားလာလျှင်တော့ မေ့ကို အိမ်
ဆက်မထားဖို့သာ အကောင်းဆုံးဖြစ်လေသည်။

အားနာဖို့ လုံးဝမလိုအပ်ဟု သူမထင်သည်။





" နင် ငါ့အိမ်ကပြောင်းပေးပါ " ဟုပြောဖို့နှုတ်တွန့်နေ
မယ့်မိန်းမထဲမှာ သူမ မပါပါ. . ။ သူမက အခါတော်တော် များများ
အားမနာဘဲ ပွင့်ပွင့်လင်းလင်း ပြောချတတ်သော မိန်းမ
မျိုးဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည်က မေသည် သူမနှင့်
ဆန့်ကျင်ဖက် ရင်ဘတ်ထဲမှာ အကုန်ထည့်ထားတတ်သူ။ ပို
ဝမ်းနည်းစရာ ကောင်းတာက မေ့ကောက်ကျစ်စဉ်းလဲမှုကို
အံ့ဖွယ်အောင်ကြောင့်သာ သူမတစ်စွန်းတစ်စ သိမြင်ခဲ့ရခြင်း
ဖြစ်သည်။

× × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



"မေဖော်ဝါရီလ (၄)ရက် "

မနက်မိုးလင်းသွားတိုက်နေတုန်းပြုးရွှင်စွာဖြင့် သူမနား မေရောက်လာသည်။ မေ့မျက်နှာက ထူးထူးခြားခြားကာလာတွေ နှင့်. .။

" ည နှစ်နာရီက သူဖုန်းဆက်တယ်. . "

" . . . . . . . . "

သွားတိုက်နေ၍ မေ့ကိုစကားပြန်မပြောနိုင်ဘဲ ခေါင်းညိတ် ရုံသာညိတ်ပြဖြစ်သည်။

" မေ့ကို သူကမေးတယ်. . တစ်သက်လုံးပဲ အေးအေး ဆေးဆေးနေတော့မှာလားတဲ့. . ငါက အပျိုကြီးလုပ်မယ်လို့ ပြောထားတာကိုး. . "

" . . အင်း . . . . . "

" ရှူ . . ဒီနေ့မနက် ငါတို့စိတ်တိုင်းကျမှာ လက်ဖက်ရည် သွားသောက်မလို့. . ခုနစ်နာရီချိန်းထားတယ်. . "





" သွားနှင့်လေ. . "

" ရှူ မလိုက်တော့ဘူးလား. . " .

" ငါကြောင့်အနှောင့်အယှက်ဖြစ်နေပါ့မယ်. . "

မေက နဂိုဟန်အတိုင်း. . ကုန်းကုန်းကုန်းကုန်း မလှုပ် တလှုပ်ဖြင့်ထွက်သွားသည်။ ဒီနေ့ မေ ဒေါက်ဖိနပ်စီးထားသည်။ အမှင့်တုန်းကဆို ဒေါက်ဖိနပ်စီးသောသူမကို အပုပ်ချသူ၊ ကတ္တီပါက အကောင်းဆုံးပဲဟု ဆိုသူက အခုကျမှ ဒေါက်စီးလို့. .။ သူမ ပြုံးမိပါသေးသည်။ ပြောင်းလဲတတ်သောလောကကြီးပေ။

ခင်ဘုဏ်းသီချင်းတစ်ပုဒ်ကြားဖူးသည်မဟုတ်ပါလား။

" ပြောင်းလဲတတ်တဲ့လောကကြီးမှာ သူဟာအရေးပါ. . "

ခင်ဘုဏ်းက ငွေ အကြောင်းဆိုတာ. .။

လေကကြီးမှာ ငွေနဲ့တန်းတူဟန်ဆောင်မှုဆိုတာလည်း အရေးပါလှပေသည်။ သူမရေချိုးပြီးတော့ မှန်တင်ခုံရှေ့မှာ ထိုင်နေစဉ်ဖုန်းလာသည်။

" ရှူ. . ကိုယ်ဒီနေ့ပန်းမပို့တော့ဘူး. . . "

" ရှင့်ကို ဘယ်သူကပို့ခိုင်းနေလို့လဲ. . "

" ဟုတ်ပါတယ်. . ကိုယ် စီဒီတစ်ချပ်ပဲပို့လိုက်မယ်. . သီချင်းတစ်ပုဒ်ပဲပါတယ်. . နားထောင်ဖြစ်အောင်နားထောင် နော်. . "

" ကျွန်မ သီချင်းမကြိုက်ဘူး. . "

" တစ်ပုဒ်ပဲဥစ္စာ. . ဒါပဲနော်. . ရှူ. . "



www.burmeseclassic.com

www.burmeseclassic.com



သူမစားပွဲပေါ်မှာ စီဒီ တစ်ချပ်တွေ့ရပါသည်။ သီချင်းက အယ်လ်ဖြူရဲ့ နောက်ဆုံး။ သီချင်းအဓိပ္ပါယ်က ခွဲခွာရတော့မည့် ချစ်သူနှစ်ဦးက ခွဲခွာသွားလျှင် ခံစားရမည့်ဒုက္ခကိုဖွဲ့ဆိုထားခြင်း ဖြစ်သည်။ အယ်လ်ဖြူရဲ့နောက်ဆုံး သီချင်းပြီးသောအခါ အောင်ခြင်းရှစ်ပါး သီချင်းက ကျယ်လောင်စွာထွက်ပေါ်လာသဖြင့် သူမမှာ လန့်ဖြတ်ပြီး စီဒီကိုပိတ်လိုက်ရသည်။ တော်တော် နောက်တဲ့လူဟု တွေးမိသေးသည်။

သို့သော် မေနှင့်သူ ပျော်ရွှင်စွာစားသောက်နေမှာ တွေးမိသောအခါ ဒီလိုလူမျိုးမေ့တ္တာထားလို့ အပိုပါပဲဟု ဆုံးဖြတ်လိုက်သည်။

သူမမှာ အလုပ်သာလုပ်နေရသည်။ စိတ်နဲ့ကိုယ်မကပ်။

စာရင်းအဝင်အထွက်တွေ Balance ချကြည့်ရာ မှားကုန်၍ပြင်ရသေးသည်။ အရေးထဲဘဏ်မှ Deposits ကို ဂဏန်း တစ်လုံးလျှော့တွက်မိ၍ အဆူခံရသေးသည်။

" ဒေါ်ရွှေပန္နီ.. သူညကိုအထင်မသေးပါနဲ့.. စိတ်မပါရင်အလုပ်ထွက်နိုင်တယ်.. လုပ်ငန်းခွင်ဆုံးရှုံးအောင်တော့ မလုပ်သင့်ဘူး.." ဟု အထက်လူက ဆူသွားလေသည်။

သုည...သုည...။

သူမကို သုညကများ ဒုက္ခပေးရတယ်လို့..။

ဘာမှမရှိတဲ့ဟာတွေနဲ့ပဲ နပန်းသတ်နေရတာ စိတ်ဒုက္ခရောက်တာပဲဟု ညည်းညူရပါသည်။





ညနေ လေးနာရီဆို ရုံးဆင်းတော့ မေ့ကိုသူကားဖြင့် လိုက်ပို့သည်။ အိမ်ရောက်ရင် နားညီးတော့မှာ ကြိုသိနေသော သူမက..ခေါင်းမြီးခြုံ၍ ဝင်အိပ်နေလိုက်မည်ဟု စဉ်းစားလိုက်သေးသည်။ ကံကောင်းချင်တော့ သူမ မေမေ့ဆီက စာတစ်စောင်ရောက်လာသည်။ စာကထုံးစံအတိုင်း ထွေထွေထူးထူးမပါ။

သမီးအသက်နှစ်ဆယ့်ခြောက်နှစ်မှာ လက်ထပ်တဲ့အခါ သမီးကို လက်ဆောင်တစ်ခုပေးစရာရှိတယ်..။ သမီးမမျှော်လင့်ထားတဲ့အရာတစ်ခုပေါ့.. အလုပ်မှာသတိရိယထားပါ.. နောင်ကို ဒီကုမ္ပဏီတိုးတက်ဖို့က သမီးနဲ့ပဲဆိုင်တယ်ဟုပါရှိသည်။ မေမေက ကိုယ့်သမီးကို အထင်ကြီးနေတာပါဟု သူမထင်လိုက်သည်။ မေမေ့ကိုလွမ်းလို့ဟုအကြောင်းပြကာ ထမင်းချိုင့်ဆွဲ စားသည်။ မေက ထမင်းချိုင့်မှာ စားရတာအလွန်မုန်းသူ။ သူမက ချိုင့်မှာထား၍ မေပြန်လာသောအခါ မျက်နှာစူပုပ်နေလေသည်။

" ဘာအလုပ်များလို့ ထမင်းမချက်တာလဲ ရှူ.."

" မေမေ့ဆီကစာလာတယ် "

" ဟုတ်လား "

" အင်း..အဲဒါဖတ်ပြီး..ငိုနေရတာနဲ့..ထမင်းမချက်နိုင်တော့ဘူး.."

" ဒါနဲ့များ..ရှူ နိုင်ငံခြားဘာလို့လိုက်မသွားတာလဲ.."

" မလိုက်ချင်လို့ပေါ့.."

" ငါ့မှာသာ အဲသလိုမိဘရှိရင် ငါလိုက်သွားမှာသိလား.."

" ယောက်ျားရတော့လိုက်သွားပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



" ရှုကလဲ . . "

"အေးလေ မိဘရှိတဲ့၊ ဆွေမျိုးရှိတဲ့ နိုင်ငံသွားချင်သွား မသွားရင် ယောက်ျားယူပြီး ယောက်ျားရှိတဲ့ နိုင်ငံလိုက်သွား ရုံပေါ့ . . ဟိုမှာ ဟိုကစကားမတတ်ဘဲ မီးဖိုချောင်ထဲ ကုပ်နေရတာလူသိတာမှမဟုတ်တာ . . ဒီမှာသာအထင်ကြီးတာ . . "

ပြင်သစ်စကား ကျွမ်းကျင်သော်လည်း မေသည် အင်္ဂလိပ်စာကိုတော့ ချာတူးလန်အောင် စကားလုံးမှားသူဖြစ်သည်။

" အဲသလို ခေါ်သွားနိုင်တဲ့ယောက်ျားရဖို့က ကံပါမှ ဖြစ်တာ . . "

" ဟုတ်တာပေါ့ . . ဟုတ်တာပေါ့ . . မေက အဲဒီကံပါပုံရပါတယ် . . "

သူမက ဤသို့ဆိုလိုက်မှ ပြီးသွားလေသည်။

မဖြစ်ပါဘူး . . ဒီလူနှစ်ယောက်နဲ့ သူမဘယ်လိုရှင်းအောင်လုပ်မှရမည်လဲ။ အမြန်စဉ်းစားမှ။ ခေါင်းပေါ် မြွေပွေးတင်ထားသလိုဖြစ်နေတာကိုတာရှည်ခံစားရလျှင် ရူးသွားလိမ့်မည်။

သားငယ်ဆီက ညဘက်ဖုန်းလာရင်ကောင်းမှာပဲ . . ။

အဲဒီအခါ ငါတို့ အမြန်ဆုံးလက်ထပ်ဖြစ်ရအောင်ဟုပြောလိုက်မည်။ လက်ထပ်ပြီးရင် မေ လည်း သူမအိမ်မှာနေမှာ မဟုတ်တော့ . . ။ သူမက ဒီအခန်းကနေဘယ်ကိုမှပြောင်းနေချင်စိတ်လည်းမရှိသောကြောင့် . . သူမနဲ့လက်ထပ်ပြီးလျှင် သားငယ်လည်း ဒီမှာပဲနေရပေမည်။





ထမင်းစားပြီးကတည်းက သူမသည် . . Time မဂ္ဂဇင်းတစ်ထပ်ကြီးယူကာ ဖုန်းနားမှာ ဖုန်းစောင့်ရင်း စာဖတ်လေသည်။

မေက အံ့ဩပုံဖြင့်

"စာဖတ်ရတာမညောင်းဘူးလား . . . ရှုမို့ Time တွေ Newsweek တွေဝယ်ဖတ်သေးတယ် . . ပိုက်ဆံ အပိုကုန်တယ် . . ငါတော့စာဖတ်ရတာပျင်းလွန်းလို့"

ဟု ဆိုသည်။

" မေက ပိုက်ဆံရတဲ့စာပဲဖတ်တာလေ . . ငါက ဝါသနာပါလို့ကိုဖတ်တာ . . အခုခေတ်က စာဖတ်တာတောင်လိုက်မမီဘူး . . Website ရှိရင် အင်တာနက်ကနေ ဘာတွေဖြစ်နေလဲဆိုတာ အကုန်သိတယ် . . စကားယှဉ်ပြောရင် သတင်းသိတဲ့လူနဲ့ မသိတဲ့လူ ကွာတယ် . . အဓိက က သတင်းသိဖို့စာဖတ်တာပဲ . . ငါတို့ကုမ္ပဏီက Statins ဆေးကို Newsweek မှာရေးသွားတာ . . ဆရာဝန်တွေသိပြီး ငါတို့မသိလို့မကောင်းဘူးလေ . . Time တစ်အုပ်ရှစ်ရာဆိုတာမများပါဘူး . . အထဲမှာပါတာတွေက ရှစ်ရာပေးပြီး ကိုယ်တိုင်လိုက်ယူလို့မရတဲ့ သတင်းတွေချည်းပဲ . . "

" ဒါနဲ့ . . နင်က စာဖတ်ရင်းဖုန်းစောင့်နေတာလား "

" အင်း . . နင်ရောဖုန်းလာစရာရှိလို့လား . . "

" အင်း . . "

" ဘယ်အချိန်လဲ"

" ကိုးနာရီ "



www.burmeseclassic.com

www.burmeseclassic.com



" အခု ကိုးနာရီထိုးဖို့ငါးမိနစ်ပဲလိုတော့တယ်. . ဖုန်းလာတော့မှာပေါ့. . လာထိုင်လေ. . "

မေက ရှိုးတို့ရှန့်တန့်ဖြစ်နေသည်။ ဒီပုံအရဆို သူမကို ရှိစေချင်စိတ်ဖြင့် စကားပြောနေတာ မဟုတ်ဘဲ သူမကို ဖုန်းနားက ထွက်သွားစေလိုသော အမူအရာမျိုးဖြစ်ရမည်။

" ရတယ်. . ငါအထဲသွားလိုက်မယ်. . နင်ဖုန်းပြောပြီးမှ ခေါ်လိုက်ပေါ့. . "

သူမပြောနေတုန်း ဖုန်းမြည်လာသဖြင့် မေက အပြေးကောက်ကိုင်သည်။ မေ့အမူအရာသည် သွက်လက် ချက်ချာသော ကလေးတစ်ယောက် ရပ်ဝေးမှ မိဘဖုန်းဆက်တာကို ပျော်ရွှင်နေပုံမျိုးထက် မြီးကောင်ပေါက် မိန်းကလေးတစ်ယောက် ရည်းစားထံမှ ဖုန်းကိုမျှော်လင့်စောင့်စားနေပုံနှင့် ပို၍ဆင်တူပါသည်။

" ဟဲလို. . ဟုတ်တယ်. . . . အဆင်ပြေသွားကြပြီဆိုတာ သိလို့ဝမ်းသာပါတယ်. . . . . . . ရပါတယ်. . . . . . မေက. . သမ်းအကြီးဆုံး. . . . . . . ဗြော်. . . ညာရတာပေါ့. . . . . . . ဦးအံ့ဖွယ်အောင်ကို အရမ်းကျေးဇူးတင်တယ်. . . . . ကျေးဇူးဆပ်စေချင်လို့လား. . . . . "

သူမအခန်းထဲဝင်ကာနီးမှာ မေ့ရဲ့နောက်ဆုံးကြားရသောအသံသည် ချွဲချွဲပြစ်ပြစ်နှင့်. . . ။ မေ့မျက်နှာသာ မမြင်ရလျှင် မေပြောနေမှန်းတောင် သိမှာမဟုတ်။ ယောက်ျားတစ်ယောက်ကို ဝမ်းထဲက ချွဲပြစ်သောအသံနှင့်ပြောတတ်သော





ပညာကို မေတတ်နေသည့်အတွက် . . သူမမှာ ငါးနှစ်အတူတူနေလာပြီး သူမ မသိသည့်အတွက် ငါတော်တော်ညံ့သေးတာပဲဟု ထင်မိပါသည်။

မေသည် ပညာသည်တစ်ယောက်ကဲ့သို့ ကကြိုးစုံလင်စွာ ကတတ်သည့် မိန်းမတစ်ယောက်ပါလား. . ။ မေသည် ရှိုးသားဖြူစင်ဟန်၊ ချွဲ.နွဲ့၍သူမကိုပေါင်းခဲ့၏။ တစ်နေ့နေ့မှာ သူမထက်သာဖို့ အကြံအစည်ကို သူမအနားကပ်၍ မေကြံစည်နေခဲ့လေပြီ။ သူမနှင့်ယောက်ျားတစ်ယောက်ကို ပြိုင်လုရစေဦးတော့ အပြတ်အသတ် အနိုင်ရွှဲမည်ဟု အားခဲထားပုံရသည်။

သူမမှာ အရင်တုန်းက ကိုယ့်ကိုကိုယ်တော်လှပြီ၊ ဟန်ဆောင်ကောင်းလှပြီ၊ စွာလှပြီအောက်မေ့ခဲ့တာ. . မေရဲ့ပညာတွေကို တစ်စထက်တစ်စ မြင်တွေ့လာတော့မှ ငါ့ထက်အများကြီးဟန်ဆောင်တတ်တယ် ဟုသိလာရတော့သည်။

စောစောက မေ့မျက်နှာသည် သူမအိမ်သူတက်နေသောပုံမျိုးမဟုတ်ဘဲ သူ့အိမ်သူမတက်နေသောမျက်နှာမျိုးဖြစ်သည်။

ဒီအချိန်မှာ ပထမဆုံးနှင့် အတမ်းတဆုံးကသားငယ်၊ မေသူမအိမ်မှာ လာနေမည်ဆိုကာ သားငယ်နှင့်ပထမဆုံး ပေးတွေ့ခဲ့စဉ်က သားငယ်ပြောခဲ့တာ မှတ်မိသေးသည်။ အဲဒီတုန်းက သားငယ်နှင့်သူမရန်ဖြစ်ကာ တစ်ပတ်မျှစကားမပြောခဲ့တဲ့ အသိ…ခြအနေဆိုးသည်။ သူမနဲ့သားငယ်အခြေအနေက အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ ပိုစိမ်းသွားခဲ့ခြင်းဖြစ်သည်။

" အဲဒီမိန်းမကိုနှင် တော်တော်ခင်နေပုံပဲ.."

" မှုံးပါတယ်ဟယ်.. သူ့မျက်နှာလေးကိုကြည့်ပါလား"

" နင်လှကဲခတ်တာ သူစိမ်းတွေပဲမှန်ပါတယ်.. အနားက လူတွေကို နင်အမှန်မြင်နိုင်မှာမဟုတ်ဘူး.. သိပ်နီးကပ်တဲ့အခါ မျက်နှာဖုံးကို မျက်နှာဖုံးမှန်း မသိတော့ဘူး ရှရဲ့.. ပြီးတော့ ကိုယ့်ကိုကိုယ်သိပ်တော်လှပြီထင်နေတဲ့လူက အညံ့ဖျင်းဆုံးလူပဲ.."

စာမေးပွဲကျ၍စိတ်ညစ်ကာ ကုမ္ပဏီကိုဝင်ကာစ... သူမကရှုံးသားပါတယ် ဆိုနေလျက် သူမကိုသာ လူကဲခတ်ညံ့ဖျင်းသည်ဟု အပြစ်တင်သောချစ်သူကို သူမ စိတ်တော်တော်ဆိုးခဲ့သည်။

"-အေးပါ.. ထားပါတော့.. ငါက အညံ့ဖျင်းဆုံးပဲ.. ဒါကြောင့်သာ နင်စာမေးပွဲမကျဘဲ ငါပဲကျခဲ့တာပေါ့.. ငါက ငတုံးမ... ဦးနှောက်မရှိတဲ့မိန်းမ.. လူတွေကိုယုံကြည်လွယ်တဲ့မိန်းမ.."

စူးစူးဝါးဝါးအော်ဟစ်ကာ သူမပြောခဲ့သည်။ သူမ ရင်ထဲမှာ အဲဒီအချိန်က အလွန်သိမ်ငယ်နေခဲ့သည်။

ချစ်သူရှေ့မှာ စာမေးပွဲကျ ့ကိစ္စဟာ သူမအတွက် တော့သိက္ခာကျသည့်ကိစ္စဖြစ်သည်။ သူရောကိုယ်ပါခရီးထွက်ပြီး ပျော်ရသော်လည်း သူမကျဘဲ သူမကျသည်။ သိမ်ငယ်စိတ်သည် သူမဘဝတောက်လျှောက် အဲဒီတစ်ချိန်ထဲမှာပဲခံစားဖူးပြီး လူကို



နာကျင်ဆွေးမြည့်စေခဲ့ပါသည်။

ရှက်စိတ်နှင့် သိမ်ငယ်စိတ် ပေါင်းထားသောနာကျင်မှု သည် သူမနှင့်သားငယ်ကို ခွဲပစ်ခဲ့သော ဝါရားခံဖြစ်မှန်း ခုမှ မြင်လာသည်။

ငါ့ကို သူတစ်သက်လုံး အထင်သေးသွားတော့မှာပဲ ဆိုသော စိတ်နှင့် သူမခက်ခက်ခဲခဲ ရပ်တည်ခဲ့ရပါသည်။

သားငယ်က အံ့ဩနေသော မျက်လုံးများနှင့် သူမပုခုံးနှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ကာ..

" ရှ .. ငါ နင့်ကိုအပြစ်တင်နေတာမဟုတ်ဘူး.. နားလည်လား.. ဟင်.. နင်ဒုက္ခရောက်မှာကို နင့်ရည်းစားငါက လက်ပိုက်မကြည့်နိုင်ဘူးချစ်ရဲ့.. သိရဲ့လား.. အဲဒီမိန်းမမျက်လုံးတွေကို ငါနည်းနည်းမှမကြိုက်ဘူး.. ရိုးသားချင်ဟန်ဆောင်တဲ့မျက်လုံးတွေ.. နင့်ကို တစ်နေ့နေ့ သူစိတ်ဒုက္ခပေးလိမ့်မယ်.."

" ငါ့ မိတ်ဆွေကိစ္စကို နင်ဝေဖန်စရာမလိုဘူးနော်.."

" ဘာပြောတယ်.."

" နင်စာမေးပွဲကျတာ ငါနဲ့ မဆိုင်ဘူးလေချစ်ရဲ့.. နင် ဂျေဝင်နေပြီ.."

သူမမှာ သားငယ်ကို အခုနေသာတွေ့လျှင် ရင်ခွင်ထဲဝင်ပြီးငိုမိမှာသေချာသည်။ သူမကို ချော့တဲ့အခါ ချစ်ဟု ခေါ်တတ်သောသားငယ်ရဲ့ သတိပေးသံကို ခုမှ အမှန်ပြင်ရပြီ မဟုတ်လား.. ။

www.burmeseclassic.com

www.burmeseclassic.com



မေ့မျက်လုံးများမှာ အရောင်မဲ့သည်ဟု သူမတစ်ချိန်လုံး ထင်ခဲ့သည်။ တစ်ကယ်တော့ အရောင်မဲ့တာမဟုတ် ။

အရောင်မဲ့ချင်ဟန်ဆောင်ထားခြင်းဖြစ်သည်။

လောကကြီးမှာ မေ့လိုမိန်းမမျိုးတွေအများကြီးရှိမှာ သေချာနေပြီ။

ကုမ္ပဏီက လုပ်ဖော်ကိုင်ဖက်များက မေနဲ့သူမကို အမြဲတွဲမြင်ကြသည်။

" မေက သိပ်အေးတာနော်. . မျက်နှာကလည်း အမြဲပြုံးနေတာ. . ရှုကတော့ ချမ်းသာလို့ရဲဝံ့တဲ့ပုံမျိုး. . "

" မေဝတ်တာစားတာ မိန်းမဆန်တယ်နော်. ရှုကတော့ ပျံ့နေအောင်ကိုဝတ်တာ. . ရှု တစ်ခါတစ်ခါဝတ်တဲ့ ရယ်ဒီမိတ်တွေဆို မြင်တောင်မမြင်ဖူးဘူး "

" မေက သူများလုပ်လည်းငြိမ်နေမယ့်ပုံစံ. . ရှု နဲ့ မေ ရောမွှေလိုက်ရင်အတော်ပဲ " စသည်ဖြင့်နှိုင်းယှဉ်ကြပါသည်။

မေက " ငါက အဲဒီလောက်ကြီးမတုံးပါဘူး. . နင်နဲ့ယှဉ်လိုက်တော့သာ အေးသလိုဖြစ်နေတာ " ဟုပြောဖူးသေးသည်။

" အေးတယ်အထင်ခံရတာ ဘယ်လောက်ကောင်းသလဲ မေ လူတွေကို တစ်ပတ်ရိုက်ဖို့အကောင်းဆုံးထင်မြင်ချက်ပဲ. . "

ဟုတောင် သူမလေနဲ့သင်ပေးခဲ့သည်။

သူမတို့ ဆိုရိုးစကားတွေရှိသည်လေ. . ။ သူခိုးဆိုတာ ဗြိုလ်ပါတာမဟုတ်ဘူး. . လူရိုးများ သချိုင်းမှာပဲရှိတာ။



သူမမှာ ခေါင်းအုံးနဲ့ခေါင်းကပ်ပြီး အိပ်ပျော်သွားအောင် ခက်ခက်ခဲခဲကြိုးစားရပါသည်။ မေ့းခနဲအိပ်ပျော်မလိုဖြစ်ချိန်တွင် မေ့အသံပြစ်ချွဲချွဲကြီးကိုနားထဲကြားယောင်လိုက်၊ အုံ့ဖွယ်အောင်ရဲ့ အမိန့်သံလိုလို သတိပေးသံလိုလို အသံတွေကိုကြားလိုက်ဖြင့် မျက်လုံးပြန်ပွင့်လာတော့သည်။

" ဟာ. . အိပ်ပျော်တော့ ရွှေမျက်လုံးရယ်. . ကျေးဇူးရှင်တလည်း ဖုန်းမလာတော့ပါဘူး. . "

ဟုနှုတ်က ထုတ်ညည်းရတဲ့ အထိပြန်အိပ်မပျော်တော့. . ။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



## "ဖေဖော်ဝါရီလ (၅)ရက်"

သူမသည် ကိန်းဂဏန်းများ၏စိုးမိုးမှုကို ယုံကြည်တတ်သူတစ်ဦးဖြစ်သည်။ သူမအတွက် ဖေဖော်ဝါရီလ(၅)ရက်နေ့ သည် ကံဆိုးမယ့်နေ့ဟု မနက်အိပ်ရာထကတည်းက ထင်နေခဲ့ သည်။ စိတ်ရောကိုယ်ပါ လေးလံထိုင်းမှိုင်း၍ အင်္ကျီ အဝတ်အစားကိုတောင်. . တစ်ထည်ချင်းစိတ်ရှည်လက်ရှည် စဉ်းစား ရွေးဝတ်ရသည်။

သူမမှာရှိသောအကျင့်တစ်ခုက အင်္ကျီတစ်ထည်ဝယ်လျှင် ထိုအင်္ကျီကို ချက်ခြင်းဝတ်သည်။ ထိုစဝတ်သော နေ့မှာ စိတ်ညစ်ရလျှင် နောက်တစ်လကြာမှ တစ်ခါထပ်ဝတ်သည်။ အဲဒီနေ့မှာလည်း စိတ်ညစ်ရလျှင် နောက်ဆုံးအဖြစ် တစ်လအကြာမှာ ထပ်ဝတ်တတ်သည်။ သုံးကြိမ်မြောက် စိတ်ညစ်ရပြီဆိုလျှင် ဘယ်တော့မှ ထိုအင်္ကျီကိုထပ်မဝတ်တော့. .။ ပြီးတော့ ကိန်းဂဏန်းများတွင် သူမအတွက် (၅) ဂဏန်း၊ (၈) ဂဏန်းများသည် ဒုက္ခသုက္ခမျိုးစုံပေးသည့် မကောင်းဆိုးရွားဂဏန်းများဖြစ်ကြသည်။



ထိုဂဏန်းများကျသောနေ့ဆို သူမမှာ အဖြူရောင် အင်္ကျီများနှင့် လုံချည်အရောင်ဖျော့ဖျော့များသာ ဝတ်ဆင်တတ်သည်။

ကံဆိုးမှုများ လွင့်စင်ပပျောက်စေရန်နှင့် မှေးမှိန်စေရန် ရည်ရွယ်ပါသည်။ ဒီနေ့မနက်တော့ မျက်လုံးက ခပ်လှုပ်လှုပ်ပင်။

ကားပေါ်တက်ကတည်းက ကားစက်နိုးမရ။ ကားသာစီးပြီးကားအကြောင်း နားမလည်သော သူမသည် ကားငှါးရသည်။ တက တွေ့ကလည်း တစ်စီးမျှမရပ်။ လူပါတာလည်းရှိ၊ မပါတာလည်းရှိသည်။ နောက်ဆုံးတစ်စီးရသည်။ ကားက အလွန်စုတ်ချာလှပါသည်။

မတတ်နိုင်ဘူးလေ ဆိုသောသဘောဖြင့် စီးသောကားစုတ်သည် လမ်းတစ်ဝက်မှာ မီးပွိုင့်မိ၍ နာရီဝက်ခန့်စောင့်ရသည်။ ကုမ္ပဏီမရောက်ခင်မှာပျက်သည်။ သူမလမ်းပဲဆင်းလျှောက်ရတော့သည်။

နေပူနေပြီမို့ ထီးဖွင့်ဆောင်းရာ ထီးကလန်တက်သွား၍ စိတ်လျှော့က်မိသော လက်ဖက်ရည်ဆိုင်က ကောင်လေးတစ်သိုက်ကနဲ လှောင်ကြသေးသည်။

ကုမ္ပဏီရောက်တော့ နာရီဝက်နောက်ကျနေပြီ. .။

သူမနဲ့ Country Manager တည့်တည့်တိုးတာမို့ စစ်လိပ်လိုအဆူခံရသည်။

" ပြီးရင် ကျွန်တော့အခန်းကို ခဏလာပါဦး မစ္စ "

" ဟုတ်ကဲ့ "

www.burmeseclassic.com

www.burmeseclassic.com



Country Manager သည် နိုင်ငံခြားဆေးကုမ္ပဏီမှ သူတို့အစားသူမတို့ဘက်တွင် ခန့်ထားသောမန်နေဂျာဖြစ်သည်။

သွဲ့က M.B.A. ရပြီးသား။

သူမကို စာရင်းတွေမှားသည့်အတွက် ခေါ်ဆူခြင်းဖြစ်သည်။

ပိုဆိုးတာက သူမလချုပ်စာရင်းများတင်ခြင်းဖြစ်သည်။

" နောက်တစ်ကြိမ်ဖြစ်ရင်. . "

" မဖြစ်စေရတော့ပါဘူး. . "

" မင်းကို ဦးအံ့မွှယ်အောင်က Secretary နေရာထားမလို့နှိုမို့ မင်းအလုပ်ပြုတ်ပြီ. . "

နိုင်ငံခြားသားများနှင့် ဆက်ဆံရာတွင် မှန်ကန်မှုသည် နံပါတ်တစ်၊ တိကျမှုသည် နံပါတ်တစ်ရှေ့မှာရှိသည်။

နည်းနည်းမှားလျှင်လည်း အမှားမခံချေ။

တောင်းပန်၍မရ. . သူမမှာ ကြားရသောသတင်း ကြောင့်မှင်တက်သွားမိသည်။

" မင်းလိုအံမျိုးသမီးမျိုး. . ဒီထက်ပိုပြီး အရည်အချင်းရှိလာဖို့ မျှော်လင့်ပါတယ်. . "

× × × × × × × ×



သူ့ရှေ့မှာ သူမထိုင်နေတာတောင် ဂရုမစိုက်သောမျက်နှာမျိုးဖြင့် စားပွဲပေါ်ရှိဖိုင်တွဲတစ်တွဲမှ စာရွက်များကိုတစ်ရွက်ချင်းသေချာဖတ်နေလေသည်။ စားပွဲတင်နာရီမှ စက္ကန့်တံသည်ပင် သူမကိုပြောင်ပြနေသလိုခံစားရမိသည်။ သိပ်ဆိုးတဲ့အရှက်ခွဲမှုဟု သိနေသော်လည်း သူမသီးခံလိုက်ပါသည်။ နေ့လယ်ထမင်းစားချိန်နီးမှ . . .

" ပြန်လို့ရပြီ " ဟု သူက ယဉ်ကျေးစွာနှင်သည်။

သူမအခံရခက်ပုံကို စာဖွဲ့ပြ၍ပင်မရ။

ညနေစောင်းအထိ အချိန်တွေကို ခက်ခဲစွာဖြတ်ရပါသည်။ အိမ်ပြန်ရောက်တော့ မေက ဈေးသွားနေပြီ။

သူမသူ့ဆီဖုန်းခေါ်လိုက်သည်။

" ဒီမှာ. . ရှင် ကျွန်မကိုစက်များမှတ်နေလား. . လူရှင့်လူ. . ရှင်လိုချင်တာ မရလို့ ဒီနည်းနဲ့အရှက်ခွဲတာ အောက်တန်းမကျလွန်းဘူးလား. . . "

" ဘာတွေဖြစ်နေတာလဲ ရွှေ. . "

သူ့အသံက တရှုံ့ရှုံ့လောင်နေသောသူမဒေါသမီးများကို

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသတ်ပေးသော ရေသံနှင့်တူ၏။ အေးစက်လှပေ၏။

" ကိုယ့်နားမှာမင်းအလုပ်လုပ်ရင် တစ်နေကုန်နေရမှာ.. အခုအစမ်းနေနိုင်းကြည့်တာ ကိုယ်မှားလား.."

" ကျွန်မ.................... ကျွန်မ မလုပ်ချင်ဘူး.."

" ဘာလို့လဲ.."

" ရှင့်မှာ Secratary (အတွင်းရေးမှူး)ရှိပြီးသားပဲ.."

" ဟုတ်တယ်.. သူက တံခါးဝကအတွင်းရေးမှူး.. မင်းက ကိုယ့်နားကအတွင်းရေးမှူး.. ရှု ခေါင်းမမာနဲ့.. မင်း ဒီတစ်လ အတွင်း ကိုယ့်အတွင်းရေးမှူး မရှိစီနာဆီက လိုအပ်တာတွေ သင်ရမယ်.. သူ့ရှေ့လဆိုအလုပ်ထွက်ပြီး အိန္ဒိယပြန်တော့မှာ.. မင်းတစ်လအတွင်း တတ်အောင်သင်ရမယ်.."

" CPA ရထားတဲ့သူတွေအများကြီးပဲဥစ္စာ "

" မှန်ပါတယ်.. ကိုယ်သိတယ်.. ကိုယ် ထပ်ခေါ်ထား ပြီးပြီ.. မင်းတစ်ယောက်တည်းမဟုတ်ဘူး.. ဒါပေမယ့် မင်းကို ကိုယ့် Secratary ဖြစ်စေချင်တယ်.. ဟုတ်ပြီလား.. ပြီးရင်.. CPA ဆက်တက်ရမယ် ရှု.. မင်းဖြစ်ချင်သည်ဖြစ်စေ၊ မဖြစ် ချင်သည်ဖြစ်စေ ကိုယ်လက်တွဲမယ့်မင်းကို ကိုယ်လိုတဲ့အတိုင်း ပုံသွင်းမှာပဲ.."

" အဲမယ် မခံချင်စရာကောင်းလိုက်တာ.. ကျွန်မကို ရှင်ကပုံသွင်းရအောင် ဘာဆိုင်လို့လဲ.."





" တစ်နေ့မှာ Autumn Company က မင်းနဲ့သက်ဆိုင် လာလိမ့်မယ် ရှု.."

" ရှင်က ဘာလို့သေချာနေတာလဲ.."

" ဘာလို့လဲဆိုတော့ ကိုယ်ကမင်းကိုရမှဖြစ်မှာကိုး.."

သူမ စိတ်ဆိုးပြီး ဖုန်းချပစ်လိုက်သည်။

သူ့ဆီကဖုန်းသံထပ်မမြည်လာပါ။ မေက သူမနောက်မှာ ဘယ်အချိန်ကတည်းကမှန်းမသိ ရောက်နေသည်။

မေ့မျက်လုံးတွေက ...

ဘုရားရေ..

အစိမ်းရောင်တွေတောက်နေခဲ့သည်၊ သူမကို ဒေါသသံ ခြင့်မေးသည်။

" နင်ဘယ်သူနဲ့ဖုန်းပြောနေတာလဲ.."

မေ့ အသံက ခပ်ဆတ်ဆတ်..။

" ဘာလဲဟ ငါ့ဟာငါ ဘယ်သူနဲ့ပြောပြောပေါ့ "

" ရှု နင်မသိချင်ဟန်ဆောင်မနေနဲ့..."

" နင်ဘာတွေလာပြောနေတာလဲမေ.."

" နင်သူ့ကိုဖြားယောင်းနေတယ်မဟုတ်လား "

" ဘယ်သူ့ကိုလဲ.."

" အဲ့ဖွယ်အောင်ကိုပေါ့ "

" ......"

" နင့်အလှနဲ့သူ့ကျဆုံးမယ်လို့နင်ထင်နေရင် မှားမှာပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုသည်မှာရယူခြင်း၊ ပေးဆပ်ခြင်း လျှောက်ခြေ
နေကြသည်။

တကယ်တော့ နှစ်ဦးနှစ်ဖက်ချစ်မှသာ အချစ်ကဈေး
ရောကောင်းမှာပေါ့။ ခုတော့ မေသည် ထိုသဘောတရားများ
လျစ်လျူရှုထားခဲ့လေသည်။

" ငါက ဖြားယောင်းတယ်.. အေး နင်ပြောသလို ငါ
ဖြားယောင်းတယ်ပဲထားပါတော့.. သူက ငါဖြားယောင်းတာ
ကျဆုံးမယ့်လူမျိုးမို့လို့လား.. ငါကရော ယောကျ်ားတစ်
ယောက်ကို ဖြားယောင်းမှ လင်ရမယ့် မိန်းမမျိုးမို့လို့လား "

သူမ စိတ်ရှုပ်ရှုပ်နှင့် မေ့ကို အော်ပစ်လိုက်သည်။

" ဒီမယ် မေ.. နင့်စကားတွေ စည်းတစ်ခုကိုကျော်
ပြီ.. သီးခံတယ်ဆိုတာ အတိုင်းအတာတစ်ခုပဲရှိတယ်.. ငါ
ဖြားယောင်းတယ်ဆိုရင်တောင် နင့်ယောကျ်ားမှ မဟုတ်တာ
နင်ဘာနာစရာရှိလဲ.. နင်က ငါနဲ့သူ ဘယ်အခြေအနေလဲ ဆိုတာ
သေချာရော သိရဲ့လား.. ရှုပနန္တိ ဘဝမှာ ကိုယ့်ကိုပဲ ယောကျ်ား
တွေကြိုက်ရမယ်.. ကိုယ်ကလိုက်ကြိုက်တာ ထုံးစံ မရှိဘူးဟ "

သူမ၏ နောက်ဆုံးစကားကို မေဆတ်ဆတ်ခါနာသွား
လေသည်။ ဘာမှတော့ပြန်မပြော။ အကြည့်တွေကတော့ မုန်းတီး
တွေပျော်ဝင်နေပုံ။ သွားပြီ။ ငါးနှစ်တာလက်တွဲခဲ့သော သူငယ်ချင်း
များအဖြစ်သည် လေထဲသို့ ပျက်စီးလွင့်ပြယ်သွားခဲ့ပြီ..။

ပျက်စီးတယ်ဆိုတာဟာ ဖျက်ဆီးခံရလို့ပဲဟု သူ



ငယ်စဉ်ကတည်းက ပျက်စီးနှင့်ဖျက်ဆီး အဓိပ္ပါယ်ကို တွေးခဲ့သည်။

ဒါဆိုရင် သူမနဲ့မေ့ကြားမှာရှိတဲ့ ယုံကြည်ကိုးစားမှုကို
ဖျက်ဆီးပစ်လိုက်တာ...

သူမတို့မိန်းမတွေဖြစ်နေလို့ပဲ..။ မိန်းမဆိုတာ ဝန်တိုစိတ်
ကြီးမားကြသည်၊ ပြိုင်ဆိုင်လိုစိတ် ကြီးမားကြသည်။ ဟန်ဆောင်
တတ်၊ ကြွားဝါတတ်ကြသည်။

မိန်းမစိတ်သည် မဖြူစင်၊ မဖြောင့်မတ်။

မိန်းမများဖြစ်နေ၍ သူမတို့နှစ်ယောက်မတည့်ကြတော့
ခြင်းမှာ စင်စစ်အံ့ဩဖွယ်မဟုတ်၊ မတည့်ရခြင်းအကြောင်းက
လည်း ယောကျ်ားတစ်ယောက်ကြောင့်ဆိုတော့ ပိုပြီး အံ့ဩ
ရာမရှိ။

ဆရာဦးသုခရေးခဲ့သည်လေ..။

မိန်းမကို ဖျက်ဆီးတာဟာ မိန်းမ။

ယောကျ်ားကိုဖျက်ဆီးတာဟာ မိန်းမ။

တကယ်လည်း ယောကျ်ားရော မိန်းမရော ဖျက်ဆီးခံရ
တာဟာ မနာလိုစိတ်ကြောင့်ဖြစ်သည်။ မေနဲ့ပြဿနာတက်ပြီး
နောက် ပြင်ဦးလွင်က ဖုန်းဝင်လာလေသည်။ သားငယ်၏ အမေ
ဖြစ်နေသည့်အတွက် သူမမှာ ခေါင်းနားပန်းပင်ကြီးသွားသည်။

" ရှ... သားငယ်ကို ဒီတိုင်းလွှတ်ထားတော့မလို့လား"

မေးပုံက သူတို့သားကို လွှတ်မထားဘဲချည်ရအောင် ဆွဲပ
ချက်..။

www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်လို့လဲ အန်တီ.."

" ပြောကိုမပြောချင်တော့ပါဘူး..ရှုရယ်.."

" ရှင်...."

" သားငယ်လေ.. ပြင်ဦးလွင်ကို ဗီစီဒီလာရိုက်တဲ့ မော်ဒယ်လ်တစ်ယောက်နဲ့ ရှုပ်နေတာ ခြောက်လလောက်ရှိပြီ.."

" ရှင် ...."

သူမမှာ ကြားရသောစကားကို မယုံသော်လည်း သားငယ်မိခင်ရဲ့ အပြောင့်ဆန်မှုကို သိသူမို့ ရင်ထဲ၌ ဆစ်ခနဲနာသွားသည်။

" ဒါကြောင့် သမီးနဲ့လက်ထပ်ဖို့ အကျပ်ကိုင်ပြီး ရန်ကုန်လွှတ်လိုက်တာ. အဲဒီမော်ဒယ်လ်က နာမည်လဲသိပ်မရှိပါဘူး.. သားငယ်နဲ့ တော်တော်တွဲနေတာ..သူ့အကျင့်စာရိတ္တကို မကြိုက်ဘူးသမီး.. ပြီးတော့ ဒီနေ့နေ့လယ်က အဲဒီမော်ဒယ်လ်ရိုက်ကွင်းကို လိုက်သွားတယ်လေ..ပြီးတော့ မြင်းအတူတူစီးကြတယ်ဆိုလားပဲ.. မြင်းပေါ်ကပြုတ်ကျလို့ ပေါင်ကျိုးသွားတယ်.. အခုဆေးရုံတင်ထားရတယ်.. ရွှေ့အပတ်ထဲမှာခွဲမယ်.. အဲဒါသမီးသိစေချင်လို့ တကူးတကဆက်တာ .. လာနိုင်ရင်လာပါလား.. သမီးရယ် .. အခုဘယ်လိုဖြစ်နေလဲဆိုတော့ ဟိုကလေးမက တဂိုင်ဂိုင်နဲ့ အနားမှာကပ်နေတော့တာပဲ အန်တီ့မှာ ဘယ်လိုခွာထုတ်ရမှန်းမသိတော့ဘူး.."

" သားငယ်နဲ့တွဲနေတာ ခြောက်လတောင်ရှိပြီဟုတ်လား"





" ဟုတ်တယ်... သူ့မေးတော့ အားနာလို့တဲ့သမီးရယ်၊ ...အားအားနာတာနဲ့ အန်တီတို့ ချွေးမတစ်ယောက်မလိုချင်ဘူး.. ...မီးကိုပဲချစ်တယ်..သမီးနဲ့ပဲသဘောတူတယ်.. အဲဒါသမီး ...လေး အလုပ်ကခွင့်ယူပြီးလာနိုင်ရင် လာခဲ့နော်.. ဒါပဲနော်.. ...မီးလေး.. မေမေ စိတ်တွေရှုပ်လွန်းလို့ပါကွယ် "

ဟုဆိုကာ ဖုန်းချသွားလေသည်။

သစ္စာ...။

မှန်တန်စွာစောင့်ထိန်းခြင်းဟုအဓိပ္ပါယ်ရှိသော သစ္စာ..။

သူမသည် ကြိုတင်ကြံစည်၍ထားသော သားငယ်ရဲ့ သစ္စာ...မှုကို ခံလိုက်ရပြီတည်း..။ သူမမှာတော့ သူရှိနေတယ်ဆိုသော ...သိဖြင့် ငါးနှစ်လုံးလုံး နောက်ရည်းစားထပ်မထားခဲ့..။

တွဲသွား တွဲလာ တစ်ခါနှစ်ခါအပြင် လုံးဝအငြိအစွန်း ...ရှိစေခဲ့။ မတော်တဆ အုံ့ဖွယ်အောင် နဲ့မရှောင်မိသောအခါမှာ ...တောင် သားငယ်ကို ထည့်စဉ်းစားခဲ့သည်။

ခုချိန်မှာ သူမက သားငယ်ကို အလွန်လိုအပ်နေခဲ့သည် ...ကိုယ့်ကိုကိုယ် ထင်မိပြီး အားကိုးမျှော်လင့်လျက်ရှိသည်။

မာယာများသော လူတစ်ယောက်နှင့် ကောက်ကျစ်သော ...ငယ်ချင်းတစ်ယောက် ရန်ကို သတိကြီးစွာ သူမကရှောင်တိမ်း ...ချိန်တွင်.. သားငယ်ကတော့ ငယ်ရွယ်နုနယ်သော မိန်းမ ...ယောက်နှင့်ပျော်ရွှင်နေခဲ့မှာပဲ..။ သူမက စိတ်ဒုက္ခကြီးစွာ ... သားငယ်ထံက ဖုန်းကိုစောင့်နေချိန်မှာ အဲဒီမိန်းမက

www.burmeseclassic.com

www.burmeseclassic.com



သားငယ်ခါးကိုဖက်ကာ ရယ်မောနေခဲ့ကြမှာပဲ..။

သူမက စိတ်ဓာတ်တွေကျဆင်းနေချိန်မှာ သားငယ် ကတော့ သူမနဲ့ဆန့်ကျင်ဘက် စိတ်ဓာတ်တက်ကြွနေခဲ့မှာပဲ။

ဒါနဲ့များ သူမကို လက်ထပ်ချင်သေးသတဲ့။ ချစ်သတဲ့။

သူမကိုလက်ထပ်ချင်ပြီး ဘာလို့များ အဲဒီ မိန်းမနဲ့ ရှုပ်ရတာလဲ..။ သူမမှာ တွေးရင်းဝမ်းနည်းလာသည်။

ဝမ်းနည်းမှု ကုန်သွားသောအခါ ဒေါသထွက်လာလေသည်။ ဒေါသထွက်ပြီးသောအခါ.. ဒီနေ့ကဲဆိုးမှာပေါ့.. ဒီနေ့ (၅)ရက်နေ့ပဲ ဟုတွေးကာ မျက်ရည်များသုတ်လိုက်သည်။

စိတ်ကိုဖြေချလိုက်သည်။

ထိုအခါ ရင်ဘတ်ထဲတွင် ဟာလာဟင်းလင်းဖြစ်၍သွားသည်။ သားငယ်နှင့်ပတ်သက်၍နိဂုံးချုပ်ပြီဟု သဘောထားလိုက်တော့သည်။

ပုံပြောကောင်းတဲ့ ယောကျ်ားဆိုတာ မိန်းမတွေအတွက် အန္တရာယ်အများဆုံးပဲတဲ့။ သားငယ်စကားသည် သားငယ်လုပ်ရပ်နှင့်ညီနေလေပြီ..။

တစ်နေ့နေ့မှာ ပြောကိုပြောရမည်။

" နင်တို့ ယောကျ်ားတွေအားလုံး တစ်ယောက်တစ်မျိုးစီ ပုံပြောကောင်းကြတယ်.."

x x x x x x x x



## "ဇေဇော်ဝါရီလ (၆)ရက်"

မနက်မိုးလင်းမှ သူမအိပ်ပျော်သွားပြီး နိုးလာချိန်မှာ နေကဆယ်နာရီထိုးနေချေပြီ။ မေလည်းမရှိတော့..။ သူမ အိပ်နေတာသိရက်နဲ့ တမင်မနှိုးသွားတာဖြစ်မည်။ သူမ မနေ့ကလေးတင် Country Manager က ဆူတာခံရသေးသည်။ ဒီနေ့ အလုပ်မတက်ပုံနဲ့တော့ သူများမုန်းစရာဖြစ်တော့မှာပဲ..။ အလုပ်လည်းသွားချင်စိတ်မရှိ။ ခေါင်းက တဆစ်ဆစ်ကိုက်ခဲလျက်ရှိနေသည်။ စိတ်ဆင်းရဲစရာတွေ ခေါင်းထဲမှာ ညပ်ပိတ်သိပ်နေတော့ ခေါင်းကိုက်မှာပဲဖြစ်သည်။ မျက်နှာသစ်၊ သွားတိုက်ရင်းမှန်ထဲမှာ ကိုယ့်မျက်နှာကိုယ်စိတ်မချမ်းသာဖွယ်ရာတွေ့ရသည်။ ညက ငိုထားသဖြင့်မျက်လုံးတွေဖောင်းအစ်လျက်ရှိသည်။ သို့သော် နှစ်နှစ်ခြိုက်ခြိုက် မအိပ်ပျော်သဖြင့် မျက်ကွင်းများက ညိုနေဆဲဖြစ်သည်။ သူမမျက်နှာသစ်ပြီးတော့.. ဖုန်းလာသည်။

" ဗျို့.. မေမေ.. နင့်ကို ဘာတွေပြောသွားလဲ.."

www.burmeseclassic.com

www.burmeseclassic.com



သားငယ်အသံက တုန်လှုပ်ခြောက်ခြားနေသောအသံမျိုး ဖြစ်သည်။ သူမမှာ အသံကိုနားထောင်ရင်း စိတ်နာလာကာ မျက်ရည်များပင်ကျလာတော့သည်။

" ဟုတ် ငိုနေတယ်. . ရှ. . ငါ တောင်းပန်ပါတယ် ချစ်ရာ. ငါရှောင်နိုင်သလောက်ရှောင်ခဲ့ပါတယ်. . ။ နင် ငါ့ကိုစိတ်ဆိုးမယ် ဆိုတာသိပါတယ်. . . ငါ့ကိုမမုန်းလိုက်ပါနဲ့ဟာ. . နော်. . ငါမှား ပါတယ်. . ဒါပေမယ့်. . ချစ်သူနဲ့ဝေးနေရင် ယောကျ်ားတိုင်း ငါ့လိုပဲဖြစ်ကြမှာ. . "

" တော်တော့. . "

သူမ ပိတ်အော်လိုက်သဖြင့် သားငယ် အသံတိတ်သွား သည်။

" ငါ အကြောင်းပြချက်တွေမကြားချင်ဘူး. . တကယ့် အဖြစ်မှန်ကိုတောင် လိမ်တဲ့နောက် နင်ပေးတဲ့ reason က ဘယ်လို လုပ်အမှန်ဖြစ်တော့မလဲ. . နင်က လူလိမ်ကောင်ကြီးပဲ. . . နင်မှားတာကျ ငါမသိရဘူး. . ငါ့ကိုကျတော့ ဦးအံ့ဖွယ်အောင်နဲ့ တစ်ချိန်လုံး ပုတ်ခတ်စွပ်စွဲတယ်. . အေး. . ငါ့နေရာမှာ ဘယ် မိန်းမ မဆိုအံ့ဖွယ်အောင်ကို ပြန်ကြိုက်နိုင်တာ. . နင်ကိုယ်ချင်း စာပါဦးလား. . "

" ရှ. . ငါစိတ်ပူအောင် မပြောပါနဲ့ကွာ. . ငါတောင်းပန် ပါတယ်နော်. . ငါလိမ်မိတယ်ကွာ. . ငါနင်ကျေနပ်အောင် ဘာပဲ လုပ်ပေးရပါစေလုပ်ပေးပါ့မယ်. . "



" ဒါဆို . . ငါနဲ့ ဦးအံ့ဖွယ်အောင် လက်မှတ်ထိုးရင် ...င်အသိသက်သေလုပ်ပေးပေါ့. . "

" ရှ. . . ငါ့ကိုရက်စက်တော့မှာလား. . "

" နင်ရွေးခဲ့တဲ့လမ်းအတိုင်း ငါ ဆက်လျှောက်မှာပါ. . "

" အဲဒီလမ်းက လမ်းမှားကြီးဟ. . "

" နင်တို့နှစ်ယောက်လုံး တူတူပါပဲသားငယ်. . ဘယ်သူ ...မှ ပိုမကောင်းပါဘူး. . ပိုလိမ်ညာဖို့ပဲရှိတယ်. . "

" ရှ. . ငါတောင်းပန်ပါတယ်ဟာ. . အဲဒီငနာကြီးနဲ့တော့ ...သူပါနဲ့. . ခေါင်းမညိတ်လိုက်ပါနဲ့. . ငါ နင့်ကို မစွန့်လွှတ် ...နိုင်ဘူး. . "

" နင့်ဘေးနားက တစ်ယောက်ကလည်း. . နင့်ကို ဘယ် ...နဲ့လွှတ်နိုင်ပါ့မလဲ. . သေချာစဉ်းစားပြီးမှပြောပါသားငယ်. . . ...ဒါလက်ဖျောက်တီးစရာတောင်မလိုဘဲ. . ယောကျ်ားတစ်ယောက် ...နိုင်တာ နင်သိပါတယ်. . ဇာတ်ရှုပ် ဇယားရှုပ်တွေနဲ့ ငါ့ကို လာ ...ပတ်သက်နဲ့. . . "

" ရှ. . . ရှ. . . "

သူမဖုန်းချပစ်လိုက်သည်။

ပြီးတော့ လက်နှစ်ဖက်ထဲမျက်နှာအပ်ကာ ငိုကြွေးမိသည်။ ...သူမသားငယ်ကို သံယောဇဉ်တော်တော်ကြီးခဲ့ပါသည်။ ...ကြာမနာဆိုမနာ ပွင့်ပွင့်လင်းလင်းဖြစ်ဖြင့် ချစ်ခဲ့သူတွေမို့ ဒီနေ့ ...ချိုးသတ်က စိတ်နာစရာကောင်းသည်။

www.burmeseclassic.com



ဘယ်သောက်တောင်ငိုမိသလဲမသိ . . ။

" အရှုံးငိုရင်ဖျားမှာပေါ့ . . "

ဆိုသောအသံကြောင့် လန့်ဖျတ်ပြီးမော့ကြည့်တော့ သူ . . ။ ဦးအုံ့ဖွယ်အောင် . . ။

" ဘယ်က ဝင်လာတာလဲ . . "

" မေတံခါးဖွင့်သွားရဲ့ ထင်တယ် . . ကိုယ် ရှုကိုစောင့်နေတာ . . ရှုဆင်းမလာလို့ စိတ်ပူပြီးတက်လာတာ . . "

" ဒါဆိုရောက်တာကြာပြီပေါ့ . . "

" ရှု ဖုန်းစပြောကတည်းက ဆိုပါတော့ . . ကိုယ်နဲ့လက်မှတ်ထိုးမယ်လို့ကြားတယ် . . တကယ်ပြောတာလား . . "

" . . . . . . . "

" ရှု . . . မင်းစိတ်ချမ်းသာစေရမယ် သိလား . . ကိုယ့်ကိုလက်ထပ်ရင် ဘာမဆို မင်းစိတ်တိုင်းကျဖြစ်ရမယ် . . . မင်းကိုယ့်ကြောင့်မငိုစေရဘူး . . "

သူက ကတိတွေ အထပ်ထပ်ပေးလျက် မြူဆွယ် ဖြားယောင်းလျက်ရှိသည်။ သူမသူ့ကိုမော့ကြည့်နေမိကာ ဘာ စကားမှမပြောမိ။

သူက သူမနားကပ်ထိုင်ပြီး သူမကိုယ်ကိုပုခုံးမှကိုင်၍ သူ့ဘက်ဆွဲလှည့်ကာ သူမမျက်ရည်များကိုသုတ်ပေးသည်။

" ကြည့်စမ်း . . ကိုယ့်ကလေးလေးငိုထားတာ မျက်လုံးတောင်မမြင်ရတော့ဘူး . . ခေါင်းကိုက်မယ် . . မငိုနဲ့တော့နော်"





သူမကို မျက်ရည်သုတ်ပေးနေသောသူ့လက်များအချစ်နွေးထွေးမှုဖြင့် နူးညံ့လှသည်။

သူမသူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်သည်။

သူမကျောကုန်းကိုသူက ညင်သာစွာပွတ်သပ်၍ချော့ သည်။

" ကဲ . . ထမင်းမစားရသေးဘူးမို့လား . . "

" အင်း . . "

" ကိုယ့်အခန်းလိုက်ခဲ့ . . . ဟိုတယ်ကပဲမှာစားလိုက်မယ်"

" မစားချင်ဘူး . . "

" ဒါဆို ကိုယ်ဝက်အူချောင်းကြော်ပေးမယ် . . ကိုက်လန်ရှိတယ် . . ကိုက်လန်လည်းကြော်ပေးမယ် . . ဟင်းပဲစားပေါ့ . . အစာမရှိရင်ဗိုက်အောင့်မယ် . . "

သူမအခန်းကို သော့ခတ်ကာသူ့အခန်းကိုလိုက်ခဲ့သည်။

သူက စိတ်ရှည်၊ လက်ရှည် ဟင်းရွက်ကြော်၊ ဝက်အူချောင်းကြော်ပေးသည်။ နွားနို့ဗူးတစ်ဗူး ဖောက်ပေးသည်။

x x x x x x x x



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို လက်ထပ်ခဲ့ရတာအိပ်မက်ဆန်လှပါသည်။

ကိုကို့ဘဝထဲကို သူမဝင်ရောက်သွားတာ သိပ်မြန်ဆန်လွန်းသည်ဟု လူအများက ကောက်ချက်ချကြသည်။

တကယ်တော့ သူမဘဝထဲကိုသာ ကိုကိုဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

ကိုကို့ရဲ့ပါးနပ်သော နှုတ်ခမ်းများနှင့် လှပသော လက်ချောင်းများသည် သူမအတွက် ကဗျာတစ်ပုဒ်ဖြစ်သည်။

ကိုကိုက အချစ်ဆန်းသူဖြစ်သည်။ နာကျင်မှာစိုးသော စိတ်ဖြင့် ဘယ်ကိုစွမဆိုနူးညံ့တတ်သူ။

သူမကို ကလေးတစ်ယောက်လိုပင် ဆက်ဆံတတ်သည်။

သူမကို သူကိုယ်တိုင်ရေချိုးပေးသည်။ သနပ်ခါးသွေးကာလိမ်းပေးသည်။ သနပ်ခါး အလိမ်းခံရင်း သူမသိလိုသည်များကို မေးရ သည်။

" ကိုကို. . တိုက်နဲ့ဘာလို့မနေတာလဲ. . "

" ရှက တိုက်ခန်းလေးနဲ့ မနေနိုင်တာလား. . "





" မဟုတ်ပါဘူး. . ဝတ္ထုစာအုပ်ထဲ ရုပ်ရှင်ထဲမှာဆို အဖော်တွေအများကြီးနဲ့ အိမ်ကြီးက ဟီးနေတာလေ. . "

" ကိုကို့မှာ အဲသလိုမရှိဘူး. . ဒီတိုက်ခန်းပဲရှိတယ်. . "

" အရင်က ဘယ်မှာနေလဲ. . "

" ကုမ္ပဏီမှာပဲလေ. . . "

" Autumnရဲ့ပိုင်ရှင်က ဒီတိုက်ခန်းပဲရှိတယ် ဟုတ်လား. . "

" မယုံဘူးလား. . "

" ဟင့်အင်း. . ကိုကို့ကိုချမ်းသာမယ်ထင်ခဲ့တာ. . "

" ကဲ. . ငြိမ်ငြိမ်နေ. . သနပ်ခါးပျက်မယ်. . "

" အိမ်ဖော်ရော မထားဘူးလား. . . "

" ရှိသားပဲ. . ယောကျ်ားလေးမို့ စိတ်မချဘူး. . "

" အခု ဘယ်ရောက်သွားပြီလဲ. . "

" ကုမ္ပဏီမှာပဲ ထားထားတယ်. . ရှ. . CPA ဆက်တက်နော်. . အလုပ်မဆင်းနဲ့. . အိမ်မှာပဲနေ. . ကိုကိုအပို့အကြိုလုပ်ပေးမယ်. . "

" အလုပ်မဆင်းစေချင်ဘူးပေါ့. ."

" အင်း. . . ဂုဏ်သိက္ခာအရ ရှက ကြီးသွားပြီ. . မေနဲ့တွေ့ရင်ဘယ်ကောင်းမှာလဲ. . "

ကိုကိုပြောမှ မေ့ကိုသတိရသည်။ သူမလက်မှတ်ထိုးသောနေ့မှာပင် မေ. သူမအိမ်မှာမနေတော့ဘဲ. . အိမ်ပြောင်းသွားသည်။ သူမကို နှုတ်ဆက်စကားပင်မဆို။ သူမတို့ ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံပွဲကို မြရိပ်ညိုမှာပဲလုပ်ခဲ့သည်။ အဲဒီတုန်းကလည်း မ
မလာပါ. .။

" ကိုကို . . . မေ့ကို ကိုကို ဘာများလုပ်လိုက်သလဲဟင်"

" ဘာမှမလုပ်ဘူး. . . မေက စတာ. . "

" . . . . . . . . . "

" မေ ကစတာ. . မေက သူမှာ မောင်လေးတစ်ယော
ရှိတယ်တဲ့. . အဲဒီတစ်ယောက်ကို နိုင်ငံခြားပို့ဖို့ ကိုကို့ကို အ
အညီတောင်းတယ်ကွာ. . ကိုကို ကူညီလိုက်တယ်. . ဒါပါပဲ "

" ကိုကို့ ကိုသူကျေးဇူးမဆပ်ဘူးလား. . "

" ကိုကို တောင်းရင် ဘာမဆိုရတာသိတယ် ရှ. . ဒါမေ
မယ့်. . ကိုကိုမလုပ်ဘူး. . . မေက ယောကျ်ားချေးသားဆိုတော
ရှုလို့မဟုတ်ဘူး. . ကိုကို့မိန်းမက ကလေးလေးပဲ. . ဘာမှ မသိဘူ
မနည်းချော့နေရတာ. . "

"မေက ယောကျ်ားချေးသား. . ဟုတ်လို့လား ကိုကိုရာ ရှုဖြင့်
မသိပါဘူး. . "

" ဟုတ်တယ်. . မေတို့မြို့မှာ မေက နာမည်ကြီးပဲ. . .
မေ့အသက်ဆယ့်ခြောက်နှစ်မှာ ယောကျ်ားနောက်လိုက်ပြေ
ဖူးတယ်. . အဲဒီယောကျ်ားမှာ မိန်းမရော ကလေးပါရှိတယ်
မေ့မိဘတွေက အတင်းလိုက်ခွဲတာ လုံးဝမရဘူး. . အဲဒီ
ယောကျ်ားမှာ မိန်းမရောကလေးပါရှိတယ်. . မေ့မိဘတွေက
အတင်းလိုက်ခွဲတာ လုံးဝမရဘူး. . အဲဒီယောကျ်ားနဲ့ကိုယ်ဝန် ရှိ





ကိုယ်ဝန် သုံးလမှာ ကလေးပျက်ကျသွားတယ်. . မေ့ကို
အဲဒီယောကျ်ားက အရမ်းရိုက်လို့ပျက်ကျသွားတာတဲ့. .
ကလေးပျက်ကျသွားတော့ မေလည်း ယောကျ်ားနဲ့ကွဲပြီး မိဘ
အိမ်ပြန်ရောက်သွားတယ်. . အဲဒီကတည်းက မေ့ပုံစံက ဒီပုံစံ
ဖြစ်သွားတာပဲ. . လှမြင်တာနဲ့. . နိုးနိုးကုပ်ကုပ်လေး အေးအေး
လေးထောင်ရအောင် သူ့ကိုယ်သူပုံဖမ်းထားတာ. . ရှုက အတူနေ
ပြီး ဒါတောင်မသိဘူးလား. . "

" မသိဘူး. . ကိုကိုကရော ဘယ်လိုသိတာလဲ. . "

" ကိုကိုက အဲဒီမြို့ကပဲ. . "

" မေနဲ့တစ်မြို့တည်း. . "

" အင်း. . ဒါပေမယ့်. . ကိုကိုအဲဒီမြို့က ထွက်ခဲ့တာ
အသက် ဆယ့်ခြောက်နှစ်ကတည်းကပဲ. . မေ့အကြောင်းက
ကိုကို့သူငယ်ချင်းဟောင်းတစ်ယောက်နဲ့ မတော်တဆလမ်းမှာ
တွေ့ရင်းသိတာဆိုပါတော့. . "

" အင်း. . . ရှုဖြင့် တကယ်အံ့ဩတာပဲ. . ထင်ကိုမထင်
ထားခဲ့ဘူး. . ဒါပဲနော်. . ကိုကို သူနဲ့စကားမပြောရဘူး. . "

" ဘယ်သူနဲ့လဲ. . "

" မေ နဲ့ပေါ့ . . "

"အလုပ်ကိစ္စမှာတော့ပြောရမှာပေါ့ ရှုက ,ကလေး
မဆန်ရဘူးလေ. . နားလည်ပေးရမှာပေါ့. . သဝန်တိုတာလား. .
ကြည့်စမ်း. . နှုတ်ခမ်းကြီးကိုစူနေတာပဲ. . "

ကိုကို့လည်ပင်းကို လက်နှစ်ဖက်နှင့် သိုင်းဖက်ကာ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



နင်ဘယ်မှာ မျက်နှာအပ်လိုက်ပြီး..

" သဝန်တိုတာပေါ့.. ကိုကိုက ပုံပြောကောင်းတယ်လေ"

" ဟား...ဟား...ဟား..ရှုကတော့ပြောတော့မယ်"

" ဟုတ်တယ်..ကိုကိုနဲ့ကဖူးစာကိုပါလာတာ..ရှု ကိုကို့ကိုသိပ်ချစ်သွားပြီနော်..ရှုဘက်ကအမှားတစ်ခုမှမရှိစေရအောင် ရှု နေမယ်..။ ကိုကို့ဘက်ကလည်း ဘာမှမမှားစေနဲ့..ရှု အမုန်းဆုံးအရာက လိမ်တာပဲ..ရှု ကို ဘယ်တော့မှ မလိမ်နဲ့..မညာနဲ့.. ရှု လုံးဝခွင့်မလွှတ်ဘူး.."

သူမတို့ ဟန်းနီးမွန်းခရီးအဖြစ် မော်လမြိုင်၊ ဘားအံမြို့များကို ခရီးထွက်ကြသည်။ မော်လမြိုင်မြို့ကိုနံ့အောင် လျှောက်သွားကြသည်။ ကမ်းနားလေကို အားပါးတရ ရှူရှိုက်ရင်း သူမတို့ပျော်ရွှင်ခဲ့ကြသည်။

" ရန်ကုန်လေနဲ့ တော်တော်ကွာတာကွ.. ရှု..မော်လမြိုင်ကို ကြိုက်လား.."

" အင်း.. လမ်းလဲသန့်တယ်..နေလို့ကောင်းတယ်နော် ကိုကို"

" ဒါဆို မော်လမြိုင်မှာ ပြောင်းနေကြမလား.."

" နေမှာပေါ့..စိတ်ချမ်းသာမယ်ဆို ဘယ်မှာနေရပါစေ နေမယ်.."

" အင်း..ဒါပေမယ့်.. ကျန်းမာရေးကျတော့ စိတ်ပူရတယ်..ရန်ကုန်မှာစပါယ်ရှယ်လစ်တွေအများကြီး.. ဒီမှာ မရှိဘူး..ရှု..ကိုကိုတို့ ကလေးယူကြရအောင်.."



" ကလေး.."

" အင်း.. ကိုကို့အသက်ကသုံးဆယ်ကျော်ပြီ..ဒီအရွယ်က သားနဲ့မယားနဲ့နေရမယ့်အချိန်.."

သူမမျက်နှာညှိုးတော့ ကိုကိုက ချက်ခြင်းသိသည်။

သူမသဘောက ကလေးမယူချင်သေးပါ။ ဘာလို့လဲဆို သူမလက်ထပ်လိုက်တာကို မေမေတို့က လုံးဝမကျေနပ်ကြပါ။ သူတို့နိုင်ငံခြားမှာရောက်နေစဉ် သူတို့သဘောကိုမမေးမမြန်းဘဲ သူမက လက်မှတ်ထိုးလက်ထပ်ကြောင်း e-mail ပေးပို့တာ သူတို့ကို မလေးစားရာကျသည်ဟု ထင်ကြသည်။

" ညည်းခေါင်းထဲမှာ မေမေတို့ရှိသေးရဲ့လား မိရှု.."

" ခွေးလိုလင်ယူတဲ့သမီး...ဒီကောင်ဘာကောင်လဲ..ဒီကောင်အကြောင်း.. နင်ဘယ်လောက်သိလို့လဲ.. နင်တို့တွေတာဘာမှမကြာသေးဘဲယူရတယ်လို့...တမင်စိတ်မချလို့ နိုင်ငံခြားကိုမခေါ်ဘဲထားခဲ့တာ.., အခုစိတ်ထင်တိုင်းကြဲနေတယ်ပေါ့လေ.."

ဖေဖေရောမေမေပါ ဖုန်းဖြင့်အပြစ်တင်ကြသည်။

" သူ လူကောင်းတစ်ယောက်ပါ ဖေဖေ"

" သူ လူကောင်းဆိုတာ နင်ဘာနဲ့တိုင်းတာမလဲ.."

" ဒါပေမယ့်.. သူက Autumn ပိုင်ရှင်လေ.."

ထိုသို့ပြောကာမှ မိဘများက ပိုဒေါသပုန်ထကြတော့သည်။ Autumn ပိုင်ရှင်ဆိုတာကို မက်စရာမလိုကြောင်း၊ သူတို့

www.burmeseclassic.com



မှာရှိသောချမ်းသာမှုဖြင့် နောင်ဆယ်သက်မဟုတ်တောင်. . . တစ်သက်တော့ဖူလုံကြောင်း။ ကျွန်မ မင်္ဂလာဆည်ခံပွဲကို သူတို့လုံးဝမလာခြင်းဖြင့် သူတို့ဆန္ဒကိုပြသခဲ့ကြသည်။

သူမမှာ အတွင်းကျိတ်၍ စိတ်ဒုက္ခကြီးစွာရောက်ရသည်။

ကိုကို့ဘက်ကလည်း မိဘမရှိ. . သူမမှာ ရှိရက်နဲ့သဘောမတူ ကိုကြီးမော်အသိမိတ်ဆွေများက မိဘနေရာဝင်၍ မင်္ဂလာဆည်ခံပွဲကို ကျင်းပခဲ့ရသည်။ ကိုကို့ရင်ခွင်ထဲမှာ ကျိတ်ငိုခဲ့ရတဲ့သတို့သမီးဘဝကို လူတွေမသိပါ။ လူအများက Autumn ပိုင်ရှင်ဦးအုံဖွယ်အောင်ရဲ့ဇနီးအဖြစ် သူမကို အားကျ၊ ချီးကျူးနေကြသည်။

တစ်ချိန်တည်းမှာပင် သူမမိဘများက မိဘစိတ်ဆင်းရဲအောင်လုပ်တဲ့သမီး ဘယ်တော့မှ စိတ်မချမ်းသာရဘူးဟု ဆိုကြလေသည်။

သူမမှာ ထိုစကားကို ကျိန်စာဟုပင် မှတ်ယူမိသည်။

သူမတစ်သက် မိဘကို အလွန်အကျွံပေးခဲ့သောစိတ်ဒုက္ခဆို၍ အိမ်ထောင်ပြုခြင်းပင်ဖြစ်သည်။ မေမေတို့က သားငယ်နှင့်သဘောတူထားရာ သားငယ်ဘက်ကဖောက်ဖျက်သည်ထားဦး သားငယ်ထက်သာတာကို သူတို့ရှာပေးစားမည်။ သူမသဘော နှင့် သူမလက်ထပ်တာကို လုံးဝခွင့်မလွှတ်ကြ။

သူမမှာ တငိုငိုတရယ်ရယ်နှင့်မို့ ကိုကိုလည်း စိတ်ညစ်လေသည်။





" ဒီလောက် စိတ်ညစ်ရမယ်မှန်းသိရင် ကိုကို မင်းကို လက်မထပ်ပါဘူး. . "

" ရှင်ကပဲ ပြောရတယ်ရှိသေး. . ရှူ. တစ်သက်မှာ ဒီလို မိဘကျိန်မယ်မှန်းကြို သိရင် ယောကျ်ားကို မယူဘူး. . အခု ဘာထူးလဲ. . ထမင်းဟင်းချက်ကျွေးရသေးတယ်. . CPA လည်း ဘက်ရတယ်. . အားလုံးရှင့်အတွက်ချည်းပဲ. . ကျွန်မအတွက်ဆိုတာမရှိဘူး. . ဖေဖေတို့ကိုအပြစ်မတင်နဲ့. . သူတို့က သူတို့ဆီလာတောင်းရမ်းစေချင်ကြတာ မိဘတိုင်းဒီလိုပဲဥစ္စာ. . . "

" ဘာ. . တောင်းရမ်းစေချင်တာ. . မိန်းမတစ်ယောက်ကို တောင်းရမ်းလက်ထပ်ယူရမယ်မှန်းသိရင် ကိုယ်ဘယ်တော့မှ လက်မထပ်ဘူး. . "

" ရှင်ကပဲ မှား. . . ရှင်ကပဲ နာရသေးတယ်. . ရှင့်အစ်ကိုဆီဖုန်းဆက်တိုင်မယ်. . "

" ဘာကိစ္စကိုကြီးမော်ကို ဆွဲထည့်ရတာလဲ. . သူနဲ့ ဘာမှ မဆိုင်ဘူး. . "

" သူက ရှင့်အုပ်ထိန်းသူမဟုတ်လား. . တိုင်ကိုတိုင်ရမှာပေါ့. . "

" မင်း ကိုယ့်ကိုကြိုက်သလိုပြော. . ကိုကြီးမော်ကို ပြောစရာမလိုဘူး. . ကိုယ်က ဖြေရှင်းလို့မရအောင် မိုက်မဲနေတဲ့ ကောင်မဟုတ်ဘူးကွ. . "

မယူခင်က သူ့ကိုတော်တော်စကားပြောယဉ်ကျေးသူဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့သည်။ ယူပြီးမှ သူသည်း သာမန်ယောကျ်ားတစ်ယောက်လိုပင် ဖြစ်မှန်းသိတော့သည်။ သာမန်ယောကျ်ားတစ်ယောက်လိုပင် မိန်းမလိုမိန်းမရ နင့်နင့်သီးသီး ပြောတတ်သည်။ သူလိုချင်တဲ့အချိန်ကျလျှင်တော့. . သူလောက်နူးညံ့သိမ်မွေ့တာမရှိတော့. .။ မင်္ဂလာဦးကာလမှာပင် သူမအပေါ် သူ့ နူးညံ့မှုများကုန်သွားခဲ့ပြီး သူသည် သူမကိုရွေ့ထားကာ မိန်းမလှလှချောချောကလေးများကို ငမ်းတတ်လေသည်။ ဩစတြေးလျမှာနေသည်ဟုဆိုထားသော ကိုကြီးမော်က ရန်ကုန်မှာပင်ရှိနေတာကို မမျှော်လင့်ဘဲ သူမတွေ့လိုက်ရသောနေ့က ကိုကြီးမော်ကို အတင်းလိုက်ခေါ်မိသည်။

လပြည့်ဝန်းပလာဇာ အဝင်ဝမှာ သူမလှမ်းခေါ်သောကြောင့် လှည့်ကြည့်သည်။

" ဟာ. . ညီမ. . "

" ကိုကြီးမော်နဲ့တွေ့တာအတော်ပဲ. . ကျွန်မတိုင်မလို့"

" ဘာတိုင်မလို့လဲ "

" ကိုကြီးမော်ညီပေါ့. . ကျွန်မကိုတောင်းရမ်းလက်ထပ်ရမယ်မှန်းကြိုသိရင်မယူဘူးတဲ့. . "

" ဒီကောင်က လူမှဟုတ်ရဲ့လား. . တိရိစ္ဆာန်စကားပြောတယ်. . "

" ဟုတ်တယ်. . အဲဒါ ဆုံးမပေးပါဦး "

" အေး . . အေး. . "

× × × × × × × ×



အိပ်ယာတစ်ခုတည်းမှာ အတူတူ ယှဉ်အိပ်နေသော်လည်း သူနဲ့သူမကျောချင်းကပ်လျက်ဖြစ်သည်။ သူ့ကိုစိတ်ကုန်လာသောသူမသည် ထမင်းစားပြီးကတည်းက ဂျာနယ်တစ်စောင်ယူကာအိပ်ရာထဲဝင်သည်။ သိပ်မကြာပါ. . သူကလည်း စာအုပ်တစ်အုပ်ဖြင့် လိုက်ဝင်သည်။

လက်ထပ်ပြီးတာ နှစ်လမျှသာကြာသေးသည်။ သူမနဲ့သူ့စကားများ၊ ကတောက်ကဆဖြစ်တာ အကြိမ်ခြောက်ဆယ်မကတော့. . အခုလည်း သူမဘက်ကိုလှည့်ပြီး. .

" အဲဒီ အသုံးမကျတဲ့စာတွေပဲဖတ်. . ဟိုမင်းသား မိန်းမယူပြီ. . ဒီမော်ဒယ်လ်ရုပ်ရှင်ရိုက်ပြီ. . ဒါမဲ့ရေးထားတာ. . ဗဟုသုတအစုလိုက်အပြုံလိုက်ရဦးမယ်. . တိုးတက်ဦးမယ် "

" ကျွန်မခေါင်းရှုပ်လွန်းလို့ဖတ်နေတာ "

" မင်းအသက်အရွယ်နဲ့ ခေါင်းကရှုပ်သေးတယ်. . ဘာ[illegible]ပ်စရာရှိလဲ. . မင်းသုံးဖို့ပိုက်ဆံ ကိုယ့်အိတ်ထဲက[illegible]က်သုံးနေတာပဲ. . ကိုယ့်ဖာသာကိုယ်ရှာရတာမှမဟုတ်တာ. . "

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မဖောသာရှာခဲ့တာပဲ . . ရှင်ကမှ အလုပ်မေးမလုပ်တော့တာ . . ရှင်ပဲ ဒီ CPA တက်ဆို . . ကျွန်မသေရင်နောက်မှာ အကြီးအရှည်ကြီးပါတယ် . . ကောင်းတာပေါ့ . . ရှင့်ပိုက်ဆံသုံးတယ်ဆိုတဲ့ စကားလာမပြောနဲ့ . . ကျွန်မကရှင့်မယားပဲ ရှင့်မှာမယားဘယ်နှစ်ယောက်ရှိလို့လဲ . . ကိုယ့်လင်ပိုက်ဆံကိုယ်သုံးတာ ရှင့်မှာ ဦးစားပေးစရာ မယားတွေရှိနေလို့လား . ."

" မင်းစကားကိုဆင်ခြင်ပြောစမ်း ငါ မင်းထက်အသက်အများကြီးကြီးတယ်ကွ . . "

" ကျွန်မက ရှင့်ထက်အသက်အများကြီးငယ်တယ် "

" ဒါကြောင့် မင်း အတို့အယောင်လုပ်တာပေါ့ . . "

" ဘာလုပ်လို့လဲ . . စကားကိုကြည့်ပြောပါ . . "

" ကိုကြီးမော်ကို မင်းဘာသွားပြောလဲ . . "

" မှန်တာတွေပြောတာပေါ့ "

" မင်းတွာ မင်း . . "

သူကစာအုပ်ကြီး ဘုန်းခနဲပစ်ချတာ သူမအကွက်လှည့် သည်။ သူမက ပြာနယ်ကိုလုံးထွေးပြီး သူ့မျက်နှာကိုပစ်ပေါက် လိုက်သည်။

" လူကြီးကိုမရှိသေတဲ့မိန်းမ ကြည့်စမ်း . . ကိုယ်ထိလက်ရောက်စော်ကားတယ် . . မင်းတော့လေ သေရင်ငရဲပြည်ရောက်မယ် . . "

" ရောက်ပစေပေါ့ . . ရှင်အရင်ရောက်မှာပဲ . . မပူပါဘူး"

" မင်းနော် . . ငါ . . . "





" ဘာလုပ်ချင်လဲ . . "

သူမက ခါးထောက်ကာ မျက်နှာကိုချိုလိုက်သည်။ ထင်းဘာရမလဲ။ သူ့သေကိုယ်သေချကိုပစ်မယ် . . ။

ဒီမှာ မိဘကိုဆန့်ကျင်ပြီးမှယူထားရတာ . . ။

ဒါတောင် သူမကို အနိုင်ကျင့်လို့ကတော့ အသေပဲမှတ်။ သူမကို သူဒေါသဖြင့် စူးစူးရဲရဲစိုက်ကြည့်သည်။ သူမကလည်း ဘုကျကျွာပြန်ကြည့်သည်။

တဖြည်းဖြည်း သူ့မျက်နှာကပြုံးလာပြီး သူမက နှုတ်ခမ်းစူထော်ဖြစ်သည်။

"ချစ်ဖို့ကောင်းလိုက်တာ . . ကြည့်စမ်း . . ကလေး စိတ်တောက်နေတာ . . ဖင်ကိုကြိမ်လုံးလေးနဲ့ ရိုက်ချင်စရာလေး"

ဟုဆိုကာ သူမကိုအတင်းဖက်၍ နမ်းငတော့သည်။

" ကိုကို ချစ်တာသိရက်နဲ့ သိမ်ဆိုးတဲ့ကောင်မလေး . . ဒီမှာနောက်ဘာပြဿနာပဲဖြစ်ဖြစ် ကိုကြီးမော်ကို မပြောရဘူး"

" ပြောမှာပဲ ကိုကိုကြောက်တယ်မို့လား . . "

" ကိုကို့ကိုပြောပေါ့ ကိုကိုမှားတာရှိရင်ပြင်မှာပေါ့ကွ . . တလေးလေးက စကားပုံတစ်ခွန်းမကြားဖူးဘူးလား . . "

" ဘာလဲ "

" အိမ်တွင်းထရဲနဲ့ အပြင်မကာရဘူးဆိုတာလေ "

" ရှက ဘယ်သူသွားကာနေလို့လဲ "

"အဲဒါပြောတာပေါ့ ခုထိကလေးပဲ . . ဘာမှနားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်မှာပေါ့. . ရွှသာ နားလည်ရင် ကိုကိုလို လူခွစာနဲ့မညားဘူး. . "

သူက ရယ်လေသည်။

သူမတို့မှာ ကြီးကြီးမားမားပြဿနာဆို၍ သူမကလေးမယူချင်သော ပြဿနာနှင့်သူ့လုပ်ငန်းကိစ္စများကို ပေးမသိသောပြဿနာသာရှိသည်။

သူမက မိဘများကျေလည်မှ ဒါမှမဟုတ် သူမအသက်နှစ်ဆယ့်ရှစ်၊ နှစ်ဆယ့်ကိုးလောက်မှ ကလေးယူမယ်စိတ်ကူးသည်။

ကလေးမွေးပြီးထိန်းရမည့်ဒုက္ခက ပိုကြီးတာ သူမမခံနိုင်ပေ။ ကလေးချီးလည်း မကိုင်ချင်။ အို. . တွေးတာနဲ့ ရွံပါသည်။

ပြီးတော့ ခုခေတ်က စတုတ်ဒူးအလယ်လောက်ရှည်တာလေးတွေနဲ့ ဒေါက်ခပ်မြင့်မြင့်ကလေးတွေခေတ်စားနေတာ။ သူမအသက်အရွယ်နဲ့ဝတ်လို့ရသေးသည်။

" ကိုကိုတို့ ကလေးလေးတစ်ယောက်လောက်ယူကြရအောင် ရွှရယ်. . နော်. . "

သူက ချော့မော့ဖြားယောင်းလေသည်။

" ကလေး. . ဟုတ်လား. . လာပြန်ပြီ . . ကိုကိုက ကိုတို့ဗိုက်မကြီးရတိုင်း အတင်းယူခိုင်းနေတာပဲ. . ဗိုက်ပူကြီးနဲ့ ဒေါက်ဖိနပ်လည်းစီးလို့မရဘူး. . စားချင်တာလည်းစားလို့မရ. . ကိုကိုကကျော့ကျော့လေး. . ရွှက သေအောင်နာပြီးမွေးတဲ့ကလေးကို ဖေ့သားကြီး ဖေ့သားကြီးနဲ့ချီမှာလေ. . ကိုကိုမွေးကြည့်ပါလား "

" မွေးလို့မရလို့ပေါ့. . ရရင် ကိုကိုမွေးမှာ . . "



" အပြောကတော့ရွှေမန်းပဲ. . အကသာချိုမိုင်ခိုင်. . . ဟင်း. . မသိရင်ခက်မယ်. . ကိုကိုတို့ယောက်ကျားတွေမိန်းမယူတာ ကလေးမွေးခိုင်းဖို့ပဲမို့လား. . အားတိုင်း ဒီကလေးပဲမွေးခိုင်းနေတာ. . မုန်းလာပြီနော်. . ရွှမလုပ်ချင်တာ အတင်းလုပ်ခိုင်းရင် ကိုကို့ကိုသိပ်မုန်းမှာသိလား. . "

" ယောကျ်ားယူပြီးကလေးမွေးရမှာထုံးစံပဲ. . ဒါ Evolution (ဆင့်ကဲဖြစ်စဉ်) ပဲ. . ဒါကိုဆန့်ကျင်တာ ဆိုက်ကို သဘော ရှိလို့ပဲ ရွှရဲ့. . "

" ကလေးမမွေးချင်လို့ ရွှကို ရူးတယ်လို့ပြောတာလား "

" ဟုတ်တယ်လေ. . သဘာဝကိုဆန့်ကျင်တာ အရူးပဲ. . အရူးတောင် မိခင်မေတ္တာရှိသေးတာ. . အရူးမတစ်ယောက် ဆိုသူနောက်က မွေးထားတဲ့ကလေးတွေတန်းစီပြီး လျှောက်သွားနေတာတောင်မြင်ဖူးသေးတယ်. . မသိစိတ်က ငါ့သား၊ ငါ့သမီးဆိုတဲ့အတွေးမျိုး အရူးမှာတောင်ရှိသေးတာ. . ရွှမှာ မရှိဘူးဆို ရင် ရွှက အကြောင်းနာတရားမရှိလို့ပဲ. . . "

" ဪ. . ရှင့်ကို ကလေးမွေးမပေးတာနဲ့ မိခင်စိတ်မရှိဘူးလို့ပြောတယ်. . ကျွန်မမိဘတွေမှာ သမီးတစ်ယောက်တည်းရှိတာ. . ရှင်နဲ့သဘောမတူလို့ ခါးခါးသီးသီးဖြစ်နေတာ. . ကျွန်မမိဘတွေဖက်ကစဉ်းစားပေးမယ်မရှိဘူး. . "

" ဘာစဉ်းစားရမှာလဲ. . သမီးမွေးထားရင် အချိန်တန်ထင်ရမှာပဲ. . ဒါစိတ်ဆိုးစရာလား. . ကိုယ်က ဆိုက်ကားသမားလည်းမဟုတ်ဘူး. . ကိုယ့်မိန်းမကိုမြရိပ်ညိုမှာ Wedding လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ..မင်းသိတဲ့အတွေ့နှိမ်ပုံနဲ့ တခြားတစ်ယောက်ဆို မြရိပ်ညို ရှေ့ကနဲ့ ထမ်းဘေးလက်ဖက်ရည်ဆိုင်မှာတောင် မင်းကို ညှော်ခံပြဲ ထုတ်ပေးမယ်မထင်နဲ့..အလကား ကိုယ့်မှာ မိခင်စိတ်မရှိရင် မရှိဘူးပေါ့..အရှူးချီးပန်းလျှောက်ပြောနေတယ်.."

သူမကိုလျှောက်ပြောနေတယ်ပြောသော သူ့ပါးစပ်ထဲသို့ အနားရှိဈောင်အစွန်းနဲ့ပိတ်တော့ ဝူးဝူးဝါးဝါး အော်လေသည်။

"မိခင်စိတ်မရှိဘူး ဘာဖြစ်လဲ..ကလေးမမွေးချင်တာဘဲ အားအားရှိပြဿနာရှာနေတယ်..ထားပေးပါလား အိမ်ဖော်..ဒီမှာတစ်နေ့တစ်နေ့ လက်ရောခြေပေါ် အားတယ်မရှိဘူး..ဝတ္တုထဲကလို အားရင်ဈေးပတ်၊ ဟိုတယ်တက်ကော်ဖီသောက်ရမလား မှတ်ပြီး သူဌေးယူမိတာ..ခုမှ ကျွန်လုံးလုံးဖြစ်ပြီ.."

သူက ဈောင်ကိုဖယ်ကာ ရန်ပြန်တွေ့လေသည်။

"အိမ်ဖော် ဟုတ်လား အေး ထားပေးမယ်..လှတပတ ကိုယ်လုံးနဲ့ အသားဖြူဖြူကောင်မလေးတွေ ပေါ်မှပေါ့..ပြီးမှ မင်းစိတ်မချဘူးမပြောနဲ့.."

"ရှင့်အဆင့်က အိမ်ဖော်နဲ့ပဲတန်တယ်ထင်ရင်လုပ်လိုက်လေကြာသလားလို့..ဒီမှာ မိရှုတို့က ရန်တော့မတွေ့ဘူး..အဲဒီမိန်းမကိုထမီကောင်းကောင်းလျှော်နိုင်းပြလိုက်မယ်.. ရှင့်ကို ဒရိုင်ဘာရာထူးတိုးပေးလိုက်မယ်.."

"လျှောက်ပြောနေတာ..ကိုယ်တကယ်ငြိကြည့်ပါလား။ မင်းထိုင်ငိုမှာမြင်သေးတယ်.."



"ရှင်နဲ့ကျွန်မ အသက်ရှစ်နှစ်တောင် ကွာတာ..[illegible] ရှင်က ခပ်ငယ်ငယ်ကလေး စိတ်ဝင်စားချင်ရင်"

"ရှူး..ပြောလေ ဆိုးလေ ပါလား"

သူ့မျက်နှာက နီရဲသထက်နီရဲလာသည်။ သူစိတ်တကယ် ဆိုးနေပြီ..။

"ဒီလောက်ငယ်ငယ်ယူထားတာတောင်..ရှင်ကငယ်တာ ထပ်ကြိုက်နေသေးတာကိုး..မေနဲ့တော့လုံးဝပဲနော်..မေနဲ့များ သတင်းကြားလို့ကတော့ ရှင်တို့နှစ်ယောက်အဆင့်ကို သုညပဲ ရှိပါတယ်ဆိုတာ ကျွန်မကြေငြာပစ်မယ်မှတ်..ရှင့်ကိုမျက်ရည်ခံ လေးထိုးပြီး မူနှံ့နေမှာမဟုတ်ဘူး..ကျွန်မကို အဲဒီကိစ္စနဲ့ လာစမ်းလို့ကတော့ ..ကျွန်မရှင်တို့ကိုလပ်ထပ်ပေးပြီး ထိပ်ဆုံး ခိုင်းမှာကိုထိုင်ပြမယ်မှတ်"

"မေ့ အကြောင်း ငါးနှစ်နေပြီး ဘာမှမသိတဲ့လူကများ..ကြီးကြီးကျယ်ကျယ်ပြောနေသေးတယ်.."

"ကိုကိုက ပိုသိမှာပေါ့..ကိုကိုကသစ္စာရှင့်နေပြီမို့လား"

"အေးကွာ.. ရင့်တယ်ကွာ..ငါနောက်ထပ်မိန်းမ ဆယ်ယောက်ကိုထပ်ယူပြီး မင်းနဲ့တစ်အိမ်တည်းထားဦးမယ်"

"အဲဒီတော့မှထားပေါ့..အခု ကျွန်မအိပ်ရာပေါ်က ထွက်သွား..ဒီည ရှင်နဲ့ တူတူမအိပ်ဘူး..သွားတော့.."

"ဟာ..ဘာဆိုင်လို့လဲ.."

www.burmeseclassic.com

www.burmeseclassic.com



" ရှင့်ဖာသာရှင် တစ်ယောက်တည်း စိတ်ကူးယဉ်ပြီး အိပ်လို့ရအောင်မောင်းထုတ်ပေးတာလေ . . "

" ကိုကို ခွဲမအိပ်နိုင်တာသိရက်နဲ့ "

" မသိပါဘူး . . သွားတော့ . . အိပ်မက်ထဲမှာ ဆယ်ယောက်နဲ့အိပ်၊ လောင်လာဆယ် ရှတစ်ယောက်တည်းအိပ်မယ်"

သူမက သူ့ကို အိပ်ခန်းထဲမှအတင်းတွန်းထုတ်၍ အတွင်းမှဂျက်ထိုးထားလိုက်သောအခါ အပြင်ကနေ သူက တံခါးကို သုံးချက်တစ်ခါခေါက်လေသည်။

မကြားချင်ဟန်ဆောင်ပြီး အိပ်တော့မည်ဟုဆုံးဖြတ်ကာ မျက်လုံးကိုအတင်းမှိတ်ပစ်လိုက်သည်။

× × × × × × × ×





ကလေးယူရေး မယူရေးပြဿနာပြီးမှတော့ နောက်တစ်ပြဿနာက သူမသူ့ရဲ့ အလုပ်စားပွဲကို ရှင်းပေးမိခြင်းဖြစ်သည်။ လော့ခ်ကာထဲကဖိုင်တွေကို စိတ်မဝင်စားဘဲ တစ်ချက်ကလေးမှ လှန်မကြည့်သောသူမသည် သူ့ဒိုင်ယာယီအထပ်လိုက်ကိုတော့ စိတ်ဝင်စားလေသည်။

သူများ ဒိုင်ယာယီဆိုတာ မဖတ်သင့်သောစာအုပ် . . . . . လူမှုကျင့်ဝတ်တစ်ခုဟု သူမကောင်းကောင်းနားလည်သည်။

တစ်ဖက်ကျတော့ . . သူနဲ့ငါ လင်မယားဖဲ့ မသိသင့်တာဆိုမှမရှိဘူး . . လင်မယားမှာလျှို့ဝှက်ချက်ဆိုတာရှိရင် မသမာဘဲဟုတွေးသည်။

ဒိုင်ယာယီတွေကိုကိုင်ကြည့်လိုက်သေးသည်။

အဖုံးအညိုတွေ၊ အပြာတွေ ကတ်ဒ်ထူသေသေသပ်သပ်တွေပြီး နှစ်အလိုက် ရွှေဖိထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှန်ဖတ်ကြည့်ချင်စိတ်ကများပေမယ့် ပြန်သိမ်းထားလိုက်သည်။ သူမကို ကျောင်းလာကြို့တော့ ကားပေါ်မှာ ဘာရယ်မဟုတ် စကားဆတ်ဆော့မိသည်။

" ကိုကိုက ဒိုင်ယာရီရေးတာဝါသနာပါလားဟင်. . "

သူ့မျက်နှာပေါ်တွင် အရိပ်တစ်မျိုးဖြတ်ပြေးသွားသည်။

" ဟင့်အင်း. . "

ဒီအဖြေကို သူမမမျှော်လင့်ထားပါ. . ။ ဒါလိမ်တာပဲပေါ့. . ။ သူမကို ဘာကြောင့်လိမ်ရတာလဲ. . ။

" ဘာလို့မေးတာလဲ ရွှေ "

" မေးကြည့်တာပါ. . ဘာလဲ မေးတာတောင်မမေးရတော့ဘူးလား. . ကိုကို့မှာ ဘာလျှို့ဝှက်ချက်တွေရှိလို့လဲ. . လူတွေတအပြင်မှာ ဘယ်လောက်လိမ်လိမ် Daily Notes (နေ့စဉ်မှတ်စု)ရဲ့ Diary (ပုဂ္ဂိုလ်ရေးခံစားချက်စာအုပ်) ကိုမလိမ်ကြဘူးလေ. . "

သူက နှုတ်ခမ်းများကို ကွေးညွတ်ကာပြုံးသည်။

" ကိုကို ဘာပြုံးတာလဲ. . "

" ဩော်. . ရွှေ့စကားကိုပါ. . Daily Notes နဲ့ Diary တို့မလိမ်ဘူးဆိုတော့ ရွှေ့ကိုတော့ ကိုကို လိမ်ထားတယ်လို့ဆိုလိုတာလား "

" ရွှေ ပြောတဲ့အထဲမှာ အဲဒီသဘောမပါရပါလား "

" ရွှေ ကိုယ်တော်မဟုတ်ဘူးကွ. . Autumn ကို Manage လုပ်နေတဲ့လူ. . "



" ကိုကို ဒီလောက် Sensitive ဖြစ်မယ်လို့ထင်ကိုမထင်ထားတာ. . ဆောရီးကိုကို. . ကျွန်မကြောင့်စိတ်အနှောင့်အယှက်ဖြစ်သွားရင်တောင်းပန်ပါတယ်. . "

သူက ခေါသတကြီးဖြင့် ကားကို နှုန်းမြှင့်မောင်းသည်။

" ကိုကို ရှုကြောက်တယ်နော်. . အရှိန်လျှော့လိုက်ပါ "

" ကိုကို့ကိုကားမောင်းတုန်း စိတ်အဲနှောင့်အယှက်မပေးပါနဲ့ ရွှေ. . . "

" သိတယ် သိတယ် နောက် ကျွန်မ မပါဘဲတစ်ယောက်တည်းသွားတဲ့အခါမှ Disturb လုပ်ပါ့မယ်. . ရှင်သေချင်သေပါစေ. . ကျွန်မ မသေချင်သေးဘူး. . "

သူမမှာ ရင်တုန်နေမှုကို ရေမော့သောက်ပြီးဖယ်ဖျောက်ပစ်ရသည်။ ပြီးတော့ သံသယဝင်လေသည်။

တကယ်ဆို သူမစကားထဲမှာ အမှားမှမပါတာ. . ။ သူဘာလို့ ဒီလိုဖြစ်တာပါလိမ့်. . ။ သူမ သူမရှိဟဲ့အချိန်ကျမှ သူ့ဒိုင်ယာရီတွေဖတ်ဦးမည်။

သူမ စိတ်ထဲတေးထားလိုက်သည်။

ဤသို့ဖြင့် ငါးရက်ကြာသွားသည်။

" ရွှေ ကိုကို China သွားစရာရှိတယ်. . "

ဟု တစ်မနက်မှာပြောပြသည်။

" ဘာကိစ္စလဲကိုကို. . "

www.burmeseclassic.com

www.burmeseclassic.com



" ဆေးကိစ္စပေါ့.. China ကလည်း ကိုကိုကို သူတို့ အလုပ်လုပ်စေချင်တယ်.."

" ဩစတြေးလျဆေးကုမ္ပဏီကကြိုက်ပုံမလား "

" နောက်ထပ် Branch တစ်ခု ထပ်ခွဲဖွင့်ရတာပေါ့.."

သူမက အလုပ်ကိစ္စအကြောင်းဆို သူပြောသလောက် သာသိရသူမို့ သူ့ကို မသိတာတွေထပ်မမေးတော့..။ သူမရှိမှ သူ သူ့ဗိုင်ယာယီတွေကို စိမ်ပြေနပြေဖတ်ခွင့်ရမည် မဟုတ်လား..

" ရှု တိတ်နေပါလား..နှစ်ပတ်လောက်ခွဲရမှာ..စကား လေးဘာလေးပြောပါဦး...မှန်း မျက်နှာကလည်းပြုံးချိုနေ တာပဲ..အမြတ်ကြီးစားအပြုံးမျိုး.. မဟုတ်တာ တစ်ခုခု လုပ်ထားပြီနဲ့တူတယ်.."

" အို..ဘာလုပ်လို့လဲ..ဘာမှမလုပ်ဘူး စိတ်ချ.. နှစ်ပတ်လောက် တစ်ယောက်တည်း လွတ်လွတ်လပ်လပ်အိပ်ရ ဦးမယ်.."

သူမကို သူက ကလေးတစ်ယောက်လိုပြုံး၍ကြည့်နေ ခဲ့ပါသည်။

သူမကလည်း သူမအကြံနဲ့မို့။ သူကလည်း သူ့အကြံ နဲ့မို့ပြုံးတာဖြစ်လိမ့်မည်။ သူမတို့နှစ်ယောက် အကြံကတော့ မတူပါ။ သူက ငွေရှာရန်အတွက်ဖြစ်ပြီး သူမက မကောင်းမှု တစ်ခုလုပ်ရန် စိတ်အားထက်သန်နေခြင်းဖြစ်သည်။

× × × × × × × ×





လော့ခ်ကာထဲတွင် သူမထင်ထားသလို ဗိုင်ယာရီ စာအုပ်တွေရှိမနေပါ။ ဒီနေရာမှတွေ့ခဲ့တာ ဘယ်လိုမှ မမှားနိုင်။

သူမဖတ်မှာစိုး၍ သူနေရာ ရွှေ့လိုက်တာပဲဖြစ်လိမ့်မည်။ သူမမှာ လွတ်သောငါး ကြီးတဲ့ ခံစားမှုမျိုးဖြင့် ဆွေဆွေခုန်နေ လေသည်။ အို..မဖြစ်ဘူး..။ ဒါဆို သူဟာ လူသိမခံဝံ့တဲ့ ချောက်နက်နက်တွေရှိလို့ ဗိုင်ယာရီတွေကို နေရာရွှေ့ပစ်တာပဲ နေမှာ..။

သူမသည် သူ့အလုပ်စားပွဲ တစ်ခုလုံးနှံ့အောင်ရှာပြီး သောအခါ တော်တော်မောသွားလေသည်။ ကုလားထိုင်မှာ တောင် မထိုင်ချင်တော့ဘဲ ကြမ်းပြင်ပေါ် စိတ်ပျက်လက်ပျက် ထိုင်ချမိကာ အကွက်ကျကျဖော်ထားသော ပါကေးကွက်များကို သာ စိုက်ကြည့်နေမိသည်။

တော်တော်ကြာသည့်အထိ ကြည့်နေမိရာ ထူးခြားချက် တစ်ခုကိုတွေ့သည်။ အဲဒါကတော့ အလုပ်စားပွဲရှေ့တည့်တည့် ကြမ်းပြင်ရှိ အလယ်တွင် နှစ်လက်မစာ ချိုင့်ခွက်ကလေးတစ်ခု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုချိုင့်ခွက်ကလေးကို လက်နှစ်ချောင်းထည့်၍မကြည့်လိုက်သောအခါ အောက်မှာ အံဝှက်တစ်ခု။

အံဝှက်ထဲမှာ ဒိုင်ယာရီစာအုပ်တွေမရှိဘဲ. . စာချုပ်စာတမ်းတွေကို ဖူးဖြင့်ထည့်ထားသည်။

ဖူးက ဂဏန်းသော့ဖြင့်ခတ်ရသောဖူး။ သို့သော် သူဖွင့်ပြီး ပြန်ပိတ်ဖို့မေ့သွားဟန်တူသည်။ ထို့ကြောင့်သာ ဖူးထဲရှိစာချုပ်များကိုတွေ့ရခြင်းဖြစ်သည်။ စာချုပ်တစ်ခုကိုဖတ်ကြည့်ရာ. . လုပ်ကိုင်ခွင့် နှစ်နှစ်သက်တမ်း. . သေသေချာချာ ပြန်ဖတ်ကြည့်တော့မှ လုပ်ငန်းလိုင်စင်. . ။ နောက်ထပ်စာချုပ်တစ်ခုက ငါးနှစ်ပြည့်လျှင် Autumn အား မူလပိုင်ရှင်ဖြစ်သူ အိန္ဒိယအမျိုးသားတစ်ဦးထံ ပြန်လည်အပ်နှံရန်. . ။

" ဘုရား. . . ဘုရား . . ဒါဆိုသူက owner (ပိုင်ရှင်) မဟုတ်ဘူးပေါ့. . owner အစစ်က အိန္ဒိယမှာပဲ. . "

နောက်စာချုပ်သုံးစောင်ကတော့ သူသဘောနဲ့သူ Branch တွေခွဲပြီး ယိုးဒယားကုမ္ပဏီတွေနဲ့ချုပ်ထားသောစာချုပ်များ. . ဒီလောက်ဆို သူမသဘောပေါက်ပြီ. . ။

သူသည် တစ်စုံတစ်ယောက်၏ အာမခံမှုဖြင့် Autumn ကို ကြီးကြပ်ကွပ်ကဲရသော agent (ကိုယ်စားလှယ်) တစ်ယောက်သာဖြစ်သည်။ သူနောက်တွင်ရှိသောအိန္ဒိယအမျိုးသားကြီးက သူ့အား ကိစ္စအဝဝလွှဲအပ်ထားပြီး အထက်မှချုပ်ကိုင်ထားပုံရသည်။



ထို့ကြောင့်သာ သူသည် သူ့တစ်ပါးယုံကြည်မှုကိုအလွဲသုံးစားလုပ်ပြီး သူ့သဘောနှင့်သူ လုပ်ငန်းသစ်များခွဲ့ထွင်လုပ်ကိုင်နေခြင်းဖြစ်သည်။ သူ့ရဲ့နောက်ဆုံးရည်မှန်းချက်က Autumn ကုမ္ပဏီကိုအခြေကုပ်၍ လုပ်ငန်းသစ်များခွဲ့ထွင်ထားပြီး Autumn ကုမ္ပဏီကို အခွံကြီးသက်သက်ကျန်ခဲ့အောင် ဉာဏ်သုံး၍ ယုတ်မာနေခြင်းပင်ဖြစ်သည်။

ဘုရားရေ. . . ။

သူမလက်ထပ်ခဲ့သောယောက်ျားက လူယုတ်မာကြီးပါလား. . ။ သူမရဲ့လင်ယောက်ျားသည် ဒုစရိုက်မှုကြီး တစ်ခုကိုဉာဏ်ပါးပါးလေးလွှာသုံးကာ ကျူးလွန်နေသူတစ်ယောက်ပါလား. . ။

သူသည် သူ့လုပ်ပိုင်ခွင့်များကို အပြည့်အဝအသုံးချကာ Autumn အား အပြတ်တိုက်ရန်အတွက် အခု China သို့အကူလက်နက် အဖြစ်အသုံးချရန် သွားရောက်ခြင်း ဖြစ်ပေတော့သည်။

သူမရဲ့တစ်ကိုယ်လုံးရှိသွေးများကို စုပ်ယူခြင်းခံလိုက်ရသလိုမောပန်းနွမ်းနယ်ပြီး သူမမှာ ငိုချင်လျက် မျက်ရည်မရှိဖြစ်နေလေသည်။

ကျိန်စာ. . ။

သူမ မိဘတွေရဲ့ကျိန်စာမိပြီ။ ကျိန်စာမှ တကယ့်အကြီးကြီး။ မိဘမျက်ရည်ကျအောင်လုပ်၍လက်ထပ်ခဲ့ရသောလင်ယောက်ျားသည် သူမအတွက်ကျိန်စာဆိုးကြီးပင်ဖြစ်သည်။

သူမ ဘယ်သူ့ကိုဒီအကြောင်းပြောပြသင့်ပါသလဲ. . ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းသူဆက်သွားရင် တစ်နေ့နေ့မှာ အကြံအစည်လစ်ဟာမှုကြောင့် ကျိန်းသေပေါက် သူထောင်ကျလိမ့်မည်။

အဲဒါ အဆိုးရွားဆုံး အဆုံးသတ်ဖြစ်သည်။

အကယ်၍ သူ့အကြံအစည်အောင်မြင်သွားသည်ထားဦး။ သူများယုံကြည်မှုကို အလွဲသုံးစားလုပ်၍ အပိုင်စီးရသောချမ်းသာမှုသည် ဘယ်မှာလာ၍ကင်းစင်သန့်ရှင်းပါမည်နည်း။

သူသည် ဘယ်လိုလူစားပါလဲ. . ။

သူ့ဘာတွေကို လျှို့ဝှက်ထားပါသေးသလဲ. . ။

သူမသိချင်သည်။

သူမနဲ့သူ အိပ်ခန်းထဲတွင် သူ့အလုပ်စားပွဲအပြင် သူမအကျီအဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများသာရှိပြီး သူ့အကျီအဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများကို ဘေးချင်းကပ်လျက် အခန်းထဲတွင်ထားရှိသည်။ ထို့ကြောင့် ထိုအခန်းတွင် ပတ်မွေလျှင်သိချင်သော သဲလွန်စတွေရနိုင်လိမ့်မည်။

အဲဒီအခန်းထဲရှိ ဗီရိုအောက်ဆုံးထပ်တွင် သူနေရာရွှေ့ထားခဲ့ပုံရသော ဒိုင်ယာရီများကို အထပ်လိုက်တွေ့ရသည်။

အပေါ်ဆုံးထုပ်က အဖုံးအပြာရောင်ဖြင့် ၁၉၈၄ ဟု ရိုက်နှိပ်ထားသည်။ ကျွန်မအသက်ခြောက်နှစ်အရွယ်မှာ သူ့အသက်ဆယ့်လေးနှစ် (၁၉၈၄ ခုနှစ်)။ သူ့ဒိုင်ယာရီကို စလှန်သောအခါ ပထမဆုံးစာရွက်တွင် အညိုရောင်အစွန်းကွက်များ တွေ့ရသည်။ ညီစို့စို့ နံသဖြင့်သွေးထွေဟု ယူဆရပါသည်။





ဇန်နဝါရီလ (၁)ရက်၊ ၁၉၈၄ ခုနှစ်။

ဒီနေ့ ငါမလုပ်ချင်ဘဲ အလုပ်တစ်ခုကိုလုပ်လိုက်ရတယ်။

အဲဒါကတော့ . . ဂျမ်ဘို့ကို ဂုန်နီအိတ်ထဲထည့်ပြီး ဓားနဲ့ခုတ်သတ်ရတာပဲ. . အဲသလိုမှမလုပ်ရင် ပါပါကြီးက မနေ့က ဂျမ်ဘို့ကိုငါရိုက်တာတွေ့ထားလို့ ငါ့ကို ဒီနေ့ခါးပတ်နဲ့ရိုက်မှာ. . ဒီအိမ်မှာခွေးဖြစ်ရတဲ့ဂျမ်ဘိုက မွေးစားသားငါ့ထက် ကံကောင်းတယ်. . ဂျမ်ဘိုကမှ ပေါင်မုန့်အကောင်းစားရသေးတယ်. . ငါက ဖြင့် ထမင်းကြမ်းတောင် သူတို့မသိဘဲစားရင် အရိုက်ခံရတာ. . ငါ မကျေနပ်ဘူး. . ”

တစ်ရွက်ပြီးတစ်ရွက်လှန်ဖတ်သွားသော ဒိုင်ယာရီများ အားလုံးအပြီးတွင် သူ့ဘဝကို ရှင်းရှင်းလင်းလင်းမြင်ရတော့သည်။ ရှင်းရှင်းလင်းလင်း သိမြင်လာသောအခါ သူသည်သူမအတွက် အနားမှာမရှိသင့်သော လူသတ်သမားတစ်ယောက် ဖြစ်လာသည်။

အို. . သူဟာ အသက်ဆယ့်သုံးနှစ်သား အရွယ်မှာကတည်းက လူသတ်ခဲ့တဲ့ လူသတ်ကောင်. . ။

ဒိုင်ယာရီ စာအုပ်တစ်အုပ်တိုင်းတစ်အုပ်တိုင်းမှာ သူသည် သူ့အပေါ်ဗိုလ်ကျ အနိုင်ကျင့်ခဲ့သော သူများကို လူဖြစ်စေ၊ တိရိစ္ဆာန်ဖြစ်စေ တစ်နည်းနည်းဖြင့် အပျောက်ရှင်းပစ်ခဲ့သူဖြစ်ကြောင်း သက်သေတွေပြလျက်ရှိသည်။

ဘုရား. . . ဘုရား. . .

သူမ လက်ထပ်ခဲ့သူဟာ သူ့ဌေးမိသားစုရဲ့ မွေးစားခံရသော ဗီဇဆိုးရွားရက်စက်သည့် အလွန်ချောမောသော ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်နေခဲ့ပြီ။

သူပြောပြခဲ့သော ပုံပြင်များသည် ပြောင်းပြန်များဖြစ်သည်။ သူသည် ကိုယ့်ကျေးဇူးရှင်များရဲ့ တစ်ဦးတည်းသော သမီးကလေးကို တမင်ဓာတ်ဆီရှိုထဲ ပြေးအောင်နောက်က မီးပန်းပြင့် လိုက်ခဲ့သော သူဖြစ်သည်။

သူသည် မွေးစာအဖေကို သူသတ်သမားက သတ်နေချိန်တွင် အားရဝမ်းသာ ဘေးကနေ အားပေးကူညီခဲ့သူ၊ ပြီးတော့သူက ကိုယ့်ဖာသာ ခေါင်းနဲ့အုတ်နံရံ တိုက်ပြီး လူကြားလျှင် သနားအောင် ဇာတ်လမ်းဆင်ပြခဲ့သူဖြစ်သည်။

ပြီးတော့ ကျန်ခဲ့သည့် မွေးစားမိခင်အား စိတ်ချောက်ခြားအောင် နည်းမျိုးစုံသုံးပြီး လန့်ဖျတ်အသက်သေစေခဲ့သူဖြစ်သည်။

တစ်မိသားစုလုံး၏ အမွေတွေကို တစ်ဦးတည်း အပိုင်စီးပြီး သူရန်ကုန်မှာ ကျောင်းလာတက်ဖို့ ကိုကြီးမော်ရဲ့အကူအညီ ရယူခဲ့သည်။ သူမှာ ဘာလို့ သနွေဆိုးရှိနေတာလဲ. . ။ သူမချစ်တဲ့သူဟာ စကားပြောကောင်း၊ လိမ္မာယဉ်ကျေးပြီး စီးပွားရှာတော်တဲ့ လူတစ်ယောက်ပါ. . ။ဟင့်အင်း. . ။ ဒီလို ဇီဇဝယုတ်တွေပြည့်နှက်နေပြီး. . . . ကိုယ့်ဘဝအတွက် သူတစ်ပါးအသက်ကိုတောင် စတေးဝံ့တဲ့ လူယုတ်မာမဟုတ်ဘူး. . ။

အခုလည်း သူသည် ကိုကြီးမော်၏ ထောက်ပံ့မှုကိုယူကာ Autumn ကုမ္ပဏီကတစ်ဆင့် သူပိုင်ကုမ္ပဏီဖြစ်အောင် အကွက်ကျကျကြီးပမ်းလျက်ရှိသည်။



ပြီးတော့ ကိုကြီးမော်သည် သူပြောသလို ဩစတြေးလျမှာ နေခဲ့သူလုံးဝမဟုတ်. . ။သူမကို လှည့်ဖြားရာတွင်အသုံးချခံရသော ဇာတ်ရုပ်တစ် ရုပ်သာဖြစ်သည်။

သူက သူမကိုလက်ထပ်ရန်မိန်းကလေးဟု ကိုကြီးမော်ကိုပြောကာ သူမနဲ့တွေ့ပေးဖို့ ဩစတြေးလျက လာသူအဖြစ် ဟန်ဆောင်ခိုင်းခဲ့ခြင်းဖြစ်သည်။

သူ့ဘဝမှာ အချစ်နှင့်ပတ်သက်၍ ရှိခဲ့သောဇာတ်လမ်းကမူ သူမအတွက် သိပ်အံ့ဩစရာ ကောင်းလှသော အဖြစ်အပျက်မဟုတ်။

သူ ဩစတြေးလျမှာ ဒီပလိုမာတစ်ခုအတွက် ကျောင်းတက်နေစဉ် ဆစ်ဒနီမှာတွေ့ခဲ့သော မြန်မာမလေးတစ်ယောက်ကို သူ အလွန်စွဲလမ်းခဲ့သည်။ သူ့ရဲ့အရိပ်ကလေးဟု ထိုမိန်းကလေးကို သူကတင်စား၍ တမြတ်တနိုးချစ်ခင်ခဲ့သည်။ သူ့ကို ဟိုကအခွင့်အရေးပေး၍ ပြန်တွဲခဲ့သည်။

သူလက်ထပ်ခွင့် တောင်းသောနေ့မှာပင် သူ့ရဲ့အချစ်ဦးသည် သူဌေးတစ်ယောက်၏ တရားမဝင်သော မယားငယ်တစ်ယောက်ဖြစ်မှန်း သူရင်နာစွာသိလိုက်ရသည်။ ထို့နောက်ပိုင်း သူ မိန်းမများကို စိတ်မဝင်စားတော့. . ။

သူ့ဘဝတွင် မိန်းမတစ်ယောက်ကို ချစ်ရခြင်းသည် အောက်တန်းကျသော အလုပ်ဟု ရှုံ့ရှာလေသည်။ ပြီးတော့ ယောကျ်ားကောင်း မောင်းမတစ်ထောင်ဟု သူကခံယူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကို သူလက်ထပ်ခဲ့ခြင်းကတော့ ....

" ရှုကလှတယ်. . စွာတယ်. . ငွေလည်းချမ်းသာတယ်. . ငါ့ရဲ့နောက်မျိုးဆက်အတွက် အသင့်တော်ဆုံးပဲ. . ."

ဟုသတ်မှတ်ကာ မရအရလိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသတ်မှတ်ချက်ကို သူမရင်တွေနင့်ခနဲနေအောင် ခံစားရပါသည်။ သူမကတော့ သူမကိုတကယ်ချစ်မြတ်နိုး သောယောကျ်ားတစ်ယောက်ဟု သူ့ကိုထင်မှတ်မှားခဲ့သည်။

အခုတော့ မှားလေပြီ. . . .။

× × × × × × × × ×





သူမဆီကို မေတ္တာအလုပ် site မှ အန်တီခင်လာလည် တော့ သူမမှာအံ့ဩနေမိသည်။ တကူးတက အိမ်လာတယ်ဆိုတော့ အကြောင်းထူးရှိလို့ပဲဖြစ်မည်။ အန်တီခင်က သူမကို ကြည့်ကာ. .

" ရှုမျှား ဝလာလိုက်တာ. . စိတ်ထိန်းဦးပေါ့. . "

" ကစားမယ်စဉ်းစားတာပဲ. . ဗိုက်ကပူပြီး ခါးတုတ်နေ တော့. . ကိုကိုတောင် ဗိုက်ပူခါးတုတ်လို့စနေတာအန်တီခင်ရဲ့"

" ရှုကတော့ ကိုကို. . ကိုကိုနဲ့ ရှု. ကိုကိုအကြောင်းရှု မသိ သေးဘူးမှတ်တယ်. . "

" အန်တီခင် ပန်းသီးစားလေ. . ကုတ်လည်းသောက်. . ဆဲပြောပါဦး. . ကိုကို ဘာဖြစ်တုန်း "

" ရှု ကိုကို ချိုင်းနားသွားတာ မေပါသွားတာသိလား "

သူမနားထဲ ဒုံးပျံဆယ်စင်းလောက် ပစ်လွှတ်သံမျိုးနှင့် သွားသည်။ သွားကာနီးမှာ ကိုကိုပြုံးသွားသောအပြုံးကို ခုမှ ကောင်းကောင်းသိပြီ။



www.burmeseclassic.com

www.burmeseclassic.com



" မေက အရှမ်းပြောင်းလဲနေပြီရှရဲ့.. အရင်လို ပိန်ပိန် မဟုတ်တော့ဘူး.. ကစားလိုက်တာ.. တော်တော်ပြည့်ဖောင်းလာတယ်.. ဒီဝိုင်းတွေကလည်း ပြောင်လက်လာပြီ.. အေးပေါ့လေ.. သူဌေးကိုဖမ်းဖို့ သူဌေးမျက်စေ့ကျအောင်နေဖို့က အပြင်အဆင်လိုတာကိုး.. ရှု.. မေ နဲ့ ဦးအုံဖွယ်အောင် ရှုပ်နေတာ ရှ သိလား။ တစ်လကို မေ့ကို ငွေငါးသိန်းထောက်တာရော ရှသိလား.. အန်တီခင်က မခံနိုင်လွန်းလို့ ရှုကို လာပြောပြတာ.. "

သူမကို သူတို့နှစ်ယောက် ဘယ်ဝင်ရုံကြွေးနဲ့နှိပ်စက်နေကြလဲမသိပါ။ သူမမှာ ညကပင် တစ်ညလုံး စိတ်ဒုက္ခကြီးစွာရောက်၍ အိပ်ပျက်ခဲ့ရသည်။ ဒီနေ့ သတင်းဆိုးတစ်ခုကို ထပ်မံကြားရပြန်ပြီ..။

ဒီသတင်း ဟုတ် မဟုတ် သိချင်ရင်.. ဒီနှစ်ဒိုင်ယာရီမှာ သိနိုင်တာ သူမ သိသည်။ သူသည် လူတွေကိုလိမ်သည်။ သူမကိုလိမ်သည်။ သူ့ကိုသူတော့မလိမ်။ ဘယ်သောအခါမှ သူ့ကိုသူ မလိမ်ကြောင်း သူ့ဒိုင်ယာရီများက ပြသလျက်ရှိသည်။ သူ့ဒိုင်ယာရီများသည် ဖြောင့်ချက်များဖြစ်သည်။

သူ့ဒိုင်ယာရီများနှင့် သူ့ကိုတရားစွဲဆိုနိုင်သည်။

သို့သော် ထိုသို့တရားစွဲဆိုလျှင် သူ ကျူးလွန်ခဲ့သောအမှုများအတွက်ပဲအကျုံးဝင်ပြီး နောက်ထပ် ဆိုးဆိုးရွားရွား ထပ်ကြံထားသည့် အကြံအစည်များအတွက် လစ်လပ်သွားပေလိမ့်မည်။

ထို့ပြင် နောက်မိန်းမနှင့် ရှုပ်လျှင် တရားစွဲဆိုနိုင်ခွင့်မရှိ။



သူမအပေါ်တွင် သစ္စာဖောက်ရက်ကြသော သူတို့နှစ်ဦးကို အမိဖမ်းရန် သူမအကြံထုတ်မှုဖြစ်ပေမည်။

အန်တီခင်လာသွားပြီး နေ့လယ်တွင် ရောက်လာသူမှာ သူမမျှော်လင့်ထားသော ညှို့သည် သားငယ် ဖြစ်သည်။

သူမကို သားငယ်က စတင်နှုတ်ဆက်ပါသည်။

" ရှ နေကောင်းလား "

" ငါ မသေသေးဘူး.. အသက်ကြီးရှိသေးတယ် "

" မိရှ နင်ဟာလေ.. စကားကိုအတုံးလိုက်အတစ်လိုက်ပြောတဲ့အကျင့်မပျောက်သေးဘူး.. "

" ထားပါတော့.. နင် ငါ့ဆီမင်္ဂလာဆောင်ဖိတ်စာလာဖိတ်တာလား "

" ငါ မိန်းမ မယူတော့ပါဘူးဟာ "

" ငါ့ကြောင့်လား.. ငါ့ကြောင့်တော့ မယူဘဲနဲ့မနေပါနဲ့ ကိုယ့်ကြောင့် ယောက်ကျားတစ်ယောက်ဘဝကြီး တစ်သက်လုံး ခြောက်သွေ့မှာ ငါမလိုလားဘူး.. "

သူမပြောပြီးရယ်သောအခါ သူမ့ရယ်သံများက အုံသြဖွယ်ရာ ခြောက်သွေ့အက်ကွဲနေခဲ့သည်။

သူမ ဘယ်တုန်းကမှ သားငယ်ရှေ့မှာ ဟန်ဆောင်ခဲ့တဲ့ မိန်းမမှမဟုတ်တာ။ သူမတို့သည် တစ်ချိန်တည်းမှာ သူငယ်ချင်းဖြစ်၍ တစ်ချိန်တည်းမှာ ချစ်သူများဖြစ်ခဲ့ကြသူများဖြစ်သည်။

ခုလည်း သူမရင်ထဲမှသောကကို သားငယ်သိမြင်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



" ရှ နင်ဟန်မဆောင်တတ်ဘဲ ဟန်မဆောင်စမ်းပါနဲ့.. နင် အဆင်ပြေရဲ့လားဟင်.. ရှ.. နင်အဆင်ပြေတယ်ပြောလည်း ငါယုံမှာမဟုတ်ဘူး.. ဟိုလူရော..."

" သူ... တရုတ်ပြည်ကို အလုပ်ကိစ္စနဲ့သွားတယ်.."

ပြီးတော့ သူနောက်မိန်းမပါခေါ်သွားတယ်ဟု သူမ ဘယ်လိုပြောသင့်ပါ့မလဲ..။ ဘာပဲဖြစ်ဖြစ် သူမနဲ့သားငယ် ကြားမှာ စည်းတစ်ခုခြားခဲ့ပြီ။ သူမကြုံရသောဒုက္ခသည် သူ့ကို လက်ထပ်ခြင်းမှ ဆင့်ပွားဖြစ်ပေါ်ခဲ့သော ဒုက္ခများဖြစ်သည်။

သူမဖာသာ ရှာယူခဲ့သော ဒုက္ခများဖြစ်သည်။

ယောကျ်ားတစ်ယောက်ရင်ခွင်ထဲ လွယ်လွယ်ကျဆုံးခဲ့တာသူ့သိပ်တော်လို့မဟုတ်။ သူမသိပ်ညံ့ဖျင်းလို့သာပါပဲ..။

ပြောစရာတစ်ချက်တော့ရှိသည်..

အဲဒါ သူက ပုံပြင်သိပ်ပြောကောင်းတဲ့သူလေ...။

" နင်တို့ လက်ထပ်တာတစ်နှစ်ကျော်ပြီနော်.."

" အင်း...."

" ကလေးမယူကြသေးဘူးလား..."

ကလေးမယူခဲ့မိတာ သူမကို ဘုရားကယ်မခြင်းဖြစ်သည်။ ကလေးသာ ယူခဲ့လျှင် သူ့အဖေရဲ့မကောင်းသည့်သွေးများ အားလုံး လက်ခံရာဖြစ်သွားလိမ့်မည်။

သူနဲ့ သူမသည် သူပြန်လာပြီး အချိန်သိပ်မကြာခင်မှာ ကွာရှင်းပြတ်စဲသွားနိုင်သည်။



ဒါမှမဟုတ် သူ့နောက်ကြောင်းများကို သိသွားသူအမြင် သူမကို သူအပျောက်ရှင်းပစ်နိုင်သည်။

သူမကို သူ လွယ်လွယ်နဲ့ ကွာရှင်းခွင့်ပေးမှာမဟုတ်။ သူက လူတစ်ယောက်နှင့်မတူသော့ချေ။ လူ၏ ညှာတာခြင်း၊ နူးညံ့ခြင်းများ သူ့မှာမရှိ။ လောဘတွေ၊ အတ္တတွေနှင့် တစ်ကိုယ်လုံး၌ပြစ်မှုများ ယက်ဖောက်ထားသော သက်ရှိတစ်ယောက် ဖြစ်နေပြီ။

အသက် ဆယ့်သုံးနှစ်နောက်ပိုင်းသူသည် ကိုယ့်အတွက်၊ ကိုယ်ချမ်းသာဖို့အတွက်၊ ကိုယ်ကောင်းစားဖို့ ကျေးဇူးရှင်ကိုဖြစ်စေ ရင်းစားဖို့ရဲဝံ့သည့် သူယုတ်တစ်ယောက်ဖြစ်လာခဲ့သည်။

အသက်ဆယ့်သုံးနှစ်မတိုင်ခင်ကအကြောင်းများကို သူမ မသိ။

" အဆုံးသတ်က သိပ်မသေချာတော့ သံယောဇဉ်မယူတာကောင်းတာပေါ့ သားငယ်ရယ် "

" နင့်ကြည့်ရတာ တစ်ခုခုကျိတ်ခံစားနေရသလိုပဲ နင် ငါ့ကို သူငယ်ချင်းတစ်ယောက်လို သဘောထားနိုင်တယ် ရှ... "

" သားငယ်.. လူတစ်ယောက်ကို ဘယ်အချိန်မှာ ငါ ယုံကြည်နိုင်သလဲဟင်.. ဘယ်လောက်အတိုင်းအတာအထိ ငါယုံကြည်လို့ရလဲ.. ဘယ်လိုလူမျိုးကို ငါ ယုံကြည်ရမလဲ.."

" ရှ.. နင့်စကားတွေက ငါ့ကိုစောင်းပြောနေတာတော့ မဟုတ်ပါဘူးနော်..."

" ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



သူမသက်ပြင်းတစ်ချက်ချသည်။

ဘယ်သူက သူမဒုက္ခရောက်နေတာသိမှာလဲ။ ပြောလို့ကလည်း မဖြစ်။ ဘယ်သူ့ကိုမှပြောပြလို့မဖြစ်။

ခင်ပွန်းဖြစ်သူကိုတောင် မယုံကြည်ရတဲ့အနေအထားမျိုးမှာ သားငယ်က သူစိမ်းပဲ. . ။ ဘယ်လို ယုံကြည်နိုင်မှာလဲ. . ။

လင်နှင့် မယားသည် ဤလောကတွင် အရင်းနှီးဆုံးသူစိမ်းများဖြစ်သည်တဲ့. . ။ သူမနဲ့ ကိုကိုကတော့ တစ်နေ့နေ့မှာ အဆုံးသတ်မလှပသော အရင်းနှီးဆုံးများဖြစ်ကြမည်။

" နင် နေရာတကယ်ကောင်းရဲ့လား ရှု "

" မကောင်းဘူးဟာ. . ဘာမကောင်းမှန်းလည်း ငါမသိဘူးသားငယ်. . နင်ရောအဆင်ပြေတယ်မို့လား "

" ငါရန်ကုန်ပြန်ရောက်ပြီ ဟ "

" ကောင်းလိုက်တာ. . "

ပြောပြီးမှ ရန်ကုန်ရောက်ရင် သားငယ်ကို လက်ထပ်မယ်ဟု ကတိပေးထားတာ ဖျတ်ခနဲသတိရသည်။

" အချိန်တွေကုန်လွယ်တယ်နော် ရှု. . ရုတ်တရက်ဆိုရင် ဘာမှမပြောင်းလဲဖူးလို့ထင်ရပေမယ့်. . တကယ်တမ်း အရင်အတိုင်းဘာမှကိုမတူတော့တာ. . "

" အချိန်တွေ ပြောင်းလဲတာပဲဖြစ်ဖြစ်၊ လူတွေပြောင်းလဲတာပဲဖြစ်ဖြစ် တကယ်တမ်းအထိအနာဆုံးက ငါပါပဲဟာ. . "



" ရှု အဲဒီစကားကိုမပြောနဲ့ဟာ ငါတကယ်စိတ်မကောင်းပါဘူး. . ငါ့ကြောင့် နင် သူနဲ့ လက်ထပ်ဖြစ်တာ. . ငါ့အပြစ်ကိုငါ တစ်သက်လုံး ခွင့်မလွှတ်ဖူးသိလား ရှု. . ငါသာ စည်းမဖောက်ခဲ့ရင် နင့်ကိုဆုံးရှုံးမှာမဟုတ်ဘူး. . "

" တော်ပါတော့ သားငယ်. . ခုချိန်မှာ ဒါတွေပြောရမယ့်အချိန်မဟုတ်တော့ဘူး. . "

" ဟုတ်ပါတယ်. . ငါ နင့်ကို အလုပ်ရောအိမ်ရော လိပ်စာပေးခဲ့မယ် . . ကိစ္စရှိရင် . . ဘယ်အချိန်ပဲဖြစ်ဖြစ် ငါ့ကိုလာခေါ်. . ဒါမှမဟုတ်. . ဖုန်းဆက်နော် ရှု. . နင့်နားမှာ နင်လိုအပ်တိုင်း အသင့်ရှိပဲ့သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါ့ကိုသတိရပေးပါဟာ. . ဒီလောက်ဆိုငါကျေနပ်ပါတယ်. . "

သားငယ်သည် သူမရုတ်တရက်လက်ထပ်လိုက်သောသတင်းကိုဆေးရုံပေါ်တွင် ခွဲစိတ်ကုသခံပြီးနောက်မှသိခဲ့သည်။ မင်္ဂလာဧည့်ခံပွဲကိုမတက်ခဲ့။ သို့သော် သူမကိုငွေဆယ်သိန်းလက်ဖွဲ့ခဲ့သည်။ တစ်လကို လေးသိန်းခွဲဝင်ငွေကို သုံးဖို့ပေးနိုင်သလားဟုတောင်းသော သူမကို အများဆုံးလက်ဖွဲ့သူမှာ သားငယ်ဖြစ်သည့်အတွက် သူမတကယ်ပင် စိတ်မကောင်းခဲ့ပါ။

" သားငယ်. . "

" ဘာပြောမလို့လဲ ရှု. . "

" ဟင့်အင်း. . "

" ပြောပါ. . ငါကူညီနိုင်တာဆို ကူညီပါ့မယ်. . "

www.burmeseclassic.com

www.burmeseclassic.com



" ငါ. . ပတ်စ်ပို့ လုပ်ချင်တယ်. . "

" ပတ်စ်ပို့. . နင်ဘယ်သွားမလို့လဲ. . "

" ဖေဖေတို့ဆီ. . "

" နင်တို့ အဆင်ပြေသွားကြပြီလား. . "

" ဟင့်အင်း. . ဒါပေမယ့် မိဘဆိုတာကတော့ သူတို့ရင်ခွင်ထဲပြန်ဝင်လာတဲ့သားသမီးကို မောင်းထုတ်ရိုးထုံးစံမရှိဘူးလေ. . "

" နင်ဘာတွေဖြစ်နေလဲ ရှူ. . "

" မမေးပါနဲ့သားငယ်. . ငါပြောမပြနိုင်လို့ပါ. . ငါ. . ငါတစ်ယောက်တည်းပဲ ခံစားပါရစေ. . ငါတစ်ယောက်တည်းပဲ ရလာမယ့်သောကကို ယူပါရစေ. . "

" မဟုတ်ဘူး ရှူ. . မဟုတ်သေးဘူးလေကွာ. . ငါတို့ဟာ သူငယ်ချင်းတွေဖြစ်ခဲ့ကြဘူးတယ်လေ. . ပြီးတော့. . နင့်မိဘတွေက အဝေးရောက်နေတာ. . ဒီယောက်ျားက နင့်မိဘတွေ သဘောတူထားတာလဲ မဟုတ်ဘူး. . "

" အေး. . . ဒီယောက်ျားက မိဘတွေသဘောတူထားတာမဟုတ်လို့ ငါစိတ်ဆင်းရဲရတာ ငါ့ဖာသာခံမယ်လို့ပြောနေတာပေါ့. . သူက မိဘတွေသဘောမတူတဲ့လူမို့ ငါစိတ်ဆင်းရဲရတယ်ပဲထားပါ. . မိဘတွေသဘောတူထားတဲ့နင်ကရော ငါ့ကိုစိတ်ချမ်းသာအောင်ထားခဲ့ဖူးလို့လား. . ဘယ်နှစ်ခါများ နင်ငါ့ကို နူးနူးညံ့ညံ့ပျော့ပျော့ပြောင်းပြောင်း ပြောဆိုဆက်ဆံဖူးသလဲ. .



မှတ်ထား သားငယ် စိတ်ဓာတ်ဘယ်လောက်နူးညံ့ပါစေ. . အပြောအဆိုကြမ်းတမ်းရင် နင့်စိတ်ဓာတ်နူးညံ့တာဘယ်သူက သိတော့မှာလဲ. . "

သားငယ်က သူမမျက်ရည်များကိုငေးမောကာဆွံ့အလျက်ရှိသည်။ သူမထိန်းချုပ်ရတာသိပ်များနေပြီ. . ။ သူမရင်ထဲကသောကတွေ၊ အမုန်းတွေကို ငိုတာနဲ့ပဲ ပြေပျောက်ပစ်လိုက်ရင် သိပ်ကောင်းမှာပဲ. . ။

" ရှူ. . နင် ငါ့ကိုဘာဖြစ်သလဲ သေချာပြောပြမှငါသိမှာပေါ့. . ငိုချည်းမနေနဲ့. . "

" မမေးနဲ့ ဆို. . "

" အေး. . . အေး. . . ဒါပေမယ့် . . မငိုပါနဲ့ဟာ "

မငိုပါနဲ့ပြောမှ မျက်ရည်ပိုကျလာသည်။

သားငယ်လည်း သူမကိုကြည့်ပြီး စိတ်ညစ်သွားပုံ ရသည်။

× × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပတ်ပြည့်လေပြီ။ သူပြန်လာရင်. . သူ့မျက်နှာကိုတ
တည့်ကြည့်ကာ. . လူလိမ်. . လူသတ်ကောင်ဟုအော်ပြောလို
လျှင်ကောင်းမလား. . ။ အဲဒါဆို သူမကို သူအပျော်ရှင်းပေမည
ဘာမှမဖြေရှင်းပဲ ကွာရှင်းခွင့်တောင်းပြီး ဖေဖေတို့ဆီ လိုက်သွ
တာက ပိုကောင်းလိမ့်မည်။

ခရီးက ပြန်လာသူရဲ့မျက်နှာက သူမထက်တော
လန်းဆန်းနေသေးသည်။ သူမကို သူက ရောက်ရောက်ချ
ပွေ့ဖက်နမ်းတော့ သူမအတင်းရုန်းလေသည်။

" ဟာကွာ. . ကိုကိုတို့နှစ်ပတ်တောင်ခွဲနေရတာ လွမ်
ပြီရှရဲ့. . ဘာတွေစိတ်ကောက်နေတာလဲ. . "

" ဒီမျက်နှာက လင်နဲ့နှစ်ပတ်ခွဲနေရလို့လွမ်းတဲ့မျက်နှာ
ဟုတ် မဟုတ်ရှင်မသိဘူးလား. . "





" ဘာတွေဖြစ်နေတာလဲ ရှူ. . "

" ရှင့်ကိုယ်ရှင်ပြန်မေးကြည့်ပါဦး. . "

" အေးလေ. . ကိုယ်နားမလည်လို့ မင်းကိုမေးနေတာပေါ့"

" ရှင်နဲ့ China ကို ဘယ်သူလိုက်ခဲ့သလဲ. . "

သူ့မအသံက အလွန်မာထန်နေသည်။ သူ့ကို ဤအသံ
မျိုးဖြင့် တစ်ခါမှမပြောခဲ့ဘူး၍ သူလည်း အံ့ဩသွားပုံရလေသည်။

" ကျွန်မမေးနေတယ်လေ. . ဦးအံ့ဖွယ်အောင်. . China ကို
ရှင်နဲ့ကပ်လျက်လေယာဉ်လက်မှတ်နဲ့စီးပြီး ဘယ်သူလိုက်သလဲ၊
ကျွန်မကဘာလဲ. . ဟင်. . ကျွန်မက ဒီမှာရှင်တို့ရဲ့ ဟန်းနီးမွန်း
ကို ငုတ်တုတ်ထိုင်ပြီး ရှင်ပြန်အလာမှာ ငါ့လင် ငါ့ဆီပြန်လာ
သေးတယ်လို့ သက်မချနေရမှာလား. . "

" ရှူ. . ကလေးလေး မင်းဘာတွေပြောနေတာလဲ. . "

" ရှူးချင်ယောင်ဆောင်နေပြန်ပြီ. . ဘာကလေးလဲ
ကလေးဆိုလင်မယူဘူး. . ဒီမှာ ရှင် ဘာမှလာဖြီးမနေနဲ့. . ကျွန်မ
တုမ္ဗကီရောက်ပြီးပြီ. . ရှင့်ကိုမိန်းမတစ်ယောက်နဲ့တင်းတိမ်မယ်
ထင်လို့ ယူခဲ့မိတာ သိလားဦးအံ့ဖွယ်အောင်. . နို့မို့ကျွန်မ တဲတွေး
တောင်လှည့်မတွေးဘူး. . "

" ကိုယ့်ကို ဘာအထောက်အထားနဲ့ မင်းစွပ်စွဲနေတာလဲ၊
ကိုယ်မင်းပြောနေတာတွေ ဘာမှမသိဘူး. . "

" မနေ့က ညနေကတင် ကျွန်မ ရှင်ရဲ့ ခေတ္တတွန်းခိုအဲ
မှာရဲ့ရိုပ်မြုလေးကိုရောက်ခဲ့တယ်. . "



www.burmeseclassic.com

www.burmeseclassic.com



" . . . . . "

" မေမရှိဘူး. . . . . အခု ရှင့်ဆီမှာ လေယာဉ်လက်မှတ်ပါတယ်မို့လား. . . ကျွန်မကိုရှင်လိပ်ပြာသန့်ရင်ထုတ်ပြလေ. . ရှင်ထုတ်မပြရဲပါဘူး. . ကဲ ခရီးရောက်မဆိုက်ဘဲ. . ကျွန်မရှင့်ရဲ့သစ္စာဖောက်ပြန်မှုကြောင့် တရားရုံးမှာကွာရှင်းလိုခွင့်တောင်းမယ်. . "

" တရားရုံးအထိ တက်ဖို့တောင် မင်းစဉ်းစားပြီးပြီဆို တော့မင်းတော်တော် စိတ်နာနေပုံရတယ်. . ဒီမှာ ရှူ. . ငါလုံးဝကွာမပေးနိုင်ဘူး. . မင်းဟာမင်း ဘယ်လောက်ကွာချင်နေပါစေ"

" ဘာလို့လဲ . . ရှင့်မှာ ဟို မိန်းမရှိနေပြီပဲ. . "

" မင်းကို လိုအပ်နေသေးလို့ပေါ့. . "

သူ့မျက်လုံးအပြုံးက သူသည် ဒိုင်ယာရီထဲမှ လူသတ်မှုများကိုကျူးလွန်ခဲ့သူဖြစ်ကြောင်း မယုံစရာမရှိပါ။ ခဏကြာတော့သူ့မျက်နှာက တစ်မျိုးဖြစ်သွားသည်။ အရင်လိုနူးညံ့ယဉ်ကျေးသည့်မျက်နှာမျိုး. . ။

" ရှူ. . ကိုယ်မေ့ကို ရှူနေရာအစားထိုးနိုင်မယ်များ ထင်နေသလားဟင်. . China ကို မေပါတာ အလုပ်ကိစ္စကြောင့်ပါ. . မင်းမယုံလည်းမတတ်နိုင်ဘူး. . ဒါပေမယ့် မင်းထင်သလို ကိုယ်လုံးဝမရှုပ်ဘူး. . ဒါပဲ. . "

သူ့မကို သူ့ပုခုံးဖြင့်တိုက်ကာ အခန်းထဲမှထွက်သွားသဖြင့် သူ့မမှာ လဲပြိုမလိုဖြစ်သွားလေသည်။





သူလည်း ဒေါသအရမ်းထွက်နေပုံဖြင့် တစ်ဖက်အခန်းထဲရှိ စားပွဲကို လက်သီးဖြင့်ထုသံလိုလို တစ်ချက်ကြားရသည်။

" သေပစေပေါ့. . ကိုယ်ဟာကိုယ်ဒေါသထွက်ပြီးသတ်သေရင်ပိုတောင်ကောင်းသေးတယ်. . အလကား သစ္စာမရှိတဲ့လူ. . လူလိမ်. . လူကောက်. . ရှပ်က ကြောင်သူတော်ကြွက်သူခိုးရုပ်နဲ့. . သူ့အကြောင်းများမသိလို့ယူမိတာ. . "

သူ့မက ပွစိပွစိဆဲဆိုရေရွတ်ရင်းခုတင်ခြေရင်းမှာ တင်ပလ္လင်ထိုင်ကာ ဘာဆက်လုပ်ရမလဲဟုတွေးနေမိသည်။

သူကဝန်ခံသလိုလို မဝန်ခံသလိုလို. . ။

" မင်းဘာဖြစ်ချင်နေတာလဲ ရှူ. . "

ရုတ်တရက် ဘယ်အချိန်ကလှစ်ကနဲဝင်လာမှန်းမသိသောသူ့ကြောင့် သူ့မမှာ အံ့ဩပြီး လန့်ဖျတ်သွားလေသည်။

" လန့်သွားလား. . . "

" မလန့်ပါဘူး. . "

" ကိုယ့်မိန်းမအကြောင်းကိုယ်သိတယ်. . မင်းကို ကိုယ်မေးနေတာဖြေဦးလေ ရှူ. . "

" ဘာလဲ. . ဘာဖြေရမှာလဲ. . "

" မင်းဘာဖြစ်ချင်နေလဲ ရှူ "

" ရှင် ဘာကိုမေးနေတာလဲ. . "

သူ့မျက်လုံးများ အရောင်တစ်ချက်လက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်းကိုယ့်အဝတ်တွေကိုမွှေထားတယ် . . ကိုယ့်အလုပ်စားပွဲကိုမွှေထားတယ် "

သူမမှာ ဘယ်ကပေါ်လာမှန်းမသိသော ကြောက်စိတ် ဖြင့် သူ့ရှေ့ကထွက်ပြေးချင်မိသည်။

သူ့ရှေ့က အငွေ့ပျံသွားရင် သိပ်ကောင်းမှာပဲ . . ။

အခန်းထဲမျှာ နှစ်ယောက်တည်း။ ခုနေများ သူမကို သူ လက်သည်မပေါ်အောင် သတ်လိုက်ရင် သူမပြေးလို့လွတ်မှာ မဟုတ် . . ။

ကြည့်ဖူးသော ရုပ်ရှင်ထဲကသွေးအေးလူသတ်သမားတွေလို သူမကို ခေါင်းအုံးနဲ့မျက်နှာကိုဖိသတ်ရင်ရော။ ဒါမှမဟုတ် . . . လျှောက်တွေးရင်း လက်ဖဝါးတွေအေးစက်ကာချွေးပြန်လာသည်။

" ရှင် . . . ရှင် . . ကျွန်မနားမကပ်လာနဲ့ "

သူက သူမကြောက်လန့်နေပုံကိုကြည့်ကာ ရယ်မောလေသည်။ သူ့ရယ်သံနှင့် သူ့မျက်နှာကြည့်ရသည်မှာ တဖြည်းဖြည်း အသိစိတ်ကင်းလွတ်လာသော သူရူးတစ်ယောက်နဲ့တူသည်။ ရယ်သံက ရုတ်တရက်ရပ်သွားသည်။

" အဲဒီလောက်ထိ ကိုကို့ကို မလန့်ပါနဲ့ရွှေ . . ကိုကိုတောင်းပန်ပါတယ် . . ရွှေ . . အခု ရွှေ အားလုံးသိသွားပြီလားဟင် . . ရွှေ . . ကိုကိုမေးနေတယ်လေ . . "





ပျော့ပြောင်းရာမှ မာလာသောသူ့အသံကြောင့် သူမ ဆတ်ခနဲတစ်ချက်တုန်သွားလေသည်။

" မသိဘူး . . ရွှေဘာမှ မသိဘူး . . တကယ်ပါ . . "

" သိရောမသိချင်ဘူးလား . . "

" ဟင့်အင်း . . မသိချင်ဘူး . . . တကယ်မသိချင်ပါဘူး"

ပြောရင်း သူမမှာ ငိုသံပါလာသည်။

တစ်ကိုယ်လုံးလည်းအေးစက်နေလေပြီ . . ။

နားထဲက လေတွေထွက်လာသည်။

သူ သူမနားတိုးကပ်လာလေလေ သူမမှာကြောက်စိတ်ဖြင့် မျက်လုံးများပြာဝေလာလေဖြစ်ကာ နောက်ဆုံး သူမ ဘာမှ မသိတော့ . .

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



သူမသတိရလာချိန်မှာ. . အလင်းရောင်စူးစူးရှရှ ကြောင့် မျက်လုံးကို ပြန်မှိတ်ထားလိုက်ရသည်။ အခန်းရဲ့ အနံ့က တစ်မျိုးပဲ. .။ အချိန်အကြာကြီး လေနဲ့မထိတွေ့ရသောကြောင့် လတ်ဆတ်သစ်လွင်မှု မရှိသောအနံ့မျိုး။ မျက်လုံးကို တဖြည်းဖြည်း ချင်းအားယူဖွင့်ကြည့်လိုက်သည်။ သူက သူမမျက်နှာပေါ် အုပ်မိုး၍ကြည့်လျက်ရှိသည်။

" သတိရလာပြီလား "

" ရှ ဘယ်ရောက်နေတာလဲ. . "

" အိမ်လေး. "



အခန်းက ဆယ်ပေသာသာ။ အုတ်နံရံက အုတ်တွေပင် ပြိုကျလျက်အထဲက အုတ်ခဲတွေပေါ်နေသည်။ အခန်းထဲမှာ လူတစ်ယောက်စာ ပစ္စည်းအစုံရှိသည်။ သို့သော်မသုံးတာကြာပြီ ဖြစ်၍ ဖုံတွေ အထပ်ထပ်တက်ကာ နဂိုအရောင်ပင်ပျောက်လျက် ရှိလေပြီ။

" ဒါ အိမ်မှ မဟုတ်တာ. . "

" ဟုတ်တယ်. . ဒါ ကိုကို့အိမ်. . ကိုကို ဒီအိမ်မှာ ဆယ့်သုံးနှစ်ထိနေဖူးတယ်. . ကိုကို့အမေနဲ့ပေါ့. . ကိုကို့အမေက သိပ်သနားစရာကောင်းတဲ့ မိန်းမတစ်ယောက်လေ. . သူက ဒီခြံကြီးရဲ့ ပိုင်ရှင် ပါပါကြီးရဲ့ညီနဲ့လက်ထပ်ခဲ့တယ်. . အဖေက သိပ်ဆိုးတော့ ပါပါကြီးတို့က အမွေပြတ်စွန့်လွှတ်ထားတာ. . အမေ့ကိုယူပြီး ကိုကို့ကိုယ်ဝန်နဲ့ ဒီခြံမှာ အမေ့ကို အဖေကပစ်ထားခဲ့တယ်. . ကိုကိုက မွေးကတည်းက ဒီခြံထဲမှာကြီးခဲ့တာဆိုပါတော့. . ဒါ ခြံရဲ့ နောက်ဘက်က ပစ္စည်းအစုတ်တွေ ထားတဲ့အခန်းပဲ. . ကိုကိုနဲ့ အမေဒီမှာနေရတယ်. . ကိုကိုတို့ကိုကျွေးတဲ့ထမင်းက သူတို့အိမ်ကခွေးတောင်မစားတဲ့ အဆင့်မျိုးနဲ့ကျွေးတာ. . အမေက အိမ်ဖော်တစ်ပိုင်း. . ကျွန်တစ်ပိုင်းပဲ. . ကိုကိုကတော့ မျက်နှာမရဆုံး. . အဆူခံ၊ အဆဲခံ၊ အရိုက်ခံသတ္တဝါပေါ့. . ကိုကို့အမေက ဒီအိမ်ရဲ့ ရှိသမျှအဝတ်တွေ. . အိမ်ရှင်ကစ အလုပ်သမားအဆုံး အဝတ်အကုန်လျှော်ပေးရတယ်. . "

www.burmeseclassic.com

www.burmeseclassic.com



" အဲဒီ ဒဏ်ကြောင့် အမေက အဆုတ်ပွရောဂါနဲ့ပဲ . . ဒီအခန်းထဲမှာ မစားနိုင်မသောက်နိုင်ဖြစ်ပြီး ဆုံးခဲ့တယ်ဆိုပါတော့လေ . ."

" ဒီအခန်းထဲမှာ . . ."

" အင်း . . ."

သူမမှာ ကြက်သီးတွေစိမ့်ခနဲထသွားလေသည်။

" ရွှေ . . အမေက ရွှေနဲ့တူတယ်သိလား . . အမေငယ်ငယ်တုန်းက ဓာတ်ပုံထဲမှာမြင်ဖူးတယ် . . ရွှေလိုပဲ လှတာဗျ . . အမေက ရွှေလိုတော့ကံမကောင်းရှာဘူး . . အမေကလင်ကံမကောင်းဘူး . . လင့်ဆွေမျိုးတွေဝိုင်းနှိပ်စက်တဲ့ဒဏ်ကိုလည်း သူခံရတယ် . . သူဆုံးတော့ ငယ်ငယ်ပဲရှိသေးတာ . . အမေ့အလောင်းကို သူတို့က သင်္ချိုင်းကုန်းမှာ သွားမြှုပ်ကြတယ် . . သူတို့မသိအောင် ကိုကို ပြန်သယ်လာပြီး . . ဒီအခန်းရဲ့ကြမ်းပြင်မှာပဲ ပြန်မြှုပ်ထားတာ"

သူမမှာ လန့်ပြီး ထိုင်နေရာမှထလိုက်မိသည်။

" မကြောက်ပါနဲ့ရွှေရဲ့ . . အမေက ဒုက္ခမပေးပါဘူး . . ကိုကိုနဲ့အမေညတိုင်း အိပ်မက်ထဲမှာ စကားတွေပြောကြတယ်သိလား . ."

သူတကယ် ရူးနေတာပဲဖြစ်မှာ . . သူမကို သူစကားပြောနေပုံက ကလေးတစ်ယောက် စိတ်ကပတ်ကုံးဖြင့် အမေကို ပြန်တိုင်နေသလိုပင် . . သူ့မှာ ဒီလိုအတိတ်ရှိခဲ့သည်ဖြစ်ပါစေ . . သူ့ကို ယုံလို့တော့မရ . .။ သူက ပုံပြောကောင်းသူ . . . .။



သူမရောက်နေတာ ရန်ကုန်မဟုတ်လောက်။ ကားသံ၊ လူသံ၊ ဆူသံ ဘာမျှမကြားရ။

" ကိုကို ရွှေတို့ အိမ်ပြန်ကြရအောင် . ."

" အိမ် . ."

" အင်း . . ဒီနေရာမဟုတ်ဘူးလေ . . ရန်ကုန်က ပုလဲကိုလေ . ."

" ပုလဲ . ."

" အင်း . . ပုလဲကွန်ဒိုမီနီယံ "

" ရွှေ ဒီခြံကြီးကိုသဘောမကျဘူးလား . ."

" အခန်းထဲကဘာယ်လိုမြင်ရမှာလဲ . ."

" ဒါဆိုထ . . ကိုကို လိုက်ပြမယ် . ."

တစ်ခြံလုံးမြက်ရိုင်းတွေဖုံးနေပြီး နှစ်ထပ်အုတ်တိုက်ကလေးသည် ပဲ့ရွဲ့နေကာ တစ်ဝက်မျှပြိုကျလုနီးပြီ . .။

တိုက်နောက်ဘက်ရှိ သူမတို့ထွက်လာခဲ့သော အဖိကလေးသာ မပျက်စီးဘဲ တိုက်ကြီးကတော့ . . အိုမင်းရင့်ရော်ပျက်စီးနေသည်။

" ကိုကို . . . ရွှေ ပြန်ချင်ပြီ . "

" ရွှေ့ကိုလိုက်ပြတာ . . ရွှေက ကိုကို့အကြောင်းတွေသိချင်နေတယ်မို့လား . . ဒါကြောင့်လိုက်ပြတာ . ."

" သိပြီ . . သိပြီ . . ပြန်ကြရအောင်နော် . ."

" ရွှေ . . ကိုကိုတို့အသက်ကြီးရင် ဒီမှာပဲလာနေကြအောင် . ."

www.burmeseclassic.com

www.burmeseclassic.com



" မနေပါဘူး . . ဘာလို့နေရမှာလဲ . . "

ဖြစ်နိုင်သမျှ ဒီ ကျက်သရေတုံးသောအိမ်နဲ့ခြံကြီးဆီက နေထွက်ပြေးချင်လှပါပြီ။

'အရေထဲ သူက အသက်ကြီးတဲ့အထိ အိုအောင် မင်းအောင် နေပါင်းချင်နေသေးသည်။ အခုလောက်ဆို သူမ စိတ်ညစ်ရတာ တော်သင့်ပြီ . .။ ဘယ်ခနဲ့သေမလဲ စောင့်နေရသော လူနာနှင့် အသတ်ခံရမယ့်နေ့ကိုမသိသေးသော ကြိုးမိန့်ကျ ရာဇဝတ်သား၊ ဤနှစ်ယောက်သော လူမျိုး၏ခံစားချက်နှင့် သူမခံစားနေရသည်မှာ တူလှပါသည်။

သူ သူမကိုခေါ်လာခဲ့သောနေရာသည် . . ပဲခူးတိုင်း အတွင်းရှိ မြို့ငယ်တစ်မြို့ဖြစ်သည်။

သူငယ်စဉ်ကကြီးပြင်းခဲ့သောခြံက ထိုမြို့ငယ်လေးအစွန် မှာရှိသည်။ သူ့ပုံစံက သိစိတ်နှင့်မသိစိတ်ဒွန်တွဲ၍ပြုမူနေသော ပုံစံမျိုးမို့ သူပြောသမျှအမှန်ဟု သူမမယုံရဲသေး။

" ရှု ကားမောင်းနော် . . ကိုကို ရှုပေါ်ခေါင်းအုံးပြီး အိပ်ချင်လို့ . . " ဆိုကာ သူမပဲရန်ကုန်ကိုကားမောင်းခဲ့ရသည်။

လမ်းမှာ သူနှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျတာတွေ့ပြီး သူမသူ့ကို ဘယ်လိုနားလည်ပေးရမှန်းပင် မသိတော့ပါချေ။

သူ့ကိုထားပြီး . . သူမကျောင်းတုန်းက သူငယ်ချင်းတစ် ယောက်အိမ် ခဏတည်းကာ သားငယ်အကူအညီနဲ့ ပတ်စ်ပို့လုပ်၊ ဖေဖေတို့ဆီလိုက်သွားရင် . . . . အင်း အတွေးကသာလွယ်တာ။ သူက သူမပျောက်သွားလျှင် လိုက်မရှာဘဲနေမှာမဟုတ်။





" ကားမမောင်းဘဲ ဘာတွေတွေးနေတာလဲ ရှု . . "

" ဟင် . . နိုးလာပြီလား . . "

" အင်း . . ခဏအိပ်ပျော်သွားတယ် . . ကိုကိုတို့ ဘယ်လို ဖြစ်လို့ ဒီဟိုင်းဝေးပေါ်ရောက်နေတာလဲ . . "

" ကိုကိုခေါ်လာတာလေ . . ရှု လည်းမသိဘူး . . "

" ဟုတ်လား . . ကိုကိုမေ့သွားတာနဲ့တူတယ် . . "

" ဒီလိုပဲ ခဏခဏမေ့တတ်လား ကိုကို "

" အင်း . . . ဖြစ်တတ်ပါတယ် . . ကိုကိုခေါင်းတွေသိပ်ရှုပ် နေတာအမှန်ပဲရှု . . အခုတလော . . ငယ်ငယ်တုန်းကအကြောင်း တွေ ခဏခဏ ခေါင်းထဲရောက်လာတယ် . . မေ့လို့လည်းမရဘူး"

" ကိုကို "

" ဟင် "

" နေမကောင်းဘူးထင်ရင် ဆရာဝန်နဲ့ပြကြည့်မလား "

" စိတ်ရှုပ်ထွေးတာ . . မေ့တာပဲရှိတာ ရှုရဲ့ . . တခြား ဘာမှမရှိဘဲဥစ္စာ "

" အဲဒီစိတ်ရှုပ်ထွေးတာ မေ့တာကိုပြောတာပေါ့ . . . "

" အဲဒါ ရှု ကြောင့်ပဲ . . ဆရာဝန်မလိုဘူး . . "

" ဟင် "



www.burmeseclassic.com

www.burmeseclassic.com



" ရှု ကိုကို့ဘဝထဲဝင်လာကတည်းက ကိုကို သိပ်စိတ်ပင်ပန်းရတယ်. . ရှုကိုရဖို့ ကိုကို မေ့ကိုအသုံးချရတယ်. . အဲဒီတော့ မေက ကိုကို့အားနည်းချက်ကိုသိတယ်. . မေက . . ဘယ်လိုပြောရမလဲ. . ရှုရဲ့ ယုံလွယ်တဲ့စိတ်ကိုအသုံးချပြီး သူဖြစ်စေချင်တဲ့ အိုင်ဒီယာမျိုးသွင်းပေးတယ်. . အခုရှုဖြစ်နေတာအဲဒါပဲ. . ကိုကို့ကို ရှုမယုံသင်္ကာတွေဖြစ်နေတယ်. . တကယ်တမ်းဆေးခန်းပြသင့်တာ ကိုကိုမဟုတ်ဘူး ရှုပဲ. . "

သွားပြီ။ သူမ သူ့မျက်နှာကိုအထိတ်တလန့်ကြည့်လိုက်သည်။ သူက သူ့ရဲ့ ထူထဲလှပသောနှုတ်ခမ်းများကိုကွေးညွှတ်စွာပိပိရိရိပြုံးလေသည်။ ထိုအပြုံးသည် သားသတ်သမားတစ်ယောက်၏အပြုံးမျိုးနှင့်တူလှသည်ဟု သူမစိတ်ထဲအောက်မေ့မိသည်။

" မိရှုရေ နင်တော့ ဝဋ်ကြွေးကုန်တဲ့အထိခံပေဦးတော့. . ဒါပေမယ့် သူ့ဆီက လွတ်အောင်တော့ ထွက်ပြေးရမယ် "

ဟု တေးထားလိုက်သည်။

× × × × × × × × ×



သူမတော့. . . နွံထဲရောက်နေပြီ. . ။

သူမမှာ ရှန်းလေ. . မြုပ်လေ. . လူးလေ. . မြုပ်နှလေသာရှိတော့မည်။ သူမမိဘတွေကတော့ ဒီသမီး လင်ယူပြီး မိမေ့စမေ့ဖြစ်နေပြီ၊ သိပ်ပျော်ပြီး အောက်ခြေလွတ်နေပြီဟုထင်ကာစိတ်နာနေကြလိမ့်မည်။

" မေမေ. . . "

သူမတို့ မြန်မာစကားပုံမှာ၊ စကားတစ်ခွန်းရှိသည်။ ခလုပ်ထိမှအမိတတဲ့။ ခလုပ်ကလေးတိုက်မိတာနဲ့ အမေ့ ဟု လူတိုင်းရွတ်ကြသည်။ အင်္ဂလိပ်တွေက Ah! .. oh! .. oh God!.. စသည်ဖြင့်အာမေဍိတ်တွေ တစ်မျိုးပြီးတစ်မျိုးရွတ်ကြသော်လည်း. . ဗျွန်မတို့မှာ အမယ်လေးဟုတောင် သိပ်မအော်ကြတော့ဘဲ. . အမေ့. . ကျွတ်. . ကျွတ်. . ဟုညည်းကြသည်။

အခုသူမလည်း မေမေ့ကိုတရတော့သည်။

မေမေ . . ကျွတ်တင်မကတော့ဘူး. . ဘီလူးသားဘက်ကြီး ယမ်မေရဲ့ဟုသာ ရင်ဘတ်စည်တီးလိုက်ချင်တော့သည်။ ...

www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ မေမေသည် ငယ်စဉ်ကတည်းက မတည့်ကြ၊ သူမတလျှာသိပ်ရှည်သောကြောင့်ဖြစ်သည်။ မေမေက မေမေ့အချစ်အားလုံးကိုသူ့ဆီက သူမလုယူသွားသည်ဟု ရယ်သွမ်းသွေးပြောတတ်သည်။ ဖေဖေကလည်းဖေဖေပဲ၊ နိုင်ငံမျိုးစုံသွားလျှင် သူမ အတွက်ပဲ လက်ဆောင်ဗန္ဒည်းမျိုးစုံပါသည်။ မေမေ့အတွက်က ဆယ်ခါတစ်ခါ။

ဒါပေမယ့် မေမေက သူမကို ချစ်ခင်မြတ်နိုးကြောင်း အိမ်ထောင်ပြုပြီးဝုက္ကကြီးကာမှ သူမသိပါသည်။

ဘာကြောင့်ဆို ဖိလစ်ပိုင်ကဖုန်းကောလ်ဝင်ပြီးမှ မေမေ့ဆီက သက်ပြင်းချသံနှင့်. . ညည်းကိုသတိမရချင်ပါဘူးအေ. . ဟု ခပ်ဆတ်ဆတ်ပြောကာ ဖုန်းချသွားသောအကြိမ်က တစ်နှစ်အတွင်းမှာ . . အကြိမ်ငါးဆယ်ခန့်ရှိခဲ့သည်။

သူမမှာ မိဘတွေကို သူမဗုက္ကတွေ့ပြောချင်သည်။

မေမေသာအနားမှာရှိလျှင် မေမေ့ရင်ခွင်ထဲဝင်၍ငိုမိမှာ။

ဖေဖေကတော့ ဒေါသဖြင့် သူ့ကိုသတ်ပစ်လိမ့်မည်။

သူမမိသားစုမှာ သူမသည် အဖိုးထိုက်တန်ဆုံးရတနာတစ်ပါးလို မိဘကချစ်ခင်မြတ်နိုးသည့် သမီးလေးဖြစ်သည်။

သူမကသာမှားခဲ့တာ။ သူမကသာမိုက်ခဲ့တာ။

တကယ်ဆို အသက်အစိတ်ဆိုတာ ကောင်းကောင်းစဉ်းစားတတ်တဲ့အရွယ်။

သူမကို ချင့်ချိန်နိုင်အောင် ပညာတွေ မိဘက သင်ပေးပြီးသားပဲ။





သူမသည်တွေးရင်း ကိုယ့်မိုက်မဲမှုများကို မြင်လာသည်။

အသက် ဆယ့်ခွန်၊ ဆယ့်ရှစ်ဆိုတာ. . လေတိုက်လို့သစ်ရွက်လှုပ်တာတောင် ရင်ခုန်ကြတဲ့အရွယ်။ အဲဒီအရွယ်မှာ မိုက်မဲတာလူကြားကောင်းသေးသည်။ (မမှားလျှင်တော့အကောင်းဆုံးပေါ့)

အသက်အစိတ်၊ ပညာတတ်ဘွဲ့ရမိန်းမ၊ ဆေးကုမ္ပဏီရဲ့ ဝန်ထမ်းဘဝမှာ မိုက်မဲတာကတော့ သူမ၏. . အင်း. . . ကံကိုပဲ ရှိုးမယ်ဖွဲ့ရတော့မည်။

**Unfortunate Lady** (ကံဆိုးမ)ဟု နာမည်တပ်ရတော့မည်။ သို့သော် ကိုယ့်ဝမ်းနာကိုယ်သာသိသည်။

မိန်းမတိုင်း ကိုယ့်ကံကြမ္မာကို ကိုယ်ရွေးချယ်ခွင့်ရှိသည်။

မိန်းမတိုင်း ကိုယ့်ကံကြမ္မာကို ဖန်တီးခွင့်ရှိသည်။

ရွေးချယ်တတ်ဖို့သာလိုတာ။ ဖန်တီးတတ်ဖို့သာလိုတာ။

သူမသည် သားငယ် မိန်းမရှိတာသိသောအခါမှာ . . စိတ်ဆိုးဒေါသထွက်ခဲ့ပါသည်။ သို့သော် ပြန်တွေးလျှင် သားငယ်သည် သူ့အမှားသူဝန်ခံခဲ့သည်။ သူမကို မဆုံးရှုံးချင်ကြောင်း အထပ်ထပ်ပြောဆိုခဲ့သည်။

သားငယ်နဲ့ သူမမှာ လျှို့ဝှက်ချက်ဆိုတာမရှိ။

သားငယ်သည် သူ့အမှားကိုဝန်ခံရဲသူယောက်ျားဖြစ်သည်။

သူကတော့. . သူ့အမှားကို ဝန်ခံဖို့နေနေသာသာ ဖုံးဖိကွယ်ဝှက်ကာ. . လူကောင်းတစ်ယောက် ဟန်ပန်ဆောင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လောက၌ လူသည် တော်ဖို့ထက် ကောင်းဖို့လိုပေသည်။

သူကတော့. . သိပ်တော်သည်။ သိပ်ထက်မြက်သည်။

အဲဒီလိုပဲ တစ်ဖက်မှာ ပရိယာယ်သိပ်များသည်။ သိပ်ကောက်ကျစ်သည်။ သူ့အမှားကို ထောက်ပြသူအား သူဘယ်တော့မှ ညှာတာလေ့မရှိ။

သူမ သူ့ဒိုင်ယာရီတွေဖတ်မိပြီး သူ့အကြောင်းတွေသိသွားပြီဆိုတာသူသိသည်။ ထို့ကြောင့်သာ. . သူမကို သူ့မွေးစား အမေကိုသူကျင့်သုံးခဲ့သလို သူမရူးနေပါပြီဟု သူဖန်တီးခြင်းဖြစ်သည်။ သူ့အမေတုန်းက စိတ်ခြောက်ခြားအောင် သွေးများစွန်းထင်းပေကျံနေသောအဝတ်များဖန်တီး၍ တမင်အခန်းထဲတွင်ထားခြင်း၊ ညဥ့်နက်သန်းခေါင် အသံမျိုးစုံဖြင့် အော်ဟစ်အသံပေးခြင်း၊ လင်နှင့် သမီး သေဆုံးမှုကို မေ့မသွားရန်နေ့စဉ် အစ ဖော်ပေးခြင်းဖြင့် စိတ်ကို တရိရိ ဆွေးမြည့်နေအောင် လုပ်ခြင်း၊ စိတ်ကျဆေးများကို. . စာကူဖတ်ပြီး. . ကော်ဖီထဲတွင် ဖျော်ထည့်ကာ နေ့စဉ်အိပ်ခါနီးတွင် တိုက်ခြင်း (နည်းတွေကအများကြီးရယ်) အဲဒီနည်းတွေနဲ့လုပ်မှတော့ သုံးနှစ်အတွင်း မိန်းမတစ်ယောက်သွက်သွက်ခါအောင်ရူး ပြီး တိုက်ပေါ်က ခုန်ချသတ်သေသွားတာဘာများ အံ့သြစရာရှိ မည်နည်း။

ဒီအတိုင်းဆို သူမမှာ သူကျွေးတာလည်းမစားရဲတော့။

"ငါတော့ အစာငတ်ခံသေရတော့မယ်ထင်ပါတယ်. . . . အရင်ဘဝက. . Bio Lab (တိရိစ္ဆာန်များအား ဆေးပညာတိုးတက်မှုအတွက်စမ်းသပ်ခြင်းလက်တွေ့ခန်း) မှာအလုပ်လုပ်ခဲ့တယ်



တူပါရဲ့. . နေရင်းထိုင်ရင်း Hunger နဲ့ ဂန့်တော့မယ်. . [illegible] လှလှပပလေးသေရမယ်လို့စိတ်ကူးထားခဲ့တာ . . ခုတော့ အရိုး[illegible] အရေတင်နဲ့သေရတော့မယ်. . ပြီးတော့ သေတာတောင် အရှေ့ရောဂါထလို့ အခြေအနေဆိုးပြီး မစားနိုင်မသောက်နိုင်နဲ့လို့ ငါ့မှာနာမည်ပျက်ဦးမယ်. ."

ဟုတွေးကာ စိတ်ဆင်းရဲရသည်။

ညခုနစ်နာရီခန့်မှာ အခန်းတံခါးပွင့်လာသည်။

ဝင်လာသူက . . . . .

မေ . . .

" မေ . . . "

မေ့မျက်နှာသည် အောင်နိုင်သူတို့၏အပြုံးမျိုး ဝံ့ဝံ့စားစားရှိလှသည်။

" ရှု ရယ် မေစိတ်မကောင်းလိုက်တာ. . ဒီနေ့ကစပြီး ရှုကိုလာပြုစုဖို့ သူက အကူအညီတောင်းလို့ မေလိုက်လာတာ "

သူမမှာအသဲနှလုံးကို အရှင်လတ်လတ် ဆွဲထုတ်၍ မီးကင်ခံလိုက်ရသလို နာကျင်သွားပါသည်။

သူ့ရဲ့ရက်စက်မှုသည် ကမ်းကုန်ခဲ့ပြီတည်း။

" မေက အလုပ်မဆင်းဘူးလား. . "

" အလုပ်သွားစရာ မလိုတော့ဘူး. . ရှုက သိပ်မကြာခင်မပြန်လမ်းကိုသွားတော့မှာပဲဟာကို. . ရှုနေရာကို မေက လှလှပပလေးဝင်ယူရုံပဲ. . အခုအချိန်ကစပြီး ရှုက ရောဂါသည်လိုနေရမယ်၊ မေကတော့ ဒီအိမ်ရဲ့အိမ်ရှင်မပေါ့. . ဘယ်လိုလဲ. . ရှု ကြည့်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



ကာ မကျေနပ်သလိုပဲနော်. . သူကတောင် ကျေနပ်တဲ့ကိစ္စ. . ရှုရောဂါက စိတ်ဆင်းရဲလို့မရဘူးဆို. . ဦးနှောက်မှာ ကင်ဆာကျိတ် ဖြစ်ရတယ်လို့ ရှုရယ် ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်ပြည့်စုံတဲ့ဘဝ ကို ကျောခိုင်းရဦးမယ်. . ကျွတ်. . ကျွတ်. . "

သူမမှာဒေါသကြောင့် အသားတွေ တဆတ်ဆတ်တုန် လာသည်။ လောကငရဲဆိုတာ ဝဋ်ကြွေးတွေထဲမှာတော့ ရှည်းစားနဲ့ ခွဲရတဲ့အချိန် ခံစားရချိန်ပူလောင်တာမျိုးကိုဖွဲ့ဆိုကြသည်။

အခုသူမခံစားရတာဆို ဘာငရဲဟုခေါ်မည်လဲ. .။ အို. . ကိစ္စမရှိပါ. .။ ဒါလည်းလောကငရဲတစ်မျိုးပဲပေါ့. .။

" ဦးနှောက်မှာ ကင်ဆာကျိတ် "

မေ့စကားကို နားမလည်သလို သူမက လိုက်ရေရွတ်သော အခါ မေက ခနဲ့တဲ့တဲ့ပြုံးလေသည်။

သူမ အရင်ဘဝက သူတို့ထံမှာ အကြွေးရှိခဲ့သည်ထင်ပါ၏။ သူတို့နှစ်ဦးသည် သူမကို လူမသိအောင်နှိပ်စက်နေကြလေပြီ။

" ရှု ဦးနှောက်နောက်ပိုင်းမှာ ကင်ဆာကျိတ်တစ်ခုရှိတယ် လေ. . ရှုက အဲဒီအကျိတ်ကြောင့် သိပ်မကြာခင်ပိန်လာမယ်. . အစာမဝင်တော့ဘဲနေမယ်. . ဘာမှမစားချင်ဘဲ တဖြည်းဖြည်း လူစိတ်ပျောက်လာမယ်. . ကိုကိုလည်းမေနဲ့ယုန်ထင်ကြောင်ထင် ထင်လာမယ်. . ဒါကြောင့် ကိုလည်း သိပ်စိတ်ညစ်ပြီးကြံရာမရ ဖြစ်နေတဲ့အချိန်. . မေက သူငယ်ချင်းအတွက် အနစ်နာခံ အလုပ်ကထွက်ပြီး ဒီအိမ်မှာ ရှုကိုလာပြုစုပေးတာပေါ့. . "





" နားထောင်ကောင်းအောင် ဇာတ်လမ်းတွေလာပြောမြ မနေနဲ့. . နင်တို့ငါ့ကို ဘာအကြံနဲ့ ဒီလိုလုပ်ကြတာလဲဟင်. . နင်တို့ လူစိတ်ရှိရဲ့လား. . ငါ့မှာ ဘာ ဦးနှောက်အကျိတ်မှမရှိဘူး. . နင်တို့ လူယုတ်မာတွေ. . သေပြီးရင် ဘယ်တော့မှ လူပြန်မဖြစ်မယ့် ဟာတွေ "

" ရှု ကိုမေက မသေစေချင်ပါဘူးကွယ်. . ဒါပေမယ့် ကိုက မေ့ကိုခိုင်းလာလို့ပါ. . မေက ကို့ရဲ့ဇနီးသိပ်ဖြစ်ချင်တာဆိုတော့ လည်း. . "

" ဘာ ကိုလဲ. . ဘာ ကိုလဲ. . ဘယ်က ကိုလဲ. . "

" ရှုက ကိုကို လို့ခေါ်တဲ့သူကို မေက ကို လို့ခေါ်တယ်လေ ရှု. . ရှုဘာဖြစ်လို့ Autumn ရဲ့ ရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်း ကိုပိုင်နေတာလဲ. . ရှုသိပ်ချမ်းသာတာ ကို့အတွက် ရှုက သားကောင် ဖြစ်သွားတာပေါ့ကွယ်. . "

" Autumn ရဲ့ ရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်း "

သူမနားမလည်သလိုရေရွတ်သည်။

သူမက ရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို ပိုင်ဆိုင်သူ။ ဟာ. . ဘာတွေလဲ. .။

" ရှုနဲ့ ကို လက်ထပ်ပြီးသုံးလမှာ ရှု မေမေက သူပိုင်ဆိုင် တဲ့ Autumn ရဲ့ ရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို ရှုကို လွှဲ ပြောင်းပေးခဲ့တယ်လေ. . "

" လက်ထပ်ပြီးသုံးလ "



www.burmeseclassic.com

www.burmeseclassic.com



" အမှန်က တစ်နေ့နေ့မှာ ရှုကိုလွှဲပြောင်းပေးဖို့ ရှုမေမေက စီစဉ်ပြီးသား ရှုကို ပေးမသိတာက တွေ့တဲ့လူနဲ့အိမ်ထောင်ကျသွားမှာစိုးလို့ပဲ.. အဲဒါကို ရှု မသိဘဲ ကိုသိတာဆိုးတာပေါ့ကွယ်.. ရှုဆီကို အဲဒီလွှဲပြောင်းစာတွေရောက်လာတဲ့အချိန်မှာ ကိုက ရှုရဲ့ ခင်ပွန်းအနေနဲ့လက်ခံယူလိုက်တယ်.. ကိုက ငါး ရာခိုင်နှုန်းပဲ ပိုင်တာလေ.."

" ငါ့ ခွင့်ပြုချက်မရဘဲနဲ့..."

" လွယ်ပါတယ်.. ကွန်ပျူတာအထူးပြုလုပ်ချက်တွေ ပေါ လွန်းလို့ရှုရယ်.. ပြီးတော့ လက်ထပ်စာချုပ်တစ်ခုတည်းနဲ့တင် ကိုကအခွင့်အရေးတွေရှိသွားတာ .. ရှုဆီ ရှုမိဘတွေပို့တဲ့စာမှန်သမျှ ကို အကုန်လမ်းကဖြတ်ပြီးဖတ်တယ်.. ပြီးတော့ဖျက်ဆီးပစ်တယ်.. ဒါမှ ရှုကို တစ်ယောက်တည်းဖြစ်အောင်လုပ်လို့ရမှာလေ၊ ပြီးတော့ သားငယ်နဲ့တွဲနေတဲ့မော်ဒယ်လ်ဆိုတာလည်း ကိုက ငွေပေးပြီးခိုင်းလိုက်တဲ့ ကိုရဲ့ ကောင်မလေးတစ်ယောက်ပါပဲ.. ရှု ဘာလဲဆိုတာ သိတဲ့အချိန်ကစပြီး ကိုက အစီအစဉ်တွေလုပ်နေခဲ့တာ.. ရှုကတော့ ရှုကိုသူသိပ်ချစ်လို့လက်ထပ်တာလို့ထင်မှာပဲ "

သူမ ပက်ပက်စက်စက်ရှုံးသွားပြီ။ သူမသည် သူမ မသိသော ကြွယ်ဝချမ်းသာမှုများကြောင့် အနုကြမ်းစီးခံလိုက်ရပြီ။ သူမသနားနေခဲ့သော Autumn ရဲ့ ပိုင်ရှင်အစစ်သည် သူမ သာလျှင်ဖြစ်နေပါရေလား..။ မေမေ အလုပ်တွေအများကြီးလုပ်ထားတာပဲသူမသိပါသည်။ မေမေက ဖေဖေ့အရှိန်အဝါဖြင့် နိုင်ငံ





များစွာမှ စီးပွားရေးသမားများနှင့်သိသူ.. ထို့ကြောင့် ရှယ်ယာဈေးကျချိန်တွင် Autumn ရဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို ဝယ်ယူနိုင်ခြင်းဖြစ်လိမ့်မည်။ ဘာလို့လဲဆို လွန်ခဲ့သော ငါးနှစ် Autumn ပေါ်လာပြီး တစ်နှစ်တွင် Autumn မှဖြန့်ချိသောဆေးတစ်မျိုး အတုနှင့်မိပြီး တရားစွဲခံရသည်။ ထို့ကြောင့် ရှယ်ယာဈေးတွေ ဝုန်းခနဲထိုးကျသွားသည်ကို သူမသိခဲ့ပြီးသား။

မေမေက ထိုအချိန်တွင် နိုင်ငံခြားကြက်တင်သွင်းခွင့်ကို တရုတ်နှင့်ပေါင်း၍ Export ယူထားချိန်။

ဖြီတိန်မှ ရောဂါပိုးတစ်မျိုးကြောင့် နွားများသေကြေ၍ အနောက်ဥရောပတွင်.. အမဲသားတင်သွင်းခွင့်လုံးဝပိတ်ပင်လိုက်ချိန်မှာ မေမေ စီးပွားအလွန်တက်လာတာကျွန်မသိသည်။

" မေမေရေ မေမေ့ကောင်းမှုနဲ့ သမီးတော့ ဘဝဆုံးရတော့မယ်။ မဖြစ်သေးဘူး.. ငါ့အမေဦးနှောက်နဲ့ရင်းပြီးရှာထားရတဲ့ ငွေတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေကို ငါကာကွယ်ရမယ်.. လောလောဆယ် ငါ့ကို သူတို့နှစ်ယောက်လက်ကချုပ်ကိုင်ထားတာ လွတ်ဖို့ အဓိကပဲ.."

ဟု သူမ ဆုံးဖြတ်လိုက်သည်။

× × × × × × × × ×

www.burmeseclassic.com



သူတို့နှစ်ယောက်တစ်ဖက်ခန်းတွင် ကြည်ကြည်နူးနူး ရယ်မောနေချိန်တွင် သူမမှ ပြင်ပသို့ ဆက်သွယ်နိုင်သည့်လမ်းကို စဉ်းစားရသည်။

" နင့်နားမှာ နင်လိုအပ်တိုင်းအသင့်ရှိတဲ့. . သူငယ်ချင်းတစ်ယောက်အနေနဲ့. . ငါ့ကို သတိရပေးပါဟာ. . . "

" သားငယ် "

သူမကို ကယ်တင်နိုင်သူသည် သူမချစ်သူ သားလျှင် ဖြစ်သည်။ လင်သားနဲ့သူငယ်ချင်းတို့ရဲ့ အကြံအစည်ယုတ်မာမှုကို ဖော်ထုတ်နိုင်ရန် သူမ သားငယ်ဆီအကူအညီတောင်းရမည်။

အခန်းထဲကဖုန်းကို သူတို့ဖြုတ်ထားပြီးကြပြီ။

သူမ ဘယ်လိုဆက်သွယ်ရပါ့မလဲ. . ။

" ရှိ. . ထမင်းစားရအောင်. . မေတို့တော့ စားပြီးပြီ "

" ထမင်းဟင်းထဲမှာ အဆိပ်တော့မခတ်ထားပါဘူးနော် "

" ဟင်း . . ဟင်း. . "



မေက ကြည်နူးစွာပြုံးရယ်သည်။

မေ့ပုံစံက လိုဘ ပြည့်လာသည့်ပုံစံ၊ အေးပေါ့. . ။ ပွဲတော် စောက ဟိုဖက်ခန်းမှာ ရယ်သံတွေကြားရတာပဲ. . ။ ပျော်ကြပါစေ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘဲ. . ။ သူမမှာ ဗိုက်ဆာသည့်ဒဏ်ကို မခံနိုင်၍ မေယူလာပေးသည့် ထမင်းဟင်းကို စားရပါသည်။ သူမစားပြီးချိန်တွင် မေက ပန်းကန်ပြန်သိမ်းသည်။

" ရှိ. . Good Night သူငယ်ချင်း "

ဟုပင် နှုတ်ဆက်သွားသေးသည်။ ခဏကြာတော့ တစ်အိမ်လုံးတိတ်ဆိတ်သွားသည်။ သူမကမူ မအိပ်နိုင်သေးဘဲ. . သူမ အခန်းပြတင်းတံခါးကို ဖွင့်ကြည့်ဖို့ အနားကပ်သွားသည်၊ သူမတို့အိပ်ခန်းမှာ ပြတင်းတစ်ပေါက်သာရှိပါသည်။ တံခါးကို သူတို့ အသေပိတ်ထားကြလေပြီ. . ။

နောက်ဘက်တိုက်ခန်းက မီးဖိုချောင်ပြတင်းနဲ့တော့ အဆက်အသွယ် လုပ်လို့ရတာ သူမစဉ်းစားမိသည်။

သိပ်မကြာခင် မျက်ခွံများလေးလံကာအိပ်ပျော်သွားလေသည်။ နောက်တစ်နေ့နံနက်တွင်လည်း သူမအတွက် ထမင်းကြော်နဲ့ ကော်ဖီလာပို့ပေး၍စားရသည်။ မေ ဘာပြောပြော သူမ တိတ်တိတ်ဆိတ်ဆိတ်သာ နေတော့သည်။ မခံချိမခံသာ ဖြစ်ပြနေရင် ပိုဆိုးမှာ။ မေက သူမလို ခပ်ပြုံးပြုံးပင်ကြည့်သွားပါသည်။ မေထွက်သွားတာနဲ့ သူမစာရေးကာ ပြတင်းမှာကပ်သည်။ ပြီးတော့ ထမင်းစားပြီးသိပ်မကြာ. . ။ အိပ်ပျော်သွားတာနဲ့ သူမမှာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်တိုက်ခန်းနှင့် အဆက်အသွယ် အချက်ပြလုပ်ရန် မနိုးတော့။ 199 ကို ဖုန်းဆက်ပေးပါ။ တိုက်အမှတ် (xxx)မှာ သူမအစဉ်း ခံနေရပါတယ်ဟု ခဆော့ပင် အနက်ဖြင့်ရေး၍ ပြတင်းမှန်တွင် သူမကပ်ထားခဲ့သေးတာ တော်သေးသည်။ တစ်ယောက်ယောက် တွေ့ပြီး ဖုန်းဆက်ထားပေးရင်တော့ သူမကံပဲ။ ဒီစာရွက်ကို နောက်ဘက်တိုက် ပြတင်းပေါက်ကတော့ ကောင်းကောင်းလှမ်းမြင် နိုင်ပါသည်။ ပြီးတော့ သားငယ်၏ဖုန်း (xxxxxx)ကို ဆက်ပေးပါဟုလည်း သူမ နောက်စာတစ်ရွက်နဲ့ ရေး၍ ကပ်ထားသေးသည်။ မမြင်ရင်တော့ ဆွဲဖြမှာ သေချာပါသည်။

နိုးလာချိန်မှာ နေ့လယ်နှစ်နာရီ။ ဗိုက်ကဆာသော်လည်း မစားချင်ပေ။ ပြီးတော့ ပျို့အန်ချင်သလိုဖြစ်နေသည်။

ခေါင်းလည်းမကြည်လင်. . ။

သူမ သံသယဝင်လာသည်။ ထမင်းတွေ ဟင်းတွေထဲမှာ သူတို့ ဘာဆေးတွေများထည့်ထားပါလိမ့်။

ဒူးတွေနုန်းခွေကာ. . သူမတစ်ကိုယ်လုံး လှုပ်ကိုမလှုပ်ချင်။ အဲဒီအချိန် ဧည့်ခန်းမှ အသံကြားရသည်။

" မေတို့လည်း စိတ်မကောင်းပါဘူး. . ကိုသားငယ်. . ရှုမှာ မှ Brain Tumour ဖြစ်ရတယ်လို့ရှင်. . "

" အခု သူတို့လင်မယားရော. . "

" ဆေးခန်းသွားတယ်. . "



" ဘယ်သူနဲ့ပြနေလဲ. . "

" မေ အဲဒါတော့မသိဘူး. . "

သားငယ်. . ။ သားငယ်ကို သူမ ဒီအခန်းထဲမှာရှိနေ ကြောင်းအသံပေးရမည်။ မှန်တင်ခုံရှိမှန်ကို ရေမွှေးပုလင်းဖြင့် ပစ်ပေါက်ခွဲလိုက်သည်။

" ခွမ်း. . . "

" ဟော. . ဘာဖြစ်တာလဲ. . "

" ကြောင် ဖြစ်လိမ့်မယ်. . ကိုသားငယ်ရဲ့. . ပြီးမှ ကျွန်မ ကြည့်လိုက်ပါ့မယ်. . "

" ကြောင်. . အရင်က ဒီမှာ ကြောင်မရှိပါဘူး. . အခုကြားရတာ ရှုတစ်ယောက်တည်း အိပ်တဲ့ အခန်းက ဖြစ်မယ်ထင်တယ် "

" ကိုသားငယ် ကိစ္စရှိရင်ပြောခဲ့လေ. . မေ သူတို့ပြန်လာရင် ပြောပြလိုက်မယ်. . "

သားငယ်ကို ဒီမိန်းမ အနုနည်းနဲ့ပြန်လွှတ်နေပြီ။ မပြန်ပါ နဲ့သားငယ်။ သူမအသံထွက်အော်လိုက်သည်။

" သားငယ်. . သားငယ်. . ငါ ဒီမှာ. . ငါ့ကိုသူတို့ဖမ်း ဆောင်ထားကြတယ်. . သားငယ်. . သူတို့ ငါ့ကို အခန်းပိတ်ထား ကြတယ်. . "

" ရှု. . ရှုအသံ. . ရှု. . ဘယ်မှာလဲ. . ငါလာပြီ. . "

" ကိုသားငယ် ရှု အခြေအနေသိပ်ဆိုးလို့ လော့ခ်ထားတာ . . မေ မညာပါဘူးရှင်. . . "

www.burmeseclassic.com



" ဘာပဲဖြစ်ဖြစ် . . တံခါးဖွင့်ပေးဗျာ "

" သားငယ် . . သူတို့ပြောတာမယုံနဲ့ . . ငါ့ကို သူတို့ ဆေးတွေတိုက်ပြီးသတ်နေတာ . . သူနဲ့ အံ့ဖွယ်အောင် ပေါင်းပြီး ငါ့ကို သတ်နေတာ . . "

သားငယ်က စိတ်ဆိုးစွာဖြင့် မေ့ကိုတွန်းလှဲလိုက်သံကြားရသည်။

" ဘယ်မလဲ အခန်းသော့ . . ခင်ဗျားပေးရင်ပေး မပေးရင် ခင်ဗျားလည်ပင်း ကျွပ်အညစ်ပဲ . . "

အခန်းတံခါးပွင့်လာချိန်တွင် ကျွန်မသားငယ်ရင်ခွင်ထဲ ပြေးဝင်ကာငိုမိသည်။ ဗလုံးဗထွေးဖြင့်လည်း ပြောမိသည်။

" ငါ့ကို ဒီက အမြန်ခေါ်သွားပါသားငယ် . . သူတို့ ငါ့ကို သတ်မှာ . . ငါ့ကိုမျှဉ်းပြီးသတ်ကြလိမ့်မယ် . . "

" ရှူ . . . ဂယောက်ခြောက်ခြားနဲ့ ဘာတွေပြောနေတာလဲ "

သူမ သားငယ်ပုခုံးကိုကျော်၍ကြည့်လိုက်သောအခါ . . အံ့ဖွယ်အောင် . . သူမ သားငယ်လက်ကိုမလွှတ်တမ်း ဆုပ်ကိုင်ထားလိုက်သည်။

" လာ ဧည့်ခန်းမှာထိုင်ပါဦး . . မေမှန်ကွဲစတွေသွားသိမ်းလိုက်နော် . . Please ကိုသားငယ် . . လာပါ . . ကျွန်တော် ခင်ဗျားကို ရှင်းပြချင်တာလေးတွေရှိတယ် . . "

" မယုံနဲ့သားငယ် . . သူ လူသတ်ကောင် . . သူ လူယုတ်မာ မေမေတို့ဆီဖုန်းဆက်ပေးပါ . . ရရာလေယာဉ်နဲ့ အမြန်ပြန်လာပါလို့ သူယုတ်မာထားတာတွေ ရှင်းရမယ် "





သားငယ်က သူမလက်ကို ခပ်တင်းတင်းပြန်ဆုပ်ကိုင်ကာ

" သူဘာပြောလဲ ငါနားထောင်လိုက်မယ်နော် . . နင့်ကို ငါ ယုံပါတယ် ရှူ . . စိတ်အေးအေးထား . . မလောနဲ့နော် မိရှူ "

ဘဝမှာ ဒီအချိန်လောက် သားငယ်ကို ကျေးဇူးတင်ရ အားကိုးရတာမရှိတော့ပြီ။ သားငယ်သည် သူမကို အမြဲတမ်း ယုံကြည်ပေးကာ . . သူမကို အနာတရဖြစ်အောင်လုပ်ခဲ့သူမှ မဟုတ်ဘဲ . . ။

သူမ ငိုချင်စိတ်ကိုထိန်းကာ . . သားငယ်ကို ခေါင်းဆတ်ဆတ်ညိတ်ပြလိုက်သည်။

" နင်ယုံရင်ပြီးတာပါပဲ . . "

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



"အသားစ ယူပြီးစစ်တာနောက်တစ်ပတ်မှလုပ်မှာ ကျွန်တော်အခု အဲဒီကိစ္စ အတွက် ဆရာဝန်ကြီးနဲ့သွားတွေ့တာ ပါ. . ရှက် ကျွန်တော်မိန်းမ ပဲကိုသားငယ်. . ကျွန်တော်ချစ်ခင် မြတ်နိုးလွန်းလို့ ခင်ဗျားလက်ထဲက မသမာတဲ့နည်းနဲ့ရော. . သမာတဲ့နည်းနဲ့ရော ရအောင်ယူထားရတာ. . . ကျွန်တော် ကိုယ့်မိန်းမကိုယ်ပြန်သတ်ပါ့မလား. . ရှ. ရောဂါက တစ်နှစ် အတွင်းပဲအသက်ရှင်မယ်ဆိုတာ. . ကျွန်တော်လေ. . . ကျွန်တော်. . သိစက . . . ."

အံမယ်. . ။ သူက မျက်ရည်တောင်ကျပြလိုက်သေးသည်။ ပုံပြောကောင်းသူပေပဲ. . ။ သရုပ်ဆောင်ကောင်းသူတွေ ပဲ. . ။

" ကျွန်တော် သူ့ကို နားဝင်အောင်ဘယ်လိုမှရှင်းပြလို့မရ ဘူး ကိုသားငယ်. . သူက မေနဲ့ကျွန်တော့်ကိုလည်း ယုန်ထင် ကြောင်ထင် ထင်နေတယ်. . မေက အားနာစရာလည်းကောင်း ကျေးဇူးတင်စရာလည်းကောင်းနေပြီ. . အခုမြင်တဲ့အတိုင်းပဲ. . သူသောင်းကျန်းသမျှ မေက ခိုင်ခံရှင်းပဲ. . ."

" ရှ ဒီလိုရောဂါဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ. ."





" ကျွန်တော်တို့ လက်ထပ်ပြီးကတည်းကဆိုပါတော့ . . ဒီ တုန်းက ညဘက်ထအော်တာလောက်ပဲရှိတာ . ."

" ဪ. . ဟုတ်လား. . ခင်ဗျားက တော်တော် သနားစရာ ကောင်းနေပြီပဲ. . ဒါပေမယ့်. . မေနဲ့ရှုကြားမှာပြဿနာရှိတာ ခင်ဗျားသိရက်နဲ့ ဘာလို့ မေ့ကိုတမင်ရွေးပြီးခေါ်တာလဲဆိုတာ ကျွန်တော်သိပါရစေလား. . ပြောပြနိုင်မယ်ဆိုရင်ပေါ့ "

သူမျက်နှာတစ်ချက်ပျက်သွားသည်။

" အဲ. . မေက ရှုနဲ့ အရင်းနီးဆုံးတွေလေ. ."

" ကျွန်တော်သိသလောက် Neurology ဆိုတာ YGH မှာပဲရှိတာပါ. . ဒီရောဂါအတွက် ဆေးရုံတက်ဖို့လိုအပ်ရင် စပါယ် ရှယ်နှာစ်တစ်ယောက် ခင်ဗျားကောင်းကောင်းငှါးနိုင်တာပဲ ဘာလို့ အိမ်မှာထားတာလဲ. . . ကျွန်တော်ပြောနေတာ ဒီဦးခေါင်းပိုင်းနဲ့ ဆိုင်တဲ့ Neurology (ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်အထူးကု ဌာန) အဲ. . Neuro Surgey ဆိုတာ YGH (ရန်ကုန်ဆေးရုံကြီး) မှာ Department (ဌာန)တစ်ခုသပ်သပ်ရှိတယ်. . ဆရာဝန်ကြီး တွေက Neuro Surgey Case မှန်သမျှ ဆေးရုံတင်တယ်. . ဒါ ကျွန်တော် ဘာကြောင့် သိသလဲဆိုတော့ ကျွန်တော့် အစ်ကိုဝမ်းကွဲ တစ်ယောက်က Neuro Surgey (ဦးခေါင်းပိုင်း ခွဲစိတ်အထူးကု) မို့ပါ. . ဒေါက်တာတင်လင်းသာလေ. . မကြာခင်ကမှ FRCS ယူလာတာ. . Neuro Surgey Specialist နဲ့ စင်ကာပူမှာ Training လေးနှစ်ဆင်းလာတာ. . ခင်ဗျား သိပုံမရဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်.. ဦးနှောက်ကအသားစယူပြီးစစ်တဲ့ကိစ္စကို အပြင်ဆေးခန်းတွေမှာ ဘယ်သူမှမလုပ်ကြပါဘူး.. အန္တရာယ်များလွန်းလို့ ဆေးရုံမှာပဲလုပ်ကြတယ်..ရှေ့အပတ် Biopsy ယူမယ်ဆို ရှူ့ကို အခုဆေးရုံတင်ထားရမှာပေါ့.."

သားငယ်ပြောနေပုံက အေးအေးဆေးဆေးရှိလှသည်။ အချက်လည်းကျသည်။ သူမျက်နှာပျက်လိုက်၊ ပြန်ပြင်လိုက်ဖြင့် သိသာနေချေပြီ..။

" ကျွန်တော်မနက်ဖြန်ပဲ ရှူ့ကိုဆေးရုံတင်မှာပါ "

" မနက်ဖြန်တနင်္ဂနွေလေ..ခင်ဗျားက ရှူ့ကိုချစ်လှချည်ရဲ့ ဆိုသေးရဲ့..တနင်္ဂနွေနေ့ဆိုတာ ဟောက်စ်ဆာဂျင်ပဲဆေးရုံမှာရှိတာ..ဆရာဝန်ကြီးတွေမရှိဘူးလေ.."

" ကျွန်တော့်မှာ Refer ရေးပေးထားတာရှိပါတယ်.."

" ဒါဆိုအဆင်ပြေတာပဲ..ကျွန်တော်ပါလိုက်ခဲ့မယ်.. ကျွန်တော့်အစ်ကိုကို ဖုန်းဆက်ပြီးဆေးရုံလာခိုင်းလိုက်မယ်.. ရှူ့ကိုသူသိတယ်..ရှူကသာမသိတာ "

" ဟာ.. ရပါတယ်.."

"ဟာ..မလိုပါဘူးခင်ဗျားက ရှူ့ကိုသိပ်ချစ်တဲ့ ယောကျ်ားပဲ ရှူ့ကို ကျွန်တော့်ထက်ပိုချစ်တော့ တတ်နိုင် သလောက်ခင်ဗျားကိုကူညီရင်..ရှူ့အတွက်ပိုကောင်းတာပေါ့.. နော်..ရှူ.."

" အဲ.. ဟို..."

" ကဲ..အဲဒါဆို..အခု ကျွန်တော်ရှူနဲ့ နှစ်ယောက်တည်း စကားပြောချင်လို့ရမလား.."





" ဝမ်းနည်းပါတယ် ကိုသားငယ်..ဒီအချိန်က ရှူ့ကို စိတ်အနှောင့်အယှက်ပေးရမယ့် အချိန်မဟုတ်ပါဘူး.."

" ရှူက ခင်ဗျားမိန်းမပဲ..ခင်ဗျားကလည်း သူ့ယောကျ်ားပဲ ဒါပေမယ့် သူ အခု ကျွန်တော်နဲ့စကားပြောချင်နေတယ်.."

" ပြောတာ ကျွန်တော့်ရှေ့မှာပြောလည်းရပါတယ်.. ကျွန်တော့်နောက်ကွယ်မှာပြောခွင့်မပေးနိုင်ဘူး.."

" ကောင်းပြီ..ခင်ဗျားရှေ့မှာပဲကျွန်တော်ပြောမယ်.... ရှူ..နင့်အမေရောက်နေတယ်..ငါ့ဆီမှာတည်းတယ်..နင့်ဆီလာမလို့ အခုငါ ဖုန်းဆက်လိုက်မယ် ကောင်းတယ်မို့လား.."

သူမကခေါင်းအညိတ် သားငယ်က ဟန်းဖုန်းဖြင့် မေမေတို့ဆီ ဆက်ရန်ဟန်အပြင် သူက သားငယ်လက်ထဲမှ ဟန်းဖုန်းကို အတင်းဝင်လုပါသည်။ ထိုအချိန်တွင် သူမတို့တိုက်ခန်းတံခါးကို တဒုန်းဒုန်း ထုသံများ အော်သံများကြားရ၍ အခန်းထဲမှထွက်လာသောမေက တံခါးသွားဖွင့်ပေးသည်။

" မေ မဖွင့်နဲ့.."

ဟု သူအော်၍တားသော်လည်း အချိန်မမီပါ..။ သားငယ်က သူ့မေးရိုးကို တစ်ချက်လက်သီးနှင့်ထိုးလိုက်ရာ သူကြမ်းပြင်ပေါ်ပြုတ်ကျသွားသည်။ ထိုအချိန်မှ ဝင်လာသောတံခါးဝတွင် ရဲများနှင့်တာဝန်ရှိသူများ..။ အသက်ဆယ်နှစ်အရွယ် ကလေးမလေးတစ်ယောက်...။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



သူမတို့သည် အသက်ငယ်သောကလေးများကို ဘယ်တော့မှ အထင်မကြီးတတ်ကြပါ။ အသက်ငယ်သောကလေး များသည် လူကြီးများထက် ပတ်ဝန်းကျင်ကို ပို၍စိတ်ဝင်စား တတ်ကြသည်။

ထိုစိတ်ဝင်စားသောဆယ်နှစ်အရွယ် သဲသဲဟူသော သူမ တို့တိုက်နဲ့အထပ်တူတိုက်ခန်းမှ ကလေးမလေးသည် မှန်ပြောင်း တစ်လက်ဖြင့် ဟိုကြည့်ဒီကြည့်ဆော့ကစားလေ့ရှိသူဟုဆိုပါသည်။

ထိုကလေးမလေး ကြောင့်သာ ကျွန်မကပ်ထားခဲ့သော စာတမ်းကို တစ်ခါတည်းတွေ့ပြီး ကလေးဉာဏ်နှင့် ဆိုတော့ ဖြစ်နိုင်လား. . ။ မဖြစ်နိုင်လား ခွဲခြားဆုံးဖြတ်ခြင်းမရှိဘဲ. . ဒါအကူအညီတောင်းတာဟူသော သဘောသက်သက်သာ သူ နားလည်သည်။ ထိုနားလည်မှုဖြင့် ဖုန်းဆက်ပေးသောကြော အချိန်ကိုက်၍ သူမနဲ့သားငယ် အခက်အခဲမှလွတ်မြောက်ခြ ဖြစ်ပါသည်။



မှုခင်းရဲအရာရှိက သူမပြောပြချက်များကို သေချာစွာ မှတ်သည်။ ဒိုင်ယာရီစာအုပ်များသိမ်းဆည်းထားသော သူ့အဝတ် ဗီရိုကို သူက အသေပိတ်ထားသဖြင့် ရိုက်ဖွင့်ရပါသည်၊ အထဲမှာ ဒိုင်ယာရီစာအုပ်များကို စနစ်တကျပလပ်စတစ်အိတ်နှစ်ထပ်ဖြင့် သိမ်းဆည်းထားသည်ကိုတွေ့ရသည်။ သူ့ဒိုင်ယာရီများသည်သူ့ အတွက်ကိုယ့်သေတွင်းကိုယ်တူးတာ. . ။ ပြီးတော့ စာချုပ်စာတမ်း များအားလုံး သိမ်းဆည်းရမိသည်။

သူမသာ နောက်ထပ်တစ်ပတ်ခန့်သူတို့လက်ထဲထပ်နေရ လျှင် တကယ်သေမှာပါပဲ. . ။

သူတို့ကျွေးသောထမင်း၊ ဟင်းများကိုဓာတ်ခွဲခန်းပို့၍ ဓာတ်ခွဲကြည့်ရာ အစာအိမ်အဆိပ်သင့်စေသော ပြင်းထန်သည့် ဓာတုဆေးဝါးများကို တော်တော်များများတွေ့ရသည်ဟုဆိုပါသည်။

သူတို့သည် သူမကို နည်းနည်းချင်းထိုဆေးများထည့် ကျွေးပုံရပါသည်။ နှစ်နပ်ပဲစားမိချေလို့တော်သေးသည်။

အပြင်လောကမှာ သူမ **Brain Tumour** ဖြစ်လို့ သေခါနီးပြီဆိုသောသတင်းတွေက လွှံ့ထွက်လျက်ရှိသည်။

အုံ့ဖွယ်အောင်သည် နာမည်နှင့်လိုက်အောင် သူမကို အုံ့ဩဖွယ်ရာများဖန်ဆင်းပြသခဲ့သူဖြစ်သည်။

သားငယ်က ပထမတစ်ခေါက်အိမ်လာကတည်းက သူမ အခြေအနေကိုမသင်္ကာဖြစ်နေတာ. . ။ ဒီသတင်းထွက်လာတော့ ပို၍မသင်္ကာဖြစ်သည်။ ထိုအချိန်တွင် မေမေတို့က သားငယ်ဆီ

www.burmeseclassic.com

www.burmeseclassic.com



စာလုံးထည့်လိုက်သည်။

စာထဲမှာ သူမကိုရှယ်ယာ နှစ်ဆယ့်ငါးရာခိုင်နှုန်းလွှဲပေးပြီးနောက်ပိုင်း. . သူတို့ကသာစာရေးပြီး သူမကစာမရေးပဲ အဆက်အသွယ်ဖြတ်ထားကြောင်း အံ့ဖွယ်အောင်သည် Autumn ရဲ့ပိုင်ရှင်မဟုတ်ဘဲ သူတို့သမီးကို လိမ်ညာလက်ထပ်ခဲ့တာ သူတို့ယူကြီးမရဖြစ်ကြောင်း၊ သူမအခြေအနေ သိချင်၍ မြန်မာပြည်ခဏပြန်လာလျှင် သားငယ်ထံမှာတည်းခိုမည်ဖြစ်ကြောင်း. . .။

သူမယောကျ်ား အံ့ဖွယ်အောင်က အခုလည်း ဆေးအတုတစ်မျိုးကို အတုမှန်း သိရက်ဖြန့်ချိခွင့် ယူမှုနှင့်ပတ်သက်၍ အရှေ့တောင်အာရှ တစ်ဝိုက်တွင် မကြာခင် တရားစွဲဆိုခံရဖွယ်ရှိကြောင်း အကုန်စာရေးပို့လိုက်သည်။

ပိုပြီးသေချာသွားတာက သားငယ်နဲ့ ရှုပ်ခဲ့သော ကောင်မလေးက သားငယ်ကို ဝန်ခံခဲ့ခြင်းဖြစ်လေသည်။

သူတော့ အခု အသက်သုံးဆယ့်လေးနှစ်ကျော်၊ သွားပြီသာမှတ်ပေရောပဲ. . ထောင်ထဲမှာပဲသေရမယ့်ပုံ. .။

"မိရှု ကိုယ့်ဟာကိုယ် ထင်ရာစိုင်းတဲ့မိန်းမ. . အခုကြည့်စမ်း မသေကောင်း မပျောက်ကောင်း. ." ဟုဆိုကာ သူမကိုထုရိုက်ရင်းချုံးပွဲချငိုပါလေတော့သည်။ ဖေဖေကတော့ သားငယ်ကို ကျေးဇူးတွေတင်လို့. .။

မေ လည်း ကြဲရာပါနှင့် အနည်းဆုံး ၁၀ နှစ်ပဲ. .။

"သွားတွေမလား ရှု"





"ဟင့်အင်း. . ငါမတွေ့ချင်ဘူး. . သူတို့နှစ်ယောက်လုံးသရုပ်ဆောင် သိပ်ကောင်းတာပဲနော်. ."

" နင်လို ခပ်သွက်သွက် မိန်းမတောင် အထိနာတာ. . မလည်ဘဲရှုပ်တဲ့ဟာမလေးတွေဆိုရင်ဒုက္ခပဲ. . ဒါ သိကိုသိရမယ်. . အပြောကောင်းတဲ့သူ ရုပ်ချောတဲ့သူ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ. . အေးတယ်အေးတယ်နဲ့ . . ၄မ. . တွေ့တယ်မဟုတ်လား၊ နောက်ဆုံးချမ်းသာချင်ဇောနဲ့ သူများမိန်းမတောင်လင်နဲ့ပေါင်းပြီး သတ်ဖို့ကြံဝံ့တာ. . လောကမှာ အေးတဲ့မိန်းမဆိုတာ ရှိကိုမရှိဘူး၊ ရိုးတဲ့ယောကျ်ားဆိုတာရှိကိုမရှိဘူး. . အံ့ဖွယ်အောင်က လောဘ အင်မတန်ကြီးတယ်. . သူ့ဆေးဘက သူ့ကိုသတ်တာပဲ. . ကျေးဇူး ရှင်ကိုလည်း ပစ်မှားတယ်. ."

နောက်ဆုံး တရားရုံးမှာ သူ့ရဲ့စရိုက်ကို အကုန်ဖော်ထုတ်သူက သူ အင်မတန်လေးစားချစ်ခင်သော ကိုကြီးမော်ဖြစ်လေသည်။ ပုတီးသမား၊ ထရားသမားက ဘယ်အချိန်ကတည်းက သူ့ကိုနှိပ်ချင်နေသူမှန်းမသိ။ သူသည် ကိုကြီးမော်ကို ကြက်သေသေလျက် ကြည့်နေခဲ့လေသည်။ တဖြည်းဖြည်း သူသည် တရားလိုသက်သေများအရ၊ တရားခံသက်သေများအရ လူစိတ်မရှိသော၊ အကြွင်းနာတရားတစ်စက်မှမရှိသော၊ အပြစ်မဲ့သော မိသားစုတစ်စုကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သော၊ အများပြည်သူ အသက်ကို အမှုကမထားဘဲ ကိုယ်ကျိုးစီးပွားအတွက် အဓိကထား၍ ဆေးဝါး



www.burmeseclassic.com

www.burmeseclassic.com



တူရောင်းဝယ်ဖောက်ကားသောသွေးစုပ်သူအရင်းရှင်လူသတ်သမား။ သူမကို လှည့်ဖြားလက်ထပ်ခဲ့သော သူဌေးအယောင်ဆောင်သူ၊ သူမ၏ လုပ်ပိုင်ခွင့်အဝဝကို သူမသဘောဆန္ဒလုံးဝမပါ၊ သူမ လုံးဝမသိရဘဲ သူ့သဘောသူ့ဆန္ဒဖြင့် အမွေလွှဲပြောင်းယူသူ၊ မိန်းမအပေါ်တွင်ဖောက်ပြား၍ နောက်မိန်းမဖြင့်ဇနီးကိုသတ်ရန် ကြံစည်သူ။ အမှုလိုက်ရှေ့နေများက မေးတိုင်းမှာ သူသည် တည်ကြည်ရဲဝံ့စွာဖြင့် ဖြေတတ်သည်။

" တရားခံပုံ လုံးဝမပေါက်ဘူး. . ချောလိုက်တာဟွယ် "

ဆိုသော ကိုယ်အလုပ်ပစ်ပြီး. . တရားရုံးသို့လာရောက် နားထောင်သူ မိန်းမများသည် သူ့ရုပ်ရည်ချောမောမှု နောက်ကွယ်က ရက်စက်ကောက်ကျစ်မှုများကို အမှုချိန်း တစ်ပတ်တိုင်း ကြားနာရသည့်အခါ ပုံပြောကောင်းသူရဲ့ ရာဇဝင်ကို အတော် ကျေညက်သွားကြသည်။

သူသည်ထောင်ထဲရောက်မှ မုတ်ဆိတ်မွေးခပ်စိမ်းစိမ်းတွေ၊ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးတွေထွက်ကာ ပို၍ ဆွဲဆောင်အား ကောင်းလာသည်။ ပို၍ချောမောလာသည်။

သို့သော် သူမရင်ကိုသူ့ရုပ်ရည်ကမလှုပ်ခတ်စေနိုင်တော့။ အမှုက တော်တော်လေးရှည်ကြာပါသည်။

သူငယ်စဉ်ကကြီးပြင်းခဲ့သောမြို့ငယ်ရှိခြံတစ်ဝိုက်မှာ ဓာတ်ပုံများစုဆောင်းရရှိခြင်း. . .၊ သူ့အမေအလောင်းကို သူပြောတဲ့အတိုင်း. . အခန်းကြမ်းပြင်အောက်တွင်တွေ့ရခြင်း. . (အရိုးများ



သာကျန်တော့သည်). .၊ သူနေခဲ့သောကျောင်း။ ကျောင်းနေဖက် သူငယ်ချင်းများထံမှ သက်သေများစုဆောင်းရရှိခြင်းဖြင့် သူ့စိတ်ဓာတ်ယုတ်မာပုံကိုပေါ်လွင်အောင် အစိုးရရှေ့နေက ကြိုးပမ်းသည်။

နှစ်ဖက်ရှေ့နေ၊ နှစ်ဖက်သောသက်သေများထွက်ဆိုချက် အရသူသည်လွတ်လမ်းမရှိ. . .။

ကိုကြီးမော်ကဆိုလျှင်. .

" ဒီကောင် စိတ်ဓာတ်မကောင်းတဲ့ကောင်ဆိုတာ ကျွန်တော် အစကတည်းကသိတယ်. . . ကျွန်တော့်ကို ပြုစုကြွေးလျက လာပါ တယ်လို့ကောင်မလေးကို ညာပြောပြီး ကျွန်တော့်ကိုတော့ သူနဲ့ လက်ထပ်မဲ့မိန်းကလေးနဲ့ ပေးတွေ့ချင်လို့ပါလို့ ညာခေါ်ခဲ့တယ်. . "

တရားလိုရှေ့နေ " ဒါဆို. . ခင်ဗျားက တရားလို ဒေါ်ရှုပနန္ဒီကို အဲဒီ ကတည်းကဘာကြောင့် ဦးအုံ့ဖွယ်အောင် ဟာ Autumn ပိုင်ရှင် မဟုတ်ကြောင်း. .။ ခင်ဗျားကသာ ရှယ်ယာ တစ်ဆယ့်ငါး ရာခိုင်နှုန်းပိုင်ကြောင်း. . . တစ်နေ့မှာ ခင်ဗျားလွှဲ ဘောင်ကိုစွန့်ခွာသွားမှသာ . . ဒီရှယ်ယာ တစ်ဆယ့်ငါးရာခိုင်နှုန်း ကိုသူပိုင်ရမှာဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းမပြောခဲ့ရသလဲ. . အဲဒီလိုမပြောခြင်းအားဖြင့် ခင်ဗျားဟာ ဦးအုံ့ဖွယ်အောင်ရဲ့ သူဌေးအယောင်ဆောင်မှုမှာ အားပေးအားမြှောက်ပြုသူမဖြစ် သွားဘူးလား. . . "

" ကျွန်တော်က သူ့အပေါ်အများကြီးတောင်းခဲ့တာပါ. . "

www.burmeseclassic.com

www.burmeseclassic.com



တရားလိုရှေ့နေ - " မေးတာကိုပဲဖြေပါ "

" ဒီကောင်ကသိပ်ကြွားတဲ့ကောင်. . ကောင်မလေးရှေ့မှာ သိက္ခာကျမှာစိုးလို့ မပြောတာပါ. . . ငဲ့ညှာတာပါ. . "

" တော်လောက်ပြီ. . ရပြီ. . ထိုင်နိုင်ပြီ. . "

ပြောတော့သာ ဒီကောင်သိပ်ကြွားတဲ့ကောင်၊ တကယ်တမ်းကြွားသည်က အဲဒီလူပဲဖြစ်သည်။ သူဘယ်လိုမြေတောင်မြှောက်ပေးခဲ့ကြောင်းကိုတဖွဲ့တနွဲ့ ပြောလွန်း၍ တရားသူကြီးကတောင် လိုရင်းတိုရှင်းဖြေရန်ပြောရသည်။

" နောက်ဆုံးတော့ ကျွန်တော်ဖြင့် ရုပနန္ဒီလေးကိုသနားတာပါပဲခင်ဗျာ. . " ဟု အဆုံးသတ်သည်။

အမှုတွေများပြားလွန်း၍ သူသည်ထောင်ထဲမှာပင်နောက်ဆုံးအချိန်ကိုကြုံရမှာသေချာနေပြီ. .။ အရှေ့တောင်အာရှတစ်ခွင်မှ ဆေးအတုကိစ္စကလည်း တရားစွဲစာရောက်လာသည်။

သူမကိုသူတွေ့ချင်ကြောင်းရှေ့နေကတစ်ဆင့် အကြိမ်ကြိမ်လာပြောသော်လည်း သူမသွားမတွေ့ခဲ့ပါချေ. .။

သူမအသက်ကိုသေအောင်ကြံစည်ကြသော သူတို့နှစ်ယောက်ကို သူမမျက်နှာချင်းမဆိုင်ချင်. .။ အခုတောင် တရားရုံးမှာ မလွှဲသာလို့တွေ့ရတာဖြစ်သည်။

မေမေက

" သွားတွေ့သင့်တယ်. . "

ဟုပြောသည်။



" သမီးသူ့ကိုမုန်းတယ်မေမေ၊ ရွံတယ်. . သူနဲ့ မေတ္တာဖြစ်ဖျက်တာတွေကိုလုံးဝခွင့်လွှတ်လို့မရဘူး. . "

" အဲဒါကတစ်ပိုင်းပဲ. . သူနဲ့သမီးနောက်တွေ့ရမှာလည်းမဟုတ်ဘူး. . တကယ်လို့ဒါဟာ သမီးအနိုင်ဆိုရင် သူ့အရှုံးကို သမီးသွားကြည့်သင့်တာပေါ့. . "

" သမီးက ရှုံးခဲ့တာပါ မေမေရယ်. . "

မေမေ ကျွန်မစကားကိုနားလည်ပါသည်။

သူမက ယုံ၍ပုံခဲ့မိတာ နောက်ဆုံး ကိုယ့်အသက်တောင်စက်နဲ့ထုပ်ထားရတဲ့ဘဝကိုရောက်ခဲ့သည်။ တကယ်လို့ သူမနဲ့ သူ့မှာ တလေးသာရှိမယ်ဆို အဲဒီကလေးကိုလည်း သူ အဲပျောက်ရှင်းမှာထင်သည်. .။

× × × × × × × × ×

www.burmeseclassic.com



" ငါသွားတွေ့ရမလားဟင်သားငယ် "

သူမလက်တစ်ဖက်ကိုတွဲထားရာမှ သားငယ်က သူမကို တစ်ချက်လှည့်ကြည့်သည်။

" ငါ့ကိုတိုင်ပင်တာလားရှ "

" အင်းပေါ့. . "

" နင့်သဘောကရော. . "

" ငါမသွားချင်ဘူး. . "

" ဒါဆိုမသွားနဲ့ပေါ့. . "

" နင်လိုက်ပေးရင်တော့သွားမယ်လေ. . "

" သူ့ဘာပြောချင်သေးလဲဆိုတာ နင်သိချင်နေသေးတယ် နော်. . ဟုတ်တယ်မဟုတ်လား . . ငါ့ကိုလာညာနေတယ်. . နင်သွားရင်ငါစိတ်ဘယ်ချမ်းမှာလဲ. . လိုက်မှာပေါ့. . "



မှုခင်းသတင်းအဖြစ် သူမတို့သတင်းကိုဖော်ပြကြ၍ သူမမှာ မဟာအရှက်ကွဲရပါသည်။ တော်သေးတာက ဆေးဝါးတွေ ကိုမွှေး Autumn နာမည်နဲ့မဟုတ်၍တော်သေးသည်။ နို့မို့ဆို ရှင်းသူ ရမည့်ပြဿနာတွေမှတစ်ထွေးကြီး။ အခုဇတ်ကောင် သူမမှာ အရှက်ကွဲလှပါပြီ. . ။

မိန်းမတွေလက်မထပ်သင့်တဲ့ယောက်ကျား ငါးမျိုးရှိသတဲ့။ သူသည်လက်မထပ်သင့်သော၊ မိန်းမတစ်ယောက်၏ အိမ်ထောင် ဦးစီးမဖြစ်ထိုက်သောသူဖြစ်သည်။

သူမသွားတွေ့ဖို့ရွေးချယ်လိုက်သူက မေဖြစ်နေသည် အတွက်သားငယ်က ဆူပူပါသည်။

" အဲဒီ မိန်းမဆီသွားပြီး. . သူ့မျက်ရည်တစမ်းစမ်းနဲ့ ပြောတာနဗ်နားထောင်ပြီးကြေကွဲပေးဦးမယ်. . "

" မဟုတ်ပါဘူးဟာ. . "

" နင့်အကြောင်း ငါ ကောင်းကောင်းသိတယ် ရှ. . . . နင်ဟာလေ. . အင်မတန်သနားတတ်တယ်. . အပြောချိုချိုနဲ့တွေ ရင်ငေါက်ခနဲနေအောင်ပါသွားတော့တာပဲ. . သေမလိုဖြစ်တာ တောင်မမှတ်သေးဘူး. . . "

" ငါ နားညည်းလာပြီ. . "

" စေတနာကို ဘယ်တော့မှအကောင်းမထင်တာ ငါသိ ပါတယ်. . "

www.burmeseclassic.com

www.burmeseclassic.com



" အဲသလိုမပြောပါနဲ့. . ဟိုနေ့ညနေမှာနင်သာရောက်မလာခဲ့ရင်. . ငါ ခုလောက်ဆို အရိုးပြာကျနေလောက်ပြီ. . ဒါမှမဟုတ် သူပြောတာတွေနင်ယုံပြီး ငါ့ကိုထားခဲ့ရင်လည်း ငါ ဒုက္ခရောက်ကျန်ခဲ့မှာ. . . "

" ငါ သူ့ကိုယုံမလားဟ. . အချဉ်မှမဟုတ်တာ. . နင့်လို အူကြောင်ကြောင်နဲ့ ကိုယ့်ကိုကိုယ်အဟုတ်ထင်တဲ့လူတွေပဲ ပုံပြောတာယုံတာ. . "

" ငါ့ကို နင်ယုံတဲ့အတွက် ငါ အမြဲတမ်းကျေးဇူးတင်မှာပါ"

ထိုစကားကို သူမက လေးလေးနက်နက်ပြောသောအခါ သားငယ်က ရီဝေသောမျက်လုံးများနှင့်စိုက်ကြည့်ပါသည်။ ထိုအကြည့်တွင် သူမကိုချစ်ခင်မြတ်နိုးသောအရိပ်အယောင်များ ပျော်ဝင်လျက်ရှိသည်။

သူမ သားငယ် ဆီမှအကြည့်ကို လွှဲလိုက်သည်။

သားငယ်က သူမပခုံးတစ်ဖက်ပေါ် သူ့လက်တင်ကာ. .

"ငါ နင့်အနားမှာ အမြဲတမ်းရှိနေချင်ပါတယ်ဟာ. . ".

ဟု ကဗျာမဆန်သော စကားတစ်ခွန်းကို ဆိုလေသည်။

× × × × × × × × ×



အချုပ်ခန်းသံတိုင်များကို ကျောပေး၍ထိုင်နေသော မိန်းမသည် သူမခြေသံကြောင့် သူမဘက်သို့ဆတ်ခနဲလှည့်ကြည့်သည်။

" မေ. . "

ဆံပင်တွေဖရိုဖရဲနှင့် သူမကို

" နင် လာတွေ့ရဲသေးတယ်. . "

ဟု အေးစက်စက်အသံနှင့်ဆိုပါသည်။

သူကများ ဒီစကားပြောရတယ်လို့ဟု သူမခပ်ချဉ်ချဉ် ပြောဖို့စိတ်ကူးမိသေးသည်။ သို့သော် လောလောဆယ် သူက အနာဂတ်မဲ့နေသူမဟုတ်လား. . ။

" ရှု . . ငါ့ကိုဒီလိုမြင်ရတာ နင်ကျေနပ်နေလား. . "

www.burmeseclassic.com

www.burmeseclassic.com



" ငါကျေနပ်ဖို့ နင်တို့ကိုထောင်ထဲထည့်တာမဟုတ်ဘူး.. နင်တို့လုပ်တဲ့အပြစ်အတွက် နင်တို့ခံရတာ.. ငါက နင်တို့ထို ယုတ်မာခဲ့တဲ့လူမဟုတ်ဘူး မေ.. နင့်အပေါ်မှာ ငါဘာမကောင်း တာရှိခဲ့လဲ.. ဟင်.. နင် ဘာလို့ ဒီလိုလုပ်ရတာလဲ .. နင်ဘာလို့ ဒီလိုအကြံမျိုးကြံရတာလဲ.."

သူမစကားများကို မေက ဟက်ဟက်ပက်ပက်ရယ်မော လေသည်။ ရယ်တာမှ တော်တော်ကြာသည်။ သူမမှာ မေရူးသွား ပြီလားဟုတောင်ထင်မှတ်လေသည်။ အရယ်ရပ်သွားသောအခါ မေ့ပါးပြင်ပေါ်သို့မျက်ရည်များစီးကျလာသည်။ အသံမထွက်ဘဲ သူမကိုကြည့်လျက် မေ ငိုနေလေသည်။ ထို့နောက် မျက်ရည်တွေ တာရပ်သွားသည်။

" ဘာလို့ ငါဒီလိုလုပ်ရသလဲဆိုတော့.. နင့်ကိုငါမကျေနပ် လို့ပဲ ရှ.."

မေ မကျေနပ်ရအောင် သူမ ဘာမှမလုပ်ခဲ့တာတော့ သေချာပါသည်။

သူမအိမ်မှာပေးမနေလျှင် မေသည် တောသို့ မျက်နှာငယ် စွာပြန်သွားရုံပဲရှိသောအခြေအနေကို မေသတိရပုံမပေါ်တော့ပါ။

အစမ်းခန့်သုံးလအတွင်း မေ ဒုက္ခတွေရောက်နေတာ သူမ ကိုယ်ချင်းစာခဲ့သည်။ သူမအတွက် ရွှေမရှား၊ ငွေမရှား ဘာမှ မရှားသော်လည်း.. မေ့မှာ အကုန်ချို့တဲ့ရှာသည်။

မေနဲ့ သူမက Site ချင်းမတူဘူး။



မေက ရှုံး Site မှာပဲ.. သူမက လစာပိုကောင်းတာ တော့မှန်ပါသည်။

" နင့်မှာ အကုန်လုံးပြည့်စုံနေတယ်ရှ.. နင့်မှာ ငါ့လို သူများလက်ညှိုးထိုးခံစရာ ဘာအတိတ်မှမရှိဘူး.. ငါ့မှာရှိတယ်.. ငါဆယ်ကျော်သက်က အိမ်ထောင်ရှိတဲ့လူတစ်ယောက်ကိုမှ မချစ် သင့်ဘဲချစ်မိလို့ ငါ့ဘဝနစ်ခံခဲ့ရတယ်..။ ငါသိမ်သိမ်မွေ့မွေ့နေ တာတောင် ငါအပျိုမဟုတ်ပါဘူးဆိုတဲ့ တစ်ချက်နဲ့ ငါအမြဲတမ်း ခေါင်းငုံ့နေခဲ့ရတယ်.."

တစ်ယောက်က ကိုယ့်ပြည့်စုံမှုကို သတိမထားမိချိန်မှာ ချို့တဲ့မှုရှိသူက ထိုပြည့်ငုံမှုကို အားကျ၍ လောဘဖြင့် လိုချင်လာ တတ်တာ သူမတို့လူ့သဘာဝ တစ်ရပ်ပင်ဖြစ်သည်ကို သူမ ကောင်းကောင်း သတိလစ်သွားခဲ့သည်။

" နင့်မှာ ဘာမဆိုဖြည့်တင်းပေးနိုင်တဲ့မိဘရှိတယ်.. ဒီလောက်ကံကောင်းတဲ့နင်က အံ့ဖွယ်အောင်ရဲ့အချစ်ကိုလည်း ရခဲ့တယ်.. နင့်မှာ ရှိတာတွေ ငါအကုန်လုံးလိုချင်တယ် ရှ... နင်ဝတ်နိုင်သလို ငါလည်းဝတ်နိုင်ချင်တယ်.. နင်ချမ်းသာသလို ငါလည်းချမ်းသာချင်တယ်.. ဒါပေမယ့် ငါက အမြဲတမ်းကံဆိုးတဲ့ သူပဲ ယောကျ်ားတွေ အသုံးချတာပဲ အမြဲခံခဲ့ရတယ်.."

" ငါသိချင်တာတစ်ခုမေးမယ် မေ.. နင် ငါ့ကို အဲဒီတစ်ခု မှန်မှန်ဖြေပါ "

" ...... "

www.burmeseclassic.com

www.burmeseclassic.com



" နင်နဲ့အံ့ဖွယ်အောင်ဘယ်တုန်းကစပြီး. . . . ."

" နင်နဲ့သူယှဉ်ခါစမှာပဲ "

သူမယောက်ျားကို ကြောင်တောင်နိုက်တဲ့သူဟု မေ့ကို မပြောလိုတော့ပါ. .။ အကြောင်းမူ မေသည် သူမအား အမှန်တွေပြောတော့မည်ကို မေ့မျက်ဝန်းတွေကတစ်ဆင့် သူမခံစား၍ရသည်။

"သူက နင်နဲ့လက်မထပ်လို့မဖြစ်တော့လို့ . . နင့်မှာ ကိုယ်ဝန်ရှိလို့ နင်တို့ယူကြတာလို့ပြောတယ်. . နင့်ကိုသူနည်းနည်းမှ မချစ်ဘူးတဲ့. . နင်က Autumn ရဲ့ ရှယ်ယာ နှစ်ဆယ့်ငါး ရာခိုင်နှုန်းကို အမွေရမှာမို့ သူမချစ်ဘဲ ယူခဲ့ရတာလို့ ငါ့ကိုဝန်ခံတယ်၊ နင့်ကြောင့် သူ့အိပ်မက်တွေ ပျက်စီးမခံနိုင်ဘူးတဲ့. . နင့်ဆီက သူလိုချင်တာ ရပြီးရင် ငါ့ကိုတရားဝင် ဇနီးအနေနဲ့ လက်ထပ်မှာလို့ မက်လုံးပေးခဲ့တယ်. . ငါ့ကို သူတစ်လ ငွေငါးသိန်း ထောက်ပံ့တယ်၊ ငါ နင့်ဆီက ကျောကော့ပြီး ပြောင်းသွားနိုင်တာ သူ့ကြောင့်ပေါ့ "

သူသည် တစ်ပြိုင်နက်တည်းမှာ မိန်းမနှစ်ယောက်ကိုအယုံသွင်း၍လက်ထပ်ခဲ့သူပါလား. .။ သူမကို သူ့ရင်ခွင်ထဲထည့်၍ ချော့မြူသကဲ့သို့ မေ့ကိုလည်း သူဆက်ဆံခဲ့မှာပဲ. .။ သူမကို စွဲလမ်းသည်ထက် စွဲလမ်းအောင် သူ့အယုအယများနှင့်ဖြားယောင်းသကဲ့သို့ မေ့ကိုလည်း သူမြူဆွယ်ခဲ့မှာပဲ. .။



" ငါက တစ်ခါတည်းရှင်းချင်တာ. . ဒီဘဝမှာ တော့နင် ကံကောင်းနေတုန်းပဲ ရှ. . . နင့်ကို ငါအရမ်းမုန်းလို့. . ဒီလို လုပ်တာ. . သိပြီလား. . . "

" နင်ပြည့်စုံနေတာ အပြစ်တစ်ခုပဲရှ. . အခု နင့်မှာ သူများ ပြောစရာရှိသွားပြီပေါ့. . နင့်နေရာကို ငါမရလိုက်ပေမယ့် သူက ငါနဲ့ အတူတူ ထောင်ထဲမှာပဲ သေရမှာ. . နင်သွားလေရာမှာ နင့် ယောက်ျားထောင်ကျနေတယ် ဆိုတဲ့အကြောင်း လူတွေကအပုပ်ချ ပြောကြမှာ နင်ကခံရပေမယ့် လူတွေကနင့်ကိုသနားမှာ မဟုတ်ဘဲ အပြင်မှာ ကျန်ခဲ့တဲ့နင့်ကိုပဲ ပြောကြမှာ. . အံ့ဖွယ်အောင် သေသွားရင်တောင် နင်က မုဆိုးမဆိုပြီး အကဲ့ရဲ့ ခံရတဲ့ဘဝက လွတ်မှာမဟုတ်ဘူး. . "

သူမကို မေ ဤမျှထိမုန်းနေတာသိရသည့်အတွက်. . . နောက်နောင်ဆို သူမ ဘယ်တော့မှ မိန်းမများကိုယုံတော့မည် မဟုတ်ပါ. .။

" သူများကိုပျက်စီးအောင်နင်လုပ်တော့ အခုဘယ်သူ ပျက်စီးလဲမေ. . ငါ့ကိုနင်ပြောသလို လူတွေပြောကြတယ်ပဲ ထားစမ်းပါ. . ငါ့မှာအဖော်ရှိတယ်. . ငါ့ကို တစ်လောကလုံးက လူတွေထက်နားလည်ပေးတတ်တဲ့. . ငါ့မိဘထက်တောင် ငါ့ကို ယုံကြည်တဲ့ ချစ်သူရှိတယ်. . လူတွေဘာပြောပြော ငါဂရု မစိုက်ဘူး. . အေးဂရုစိုက်ရင်တောင် သားငယ်က ကာကွယ်ပေး လိ[illegible]မယ်. . နင့်ကိုပြောချင် တာ နင် ငါ့ယောက်ျားကိုပဲ

www.burmeseclassic.com



ယူလို့ရမယ်. . ငါချစ်သူကိုတော့ နင်ယူလို့မရပါဘူးမေ. . ငါ့ကို ညိဳင်ချစ်တဲ့ယောက်ျားတစ်ယောက်ရဲ့ ရိုးဖြောင့်မှုကိုတော့ နင်ဖျက်ဆီးလို့မရပါဘူးမေ. . ”

မေသည် ရင်ဝကိုဓားနှင့်ထိုးခံလိုက်ရသလို သူမရင်ဘတ်ကို လက်နဲ့ဖိပြီး နောက်သို့ တစ်ချက်ယိုင်သွားသည်။

“ ချစ်သူ. . ချစ်သူ. . ”

ဟု ခပ်တိုးတိုးလေးရွတ်သည်။

သူမမေ့ကိုကျောခိုင်းလိုက်သည်။

စကားတစ်ခွန်းကြားဖူးသည်လေ. . ။

စေတနာဆိုတာ လူတိုင်းနဲ့တန်သည်တဲ့. . ။

နည်းနည်းတန်တဲ့လူနဲ့. . များများတန်တဲ့လူ ဒါပဲကွာသည်တဲ့. . ။

မေသည် သူမ ဘယ်လိုလူလဲဆိုတာ သူမဖာသာဆုံးဖြတ်စီရင်သွားပေသည်။

× × × × × × × × ×



သူမသွားမတွေ့သောသူကိုသွားတွေ့ရန်သားငယ်ကပင် တိုက်တွန်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကွာရှင်းစာချုပ်တစ်စုံတွင် သူက လက်မှတ်ရေးထိုးပြီးသူ့ရှေ့နေမှတစ်ဆင့် သူမထံ သားငယ်ကိုပေးခိုင်းလိုက်လေသည်။

“ နင်က ဘာလို့သွားမတွေ့ချင်တာလဲ. . ဘာလဲ. . . . သံယောဇဉ်မပြတ်လို့လား. . ”

“ ဘာကိစ္စမပြတ်ရမှာလဲ. . ”

“ ငါ့ကို မအော်စမ်းနဲ့ မိရှ ”

“ အော်မှာပဲ. . နင် ငါ့ကို ဆရာသိပ်လုပ်တာပဲ. . ငါ့ကိစ္စ ငါ့ဖာသာဆုံးဖြတ်မယ်. . ဒါပဲ. . နင်ဝင်မပါနဲ့ . . ဇယားရှုပ်တယ်”

“ အေး နင့်ကိစ္စဆိုတာမှန်တယ်. . ဒါပေမယ့် နင်က ငါချစ်တဲ့မိန်းမလေ ”

သူမမျက်စောင်းထိုးပြီး သားငယ်လက်ထဲက ကွာရှင်းစာချုပ်များကိုယူကာ ဖြန့်ကြည့်လိုက်သည်။ တကယ်ပဲသူလက်မှတ်ထိုးထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



" ငါ မတွေ့ချင်ဘူးဟာ သားငယ် "

" ငါကိုယ်ချင်းစာပါတယ်. . ဒီလိုလုပ်ဟာ မတွေ့ချင်လည်း နင် ဒီစာချုပ်မှာလက်မှတ်ထိုး. . ပြီးတော့ သူ့ရှေ့နေကိုငါပဲ သွားပြန်ပေးလိုက်မယ်. . ဒါပေမယ့် နင်တွေ့လိုက်တာပိုကောင်းမယ် ထင်တယ်နော် ရှု. . သူ နင့်ကိုပြောချင်တာတွေရှိမှာပေါ့. . . "

" ဒါဆို နင်လိုက်ခဲ့နော်. . "

" ဟိုတစ်ပတ်ကတည်းက လိုက်ပေးမယ်ပြောထားတာပဲ "

သူမသူ့ဆီသွားတွေ့ချိန်တွင် စိတ်ညစ်ညူးလျက်ရှိပါသည်။ သူမက ကိုကိုဟု ချစ်မြတ်နိုးစွာ ခေါ်ဆိုပေါင်းသင်းခဲ့သော လင်ယောကျ်ားကို သံတိုင်တွေနောက်ကွယ်မှာ ထောင်အဝတ်အစားဖြင့်သူမ မကြည့်လိုပါ. . ။ မကြည့်ရက်ပါပေ. . ။

ဘာပဲဖြစ်ဖြစ်. သူသည် သူမနှင့်တစ်အိပ်ရာတည်းအိပ်၊ တစ်ချိန်တည်း ထမင်းစားကာ တစ်နှစ်ကျော်မျှ ချစ်ခင်ကြင်နာစွာ ပေါင်းသင်းခဲ့သော လင်ယောကျ်ားဖြစ်သည်။ သူ့ရင်ခွင်ထဲတွင် သောကကင်းစွာဖြင့် သူမ ရက်ပေါင်းသုံးရာခြောက်ဆယ်ကျော် အိပ်မောကျဖူးပါသည်။

သူ့ကို သူမ တကယ်ချစ်ခဲ့သည်။ အားကိုးခဲ့သည်၊ ယုံကြည်ခဲ့သည်။ တိုတောင်းသောအချိန်ကာလအတွင်းမှာ လက်ထပ်ဖြစ်ဖို့ သူမသူ့ကို အရှိန်အဟုန်ပြင်းပြင်း ချစ်ခင်ခဲ့မှုကြောင့်သာ တွန်းအားဖြစ်ခဲ့ခြင်းဖြစ်သည်။ သူသည် သူမ၏အချစ်ထက် သူမ၏ဘဝကို ပိုတပ်မက်ခဲ့သည်။



ငွေကြေးချမ်းသာမှုတွေဟာ သူ့ဘဝမှာ ဘာလို့နံပါတ်တစ်ဖြစ်နေပါလိမ့်. . ။တော်ရုံနေရစားရ တော်ပြီပေါ့. . ။

သူမဆို သူမမိဘတွေချမ်းသာတာ မှန်သော်လည်း အွဲ့ရပြီးသောအခါ ကုမ္ပဏီဝန်ထမ်း အဖြစ်အလုပ်ဝင်ကာ ကိုယ့်တိုးတက်ရာကိုယ့်ဖာသာရှာခဲ့သည်။ မေမေကဆို မိဘခြေရာတိုင်းချင်တယ်ဟု တစ်ချိန်လုံး နိုင်ငံခြားမှဖုန်းနှင့်လှမ်းဆူခဲ့ရသည်။ အမှန်မှာတော့. . မိဘမှာရှိတာ ကိုယ်နဲ့မဆိုင်။ ကိုယ်ကြိုးစားမှကိုယ်နဲ့ဆိုင်သည်ဟု သူမကခံယူထားခဲ့သည်။ သူကတော့ သူမရမည့်အမွေတွေကိုမျှော်လင့်၍ ကြိုတင်ကြံစည်မှုဖြင့် သူမကိုချဉ်းကပ်သိမ်းသွင်းခဲ့သည်။

အဲဒီယောကျ်ားမျက်နှာကို သွားကြည့်ရဦးမည့်ဒုက္ခကြီးလှပါသည်။

" ကိုယ် ရှုကို သိပ်တွေ့ချင်နေတာပါ. . . "

" သူမကို ဘာပြောမလို့လဲ. . "

" ကိုကို တောင်းပန်ပါတယ် ရှုကို စိတ်ဆင်းရဲအောင် ကိုကို ပုံပြင်တွေ အများကြီးဇာတ်လမ်းဆင်ခဲ့မိတယ်. . နောက်ဆုံး ရှုကို သတ်ဖို့အထိ ကိုကိုအားထုတ်မိတယ်. . ကိုကိုက ကိုယ့်ကိုကိုယ်ကာကွယ်ချင်ဇောနဲ့ ရှုကိုကြံစည်မိတာ ကိုကို ဝန်ခံပါတယ် ရှု. . ဒါကြောင့် ရှုကို ကွာရှင်းပေးတာပါ. . "

သူမမှာ တကယ်နောင်တရနေပုံဖြင့်ပြောနေသော သူ့စကားများကိုနားထောင်ရုံသာ တာဝန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမျက်လုံးတွေ ဘာကြောင့် အရင်ကထက် စူးရှတောက်လက်လာပါလိမ့်. . ။ အချုပ်ထဲမှာတရားများထိုင်နေသလားမသိ။ အင်း. . . တရားမရှိလို့လောဘကြီးတဲ့သူပဲ. . ။ သူမသူ့ရှေ့က ပြန်ချင်လှပြီ. . ။သားငယ်က သူမနှင့်ခပ်လှမ်းလှမ်းမှာရပ်နေသည်။

" ရှူ. . ကိုကိုကွာရှင်းပေးလိုက်လို့. . စိတ်ထဲမှာသံသယမရှိပါနဲ့. . ရှူ့အပေါ်မှာ ကိုကိုရဲ့ဒုက္ခတွေ ပတ်သက်လာမှာစိုးလို့ ကိုကိုကွာရှင်းပေးတာပါ. . ဖေးဝါးတုကီစွက ကိုကိုလျှော်ကြေးတွေပေးရမယ်. . ရှူတတ်နိုင်မှာမဟုတ်ဘူး. . ရှူ့အပေါ်မှာ ကိုကိုမှားခဲ့တာတွေအတွက် နောက်ဆုံးတတ်နိုင်သလောက် ကိုကို့ဘက်က ထပ်မမှားအောင် စီစဉ်ပေးတာပါ. . ကိုကိုဘာမှ မတတ်နိုင်တော့လို့ပါ. . ခွင့်လွှတ်ပါ. . ရှူ "

သူမအတွက် သူ့အကြွေးတွေသာဆပ်ရလျှင် ရှိသမျှစည်းစိမ်ကုန်လိမ့်မည်။ ဒေါ်ဝါလီခံရမှာ ကျိန်းသေပါသည်။

" ကျွန်မ အဲဒီအတွက် ကျေးဇူးတင်ရမှာလား. . . "

သူ ဘာမှ ပြန်မဖြေပါ. . ။

" ကျွန်မအပေါ်မှာ ဘာလို့ လျှို့ဝှက်ချက်တွေထားခဲ့တာလဲဟင်. . ကျွန်မရဲ့ငွေကြေးတွေကို ဘယ်လောက်ရှိမှန်းကျွန်မတောင်မသိရဘူး ကျွန်မ ရှင့်အပေါ်မှာတစ်ချိန်လုံး ကောင်းခဲ့ရက်နဲ့ ကျွန်မကို ဒီလို သဘောထားခဲ့တာ. . ဘာကြောင့်လဲ. . ကျွန်မ ဘာမှားခဲ့လို့လဲဟင်. . ကျွန်မ. . ကျွန်မကိုသတ်ဖို့အထိ. . "





သူ့ကိုမေးရင်း သူမမျက်ဝန်းမှာမျက်ရည်များဖြင့်စိုစွတ်လာလေသည်။ သူကမူ ခေါင်းကို ငိုက်စိုက်ကျကာ ဘာမှပြန်မဖြေ။ သူခေါင်းပြန်မော့လာသောအခါ သူ့မျက်ဝန်းများသည်လည်း မျက်ရည်များဖြင့်စိုစွတ်ကာ နီရဲတောက်လက်လျက်ရှိသည်။ မယုံနဲ့ ဒါမိကျောင်းမျက်ရည်ဟု သူမကိုယ်သူမ သတိပေးလိုက်သည်။ မိကျောင်းများသည် သူတို့အစာကိုစားခါနီးတွင် သားကောင်ရှေ့၌ မျက်ရည်ကျလေ့ရှိသည်။ ဝမ်းသာလို့ကျတဲ့ မျက်ရည်လား၊ သားကောင်ကိုသနားလို့ကျတဲ့မျက်ရည်လားဆိုတာတော့ မိကျောင်းကိုယ်တိုင်ပဲသိလိမ့်မည်။ ယခုလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

သူသည် ဟန်ဆောင်မှုကို တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သောသူဖြစ်သည်။

သူ့မျက်ရည်များသည် သူမအတွက် အဆိပ်ရည်များဖြစ်သည်။

သူ့ရကားမျှား၌ယုံကြည်၍ စုံလုံးကန်းခဲ့သောအချစ်တို့ ခန်းခြောက်လေပြီ. . ။

သူမ သူ့ရှေ့မှကျောခိုင်းထွက်ခဲ့သည်။

သားငယ်က သူမပုခုံးကိုလက်တစ်ဖက်ဖြင့်ခပ်ဖွဖွဖက်ကာ အတူလိုက်လာသည်။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



## " မျက်နှာနှစ်ဖက်နှင့်ပုံပြင်"

နီ ဝိုး

သူမသည် ပုံပြင်များကိုနှစ်သက်သော်လည်း စိတ်ညစ်ညူး ဖွယ်ရာပုံပြင်များကိုမနှစ်သက်။ ရက်စက်ကြမ်းကြုတ်သောပုံပြင် များမှ ဇာတ်ဆောင်များကို ရွံရှာပါသည်။ သူတစ်ပါးအပေါ်တွင် ယုတ်မာကြမ်းတမ်းသောစိတ်ဖြင့်. . . နာကျင်စေလိုသောသူတို့၏ စိတ်နှလုံးကိုကြောက်ရွံမိပါသည်။

လောကကြီးတွင်လည်း လူတစ်ယောက်ချင်းစီသည် ကိုယ်ပိုင်ပုံပြင်တစ်ပုဒ်စီကို ပိုင်ဆိုင်ထားကြပါသည်။ သို့သော် လူသည်ကိုယ်ပိုင်ဆိုင်သောပုံပြင်ထက်. . သူတစ်ပါး၏ပုံပြင်ကို ပိုမိုမက်မောတွယ်တာစိတ်ဖြင့် နားထောင်လိုကြသည်။ သူတစ်ပါး၏ ပုံပြင်ထဲမှာ ကိုယ်ပါဝင်ချင်သော စိတ်ကူးယဉ်မှုမျိုးဖြင့်. . ပိုမို စိတ်ဝင်စားကြသည်။ ကိုယ့်မှာရှိတာထက် သူများမှာ ရှိတာကိုမှ ပိုတန်ဖိုးထား တတ်ကြသည်။



ထိုသဘောကို ပုံပြောကောင်းသူမျိုးက ကောင်းကောင်းသိ သည်။ ထိုသူမျိုးသည် အခြားသောသူတစ်ယောက်ချင်းစီ၏ ပုံပြင် များကို သူ့ပါးစပ်ထဲတွင် စီကာပတ်ကုံးပြောပြတတ်သည်။ ဆွဲ ဆောင်မှုကောင်းကောင်းဖြင့် ညှို့ငင်နိုင်သောစွမ်းရည်ဖြင့် လက်တမ်းပုံပြောနိုင်ကြသည်။

အမှန်တော့. . ပုံပြင်ဆိုသည်မှာ မဖြစ်နိုင်တာတွေ. .၊ ဆန်းကြယ်တာတွေ. .၊ အပြင်မှာတကယ်မရှိသောအရာတွေဖြင့် ဖွဲ့စည်းထားသောစကားပြေများသည်ဖြစ်သည်။

နားထောင်စဉ်ခဏသာအရသာရှိပြီး နောက်တစ်ခါထပ် နားထောင်လျှင် အရသာမရှိတော့ဘဲ. . ရိုးအီသွားလေ့ရှိသည်။

သူမအတွက် ကိုကိုသည် ထိတ်လန့်ခြောက်ခြားဖွယ် ကောင်းသောပုံပြင်၊ ဆွတ်ပျံ့ကြည်နူးဖွယ်ရာပုံပြင်၊ ရွံရှာစက်ဆုပ် ဖွယ်ရာပုံပြင် စသည်ဖြင့် ခံစားချက်မျိုးစုံသောပုံပြင်တို့ကို ပြောပြ ခဲ့သူတစ်ယောက်ဖြစ်သည်။

သူမက ပုံပြင်နားထောင်ရုံမျှနှင့်မကျေနပ်ဘဲ ပုံပြောသူရဲ့ မာယာနောက်သို့ လှဲမှားစွာလိုက်သွားမိခဲ့သူလည်းဖြစ်သည်။

မိန်းကလေးတော်တော်များများသည် စိတ်ကူးယဉ်ထတ် ကြသည်။ စိတ်ကူးမယဉ်သောမိန်းမဟူ၍မရှိ. .။

မယဉ်ဘူးဆိုလျှင် ထိုမိန်းမသည် စိတ်ကူးယဉ်မှု၏ အကျိုး မရှိပုံကိုသိတတ်နားလည်အရွယ်ရောက်သွားသောကြောင့်သာ ဖြစ်လိမ့်မည်။

www.burmeseclassic.com

ပြီးတော့ မိန်းမများသည် အယုံလွယ်ကြသည်။

ယုံကြည်စရာတစ်ခုကိုယုံကြည်တော့မည်ဆိုလျှင် အစဉ်မပြတ်ဆန်းစစ်ဝေဖန်ဖို့လိုအပ်ကြောင်း ယောကျ်ားများထက် မိန်းမများက သတိလစ်ကြပါသည်။

သူမတို့လိုမိန်းမများသည် ရုပ်ရည်ချောမောခန့်ငြားသော ယောကျ်ားတိုင်းကို မချစ်သည့်တိုင်အောင် ကြိုက်တတ်ကြသည်။

ထိုသူမျိုးပြောသည့်စကားများတွင် သာယာတတ်ကြသည်။ သူမအဖြစ်က ကိုယ်တွေ့ပဲလေ..။

သူမတို့ မိန်းမများထက် ဈေးတွက်သဘောကို ယောကျ်ားတွေ ပိုမိုကျွမ်းကျင်ကြပါသည်။

ငွေရှိသော၊ ရုပ်ရည်ချောမောသော၊ ပညာတတ်သောဘဝသည် တင့်တိမ်ရောင့်ရဲနိုင်သော ဘဝမျိုးဖြစ်သည်ဟု သူမက ထင်ပါသည်။

ကိုကိုကမူ ရတာထက်ပိုလိုချင်တတ်သော၊ သူလိုချင်မှုအတွက် လူ့အသက်ကိုတောင် မညှာမတာ ရက်ရက်စက်စက် သတ်ဖြတ်ရဲသော စိတ်ဓာတ်မျိုးရှိသူ..။

ရောင့်ရဲခြင်းသည် စိတ်ကို အေးချမ်းစေပါ၏ ။

သို့သော်..သူမသူငယ်ချင်း 'မေ ကမူ ရောင့်ရဲဖို့ထက် မနာလိုစိတ်ကိုမွေးမြူခဲ့သည်။

မြတ်စွာဘုရားက ဟောခဲ့သည်။

လူတွေမှာ တစ်ချို့ချမ်းသာ၊ တစ်ချို့ဆင်းရဲ



တစ်ချို့ ရုပ်ချော၊ တစ်ချို့ရုပ်ဆိုး

တစ်ချို့ ပညာတတ်၊ တစ်ချို့ မတတ်

ဒါတွေအားလုံးသည် အတိတ်ဘဝအဆက်ဆက်ကပြုခဲ့သော အကုသိုလ်ဝဋ်ကြွေးကသာဖန်တီးနိုင်သည်။

သူမ ခုဘဝမှာ ရုပ်ရည်ချောမောလှပပြီး ပညာတတ်ကာ ငွေကြေးချမ်းသာသောမိဘများထံတွင် သမီးအဖြစ်ဝင်စားရခြင်းသည် ဟိုး အရင်ဘဝတွေက သူမပြုခဲ့သောကောင်းမှုကြောင့်သာဖြစ်သည်။

သို့သော်ကောင်းမှုကံတွင် အသတ်ခံရမည့်ဆဲဆဲခံစားရသောစိတ်ဒုက္ခသည် မကောင်းမှုကံ၏ အကျိုးပေးပုံမှန်းပိုရှိ ထင်ရှားပါသည်။

သူမ၏ ပထမ အိမ်ထောင်ရေးကံမကောင်းခဲ့ပေ။

ကံမကောင်းတာနဲ့ကံဆိုးတာမတူပါ..သူမအိမ်ထောင်ရေးသည် ကံမကောင်းရုံသက်သက်မျှသာဖြစ်သည်။

သူမက ညွှန်၍သူထောင်ကျခဲ့ခြင်းမဟုတ်။

သူမများ၍ သူ ဂွာရှင်းခဲ့ခြင်းမဟုတ်။

သူ၏လောဘကြောင့်သူမှားခဲ့သည်။

ထို့ကြောင့် သူ့အပြစ်ကို သူထောင်ကျခံရခြင်းဖြစ်သည်။ မေ သည်လည်း စိတ်ကူးယဉ်သောမိန်းမတစ်ယောက်သာဖြစ်သည်။ မေ့ အသက်ငယ်ငယ်တုန်းက ငွေဆင်းရဲသော မေသည် ပုံပြင်ထဲက ရှိ အချစ်ကြီး၊ ငွေချမ်းသာသောမင်းသားတစ်ပါးကို ကြိုက်နှစ်သက်

www.burmeseclassic.com



လိမ့်မည်။ ပြီးတော့ ထိုယောက်ျားမျိုး သူမ တွေ့ရမည်ဟူသော ယုံကြည်ချက်မျိုးဖြင့် အိမ်ထောင်ရှိသောလူတစ်ယောက်ကို ခင်တွယ်မိလိမ့်မည်။ မေ သည် ပုံပြောကောင်းသောယောက်ျား တစ်ယောက်ကြောင့် ဘဝပျက်ပြီး မိဘအိမ်ပြန်တက်ခဲ့ရသည်။

အိမ်ထောင်ရှိသော ယောက်ျားများသည် လူပျို ယောက်ျားများထက် အတွေ့အထိ အယုအယ ပိုကျွမ်းကျင်ကြပြီး မိန်းမတစ်ယောက်ကို သူတို့လိုချင်တာရအောင် လွယ်လွယ်ကလေး မြှူဆွယ်နိုင်ကြောင်း မေ သိခဲ့ပုံမပေါ်..။

ထိုအဖြစ်အပျက်ကရသော အရှက်တကွဲအကျိုးနည်းမှု ကြောင့် မေ သည် ဒုတိယအကြိမ် သူမလက်ထပ်တဲ့အခါ အလွန် ကြီးကျယ်ချမ်းသာသော သာမန်မိန်းကလေးတွေလိုက်မမှီအောင် လူချမ်းသာတစ်ယောက်ဖြစ်ရမည်ဟု တလွဲဆုံးဖြတ်ခဲ့ပုံရသည်။

အရှက်တကွဲအကျိုးနည်းမှုကို ဖုံးဖိရန် မေသည် သူ့သိမ်ငယ် စိတ်အား.. လူချမ်းသာတစ်ယောက်၏ ဇနီးအဖြစ်ဖုံးကွယ်နိုင် လိမ့်မည်ဟု ထင်ပုံရပါသည်။

တကယ်တော့ မေ သည်လည်း ပုံပြောကောင်းသူတစ် ယောက်ရဲ့ အသုံးချခံသက်သက်သာဖြစ်ခဲ့လေသည်။

မေသည် သူမရဲ့ဘဝကို နေတတ်လျှင် ကျေနပ်စရာကောင်း သည့်ဘဝဖြစ်သော်လည်း မကျေနပ်ခဲ့..။ ပြီးတော့ သူငယ်ချင်း ဖြစ်သူ သူမကိုပင် သူမအမျက်သိုခဲ့သည်။





သူတို့ကိုခွင့်လွှတ်ဖို့ သူမ နောက်ထပ်နှစ်အနည်းငယ် ကြိုးစားရပါလိမ့်မည်။ ထိုနှစ်အနည်းငယ်အတွင်းတွင်.. သူတို့လို ပဲပုံပြောကောင်းသူများနှင့် သူမထက်မံကြုံတွေ့ရပါလိမ့်မည်။

ထိုသူများက လူ့လောကတွင် သူမကြုံခဲ့ရသည့်အဖြစ် အပျက်များက ကြုံဖူးနေကျ ဓမ္မတာများဟု သွယ်ဝိုက်၍ ပြောကြ ပါလိမ့်မည်။

ကြာတော့လည်း ခံနိုင်ရည်ရှိသွားကာ.. အသက်လေးဆယ် ကျော်၊ ငါးဆယ်ကျော်တွင် လောကလှည့်စားမှုများကိုခံနိုင်ရည် ရှိသော မိန်းမကြီးတစ်ယောက်ဖြစ်သွားပါလိမ့်မည်။

သူမက သူမတွေးသောသဘောတရားများကို သားငယ် အားပြောပြသောအခါ သားငယ်က ငြိမ်သက်စွာနားထောင်သည်။ ပြီးတော့ ပြုံးသည်။

" ဘာပြုံးတာလဲ "

သူမက သူမအတွေးများကို ပြက်ရယ်ပြုသည်ထင်၍ စိတ်ဆိုးစွာဟောက်ငမ်းသောအခါ သားငယ်က ...

" တစ်ခုကျန်ခဲ့တယ်.. "

ဟု ပဟေဠိဆန်ဆန်ပြောသည်။

" ဘာကျန်ခဲ့လို့လဲ "



www.burmeseclassic.com

www.burmeseclassic.com



" အင်း. . . . . နှင့်အသက်လေးဆယ်ကျော်၊ ငါးဆယ်ကျော် ဆိုရင် ငါနဲ့ရတဲ့ကလေးတွေကိုဆူရထိန်းရကျောင်းရနဲ့ နင်ထင်သလို Mature (ရင့်ကျက်)မဖြစ်ဘဲ. . ကလေးတွေကိုပြောမရ ဆိုမရလို့ မကြီးမငယ်နဲ့ထိုင်ငိုနေမှာမြင်ယောင်သေးတယ် "

သူမက သားငယ်လက်မောင်းကို ခပ်နာနာ အားဖြင့် ပိတ်ထုံလိုက်သောအခါ သူက. . .

" ဟ . . နာတယ်. . "

ဟုဆိုသည်။

" နင် ငါ့ကို ဘယ်တော့မှ နူးနူးညံ့ညံ့မဆက်ဆံဘူး "

" တော်တော် နူးနူးညံ့ညံ့ကြိုက်နေတယ်. . နင့်ကိုနေ့တက် ငါ ပါးစပ်နဲ့စကားမပြောတော့ဘူး. . ကြက်တောင်မွေးနဲ့ပဲ နင့်နှာ ထဲထည့်ပြီးပြောမယ်. . နူးနူး ညံ့ညံ့ ရှရှကလေးပေါ့. . ယားကျိကျိ နဲ့လေ. . . "

" ဒီကောင်မလေး. . . "

ဟု သူမကိုဆဲဆိုကာ သားငယ်က တဟားဟား အော် ရယ်လေသည်။

× × × × × × × × ×

မြလွှန်းချို (ဆေးတက္ကသိုလ်)
6 / 8 / 04
11 : 55 Pm



www.burmeseclassic.com